
ရင်သိမ့်တုန်လှုပ်ဖွက်သည်းဖိုဂမ္ဘီရဆန်းကြယ်

# ဒေါင်းနွယ်စကြာ

မဟူရာညီအစ်မ



# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်၊

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- ❖ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

ရွှေသမင်
*စာပေမှ စီစဉ်တင်ဆက်သည်။*

# ဒေါင်းနွယ်စကြာ

## မဟူရာညီအစ်မ

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၁၅၁၆၀၂၀၇

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၉၄၀၀၇၀၈

အကြိမ် – ပထမအကြိမ်

၂၀၀၈–ခုနှစ်၊ ဩဂုတ်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ
၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ– ဦးဝင်းဖေ (မြ–၀၇၆၅၀)
စိုးထက်ကျော်ပုံနှိပ်တိုက်
တိုက် (၂၀၆)၊ အခန်း (အေ)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။




## အခန်း (၁)

### *မဟူရာစံအိမ်*

ရွှေတောင်ကြီးပြိုလဲသွားပြီ။ မဟူရာစံအိမ်၏ အရှင်သခင်ကြီး ကွယ်လွန်သွားလေပြီ။

အသက် ၂၀ အရွယ် အပျိုဖားဖားဖြစ်နေသည့် အကြီးမ တင်တင်အိ သိသင့်သလောက်သိတတ်ပြီ။ ဖခင်ကြီး ရုတ်တရက် ကွယ်လွန်သွားသည့်သတင်းကြောင့် သမီးကြီးတင်တင်အိ အလွန်ချောက်ချားမိသား။

အလတ်မ တင်တင်လတ်ကတော့ ဖခင်ဆုံးလျှင် ဘာဖြစ်မည်ကို သိသလိုလို မသိသလိုလို။ သူ့အသက်က ယခုမှ (၁၆)နှစ်ဆိုတော့ အပျိုဖော်ဝင်စ စိတ်နှစ်ခွ။

အငယ်ဆုံး တင်တင်လေးမှာမူကား ကျီးအတောင်ပေါက်စ မြီးကောင်ပေါက်မဟုတ်ပင် မဆိုနိုင်အောင်သေးသည့် (၁၂)နှစ်အရွယ် လူမမယ်သာသာ။ အဖေဆုံးသည်ကို ဘာမှန်းသိပ်မသိ။

အကြီးမတင်တင်အိသာ စိတ်ဝေဒနာခံစားရင်း မျိုးကြီးထံမှ စာကို အခေါက်ခေါက်အခါခါ ပြန်ဖတ်နေမိသည်။

မျိုးကြီး။

သူ့ကိုမျိုးကြီးဟု တင်တင်အိဖခင် ဦးမင်းမောင်က ခေါ်သည်။ မိခင် ဒေါ်တင်မေကြီးကလည်းခေါ်သည်။ ဦးလေး စိန်တိုးကလည်း ဤသို့ခေါ်သည်။

မျိုးကြီးသည် လူကောင်ထွားထွားနှင့် အသက် (၄၀)ခန့် လူပျိုသိုးကြီးဖြစ်၏။ တင်တင်အိတို့ဖခင် ဦးမင်းမောင်တို့၏ မိဘ လက်ထက်ကတည်းက မဟူရာစံအိမ်ကြီး၏ အိမ်မွေးခြံပေါက်ဖြစ်၏။ ခြံစောင့်ကြီး ဦးကြွယ်နီ၏ တစ်ဦးတည်းသား လူကောင်ထွားပေမယ့် ဘုတ်ထိုင်းထိုင်းမဟုတ်၊ သွက်၏၊ ထက်၏ ငယ်ငယ်က စာတော်၏။

အင်္ဂလိပ်ခေတ် မြို့ငယ်လေးမှ သူဌေးခြံပေါက် လူငယ်လေးအနေဖြင့် စာတော်သဖြင့် သူဌေးဦးမင်းမောင်တို့မိဘများက သားနှင့်အတူ ကျောင်းထားခဲ့သည်။ ဦးမင်းမောင်ကလည်း ညီလေးတစ်ယောက်လို ဆက်ဆံခင်မင်ခဲ့သည်။

ကိုမင်းမောင် ထိုခေတ်က ဆယ်တန်းအောင်တော့ ဖခင်၏ လက်ငုတ်လုပ်ငန်းများတွင် အမွေဆက်ခံ ဝင်လုပ်ခဲ့သလို မျိုးကြီးကလည်း ထိုနှစ် သတ္တမတန်းအောင်၍ ကိုမင်းမောင်၏ နောက်





လိုက် လက်အောက်ခံအဖြစ် အလုပ်ကူလုပ်ပေးခဲ့သည်။

ကိုမင်းမောင် မိဘများအား အင်္ဂပူမြို့တွင် လယ်ပိုင်ရှင်၊ ဆန်စက်ပိုင်ရှင်၊ မော်တော်များပိုင်ရှင် မြို့မျက်နှာဖုံးသူဌေးဖြစ်ခဲ့သည်။ မြို့၏ အမြင့်ပိုင်းတွင် လေးဧကကျယ်သည့် ခြံကျယ်ကြီးတွင် မဟူရာစံအိမ်ကြီးကို ကမ္ဗည်းထိုး၍ မိသားစုနေထိုင်သည်။ စီးပွားရေးကို မြို့လယ်၌ တိုက်ဖွင့်၍ လုပ်ကိုင်သည်။

ကိုမင်းမောင်သည် ဥစ္စာပေါရုပ်ချော။ အင်္ဂပူမြို့လေးတွင် ငယ်စဉ်ကတည်းက နာမည်ကြီးကာလသား ကိုမင်းမောင်ဆိုလျှင် မသိသူ မရှိ။ အရုပ်အမောင်းကောင်း၍ ခန့်ခန့်လေးချောသည့် ကိုမင်းမောင်ကို မိန်းမချောများ ဝိုင်းဝိုင်းလည်ခဲ့သည်။ သို့ကြောင့်လည်း ငယ်ငယ်ရွယ်ရွယ်နှင့် အလုပ်အကိုင် ငွေကြေးပြည့်စုံသူပီပီ အင်္ဂပူမြို့၏ ကွမ်းထောင်ကိုင် သောက်ရှူးကြွယ်တစ်ပွင့်ဖြစ်သော တစ်မေကြီးနှင့် အိမ်ထောင်ကျခဲ့သည်။

ဤနေရာ၌ မျိုးကြီးအကြောင်းပြောရန် ရှိလာသည်။ မျိုးကြီး လူပျိုသိုးကြီးဖြစ်ရသည့် အကြောင်းက ထူးခြားချက်ရှိသည်။

မျိုးကြီးလည်း ခေသူမဟုတ်။ ငယ်ငယ်ကကျောင်းတွင် ပညာချွန်၍ လူချစ်လူခင်များသည်။ လူကောင်ထွား၍ အရွယ်ရောက်သော် ကျားကျားလျားလျားရှိလှသည်။ သူဌေးအိမ်မှ သူဌေးသားမင်းမောင်၏ ညာလက်ရုံးမို့ မိန်းကလေးများ သဘောကျကြသည့်

အထဲတွင် မျိုးကြီးလည်း ပါခဲ့သည်။

သို့သော် မျိုးကြီးကား လူတစ်မျိုး။ တင်တင်အိကို မွေးပြီးနောက် ဤကလေးမကလေးကို ထိန်းရင်းကျောင်းရင်း သံယောဇဉ်ကြီးစွာ တွယ်ခဲ့သည်။ နှစ်တွေကြာလာ၏။ တင်တင်အိ မြီးကောင်ပေါက်အရွယ်ရောက်လာ၏။ သူ့ကို ကျောင်းကြို့ကျောင်းပို့လုပ်ပေးနေသည့် မျိုးကြီးက ပို၍သံယောဇဉ်ငြိလာ၏။ သဒ္ဓါတွေပိုလာ၏။ တင်တင်အိ အပျိုဖော်ဝင်ချိန်ဝယ် အရမ်းလှလာ၏။ မျိုးကြီးက သဒ္ဓါလွန်ရာမှ တဏှာကျွံချင်လာ၏။ တင်တင်အိလေးကို သူ အချစ်ကြီးချစ်နေမိပြီ ဖြစ်တော့သည်။

တင်တင်အိကတော့ မျိုးကြီးကို သူ့ဦးလေးလိုသာ ပြန်ချစ်တတ်ရုံမှအပ မရိုးသားသော အချစ်စိတ်မျိုး မရှိခဲ့။

ယခု တင်တင်အိတို့ဖခင် ဦးမင်းမောင် အညာသို့ ကုန်ကူးအသွား ပလိပ်ရောဂါစွဲကပ်၍ ရုတ်တရက် ကွယ်လွန်ခဲ့သည်။

အတူပါသွားသည့် ဦးမင်းမောင်၏ ကိုယ်ရေးကိုယ်တာ ညာလက်ရုံး မျိုးကြီးနှင့် စီးပွားရေးတွင် အားကိုးရသည့် ဘယ်လက်ရုံး ဦးစိန်တိုးတို့က သက်ဆိုင်ရာ ကျန်းမာရေးဌာန၏ ညွှန်ကြားချက်အရ ပလိပ်ရောဂါကပ်ဆိုက်ရာဒေသ အညာမြို့လေးမှာပင် ချက်ချင်း မြေမြှုပ်သင်္ဂြိုဟ်ခဲ့ရကြောင်း ဦးမင်းမောင်၏ မိသားစု မိန်းမသားချည်းသာ ကျန်ရစ်သော ဒေါ်တင်မေကြီးတို့ကို ဝမ်းနည်းစွာ





ရှင်းပြရသည်။

ဝမ်းနည်းပက်လက်ဖြစ်နေရှာသည့် ဒေါ်တင်မေကြီးနှင့်သမီးကြီးတင်တင်အိတို့ကို နှစ်သိမ့်ရသည်ကအမော။ မျက်စိသူငယ်နှင့်သမီးအငယ်တင်တင်လတ်နှင့် တင်တင်လေးတို့က ဘာမျှသိပ်နားမလည်ကြသေး။ မဟူရာညီအစ်မသုံးဖော်ကား ငယ်ငယ်ရွယ်ရွယ်နှင့် ဖတဆိုးလေးများ ဖြစ်ကြရရှာပြီ။

ဒေါ်မေတင်ကြီးကတော့ နောင်ရေးကိုတွေး စိတ်မအေးလှ။ ရွှေတောင်ကြီးပြိုလဲမှတော့ အားကိုးရာရှာရပေမည်။

“သမီးတင်တင်အိ မျိုးကြီးက သမီးကို လက်ထပ်ပါရစေတဲ့အဲဒါ”

“အို မေမေကလည်း ဘာတွေလာပြောနေတာလဲ”

“ဟဲ့ သမီးကြီးရယ် သမီးလည်းခုဆို အသက်နှစ်ဆယ်ပြည့်ပြီ မငယ်တော့ဘူး တွေးတတ်ဖို့ကောင်းပြီ။ မေမေတို့မှာ ကျားကျားလျားလျားဆိုလို့ အားကိုးစရာမရှိတော့ဘူး။ သစ္စာရှိရှိနဲ့ သမီးအပေါ် ကြင်နာချစ်မြတ်နိုးလှတဲ့ မျိုးကြီးကိုယူလိုက်ရင် မေမေတို့မှာ အားကိုးအားထား လိုတာပေါ့”

“ဟာ မေမေကလည်း သမီးက မျိုးကြီးကို ဦးလေးအရင်းလိုချစ်တာ ကူလီကူမာစိတ်မရှိဘူး ဘယ်လိုမှ ဒီလိုယူဖို့ မစဉ်းစားနိုင်ဘူး မေမေ”

"ခက်တော့တာပဲ သမီးရယ်"

"မခက်ပါဘူး မေမေ၊ အားကိုးလိုချင်ရင် ဦးလေးစိန်တိုးကို မေမေ ယူလိုက်ပေါ့"

"ကြည့်စမ်း ကြည့်စမ်း ဒါ သမီးပြောရမယ့် စကားလား"

"သမီးက အမှန်ကိုပြောတာ၊ ဟိုနေ့က ဦးလေးစိန်တိုး မေမေ့ကို ပြောနေတာ သမီး ကြားတာပဲ၊ သူပြောတာလဲ ဟုတ်လို့။ ဖေဖေ မရှိတော့ သူ ဆက်ပြီး ဒီမိသားစုကို စောင့်ရှောက်ပါရစေ ဆိုတာ ကောင်းပါတယ်။ ဘာတဲ့ မြေအုတ်တိုင်ပြိုလေရာ ကျောက်အုတ်တို့နဲ့ အစားထိုးလို့ရတယ်ဆိုလား"

"တော်စမ်းပါ ကျောက်အုတ်တိုင်ပြိုတာပါ မြေအုတ်နဲ့ အစားထိုးရမှာပါ"

"အင်းလေ မြေအုတ်ပဲဖြစ်ဖြစ် အစားထိုးဖို့ လိုအပ်ရင် ထိုးရမှာပဲပေါ့ မေမေ"

"ဟဲ့ ဟဲ့ မေမေက အစားထိုးချင်လို့ပြောနေတာ မဟုတ်ဘူး သမီးကြီး"

"ဟုတ်ပါတယ် သမီးကလည်း ဖေဖေ အစားထိုးတဲ့လူ မလိုချင်ပါဘူး၊ အခုဟာက မေမေပဲ မိန်းမသားချင်းမို့ ကျားကျားလျားလျား အားကိုးစရာလိုတယ်လို့ပြောတာကို"

"ဒီကောင်မလေး ခေါင်းခေါက်လိုက်ရ ဟွန်း မေမေပြောတာ





က သမီးအတွက်ရယ် မျိုးကြီးဆိုတာ မေမေတို့ အိမ်မွေးခြံပေါက် လူယုံစစ်စစ် သဘောလည်းကောင်းတယ် သစ္စာလည်းရှိတယ်။ ယောကျ်ားတစ်ယောက်အနေနဲ့ အားကိုးနိုင်လောက်တဲ့ အရည်အချင်းလည်း ရှိတယ်။ ရုပ်ရည်ကလည်း ခန့်ခန့်ညားညား လူကလည်းထွားထွား ဘာငြင်းစရာရှိလို့လဲ၊ သူ့မှာ သဘောကျတဲ့ မိန်းကလေးတွေ ဒုနဲ့ဒေး"

"သမီးကတော့ သူ့ကို ဦးလေးလိုပဲချစ်တယ်၊ မရိုးသားတဲ့ စိတ် မွေးလို့မှမရတာ။ ဦးလေးစိန်တိုးကရော ဖေဖေတို့ မေမေတို့ရဲ့ အားကိုးရတဲ့ စီးပွားရေးဘက်က လူယုံပဲမဟုတ်လား။ မေမေ သူ့ကိုမယူလို့ စိတ်ကောက်ပြီး တခြားသွားလုပ်ရင် စီးပွားရေး မထိခိုက်ပေဘူးလား"

ဒေါ်တင်မေကြီး တွေဝေသွားသည်။ သူ့သမီး တင်တင်အိ၏ ဤစကားသည် အတော်တာသွားလေ၏။ ကိုစိန်တိုးကမှ စီးပွားရေးကို နားလည်ကျွမ်းကျင်သည်။ မျိုးကြီးက ပုဂ္ဂိုလ်ရေးနှင့် သားရေး သမီးရေးသာအဓိက အားထားရသည်။ စီးပွားရေးထက် လူမှုရေးကို ပိုစိတ်ဝင်စားသူဖြစ်သည်။

ဦးမင်းမောင်၏ စီးပွားရေးလုပ်ငန်းကို ဒိုးတူပေါက်ဖက် ပါဝင်လုပ်ကိုင်ပေးနေသူမှာ ဦးစိန်တိုးသာ ဖြစ်ခဲ့သည်။ မဟူရာစံအိမ်သို့ ဝင်ထွက်နိုင်သူမှာလည်း သူနှင့် မျိုးကြီးတို့သာရှိသည်။

"မမရယ် အစ်ကိုမင်းမောင် လုပ်ခဲ့တဲ့ စီးပွားရေးတွေကို ကျွန်တော် ဆက်ပြီး လုပ်ပေးပါရစေ၊ မမတို့မိသားစုကိုလည်း ကျွန်တော် ဆက်ပြီး ထိန်းသိမ်းစောင့်ရှောက်ပါရစေ။ ကျွန်တော် မရှိရင် မမတို့ ဘယ်လိုဆက်ပြီး ရပ်တည်ကြမှာလဲ။ ဆက်ပြီးယှဉ်သာနိုင်မယ် ထင်လို့လား"

"အေးပါ ကိုစိန်တိုးရယ် မမ စဉ်းစားပါရစေဦး"

"မစဉ်းစားရဘူးလို့ မပြောပါဘူးဗျာ စဉ်းစားပါ။ မမကို ကျွန်တော် ဘယ်လောက်ချစ်ခဲ့သလဲဆိုတာ မမ သိမှာပါ။ အစ်ကိုမင်းမောင်နဲ့ အိမ်ထောင်မကျခင်အထိ ကျွန်တော်မမကို ပိုးခဲ့တာပဲ မဟုတ်လား၊ အိမ်ထောင်ကျသွားတော့လည်း မမကို ကျွန်တော် အချစ်မပြယ်ပါဘူး။ ဒါကြောင့် စီးပွားရေးမှာ ကိုယ်ဖိရင်ဖိ ပါဝင်ကူညီခဲ့တာပဲ။ ဒါပေမယ့် မမတို့၊ အစ်ကိုမင်းမောင်တို့ စိတ်အနှောင့်အယှက်ဖြစ်အောင် ကျွန်တော် လူမှုရေးမှာ ဘာမှ မူမပျက်ခဲ့ဘူးမဟုတ်လား။ အခုဟာက ကျွန်တော် မပြောလို့တော်ကြာ မမက တစ်ပင်လဲတစ်ပင်ထူ လုပ်သွားရင် ကျွန်တော် ရင်ကျိုးရမှာ၊ ဒါကြောင့် လူရင်းဖြစ်တဲ့ ကျွန်တော့်ကိုသာ လက်ခံပါလား မမ"

ဤသို့ဆိုသော်လည်း ဟုတ်သားဟု ဒေါ်တင်မကြီး တွေးမိသည်။ ယခုအခြေအနေ၌ သူ့အနေဖြင့် ကိုစိန်တိုးကို လက်ဆက်





လိုက်သည်က အကောင်းဆုံး။ သမီးသုံးယောက်က ငယ်သေးသည် မဟုတ်လော။

ထို့ကြောင့် နောက်ခြောက်လကြာသော် ဒေါ်တင်မကြီး ဦးစိန်တိုးကို ရပ်ကွက်လူကြီးများနှင့် မိတ်ဆွေအမျိုးအနည်းငယ်တို့ရှေ့တွင် လက်ထပ်၍ အိမ်ထောင်သစ်ထူခဲ့သည်။

ပထမသော် မျိုးကြီးက အစ်ကိုစိန်တိုး သူ့ထက်လက်ဦးမှုယူသွားသည်ထင်ကာ မကျေနပ်ချင်။ နောက်မှ တင်တင်အိကိုယ်၌က သူ့ကို ဦးလေးအရင်းကဲ့သို့သာ ချစ်နိုင်၍ သူကြိုးစားခဲ့သည့်အတိုင်း ဖြစ်မလာခဲ့ကြောင်း သဘောပေါက်ရသည်။

"နည်းနည်းတော့ သည်းခံပြီး ဆက်ကြိုးစားကြည့်ပေါ့ မျိုးကြီးရာ။ နင့်ကို သမီးကြီးနဲ့ သဘောတူတာ မမတင်မကပါဘူး သွားလေသူ ကိုမင်းမောင်ကလည်း သဘောတူခဲ့တာပဲ၊ ခက်တာက သမီးကြီး တင်တင်အိကွယ့်၊ ကာယကံရှင်က နင့်ကို ဦးလေးအရင်းလို ချစ်နေတော့ အခက်သားကွယ့်"

"ဟုတ်ပါတယ် မမ ကျွန်တော်လည်း သဘောပေါက်ပါတယ်၊ အိက ကျွန်တော့်ကို ချစ်တော့ချစ်ပုံပါပဲ။ ခက်တာက ငယ်ငယ်ကတည်းက ဆွေရင်းမျိုးချာလို နေခဲ့ကြတာကိုး။ ပြီးကိုကောင်း ဖေတင်မောင်ကြောင့်လည်း ဖြစ်မယ်"

"ဟော ဖေတင်မောင် ဟုတ်လား၊ ဒီကောင်လေးက အိထက်

လေးနှစ်လောက်ငယ်တာပဲ တင်တင်လတ်နဲ့မှ ရွယ်တူ”

“သိဘူးလေ အိကိုကြည့်ရတာ အဲဒီချာတိတ်ကို အရမ်းမျက်နှာ သာပေးတာပဲ။ ဟိုကောင်လေးကြည့်ရတာ အိကို မရိုးသားတဲ့ မျက်စိနဲ့ မကြည့်ပါဘူး၊ နင်သာ ဖွဲမလျှော့လိုက်နဲ့ မမတို့က နင်နဲ့ သမီးကြီးအိကို သဘောတူပြီးသားလို့မှတ် ရှင်းပြီလား”

“အခုလို အားပေးတာ အထူးပဲဝမ်းသာလှပါပြီ မမရယ်”

ဝမ်းသာနေရုံနှင့် ပြီးသည့်ကိစ္စမဟုတ်သည်ကို လူပျိုသိုးကြီး သိဟန်မတူ။ မျိုးကြီးသည် ရိုးသားတည်ကြည်သူပီပီ မိန်းကလေး သဘောကျအောင် မလုပ်တတ်။ တူမလေးလို သမီးလေးလို ရိုးရိုးသားသားဆက်ဆံနေလို့ကတော့ ဘယ်လိုမိန်းကလေးကမှ အဘယ်သို့သော ယောကျ်ားသားကို မရိုးမသားစိတ်ကစားစွာ ချစ်လာမည်မဟုတ်သည်ကို မျိုးကြီး မသိရှာ။

ဟုတ်၏။ မျိုးကြီး မသိရှာသည့်ကိစ္စ အတော်များလေသည်။ ရိုးတော့ အသလို ဖြစ်သည်ကိုး။ ရိုးရိုးသားသား အေးအေးဆေးဆေး နေတတ်သူများကတော့ မရိုးသားသူ စိတ်မဖြောင့်သူတို့၏ ကောက်ကျစ်သောအကျင့်ကို မသိရှာကြ။

စီးပွားရေးသမား ဦးစိန်တိုးသည် ဦးမင်းမောင်၏ လက်ရုံးတစ်ဆူဖြစ်လာအောင် မည်မျှကြိုးစားခဲ့ရသည်ကို မည်သူမျှ မသိ။ ကြိတ်မှိတ်ကြိုးစား၍သာ ဤသို့သော လယ်ပိုင်ရှင်၊ စက်





ပိုင်ရှင်၊ ကုန်သန်းရောင်းဝယ်ရေး လုပ်ငန်းပိုင်ရှင်များ၏ လူယုံ ရာထူးကို ရရှိခဲ့ခြင်း ဖြစ်သည်။

ဤနေရာရောက်အောင် ဦးစိန်တိုးကြီး ကြိုးစားခဲ့ရသည့် အကြောင်းရင်း ဇစ်မြစ်ကို မည်သူမျှ မရိပ်မိ။ အမှန်ကား ဦးစိန်တိုး ၏မိဘများနှင့် ဦးမင်းမောင်မိဘများသည် ဘိုးဘွားလက်ထက်ကတည်းက စီးပွားပြိုင်ဘက် လယ်ပိုင်ရှင်များဖြစ်ခဲ့သည်။ ဦးမင်းမောင် မိဘလက်ထက်ကျမှ ဤနယ်မှာ လယ်ယာအားလုံးကို အုပ်စီးမိပြီး ဦးစိန်တိုးမိဘများ၏ လယ်ယာစီးပွားအားလုံး ဝါးမျိုခံခဲ့ရသည်။

ဦးစိန်တိုးတွင် ဦးမင်းမောင်တို့နှင့် မိသားစုချင်း ရန်ငြိုးသဘော ရှိခဲ့ရသည့်အထဲ သူ ငယ်ငယ်ကတည်းက မျက်စိကျခဲ့သော ဒေါ်တင်မေကြီးကလည်း ပိုး၍မရခဲ့။ ဥစ္စာပေါရုပ်ချော ဦးမင်းမောင်ကိုသာ လက်ခံခဲ့သည်။ လက်ဆက်ခဲ့ကြသည်။ ဦးစိန်တိုး စိတ်ထဲတွင် အခဲမကြေနိုင်ခဲ့။

ယခု ဦးစိန်တိုးဘက်သို့ ကံကြမ္မာက အလေးသာခဲ့ပြီ။ ဦးမင်းမောင် အညာတွင် ပလိပ်ရောဂါဖြင့်ကွယ်လွန်ခြင်းသည် ဦးစိန်တိုး တစ်သက်လုံး မျှော်လင့်ခဲ့သောအိပ်မက် အကောင်အထည် ပေါ်ခဲ့သည်။ သူသည် ဦးမင်းမောင်၏အကျ ဒေါ်တင်မေကြီးကို ယူတော့ ယူခွင့်ရပါပြီ။ စိတ်ထဲတွင်တော့ အစာမကြေလှ။ သူ့ကို

ဖုတ်လေသည့်ငပိ ရှိသည်မထင်ခဲ့သော ဒေါ်တင်မေကြီးကို ယခုတော့ လက်ဝယ်ပိုင်ဆိုင်ရခဲ့ပြီ။ စိတ်ကောင်းရှိသူမဟုတ်သည့် ဦးစိန်တိုးအဖို့ ယခုမှ ပိုင်ဆိုင်ခွင့်ရသည့် ဒေါ်တင်မေကြီးကို တစ်ခါတစ်ခါတော့ ကလဲ့စားချေချင်စိတ်ပေါက်ပေါက်လာသေး။ ယခုသူ့လက်ခုပ်ထဲကရေလို ဖြစ်လာသည့် ဒေါ်တင်မေကြီးကို နဂါးမှန်းသိအောင် အမောက်ထောင်ပြသည်။

တစ်ခါတရံ ဒေါ်တင်မေကြီး သူ့ကို ကောင်းကောင်းမဆက်ဆံသည့်အခါ ပြန်ပြောတတ်သည်။

"မမက ကျွန်တော့်ကို ဘာမကျေနပ်စရာရှိလို့လဲ။ ကျွန်တော့်လက်ထက်မှာ အရင် မမလူကြီးလက်ထက်တုန်းကထက် အဆများစွာ စီးပွားပိုဖြစ်လာတယ် မဟုတ်လား၊ ဒါကိုကြည့်ရင် ကျွန်တော်ဟာ လူညံ့မဟုတ်တဲ့အပြင် ဟိုလူ့ထက်သာကြောင်း သက်သေပြနေတာပဲ"

"အေးပါ အေးပါ ဒီကလည်း ရှင့်ကို အထင်မသေးဝံ့ပါဘူးတဲ့တော်"

"ဟော ပြောနေရင်း ငေါ့တာလား မမ"

"ဟယ် မငေါ့ရပါဘူး၊ ရှင် စီးပွားရေးဘက်မှာ အရမ်းတော်တာ သိပါတယ်"

"သြော်ဟော်... စီးပွားရေးဘက်မှာပဲ တော်တယ်ပေါ့၊ ဟို





အရေး ဒီအရေးမှာတော့ မမလူကြီးကို မမီဘူးလို့ ဆိုချင်တာလား"

"အို... တောက်တီးတောက်တဲ့ မဟုတ်ကဟုတ်က လျှောက်မတွေးနဲ့နော်၊ ရှင့်ရဲ့ အဲဒီစိတ်ဓာတ်မျိုးတွေကို မကြိုက်တာရယ်"

"အင်းပါ ဒီလိုလား၊ ကျွန်တော့်ကို စိတ်ဓာတ်ရေးရာမကောင်းဘူးလို့ ဆိုလိုတာလား ဒါဆိုလည်းပြီးရော"

ဦးစိန်တိုး တကယ်ပင် စိတ်ဆိုးသွားသည်။ 'ကောင်းပြီ ငါ့ကို အကောင်းမထင်မှတော့ ငါကလည်း ကောင်းအောင်နေပြစရာလိုသေးလား ဟွန်း' ဟု တွေးကာ အရက်သောက် အလည်ကျူးလာတော့၏။

"ဒီမယ် ကိုစိန်တိုး ရှင်ဟာသူဌေးပဲ၊ အရပ်တကာလည်ပြီး အရက်သောက်ရလောက်အောင် မနီမ့်ကျချင်ပါနဲ့ရှင်၊ အိမ်မှာသောက်လည်း ရသားပဲ၊ တပည့်တွေဝယ်ခိုင်း ကြိုက်သလို စားသောက်ပေါ့"

"ဘာလဲ ငါ့ အပေါင်းအသင်းတွေနဲ့ အတူသွားမသောက်ရဘူးလား"

"သြော်... အိမ်ကိုခေါ်ပြီး အတူသောက်ပေါ့ အပေါင်းအသင်းတွေကို ကျွေးနိုင်မွေးနိုင်သားပဲဥစ္စာ"

"ကောင်းပြီ ဒါဆိုလည်းပြီးရော"

သို့ဖြင့် ဦးစိန်တိုး သူ့အပေါင်းအသင်းများကို အိမ်ခေါ်၍

အရက်ဝိုင်းဖွဲ့ဖြစ်သည်။ အပေါင်းအသင်းများထဲတွင် ခပ်ရှုပ်ရှုပ်ငနဲများလည်း ပါလေ့အရှိသား....

"ဒီမယ် ကိုစိန်တိုး ခင်ဗျားသမီးတွေက အချောသားဗျ၊ အကြီးမက အပျိုကြီးတောင်ဖြစ်နေပြီ တော်တော်ချောကာပဲ ခင်ဗျားနဲ့ မတူဘူးနော်"

"ဟာ ဒီလူနောက်မနေနဲ့ အဲဒါ ကျုပ်သမီး မဟုတ်ဘူးဗျ သိသားနဲ့"

"ဟဲ...ဟဲ ကျုပ်သမီးမဟုတ်ဘူး မဟုတ်ဘူးနဲ့ သိပ် ကြွေးကြော်မနေနဲ့၊ ဘာလဲ မယားပါသမီးကို ချိန်နေသလား ရိုးကောရိုးရဲ့လား ကိုယ့်လူကြီး"

ဤစကား ဦးစိန်တိုးရင်ထဲ မြားဦးဝင်စိုက်သလို စူးနင့်သွားသည်။ မူးမူးရူးရူးနှင့် မယားပါသမီး တင်တင်အိကို ချိန်ကြည့်နေမိသည်။ တစ်ချက်ခုတ်နှစ်ချက်ပြတ် ဒီသမီးကို သူ သွေးဆောင်နိုင်လို့ကတော့ သူ အခဲမကြေခဲ့သော ဒေါ်တင်မေကြီးကို ကလဲ့စားချေရာပင်ရောက်ဦးမည်။

မြောက်ပြန်လေအေးက တစိမ့်စိမ့်ဆော်သွေးရင်း ပြတင်းကိုတိုး၍ဝင်လာသည်။ ညသည် မှောင်မည်းနေ၏။ သီတင်းကျွတ်တွင် ပလ္လင်ဆေးမိုးရွာသွန်းဖြိုးဟူသော မိုးဘွဲ့နှင့်အညီ ယခု သီတင်းကျွတ်လကွယ်ရက်များတွင် မိုးသားများ ဖုံးနေ၏။ လမိုက်





သည့်ညမို့ ပြတင်းပြင်ပတွင် ပိန်းပိတ်အောင်မှောင်နေသည်။ ဖလပ်...ဖလပ် ဟူသော အသံနှင့် လွင့်နေသည့် ပြတင်းခန်းစည်းကို လေတိုးသံမှတစ်ပါး ပတ်ဝန်းကျင်တစ်ခုလုံး တိတ်နေဆိတ်နေ၏။

"ကျွီ... ကျွီ... ကျွီ"

အခန်းတံခါးဖွင့်သံကြားမှ အိပ်ခန်းတံခါးကို မပိတ်မိခဲ့ကြောင်း တင်တင်အိ သတိရသည်။ အဘ ရှိစဉ်က ထိုတံခါးကို ပိတ်အိပ်လေ့မရှိသော်လည်း အဘဆုံးပြီးနောက် အမေက တံခါးပိတ်အိပ်ရန်မှာ၍ စိတ်လိုလက်ရရှိသော ညမျိုးတွင်တော့ ပိတ်မိသား၊ တစ်ခါတရံကျတော့လည်း မပိတ်မိ။ ယခု လေတိုး၍ တံခါးပွင့်သည်ဟု တင်တင်အိ စဉ်းစားကာ နှားစွင့်နေစဉ်မှာပင် ခြေသံတရှပ်ရှပ် ကြားလိုက်ရသည်။

"အမေလား ဟင်"

ထူးသံမကြားရ။

"တင်တင်လေးလား ဘာလို့လာတာလဲဟင်"

ထပ်မေးနေစဉ် အနားကပ်၍ ပြောလိုက်သော လေသံတိုးတိုးကို ကြားရသည်။

"သမီးအိ မအိပ်သေးဘူးလား"

ယောကျ်ားသံ။ ဟော...အဲ ဘထွေးစိန်တိုး၏အသံ။ အသံက

တိုးသော်လည်း တင်တင်အိနားထဲတွင် ကျားဟိန်းသလို ကျယ်သည် ထင်ပြီး လန့်၍ငေါက်ခနဲ ထထိုင်သည်။

"လေစိမ်းတွေတိုက်နေတယ်ကွယ့်၊ ပြတင်းပေါက်ကြီးပွင့်လို့ သမီး အိ ဘာကြောင့် ပြတင်းပေါက်ကို မပိတ်တာလဲ၊ အအေးမိရင် မခက်ဘူးလားကွယ်"

ဘထွေးအသံက ကရုဏာသံပါသည်။ ပြတင်းကို မြန်စွာ သွားပိတ်ပေးသည်။ တင်တင်အိ အလန့်ပြေသွားသလိုလို။

"သမီး အိ အအေးမိပြီး ဖျားမှဖြင့်ဒုက္ခ၊ မှန်းစမ်း မှန်းစမ်း"

အမှောင်ထဲတွင် တင်တင်အိ နဖူးလေးကို လက်ကြီးတစ်ခု ဖွဖွလေးလာမိသည်။ တင်တင်အိ လန့်သွားသလား ဘာလားမသိ တုန်လှုပ်သွားသည်။ ဘာမှန်းမသိ ဘယ်လို ခံစားရမှန်းမသိ။ ဘာပြန်ပြောရမှန်းမသိ။ အပျိုဖော်ဝင်စ မိန်းကလေးအနေဖြင့် အမ်းတမ်းတမ်းနှင့် ငြိမ်နေမိသည်။

"ကြည့်စမ်း ကြည့်စမ်း ကိုယ်ပူနေသလိုပဲ"

ဘထွေးက တိုးတိုးသက်သာပြောရင်း တင်တင်အိပါးနှစ်ဖက်ကို လက်နှစ်ဖက်နှင့် ဖိ၍စမ်းသည်။ လည်တိုင်ကို ပွတ်သပ်၍ ညင်ညင်သာသာစမ်းသည်။ တင်တင်အိ လုံးဝ မကြုံဖူးသော အတွေ့၊ လုံးဝ မမျှော်လင့်ထားသော ဖြစ်ရပ်မို့ ဘာပြောရမှန်းလည်းမသိ။ ဘာလုပ်ရမှန်းလည်းမသိ။ ကြောက်လည်းကြောက်





သည်။ ဘထွေး၏ နွေးထွေးသောယုယမှုကိုလည်း နှစ်သက်သလိုလိုဖြစ်လာသည်။ မကြုံဖူး မတွေ့ဘူးသော အတွေ့အထိများကြောင့် ကတုန်ကယင် ဖြစ်လှသည်။ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာသည်။

"ဟော ကြည့်ပါလား ဟုတ်ပါပြီ အအေးမိပြီး ဖျားပြီပေါ့၊ ချမ်းလွန်းလို့ တစ်ကိုယ်လုံးဆတ်ဆတ်တုန်နေပါပေါ့လား အိလေး"

ဘထွေးက ပြောပြောဆိုဆို တင်တင်အိကို တအားပွေ့ဖက်ပေးထားသည်။ နွေးအောင်ထွေးအောင်ဟူ၏။ ပါးချင်းအပ်ပေးထားသည်။ ရင်ချင်းကပ်ပေးထားသည်။ နောက်တော့ နောက်တော့ တင်တင်အိ ခုတင်ပေါ်တက်၍ တစ်ကိုယ်လုံးနွေးထွေးအောင် ဖိဖက်ပေးထားသည်။

ဆောင်းတစ်ည၏ မှောင်မိုက်သော ထိုညတွင်ပင် တင်တင်အိ အမှောင်ထဲသို့ တိုးဝင်ရောက်ရှိသွားသည်။ ချောက်နက်ကြီးထဲသို့ ကျသွားသလို အေးခနဲ ငြိမ့်ခနဲ ခံစားရသည်။ ပို၍ပို၍ နက်မှောင်သောချောက်ကြီးထဲသို့ ကျဆင်းသွားပုံများ တင်တင်အိ ဘယ်လို ခံစားရသည် မသိဘဲလျက် အပျိုရည်ပျက်ခဲ့ရလေ၏။

သောက်လေ သောက်လေ ငတ်မပြေ ဆားငံရေပမာ အစိမ်းသက်သက် အပျိုလေးတစ်ယောက်သည် အတွေ့အထိအာရုံ၏ နောက်ကို ကောက်ကောက်ပါအောင် လိုက်သွားရှာတော့သည်။

မှောင်သောညများကို တင်တင်အိ ဆက်ကာဆက်ကာ ကျော်ဖြတ်ခဲ့မိသည်။ သူ့ အမှောင်ကိုကြိုက်သွားမိသည်။ သူလို အစိမ်းသက်သက် အပျိုလေးအဖို့ ဤသို့ကြုံတွေ့ရသော အမှောင်ကို ကြိုက်သွားမိခြင်းသည် အပြစ်ဆိုဖွယ်ရှိအံ့လော။

သူသည် ဘထွေး၏ ဆောင်တော်ကူးမည့်ညကို တရှိုက်မက်မက် တမ်းတတ်သွားခဲ့ပြီ။ သို့သော် နေ့ကို လစားလာသော အခါ တင်တင်၏မိုက်က အမှောင်၏အာဟာရကို မှီဝဲသဖြင့် ဝ၍ကြွ၍ ပူ၍စူ၍လာတော့သည်။ အော့လိုက် အန်လိုက် ဖြစ်လာသည်။

"သမီးကြီးအိ နင့်ပုံကမရိုးဘူး မှန်မှန်ပြောစမ်း ဘယ်ရည်းစားနဲ့ ချိန်းတွေ့နေသလဲ"

အမေ မေးသည်ကို တင်တင်အိ ခေါင်းတွင်တွင်ခါပြသည်။

"ဒါဖြင့်ပြောစမ်း နင် ဘယ်သူနဲ့ လွန်လွန်ကျူးကျူး ဖြစ်ခဲ့သလဲ ပြောစမ်း...ပြောစမ်း"

တင်တင်အိ ချုံးပွဲချငိုလေ၏။

"ဟဲ့ ငိုနေရုံနဲ့ပြီးမလား"

ဒေါ်တင်မေကြီး ဒေါသထွက်လာသည်။ သို့သော် သမီးကိုလည်း သနားသွားသည်။ ထို့ကြောင့် လေပြည်ထိုးကာ ချော့ပြော၏။





"အိ သမီးကြီးအိ ဖြစ်လာမှတော့ ပြေလည်အောင် လုပ်ပေးပါ့မယ်ကွယ်၊ ဘယ်သူနဲ့လဲဆိုတာ ပြောသာပြော အမေ အဲဒီကလေးရဲ့အဖေဖြစ်သူနဲ့ သမီးကို ပေးစားပါ့မယ်"

"အိ...အိ...အိ..အီး..အီး...အမေရဲ့"

တင်တင်အိ ပို၍ပင် ငိုချလိုက်လေသည်။

ဒေါ်တင်မေကြီး စိတ်ညစ်သွားသည်။ စောစောက အိမ်ရှေ့ခန်းတွင်ထိုင်နေသော ဦးစိန်တိုးကို ကူညီချော့မေးရန် လှမ်းခေါ်ဖို့ကြည့်တော့ နေရာမှ ပျောက်သွားပြီ။

"ဟဲ့ သမီးတို့ ဘထွေး ဘယ်ရောက်သွားသလဲ"

မျက်လုံးကလေးတွေ ပေကလတ်ပေကလတ်လုပ်နေကြသော အနားရှိ သမီးငယ်နှစ်ယောက်ကိုမေးသည်။

"စောစောကပဲထပြီး အပြင်ထွက်သွားလေရဲ့"ဟု ဖြေကြသည်။

"သယ် သူ့ကို အားကိုးရမလားမှတ်တယ် အရေးထဲ ခေါင်းရှောင်သွားပုံများ"ဟု ဒေါ်တင်မေကြီး ညည်းညူလေ၏။

"ကိုင်း သမီးကြီးအိ ဒီလိုကိစ္စဟာ ငိုနေလို့မပြီးဘူး အမေ့ကို ပြောသာပြော၊ အမေရှင်းပေးမယ်"

"ဒါ... ဒါဆို... အမေ... အမေ... စိတ်မဆိုးရဘူးနော်"

"အေးပါ...အေးပါ...စိတ်မဆိုးပါဘူး ပြောမှာသာပြောပါ

သမီးကြီးရယ်”

“ဘထွေးနဲ့ဖြစ်တာ”

“ဘာ”

ဒေါ်တင်မေကြီး ကျောချမ်း စားပြမှန်းသိတော့သည်။ ကိုစိန်တိုး ဤသို့လုပ်လေမည်ဟု သူ လုံးဝမထင်ခဲ့။ ယခုတော့ သမီးသုံးယောက်အတွက် ပထွေးအဖြစ် ကိုစိန်တိုးကို ယုံကြည်စွာ ယူခဲ့မိသည်.ဘား အမှားကြီးမှားပါလေတကား။

ဒီလို ကိုစိန်တိုးကို ဒီအရှုပ် ဘယ်လိုရှင်းမလဲမေးကာမှ လက်သည်နဲ့ ဖျက်ချလိုက်ပေါ့ဗျာဟု ပေါ့ပေါ့ဖြေသောကြောင့် ဒေါ်တင်မေကြီး ဒေါသူပုန်ထလေ၏။ သင်းကို ကွာရှင်းပစ်မည်ဟု ထအော်မိသော်...

“မကြီးရယ် အစ်ကိုမင်းမောင်ရဲ့ စည်းစိမ်ဥစ္စာတွေ မပျက်စီးရုံမက တိုးပွားအောင်လုပ်ပေးထားတဲ့ ကိုတိုးကို ထောက်ထားပါဦး၊ ဒါတွေဟာ ကိုတိုးလက်ထဲမှာနော်” ဟု အပျော့ဆွဲလေးနှင့် ခြိမ်းခြောက်သေးတော့သည်။

အမှန်တော့ ဦးစိန်တိုး ဒေါ်တင်မေကြီးကိုသာမက လုပ်ငန်းစည်းစိမ်အားလုံးကိုပါ အုပ်စီးမိထားကြောင့် ယခုမှ သတိပြုမိသည်။

လူယုံတော် မျိုးကြီးတော့ရှိသည်။ သူက လူရိုးလူအ ဦးမင်း





မောင် ကွယ်လွန်ပြီးနောက် ဦးစိန်တိုး ညာခိုင်းသမျှ ကုန်းရုန်းလုပ်ပေးနေသူဖြစ်သည်။ ဟုတ်ပြီ၊ သမီးအိ၏ လှည်းကျိုးကို ဒီလူရိုးကြီး လူပျိုသိုးကြီးကို ဝင်ထမ်းခိုင်းလျှင် ကောင်းလေစွ၊ အားတော့နာပါသည်။ သို့သော် ဤလူက ဝမ်းမြောက်ဝမ်းသာထမ်းမည်မှာ မြေကြီးလက်ခတ်မလွဲ။

ဒေါ်တင်မေကြီး စဉ်းစားနေသည်က ဖွင့်ပြောပြီးမှ ပေးစားလျှင် ကောင်းမည်လား၊ လက်သိပ်ထိုးအပ်လျှင် ကောင်းမည်လားဟူ၍ ဖြစ်၏။ ‘ရှုပ်ပါတယ် ဒီလူရိုးလူအေးကြီး ရိပ်မိမှာလည်း မဟုတ်ပါဘူး၊ ဒီအတိုင်း မြန်မြန် သမီးနဲ့လက်ထပ်ပေးလိုက်တာပဲ ကောင်းပါတယ်’ ဟု တွေးပြီး သမီးကိုခေါ်လိုက်သည်။

“ဒီမယ် သမီးအိ အခုကိစ္စဟာ တခြားဘာနည်းလမ်းမှ မရှိတော့ဘူး၊ နင့်ကို တန်းတန်းစွဲချစ်နေတဲ့ မျိုးကြီးနဲ့ ပေးစားမယ်၊ အမြန်စီစဉ်လိုက်တော့မယ်၊ နင့် ရေငုံနှုတ်ပိတ်ထား၊ ကိုယ်ဝန်အကြောင်း တစ်လုံးတစ်ပါဒမှ မဟနဲ့”

“ရှင်”

“ဩော်... မျိုးကြီးကို နင့်ပထွေးနဲ့ လွန်လွန်ကျူးကျူးဖြစ်လို့ ကိုယ်ဝန်ရှိတဲ့အကြောင်း မပြောနဲ့လို့”

“ဟာ ဘယ်ဖြစ်မလဲ မေမေ”

“ဘာကြောင့် မဖြစ်ရမှာလဲ၊ သူက လူရိုးလူအကြီး သိမှာ

မဟုတ်ပါဘူး”

“အဲဒီ လူရိုးကြီးမို့ နွားမရှုံ့ပိတ်ပြီး ထိုးအပ်တာမျိုး မလုပ်ရက်ပါဘူး အမေရယ်”

“ဟဲ့ ဒါဆို ဘယ်လိုလုပ်မလဲ”

“ပြောင်ပဲ အသိပေးပြီး သူကြည်ဖြူမှုလုပ်ပါလား အမေ”

“အေး ဒီလိုလည်းရပါတယ်၊ ဒီလူရိုးကြီးက နင့်ကိုရမယ်ဆို အသေရရ အရှင်ရရ ယူမယ့်လူပဲ သူ့ကိုခေါ်ပြီး ပြောလိုက်ကြစို့”

“အခုလား အမေ”

“အခုပဲပေါ့ နင့်ကိစ္စက  အချိန်ဆွဲထားလို့ရတဲ့ကိစ္စ မှတ်သလား”

သို့ဖြင့် မျိုးကြီးကိုခေါ်၍ သုံးယောက်တည်း ခေါင်းချင်းတိုက်ဆွေးနွေးဖြစ်သည်။

“ဒီမယ် မျိုးကြီး အလွန်အရေးကြီးတဲ့ ကိစ္စတိုင်ပင်ချင်လို့ ခေါ်ရတာပါကွယ်”

“အားမနာနဲ့ မမ ပြောစရာရှိပြောပါ။ ကျွန်တော် ဘာလုပ်ပေးရမလဲ”

“ဒီလိုကွယ် မျိုးကြီး ဟောဒီသမီးအိကို ဘယ်လောက်ချစ်သလဲဆို မမသိပါတယ်”

“ဟုတ်ကဲ့ ကျွန်တော်က သူ့ကို အရိပ်တကြည့်ကြည့်နဲ့နေ





တာပဲ၊ ခုတလော အိကို ကြည့်ရတာတစ်မျိုးကြီးပဲ၊ ဘာပြဿနာဖြစ်နေလဲ ဟိုကောင် ဖေတင်မောင် လိုက်နှောင့်ယှက်လို့လားမေးတော့ မဟုတ်ပါဘူးလို့ ဖွတ်ပြောတယ်၊ ဒီကောင်လေးကိုသိပ်ပြီး ကာဘာမပေးနဲ့နော်၊ အိကို တစ်ခုခုလုပ်လို့ကတော့ကျွန်တော်နဲ့ တွေ့သွားမယ်”

“ဟာ မျိုးကြီးကလည်း တစ်ခါလာ အဲဒီဖေတင်မောင်ကိုပဲရန်လုပ်နေတာ၊ အခုပြောမှာက အရေးကြီးပါတယ်ဆိုမှ ဖေတင်မောင်နဲ့ ဘာမှမဆိုင်ဘူးရှင့်”

“အေး ဖေတင်မောင် မဟုတ်လည်း ဘယ်သူဖြစ်ဖြစ် အိကိုဒုက္ခပေးလို့ကတော့ မလွယ်ဘူးမှတ်”

မျိုးကြီးစကားကြောင့် ဒေါ်တင်မေကြီးတို့ မျက်လုံးပြူးကြရသည်။ ပြောသင့်မပြောသင့် စဉ်းစားပြီးမှ မပြောမပြီးသည့်ကိစ္စမို့ ဒေါ်တင်မေကြီးက တဲ့တိုးကြီးပြောချလေ၏။

“ဒီလိုကွယ့်၊ အခု မျိုးကြီးကို သမီးအိနဲ့ လက်ထပ်ပေးမလို့ကွယ့် အဲဒါ...”

“ဟာ တကယ်လား မမ အိကရော လက်ခံပြီလား မမ”

“အေး သမီးကလည်း လက်ခံပါတယ်၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်”

“အိုဗျာ ဘယ်နှစ်ခုရှိရှိ အိကလက်ခံရင်ပြီးရော ဘာလုပ်

ပေးရမလဲ ပြောသာပြော"

"ပြောပါ့မယ် ပြောပါ့မယ် ဒီလိုလေ… ဟိုကွယ် အိဟာ အမိုက်မကလေးပါ။ သူ့မှာ လူတစ်ယောက်နဲ့ မှောက်မှောက်မှားမှား ဖြစ်ခဲ့လို့ အခု ကိုယ်ဝန်ရှိနေပြီ၊ အဲဒါ မျိုးကြီး ယူနိုင်မလား"

"ကျွန်တော်က လှည်းကျိုးဝင်ထမ်းပေးရမယ်ပေါ့"

ဒေါ်တင်မေကြီးနှင့် တင်တင်အိတို့ ဘာပြန်ပြောရမည်မသိဘဲ တွန်ဆုတ်ဆွံ့အသွားကြသည်။

"ရပါတယ် ရပါတယ်၊ ဒီကလေးကို ကျွန်တော့်သားအရင်းလို သဘောထားပါ့မယ်"

"ဝမ်းသာလိုက်တာကွယ် မျိုးကြီးလိုလူကရှားပါတယ် ရှားပါတယ်"

ဒေါ်တင်မေကြီးက ဝမ်းသာအယ်လဲပြောလေ၏။ တင်တင်အိက စဉ်းစားပြီး တခစ်လုံးချင်းပြောသည်။

"မျိုးကြီးကို အိ အရမ်းပဲ အားနာပါတယ်၊ အဲဒီလူယုတ်မာရဲ့သွေးကို မျိုးကြီးဆီအပ်ရမှာ အလွန်စိတ်မကောင်းပါဘူး၊ အဲဒါ ဘယ်သူလဲဆိုတာတော့ သိထားဖို့ကောင်းပါတယ်"

"နေပါစေ နေပါစေ ဘယ်သူပဲဖြစ်ဖြစ် သူ့ကြောင့် မျိုးကြီး အိကိုရတာမို့ ကျေးဇူးတောင်တင်ရဦးမယ်"

မျိုးကြီး၏ အလွန်သဘောထားပြည့်ဝသော များစွာသဘော





ထားကြီးသော စကားကြောင့် တင်တင်အိ ရင်ထဲနင့်နေအောင် ခံစားသွားရသည်။ မျက်နှာပျက်သွားသည်။

"ဒီလောက် စိတ်ထားမြင့်မြတ်တဲ့ လူတစ်ယောက်ကိုမှ လှည်းကျိုးဝင်ထမ်းခိုင်းတာ တရားပါ့မလား' ဟု စဉ်းစားမိသည်။ 'အသွေးကိုယူ အသားကိုစားပြီး မလိမ်မိုးမလိမ္မာ မိန်းကလေးငယ်တစ်ယောက်ကို ဖြားယောင်း၍ ရာဂကျူးသွားသော ဘထွေးခိန်တိုးကို လူယုတ်မာပေပဲ' ဟုလည်း မြင်လာသည်။ ထို့ကြောင့် မျက်နှာကိုတင်း မာန်ကိုသွင်း၍ ပြောဖြစ်သည်။

"မျိုးကြီးလို သူတော်ကောင်းတစ်ယောက် စဉ်းစားလို့ရအောင် အိကတော့ ပြောရမှာပဲ၊ အိကို အတွေ့အထိရာဂတဏှာနဲ့ သွေးဆောင်ပြီး တာဝန်မဲ့တဲ့သူဟာ တခြားမဟုတ်ဘူးရှင့် ဘထွေးခိန်တိုး၊ အိရဲ့ ပထွေးဆိုတဲ့ ပထွေးစစ်စစ်ကြီးပါပဲရှင့်"

မျိုးကြီး ပါးစပ်ဟောင်းလောင်းဟသွားသည်။ အံ့အားသင့်သွားသည်။ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်သွားရာက ချက်ချင်း နီရဲလာသည်။

"တောက် လုပ်ရက်လိုက်တာကွာ"

တစ်ချက်တော့ အကျယ်ကြီး အော်ပစ်လိုက်သည်။ ထို့နောက် လက်သီးကျစ်ကျစ်ပါအောင်ဆုပ်ပြီး ငြိမ်နေသည်။ အံကို တင်းတင်း ကြိတ်နေသည်။

"ကိုင်း... ပထွေးရဲ့သားကို မျိုးကြီးရဲ့သားအရင်းလိုထားပြီး တစ်သက်လုံး အဖေတော်သွားနိုင်မလား"

တင်တင်အိက တစ်လုံးချင်း ဖြည်းလေးစွာမေး၏။ မျိုးကြီးက ခေါင်းကြီးငုံ၍ အကြာကြီးစဉ်းစားသည်။ ပြီးမှ ခေါင်းကိုမော့၍ ဖြေပုံက....

"ကျွန်တော့်ဘက်က ရပါတယ်၊ ဟိုလူကသာ သူ့သွေးပါ သူ့သားပါဆိုပြီး ဝင်မရှုပ်ဖို့ အရေးကြီးပါတယ်"

"ဒါတော့ စိတ်ချ မျိုးကြီး၊ မမ သူ့ကို ဒီကလေးကိစ္စ ပြောတာနဲ့ ဖျက်ပစ်ဖို့ အပြတ်ပြောတဲ့လူပဲ၊ သူ မလိုချင်တဲ့ကလေး သံယောဇဉ် ရှိမှာတဲ့လား"

"ဟား... ဟား အဲဒီလိုလူမျိုးမှ ပိုဆိုးတာဗျ၊ သူ့အနေနဲ့သာ တာဝန် မယူရဲတာ တာဝန်ယူတဲ့လူများကျတော့ အကျပ်ကိုင်မယ့် လူစား၊ ဒုက္ခပေးမယ့်လူစား"

"ဒီလိုမဖြစ်အောင် မမတို့က ကြိုပြီးကတိတောင်းထားမယ်၊ ဘယ့်နှယ် သူ့ကို ကူညီတဲ့လူကို ဒုက္ခပေးလို့ဖြစ်မလား"

"အား ဒီလိုလူမျိုးဆီက ကတိတောင်းရင် ပေးမှာပဲ၊ လွယ်လွယ်နဲ့ပေးမှာပဲ ကဘိတည်မယ်ထင်သလား"

တင်တင်အိ အလွန်စိတ်ရှုပ်သွားသည်။ စိတ်ညစ်ညစ်နှင့် ချုံးပွဲချ၍ ငိုလေ၏။





"အို...အို မငိုနဲ့ မငိုပါနဲ့ကွာ၊ မျိုးကြီး သူ့ကို ကောင်းကောင်းညှိ လိုက်ပါဦးမယ်"

မျိုးကြီးနှင့် ဒေါ်တင်မေကြီးတို့ ဝိုင်းချော့နေသည့်ကြားက တင်တင်အိ အငိုမတိတ်နိုင်တော့ပါ။

"ငါကိုက အသုံးမကျလို့ ဖြစ်ရတာ၊ အမှားဆုံးက ငါပဲ၊ ဒီလောက် ဖြေရှင်းရခက်တဲ့ ပြစ်မှုကြီးကိုမှ ကျူးလွန်မိလေခြင်း" ဟူသဖြင့် တွေးလေ မအေးလေ ဖြစ်ရှာတော့သည်။

နောက်နေ့မှာတော့ မျိုးကြီးနှင့် ဦးစိန်တိုးတို့ ဘာတွေညှိ၍ ဘာတွေဖြစ်ကြသည်မသိ၊ ဗလကောင်းကောင်း မျိုးကြီးက ထထိုး၍ ဦးစိန်တိုး ရှေ့သွားနှစ်ချောင်း ကျိုးသွားသည်။

ဦးစိန်တိုးက မျိုးကြီးကို အလုပ်မှထုတ်ပစ်သည်။ ခြံဝင်းထဲမှလည်း နှင်ထုတ်လိုက်သည်။ မျိုးကြီး လာ၍ ရစ်သီရစ်သီလုပ်သည်ဆိုကာ ခြံဝင်းကိုလည်း တံတိုင်းမြင့်မြင့်ကာသည်။ လုံခြုံရေး ခြံစောင့်တွေလည်း ချထားလိုက်သည်။

သို့သော် မျိုးကြီးက အားကစားသမားပဲ၊ ဒီခြံထဲမွေး ဒီခြံထဲ ကြီးပြင်းနေထိုင်ခဲ့သူပဲ။ ခြံထဲကို ဘယ်အပင်တက် ဘယ်ကိုင်းက ကူးလျှင်ရောက်ကြောင်းသိ၏။ ညည လူရိပ်တွေ့၍ လိုက်ကြပြေးကြနှင့် ဖယားရှုပ်၏။ ဖယားရှုပ်တိုင်း ဦးစိန်တိုးက ဂျီတိုက်သည်။ တင်တင်အိ ကိုယ်ဝန်ကို မြန်မြန်ဖျက်ချဖို့ချည်း တိုက်တွန်းနေ

သည်။

ဒေါ်တင်မေကြီးကိုယ်တိုင် စိတ်ညစ်လွန်း၍ ငါတော့သေသာ
သေလိုက်ချင်တော့တယ်ဟု ညည်းပြီးရင်း ညည်းနေတော့သည်။

သို့ဖြင့် တင်တင်အိ သူ့ကိစ္စ သူ့ဘာသာ ဖြေရှင်းရန် ဆုံးဖြတ်
လိုက်သည်။ နောက်နေ့နံနက်စောစောတွင် တင်တင်အိ စိန်နှင့်
သံပုရာရည် ဖျော်သောက်ပြီး သူ့ကိုယ်သူ အဆုံးစီရင်သည်။ ဦးစိန်
တိုးက ဆရာခေါ်ပြရာ အန်ဖို့ ဆားရည်ဖိတိုက်ကြသည်။ သွေး
ပွက်ပွက်အန်၍ မြင်မကောင်းရှုမကောင်း ကြောက်မက်ဖွယ်ရာ
မျက်လုံးပြူးကြီးနှင့် တင်တင်အိ သေဆုံးလေ၏။

တင်ကင်အိ မရှုမလှသေဆုံးပုံကိုမြင်ရသည့် တစ်အိမ်သား
လုံး ချောက်ချားခဲ့ကြသည်။ တော်တော်ကြောက်သွားကြသည်။
အငယ်မနှစ်ယောက်ဖြစ်သည့် တင်တင်လတ်နှင့် တင်တင်လေးတို့
ကို ဒေါ်တင်မေကြီး မနည်းအားပေးနေရရှာသည်။ ပထွေး ဦးစိန်
တိုးကလည်း အကြောက်ပြေစေရန် အလန့်ပြေစေရန် မိန်းကလေး
တို့ ကြိုက်တတ်သည့် စားကောင်းသောက်ဖွယ်များကို အလုပ်က
အပြန် ဝယ်လာကျွေးသည်။ ခရီးကအပြန်ဆို မိတ်ကပ်၊ ရေမွှေး
အဝတ်အစားလှလှ ကောင်းကောင်းတွေ ဝယ်လာပေးလေသည်။
ပိုမိုကောင်းမွန်စွာ ပြုမူဆက်ဆံ၍ သူ၏အပြစ် ပြေစေလျက်ရှိ
သည်။





လအတန်ကြာသော် တင်တင်လတ်တို့ ပျော်လာကြသည်။
းသဖြင့် (၁၆)နှစ်အရွယ် မိန်းကလေးပီပီ ဝတ်ကောင်းစားလှ
ချင်သည့် တင်တင်လတ်အဖို့ ထိုခေတ်က ခေတ်ဆန်သူ မိန်း
လေးများ ဝတ်ဆင်သည့် အဝတ်အစားပုံဆန်းများကို ထည်လဲ
တတ်နိုင်၍ ဝမ်းသာကျေနပ်မဆုံး။

မေ့မေ့ပျောက်ပျောက်ဖြစ်စေရန်ဟုဆိုကာ တင်တင်အိနေခဲ့
အိပ်ခန်းကို ဘက်စုံမွမ်းမံပြုပြင်လိုက်သည်။ ပရိဘောဂများ
ချင် ရန်ကုန်မြို့ ဘုံဘေဘားမားပရိဘောဂတိုက်ကြီးမှ ခေတ်
တင်၊ မွေ့ရာများ မှန်တင်ခုံများ၊ ကိုယ်လုံးပေါ်မှန်ကြီး တပ်
ထားသည့် မတ်တတ်ဗီရိုကြီးများ စသည်ဖြင့် အစားထိုးနေရာ
ားလိုက်သည်။ သို့မဟုတ်ပါက ဟာလာဟင်းလင်းကြီး ဖြစ်
သည့် ထိုအခန်းကြီးထဲက ဟိုအသံကြားသလိုလို ဒီအသံထွက်
လိုနှင့် စိတ်ခြောက်ချားရာကောင်း၏။

ယခုတော့ ဦးစိန်တိုး၏ လက်ရာမြင့်ခေတ်မီသစ်လွင် တောက်ပ
ားသော အိပ်ခန်းဆောင်အသစ်ကြီး တစ်ခုအသွင် နေချင့်
ပြောင်းလဲခဲ့ပြီ။ တင်တင်လတ်ကို ဤအခန်းကြီး၌ နေရာချ
သာအခါ ပျော်ရွှင်ဝမ်းမြောက်စွာ လက်ခံနေထိုင်လေတော့

အခန်းထဲက ခုတင်ကြီးက ဟိန်းနေ၏။ တစ်ယောက်အိပ်

သည်။

ဒေါ်တင်မေကြီးကိုယ်တိုင် စိတ်ညစ်လွန်း၍ ငါတော့သေသာ သေလိုက်ချင်တော့တယ်ဟု ညည်းပြီးရင်း ညည်းနေတော့သည်။

သို့ဖြင့် တင်တင်အိ သူ့ကိစ္စ သူ့ဘာသာ ဖြေရှင်းရန် ဆုံးဖြတ်လိုက်သည်။ နောက်နေ့နံနက်စောစောတွင် တင်တင်အိ စိန်နှင့် သံပုရာရည် ဖျော်သောက်ပြီး သူ့ကိုယ်သူ အဆုံးစီရင်သည်။ ဦးစိန်တိုးက ဆရာခေါ်ပြရာ အန်ဖို့ ဆားရည်ဖိတိုက်ကြသည်။ သွေးပွက်ပွက်အန်၍ မြင်မကောင်းရှုမကောင်း ကြောက်မက်ဖွယ်ရာ မျက်လုံးပြူးကြီးနှင့် တင်တင်အိ သေဆုံးလေ၏။

တင်တင်အိ မရှုမလှသေဆုံးပုံကိုမြင်ရသည့် တစ်အိမ်သားလုံး ချောက်ချား့ခဲ့ကြသည်။ တော်တော်ကြောက်သွားကြသည်။ အငယ်မနှစ်ယောက်ဖြစ်သည့် တင်တင်လတ်နှင့် တင်တင်လေးတို့ကို ဒေါ်တင်မေကြီး မနည်းအားပေးနေရရှာသည်။ ပဏ္ဍုး ဦးစိန်တိုးကလည်း အကြောက်ပြေစေရန် အလန့်ပြေစေရန် မိန်းကလေးတို့ ကြိုက်တတ်သည့် စားကောင်းသောက်ဖွယ်များကို အလုပ်ကအပြန် ဝယ်လာကျွေးသည်။ ခရီးကအပြန်ဆို မိတ်ကပ်၊ ရေမွှေး၊ အဝတ်အစားလှလှ ကောင်းကောင်းတွေ ဝယ်လာပေးလေသည်။ ပိုမိုကောင်းမွန်စွာ ပြုမူဆက်ဆံ၍ သူ၏အပြစ် ပြေစေလျက်ရှိသည်။





လအတန်ကြာသော် တင်တင်လတ်တို့ ပျော်လာကြသည်။ ားသဖြင့် (၁၆)နှစ်အရွယ် မိန်းကလေးပီပီ ဝတ်ကောင်းစားလှ ်ချင်သည့် တင်တင်လတ်အဖို့ ထိုခေတ်က ခေတ်ဆန်သူ မိန်း လေးများ ဝတ်ဆင်သည့် အဝတ်အစားပုံဆန်းများကို ထည်လဲ တ်နိုင်၍ ဝမ်းသာကျေနပ်မဆုံး။

မေ့မေ့ပျောက်ပျောက်ဖြစ်စေရန်ဟုဆိုကာ တင်တင်အိနေခဲ့ ာအိပ်ခန်းကို ဘက်စုံမွမ်းမံပြုပြင်လိုက်သည်။ ပရိဘောဂများ ျှင် ရန်ကုန်မြို့ ဘုံဘေဘားမားပရိဘောဂတိုက်ကြီးမှ ခေတ် ခုတင်၊ မွေ့ရာများ မှန်တင်ခုံများ၊ ကိုယ်လုံးပေါ်မှန်ကြီး တပ် ားသည့် မတ်တတ်ဗီရိုကြီးများ စသည်ဖြင့် အစားထိုးနေရာ ားလိုက်သည်။ သို့မဟုတ်ပါက ဟာလာဟင်းလင်းကြီး ဖြစ် ည့် ထိုအခန်းကြီးထဲက ဟိုအသံကြားသလိုလို ဒီအသံထွက် ိုလိုနှင့် စိတ်ခြောက်ချားစရာကောင်း၏။

ယခုတော့ ဦးစိန်တိုး၏ လက်ရာမြင့်ခေတ်မီသစ်လွင် တောက်ပ ားသော အိပ်ခန်းဆောင်အသစ်ကြီး တစ်ခုအသွင် နေချင့် ် ပြောင်းလဲခဲ့ပြီ။ တင်တင်လတ်ကို ဤအခန်းကြီး၌ နေရာချ သောအခါ ပျော်ရွှင်ဝမ်းမြောက်စွာ လက်ခံနေထိုင်လေတော့

အခန်းထဲက ခုတင်ကြီးက ဟိန်းနေ၏။ တစ်ယောက်အိပ်

ဆိုပေမယ့် ကွင်းဆိုက်ခေါ် ဘုရင်မခုတင်အရွယ်ဟုဆို၏။ မှန် တင်ခုံသည် မှန်သုံးချပ်ကပ်လျက် ထောင်ထား၍ သုံးဖက်မြင် မှန်ကြီးကို ထိုင်ကြည့်ရ၏။ မှန်တင်ခုံပေါ်၌ ရေမွှေးပုလင်းရွယ်စုံ မျိုးစုံ၊ မိတ်ကပ်ဘူး၊ ပေါင်ဒါဘူး အရွယ်စုံအပြင် ရတနာထည့် သောဘူးများသည် အံဆွဲ၌ရှိသေး၊ တင်တင်လတ် အသုံး အဆောင်နှင့် လက်ဝတ်ရတနာများကို ကိုင်လိုက်ချလိုက်၊ ဝတ် လိုက်ချွတ်လိုက်နှင့် မအားလပ်နိုင်။ ဒီအထဲ ကိုယ်လုံးပေါ် မတ် တတ်မှန်ဗီရိုကြီးရှေ့ကို သွား၍ရပ်ကြည့်ရာ သူ၏အချိုးကျလှပ သော လုံးရပ်သဏ္ဍာန်ကို ခြေဆုံးခေါင်းဆုံးမြင် ရ၍ ပီတိဖြာချ စိတ်ပင် ဖြစ်ဖြစ်လာ၏။

မိုးကမလာသေး နွေလကုန်ခါနီးလေ အိုက်လေ။ ပြတင်းက ဝင်လာသည့်လေကလည်း ညကိုးနာရီခွဲပြီ မအေးသေး။ အမှော င်တ်လေ ပူပူတွေ။ အိုက်လို့ချွေးတွေထွက်တော့ တင်တင်လတ် သူ့အဝတ်တွေ ခွာမိသည်။

"ဟာ မဖြစ်သေးဘူး၊ အိပ်ခန်းတံခါးပိတ်ဖို့ အမေ မှာထား တယ် ဟုတ်လား"

ဘွားရင်း ခြေလှမ်းသော့သော့နှင့် ပြတင်းဘေးရှိ မတ်တတ် ဗီရိုအနီး ၊ အိပ်ခန်းတံခါးဆီသို့ပြေး၍ တံခါးကို ပိတ်လိုက်သည်။ ခေတ်သ ဘုံဘေဘားမားကလက်ကိုင်ဘုနှင့် တံခါးသော့





အတွင်းက ဘုကလေးကို နှိပ်လိုက်ပါက အပြင်ကသော့နှင့်ဖွင့် သောတံခါး ဤသော့ကို တင်တင်လတ်နှင့် သူ့အမေတို့သာ ကိုင် ထား၍ စိတ်ချရပြီ။

တင်တင်လတ် မှန်ဗီရိုကြီးရှေ့တွင်ရပ်၍ ပြတင်းမှလာသော လေကို တဝကြီးခံစားရန် သူ့အဝတ်များကို ခွာချပစ်သည်။ ကြယ်ရောင်အောက်တွင် ပေါ်လာသည့် သူ့ကိုယ်လုံးလှလှလေး ကို လှည့်ပတ်ကြည့်ရှုနေစဉ် ပြတင်းမှ လိုက်ကာကြီး ပြုတ်ထွက် လာပြီး လေနှင့်လွင့်ကာ သူ့ခန္ဓာကိုယ်အလယ်ပိုင်း မမြင်သင့် သည်များကို လာပတ်၍ ဖုံးသွားသည်။

"အို... အရေးထဲ ဒီခန်းစည်းက ပြုတ်လာရသေးတော်"

တင်တင်လတ်က ပြောပြောဆိုဆို ပိုးဖဲခန်းစည်းကို ခွာမည် အလုပ် လက်နှစ်ဖက်က အဝတ်ကို ဆွဲဖုံးသည်ဟု ထင်ရသည်။

"ဒီလို ဝတ်လစ်စလစ်မနေရဘူး... မနေရဘူး... မနေရဘူး" ဟု တစ်စုံတစ်ယောက်က ကပ်ပြောသလို ကြားမိသည်။ အသံက းစူးအက်အက်သေးသေး။ လန့်ပြီး ဘေးဘီဝဲယာကိုကြည့်တော့ ရိပ်ရိပ်ရိပ်ရိပ်နှင့် ဖယ်ခွာသွားသလိုလို။ အသံကို နားမကျက်မိပေ ယ့် မမကြီးတင်တင်အိ၏ လေယူလေသိမ်းနှင့် တူသလားပဲ။

ကြက်သီးမွေးညင်းများ ဖျင်းခနဲ ထ၍ ကျောထဲကစိမ့်ပြီး မှမ်းသွားသည်။ တင်တင်လတ် လိုက်ကာကို ပစ်ချပြီး ခုတင်ပေါ်

ပြေးတက်သွားမိသည်။ ကြောက်ကြောက်နှင့် ခြေရင်းက လွှာစောင်ကိုဆွဲကာ ခေါင်းမြီးခြုံ၍အိပ်လှဲငြိမ်သက်နေမိသည်။ မကြာလိုက်ပါ အိုက်၍ ချွေးဒီးဒီးထွက်လာသည်။ စောင်ကို ခွာထုတ်သော်လည်း တုတ်တုတ်မျှ မလှုပ်ရဲ၊ နံရံဘက် စောင်းလှည့်၍ တိတ်ဆိတ်ငြိမ်သက်စွာ တစောင်းလှဲနေမိသည်။ ပြတင်းမှ လေများဝင်လာ၍ အနည်းငယ်နေသာသလိုရှိသည်။ ငြိမ်နေ၍ ချွေးများတိတ်သွားပြီ။

မှေးခနဲ အိပ်ပျော်သွားသည်။ အိပ်မက်ထဲတွင် မမအိက သူ့ကို အဝတ်တွေချွတ်ပြီးမအိပ်ရန် လာပြောနေသည်။ မျက်နှာထိမျက်နှာထားနှင့် ပြောနေသည်။ 'ရော့ ဝတ်ထားစမ်း'ဟုဆိုကာ စောစောက သူချွတ်၍ ပုံထားသည့် ဗီရိုရှေ့က အဝတ်များကို သူ့ကိုယ်ပေါ် ပစ်တင်ပေးသည်။

"ဖတ်...ဖတ်...ဖတ်"

တင်တင်လတ် လန့်နိုးသွား၏။ သူ့ဘော်လီ၊ အပေါ်အင်္ကျီနှင့် ထဘီများ သူ့ကိုယ်ပေါ် ပစ်ကျလာကြသည်။ သူ မျက်လုံးပြူး၍ အမှောင်ထဲကိုလိုက်ကြည့်ရာ အရိပ်သဏ္ဍာန်တစ်ခု ခေါင်တုံ့ ဒုံးလား လျှောက်နေသလိုလို။ တင်တင်လတ် သူ့အင်္ကျီများကို ထဝတ်သည်။ အတွင်းခံဘော်လီကိုတော့ မဝတ်တော့။ သူ အင်္ကျီဝတ်ပြီးကော့ အရိပ်သဏ္ဍာန် ပျောက်ကွယ်သွားသည်။ သူ





လည်း အသာလှဲအိပ်လိုက်သည်။

ဒီလိုပဲ နွေမကုန်ခင်ရက်ပိုင်း တင်တင်လတ် အင်္ကျီချွတ်၍ အိပ်ကိုင်း အရိပ်တစ်ခုက သူ့အခန်းထဲတွင် လူးလာခေါက်တုံ့ သွားနေသလို မြင်ရကြားရသည်။

"မမအိ စိတ်ပူလို့ ငါ့ကို လာစောင့်ရှောက်တာပဲ"ဟု အတွေးဝင်ကာ ကြောက်စိတ်တွေ ပျောက်သွားသည်။ စိတ်ထဲတွင် လုံခြုံမှုရှိလာသည်။ အတင့်ရဲလာသည်။ မိုးမကျမီ မေလမှ၏ နွေအခါသည် ပူအိုက်လွန်းသည်။

"ဒီလောက်လုံတဲ့အခန်း တံခါးပိတ်ထားတာပဲ ဘာပူစရာလိုက်လို့ မမအိရယ် ပြတင်းတွေဖွင့်ပြီး အဝတ်လေးတော့ ခွာအိပ်ပါရစေ၊ ဒီပြတင်းပေါက်တွေက အပေါ်ထပ်အမြင့်ကြီးမဟုတ်လား၊ ဘယ်သူ တက်လာနိုင်မှာလိုက်လို့ နော်...နော်" ဟု တင်တင်လတ် ရေရွတ်ကာ သူ့မမအိကို တိုင်တည်ရင်း အဝတ်တွေချွတ်၍အိပ်သည်။

ခုတင်ဘေးတွင် အသက်ရှူသံပြင်းပြင်းလိုလို ဘာလိုလို ကြားနေရ၍ တင်တင်လတ်စိတ်ထဲတွင် ထိုနေရာ၌ တစ်စုံတစ်ဦး ရောက်ရှိနေသည်ဟုထင်မိသည်။ သူ့ကိုယ်သူလည်း လုံခြုံမှု အပြည့်ရှိသလို ခံစားရသည်။ သူ ယုံကြည်သည်၊ တင်တင်လတ် စိတ်ချမိသည်။ မမအိ သူ့ခုတင်ဘေးတွင် လာ၍ သူ့ကို အနီး

ကပ်စောင့်ရှောက်နေသည်ဟု စိတ်တုံးတုံးချမိသည်။

"ကျေးဇူး...ကျေးဇူး မမအိရေ" တင်တင်လတ် တိုးတိုးပြန်ပြော၍ အိပ်ရာပေါ်တွင် လှဲအိပ်လိုက်သည်။

"ရှပ်..ရှပ်..ရှပ်..ရှပ်" ခေါက်တုံ့ခေါက်ပြန် ခြေသံကို နားခံရင်းမျက်ခွံလေးလာကာ တင်တင်လတ် အိပ်ပျော်သွားသည်။

"ရှူးရှဲ...ရှူးရှဲ...ရှူးရှဲ"

"ဟော ဘာသံကြီးပါလိမ့်"

တင်တင်လတ် လန့်နိုးသွားသည်။ လန့်နိုးတော့ ပြတင်းကဝင်လာတဲ့ ကြယ်ရောင်ဖွေးဖွေး လကွေးကွေးနဲ့ သူ့ကိုမိုးကြည့်နေသော လူရိပ်ကြီးကို တင်တင်လတ် မြင်ရသည်။ လန့်လွန်း၍ကြောင်သွားပြီး ပေါင်သွား၏။ အတွေ့အကြုံမရှိသူများ ဖြစ်လေ့ဖြစ်ထရှိသည့် သဘောမျိုးပင်။

ရှူးရှဲ...ရှူးရှဲနှင့် အသက်ရှူသံပြင်းပြင်းနှင့် မားမားကြီးရပ်ကာ ငုံ့ကြည့်နေသည့် လူရိပ်ကြီးကား ဘထွေးမှဘထွေးစိန်တိုးအစစ်။ တင်တင်လတ် သတိဝင်လာပြီး ခုန်ထလိုက်သည်။ ခုတင်ရှေ့က ပိတ်ရပ်နေသူ ဘထွေးကို တိုးဝှေ့၍ အသားချင်းထိသွားမှတင်တင်လတ်တွင် မိမွေးဟိုင်း ဝတ်လစ်စလစ်ဖြစ်နေကြောင်းအသိဝင်လာသည်။ ကြောက်ရုက်စွာ တံခါးဆီထွက်အပြေးဘထွေးက လက်မောင်းကို ဖမ်းဆွဲ၏။





ဇွတ်ရုန်းကာ ပြတင်းဘက်လှည့်ပြေးပြန်သည်။ ပြကင်းနှင့်တတ်တတ်ဗီရိုကြီးထောင့်တွင် ဝင်ကပ်နေမိချိန် ဘထွေးစိန်တိုးသူ့ဆီသို့ တစ်လှမ်းချင်း ကပ်လာနေသည်။ တင်တင်လတ် ချောင်ိတ်မိနေသည်ပဲ။

"ဟဲ..ဟဲ..ဟီး ဒီတစ်ခါမှ အလှမယ် နှစ်ကိုယ်ခွဲကို တွေ့ရပြီး၊ ငါနှယ် ထူးလိုက်တဲ့ကံ တစ်သက်လုံး ဒီလောက်လှတဲ့ ကိုယ်လုံးမျိုး မြင်ဖူးပေါင် ဟဲ...ဟဲ"

ဘထွေးက ကြိတ်၍ပြောရင်း ရှေ့ကို တိုး၍တိုး၍လာလေပြီ။ ပြတင်းကဝင်လာသည့် ကြယ်ရောင်လရောင်အောက်ဝယ် ဘထွေးမျက်လုံးကြီးတွေက ပြူးနေ၏။ အရည်ဝင်းလက်နေ၏။

ကပ်လာပြီ ကပ်လာပြီ၊ ဘထွေးစိန်တိုး တင်တင်လတ်ထံတိုး၍ တိုး၍ကပ်လာပြီ။ လက်တစ်ကမ်းအရောက် တင်တင်လတ်တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ပြီး မင်သက်မိနေသည်။ ဘထွေးကတင်တင်လတ်ကို အားရပါးရဖက်ဖို့ သူ့လက်ကြီးနှစ်ဖက်ကို ဖြည်းဖြည်းလေး အပိုင်မြှောက်လာ၏။

"ဟာ"

ဘထွေးသူ့လက်ကြီးလေပေါ် မြှောက်လျက်သားရပ်၍ အသံထွက်သွားသည်။

"ဟင်..အို..ဟာ..အာ နင်..နင်..နင် တင်တင်လတ်မဟုတ်ဘူး၊

နင် တင်တင်အိပဲ အား”

ဘထွေး သူ့လက်ကိုရုပ်ပြီး နောက်တစ်လှမ်းဆုတ်သွားသ မျက်လုံးကြီးတွေ ပြူးထွက်မတတ်ကြောင်ကြည့်နေသည်။ ထို မှာပင် တင်တင်လတ် ဖြုန်းဆို စိတ်တွေတကက်ကြွလာသည်။ စိတ်တွေ ဘာတွေဖြစ်သွားမှန်းမသိ။ သူ့ရင်ကို ကော့လိုက်သ

“ဒီမယ်ကြည့် ကြည့်စမ်း အားရပါးရကြည့်လိုက်စမ်း”

ဘထွေးစိန်တိုး ကြည့်နေသည်။ ကြည့်ပြီး ရမ္မက်ခိုးတွေ လာပြီလား ရာဂတွေကြွလာပြီလား။ မဟုတ်ပါ သူ့မျက်လုံးကြ တွေက ပို၍ ပို၍ ပြူးသွားသည်။

“ရှင်... ရှင်... အလွန်တပ်မက်ခဲ့တဲ့ ဟောဒီခန္ဓာကိုယ်မှ အခုမှ ဘာကြောက်နေတာလဲ”

တင်တင်လတ်ပြောလိုက်သောအသံသည် တင်တင်အိအ ဟု ထင်စရာဖြစ်နေသည်။ ဘထွေးစိန်တိုးအနေဖြင့် အသံသ မက ရုပ်ကပါ တင်တင်အိပုံကို မြင်လာသည်။ မျက်နှာသေကြီး သွေးဆုတ်နေသော အသုဘပုံ တင်တင်အိ၏ရုပ်လွှာသည် ကြ ရင်း ကြည့်ရင်း ကျောချမ်းဖွယ်ဖြစ်လာသည်။ ဘထွေးစိန်တိ အလွန်တုန်လှုပ်ကြောက်လန့်စွာ အော်ဟစ်နေသည်။

“ဒေအာင်မယ်လေးဗျ။ အား... အား... အား”

တင်တင်လတ် သူ့လက်နှစ်ဖက်ရှေ့ကို ဆန့်တန်းပြီး ဘထွေ





စိန်တိုး၏ လည်ပင်းကို သွားအကိုင် ရှန်းပြီးအော်ပြီး တခွဲးခွဲးနှင့် ထွက်ပြေးပါလေတော့၏။

ပြောပြီး ဘထွေးစိန်တိုး ပြေးပြီ။ တင်တင်လတ်ကို စားကောင်းသောက်ကောင်းတွေကျွေးခဲ့၊ ဝတ်ကောင်းစားလှတွေ ဆင်ပေးခဲ့ပြီး ယုံအောင်သိမ်းသွင်းခဲ့သော ဘထွေးစိန်တိုး၊ တင်တင်အိကဲ့သို့ အပိုင်ကြံ အပိုင်စီးဖို့ လပေါင်းများစွာချီပြီး အကောက်ကြံခဲ့သော တဏှာရူးကြီး ယခုတော့ ပြေးပြီ။

တင်တင်လတ် သို့ကလိုတွေးနေမိသည်။ သူ့ကိုယ်သူ ဤသို့တွေးတတ်လာတာလား၊ မမတင်တင်အိကိုယ်စား တွေးတာလား၊ မမအိကပဲ တွေးပေးနေတာလား ဝေခွဲမရခဲ့။ ပြတင်းမှ တိုးဝင်လာသည့် ကြယ်ရောင်လရောင်များက ကိုယ်လုံးပေါ် မှန်ကြီးပေါ် သို့ အလင်းရောင်ဖြာကျနေသည်။ မှန်ထဲမှာပေါ် နေသည့် သူ့တစ်ကိုယ်လုံးကို ခြုံငုံ၍ တင်တင်လတ် ကြည့်လိုက်သည်။

“အား”

တင်တင်လတ် လန့်အော်မိတော့သည်။ မှန်ထဲတွင် တင်တင်လတ်၏ပုံရိပ် မဟုတ်။ တင်တင်အိပုံကြီးပဲ။

“မ...မလုပ်ပါနဲ့ မမကြီးရယ် မလုပ်ပါနဲ့...အား”

ထိုစဉ် တခွဲးခွဲးခြေသံများနှင့်အတူ အမေရော ညီမလေးတို့ပါ တင်တင်လတ်ထံ ရောက်လာကြသည်။ အမေက မိမွေးတိုင်း

ဖမွေးတိုင်း ပုံစံကြီးနှင့် မိုးတိုးမတ်တတ်ရပ်နေသော တင်တင်လတ်ကို ပြတင်းမှလိုက်ကာကြီး ဖြုန်းခနဲဆွဲဖြုတ်ကာ ပတ်ပေးလိုက်သည်။

ပြီးနောက် ဝိုင်းပွေ့ဝိုင်းတွဲကြပြီး တင်တင်လတ်ကို ခုတင်ပေါ်သို့ တင်ပေးကြသည်။ အမေ ဘာမျှမမေးပါ။ ဘာမျှလည်း မပြောပါ။ အမေ မျက်ရည်သွင်သွင်ကျနေသည်။ ညီမလေး တင်တင်လေးက မျက်လုံးပြူးကြောင်ကြောင်ဖြစ်နေသည်။

တင်တင်လတ် ဘာဖြစ်ခဲ့သည် ဘာဖြစ်နေသည်ဆိုသည်များကို ညီမလေးတင်တင်လေး သိပါစ နားလည်ပါ၏လော။ တင်တင်လတ်ကိုယ်တိုင် သူ ဘာတွေဖြစ်သွားမှန်းမသိ၍ ဦးနှောက်ချာလည်အောင်တွေးပြီး မူးနောက်စိတ်ရှုပ်စွာ ပစ်လှဲနေမိသည်။

နောက်နေ့နံနက်မှစ၍ ဦးလေးစိန်တိုးသည် တင်တင်လတ်ကို ရဲရဲမကြည့်ဝံ့။ မသိမသာကွက်ကြည့်ကွက်ကြည့်နှင့် ခပ်ဝေးဝေးမှ အကဲခတ်လေ့လာနေသည်။ တင်တင်လတ်က ဘထွေးစိန်တိုးကို မြင်တိုင်း ခန္ဓာကိုယ်က မလုံမလဲဖြစ်နေသည်။ စိတ်ကတော့ ငြက်ထန်လာသည်။ တောင့်တောင့်ကြီး ရူးရူးရဲရဲပြန်ကြည့်သည့်အခါ သူ့ကိုယ်သူပင် မယုံ။ စိမ်းစိမ်းကြီးကြည့်ရဲသည်။ ဝါးစားတော့မလို ကြည့်ရဲသည်။ ထိုအခါ ဘထွေးက အနားမကပ်ဝံ့ သုတ်သုတ်နှင့် ဝေးရာခွာလေ၏။





နောက်ညတွင် တင်တင်လတ်အခန်းထဲသို့ တင်တင်လေးပြောင်းအိပ်ရန် အမေက စီစဉ်သည်။

"သမီးကို မပူနဲ့အမေ ညီမလေးကိုပူ၊ သူ့ကို ဂရုစိုက်ပါ"

"အေးပါ သူ့အခန်းတံခါးသော့လည်း မေမေ့ဆီမှာပါ သိပ်မပူရပါဘူး"

"အို... သမီးအခန်းကတံခါးသော့လည်း မေမေ့ဆီမှာပဲမဟုတ်လား၊ ဘထွေးက ဘယ်လိုအလစ်သုတ်ပြီး ယူလာလဲမှမသိတာ"

"ဟဲ့ သော့က မေမေ့ဘော်လီအိတ်ကပ်ထဲမှာ သူမလစ်နိုင်ပါဘူး၊ သမီးက တံခါးသော့ချဖို့ မေ့သွားလို့ဝင်လာနိုင်ပုံရတယ်"

"သမီးလား အခန်းတံခါးကို သေချာပိတ်ဖြစ်အောင်ကို ပိတ်တာပဲ"

"ဒါဆို သူ့ဆီမှာလဲ သော့အပိုတစ်ချောင်းရှိရမယ်၊ ပြောတော့တစ်စုံပဲရှိတာဆိုပြီး ဒီအယုတ်တမာကောင် အကြံသမားက တစ်ချောင်းကိုင်ထားမှကိုး"

"ဒီတော့ ညီမလေးအခန်းမှာ အတွင်းကနေ ဂျက်ထိုးလို့ရတဲ့ ကန့်လန့်တစ်ခု ထပ်တပ်ပေးထားပါ အမေ"

"အေး အဲဒါကောင်းတယ် သမီးလတ်အခန်းရော"

"မလိုဘူး အမေ၊ သမီးက တစ်ယောက်တည်း မဟုတ်တော့

ဘူး၊ မမအိ ရှိတယ်"

ထို့နောက် တင်တင်လတ်က ယမန်နေ့ညက ဖြစ်ပျက်ပုံ အလုံးစုံကိုပြောပြရာ ဒေါ်တင်မေကြီးနှင့် တင်တင်လေးတို့ တော်တော်လန့်ကုန်ကြသည်။

"သမီးမှာလည်း အဖော်ရှိတယ် တစ်ယောက်တည်းမဟုတ်ပါဘူး"

တင်တင်လေးကလည်း ပြောသည်။

"ဟေ ဘယ်သူလဲ"

"ဟောဒီမှာကြည့် သူပဲ... သူပဲ"

တင်တင်လေးက ခါးကြားတွင် ဝှက်ထားသည့် မောင်းချားကို ထုတ်ပြသည်။ ထိုဓားသည် မောင်းပြန်ဓားဖြစ်ရာ ခလုတ်ကို နှိပ်လိုက်သည်နှင့် ဖျောက်ဆို လေးလက်မခန့် ဓားသွားလက်လက် ထွက်လာသည်။

"အမယ်လေး လန့်လိုက်တာ ညည်းဟာကလည်းတော်"

ဒေါ်တင်မေကြီး အမှန်ပင်လန့်သွားသည်။

"မလန့်ပါနဲ့ အမေရယ်၊ ဒီဓားက အစ်ကိုဖေတင်မောင် ဝယ်ပေးထားတာ၊ ကျောင်းမှာ လူလစ်ရင် ဓားပေါက်နည်း ဓားထိုးနည်းကိုပါ အစ်ကိုဖေတင်မောင်က သင်ပေးထားသေးတယ်"

"အောင်မယ် ဖေတင်မောင်က ငါ့ကျတော့ သင်ပေးဘူး"





"မမလတ်က လူကောင်ထွားတယ် ဓားကိုင်ဖို့ မလိုဘူးလို့ အစ်ကိုဖေတင်မောင်က ပြောတာပဲ"

"ကြည့်စမ်း သူက ဒီလိုပြောသလား၊ နက်ဖြန်ကျောင်းမှာ တွေ့မှ မေးရဦးမယ်"

တင်တင်လတ် အမှန်ပင် ဝန်တိုသွားသည်။ ဖေတင်မောင်ဆိုတာ သူနှင့် အတန်းတူ ရွယ်တူ၊ သူက ဖေတင်မောင်ကို မျက်စိကျနေသည်။ လူက နုနုချောချောလေး၊ ဦးလေးမျိုးကြီးကဲ့သို့ ထွားထွား ကြမ်းကြမ်းမဟုတ်။ သို့သော် ဦးလေးမျိုးကြီးကဲ့သို့ပင် စာတော်သည်။ ဦးလေးမျိုးကြီးကဲ့သို့ပင် မိဘများက မချမ်းသာကြ။ သို့တစေ ဖေတင်မောင့်မိဘများသည် စားနိုင်သောက်နိုင်တော့ရှိသည်။ သူ့အဖေက ရောဝတီသင်္ဘောက လက်မှတ်အရောင်းစာရေး၊ သူ့အမေက သင်္ဘောပေါ်၌ ဗျပ်ထိုးရောင်းသည်။ တင်တင်လတ်တို့နှင့် ယှဉ်သော် မနေဂုဏ်ချင်းက ကွာဟလွန်းလှသည်။ သို့သော် ဖေတင်မောင်က အတန်းထဲ၌ စာအတော်ဆုံးမို့ လေးစားချစ်ခင်သူများသည်။ မိန်းမချောချောပြီး ယဉ်ကျေးသိမ်မွေ့၍ မိန်းကလေးတွေ မျက်စိကျခင်မင်သည်။

ဖေတင်မောင်ကို မမအိကလည်း ခင်မင်သည်။ တင်တင်လတ်ကလည်း ခင်မင်သည်၊ သဘောလည်းကျနေသည်။ ဖေတင်မောင်ကတော့ မမအိကိုရော သူ့ကိုရော ခင်မင်သည်။ သို့သော်

ညီမလေး တင်တင်လေးကို ပို၍ချစ်ခင်ကြောင်း ယခုတော့ သက်သေပြနေ၏။ မမအိဖြစ်ပုံကို အရပ်ထဲမြို့ထဲက သတင်းသန့်သန့်မျှ ကြားပုံရသည်။ ဘထွေးနှင့် ငြိသလို ရှုပ်သလို အပုပ်နံ့သည် အတန်ကြာမှ ထွက်လာသည်။

မျိုးကြီးက အိအတွက် ဖုံးကွယ်ထားသော်လည်း ဦးစိန်တိုးသည် ပထွေးပီပီ မယားပါသမီးများကို ရှုပ်ချင်ပုံတော့ ပြောဖြစ်သည်။ တင်တင်အိ မည်သို့မည်ပုံသေဆုံးကြောင်း အရပ်ထဲ မြို့ထဲက မည်သူမျှ ကောင်းကောင်းမသိကြ။ မျိုးကြီးပင်မသိရ။

ဆေးဆရာကတော့ မီးယပ်လာတုန်း ဖန်ခါးသီးစား၍ မီးယပ်ချုပ်ပြီး ကုမရဘဲ ကွယ်လွန်သည်ဟုပြောသည်ကို ကြားကြရသည်။

အတွင်းသိ မျိုးကြီးက ဘဝင်မကျ မကျေနပ်။ ‘အိဟာ သဘောရိုးနဲ့ ကွယ်လွန်တာ မဖြစ်နိုင်ဘူး၊ ဟိုတဏှာရူး ခွေးကောင်ကြီး သူ့ခိုးထုပ်ခိုးထည်ကြီးပေါ်မှာစိုးလို့ အပျောက်ရှင်းတာ မဖြစ်နိုင်ဘူးလား’

မျိုးကြီးက လူရိုး၊ ရှုပ်ရှုပ်ယှက်ယှက်မတွေးတတ်။ သူ မြို့ဦးထိပ် ဘုန်းတော်ကြီးကျောင်းသို့ ကပ္ပိယအဖြစ် ရောက်လာမှ အတူနေ ကပ္ပိယကိုအောင်စိုးကို သိရှိကျွမ်းဝင်ခဲ့သည်။

ကိုအောင်စိုးသည် စာရူးပေရူး။ အထူးသဖြင့် မဟာဆွေ၏





စောရလက်ဝဲ၊ ရွှေဥဒေါင်း၏ စုံထောက်ဦးရှံစား စသော စွန့်စားခန်းစုံထောက်ဝတ္ထုများကို အလွန်ကြိုက် အလွန်ဖတ်သူ ဖြစ်သည်။ ထို့ကြောင့် တင်တင်အိ ရုတ်တရက်ကွယ်လွန်သည့် ဖြစ်ရပ်ကို တိုးတိုးတိတ်တိတ် ကြိတ်၍တိုင်ပင်သည်။ အမှုမှန်မပေါ်ပေါက်မိ မပေါက်ကြားအောင် ထိန်းသိမ်းရန်လည်း မေတ္တာရပ်ခံရသည်။

“စိတ်ချ အစ်ကိုမျိုးကြီး၊ ကျုပ်က ဒါမျိုးကို လက်တွေ့ လိုက်စုံစမ်းချင်နေတာ၊ ဒါမျိုးက အမှုလိုက်နေတုန်း စုံစမ်းထောက်လှမ်းနေတုန်း အရမ်းနှုတ်လုံရတယ်မှတ် သို့မဟုတ် တရားခံဘက်က ကြိုသိသွားရင် ခြေရာလက်ရာတွေကို ကြိုဖျောက်တတ်တယ်၊ သဲလွန် စကိုဖျက်တယ်၊ ပိတ်တတ်တယ်၊ ဒါကြောင့် ကျုပ်ကတော့ နှုတ်လုံပြီးသားမှတ်၊ အစ်ကိုမျိုးကြီးသာ နောက်ထပ်ဘယ်သူ့ကိုမှ မပြောမိဖို့ အရေးကြီးတယ်ဗျို့”

“အေးပါ အေးပါ ဒါက ငါ့ကိစ္စ ငါ့အတွက်အရေးကြီးတဲ့ကိစ္စ၊ ငါ့ဘက်ကတော့ လုံပြီသာထား”

သို့ဖြင့် သူတော်ချင်းချင်း သတင်းကွေ့လွေ့ ပေါင်းဖက်တွေ့သွားကြလေသတည်း။

## အခန်း (၂)

*အစမ်းချင်းယှဉ် – ဆရာချင်းပြိုင်*

ဦးစိန်တိုးစိတ်ထဲတွင် ဘဝင်မကျ။ ဟိုနေ့ညတုန်းက သူ ရဲဆေးတင်၍ အရက်ထွေထွေနှင့် တင်တင်လတ်အခန်းကို သော့ တူနှင့် ဖွင့်ဝင်ခဲ့ခြင်းဖြစ်သည်။ သို့သော် သူ ဆုတ်ပြန် ဆန်ပြုတ် လုပ်ခဲ့ရသည်ကို လားလားမျှ မကျေနပ်။

ပြန်တွေးကြည့်လျှင် သူ အမူးလွန်ပြီး စိတ်ထွေခဲ့ဟန်တူ သည်ဟု ပြန်သုံးသပ်နေ၏။ ပြန်တွေးကြည့်တော့ တော်တော် ထူးဆန်းနေ၏။ တင်တင်လတ်၏ အချိုးကျလှပသော မိမွေးတိုင်း ကိုယ်လုံးကိုယ်ဟန်သည် ယခုထိ သူ့မျက်စိထဲက မထွက်သေး။ ပြန်တွေးမိတိုင်း သူ့တွင် ရာဂခါးတွေ ထောင်းခနဲထတုန်း ဒါ မူး၍ မြင်သော ခပ်ထွေထွေ စိတ်ကူးယဉ် မြင်ကွင်းလား။





ပြီးတော့ ထိုတင်တင်လက်၏ ဝင်းပသော ကိုယ်လုံးနှင့် မျက် နှာလှလှလေးက အလွန်ကြောက်စရာကောင်းလိုက်သည့် သွေး သံတရဲရဲနှင့် တင်တင်အိပြစ်သွားပုံသည်၊ သူ အမူးလွန်၍ မြင်မိ မြင်ရာ မြင်သွားဟန်တူသည်ဟု ဦးစိန်တိုး ကောက်ချက်ချမိ သည်။

“ဘာရမလဲ ဒီတစ်ခါ ရေချိန်ကိုက်ရုံလောက်မော့ပြီး နောက် တစ်ချီ ကြိုးစားလိုက်ဦးမယ်”

ဟု ဦးစိန်တိုး ဆုံးဖြတ်ချက်ချလိုက်သည်။

ညကားမှောင်နေ၏။ မှောင်၍ တိတ်ဆိတ်နေသည့် မဟူရာ အိမ်ကြီး၏ အပေါ်ထပ်အမျိုးသမီးဆောင်များဘက်သို့ မည်း မည်းအရိပ်တစ်ခု အမှောင်ထဲတွင် ကျင့်သားရစွာ ဖော့နင်းသွား နေ၏။

လူရိပ်သည် တင်တင်လတ် အခန်းရှေ့တွင် ရပ်သွားသည်။ ကိုင်လာသည့် သော့နှင့်အသာဖွင့်ကြည့်ရာ သော့ပွင့်သွားသည်။ အင်း ဒီအတိုင်းပဲရှိသေးတယ်၊ ဒီကောင်မလေး အခန်းသော့ကို အသစ်လဲမထားသေးဘူး၊ ဟဲ..ဟဲ ဟိုနေ့က ငါ အကြောက်လွန်ပြီး လှည့်ပြေးခဲ့တာပဲ၊ ဒီကောင်မလေးက မကြောက်ဘူး ငါ့အလို ပါချင်ချင်ဖြစ်မယ်၊ ငါလာတာ မျှော်နေပုံမို့ တံခါးသော့ ပြောင်း မတပ်ဘူး ဒီအတိုင်းပဲ ဟီး..ဟီး အသာဖွင့်ပင်ရုံပေါ့’ ဦးစိန်တိုး

ပျော့်ရှင်စွာတွေး ၍ တံခါးကို အသာတွန်းသည်။ ဟသွားပြီ။

"နေဦး ငါ့ကိုထောင်ဖမ်းဦးမလို့များ တမင်အလွယ်ဝင်နိုင်အောင် လုပ်ထားတာများလား"

ဦးစိန်တိုး အတွေးတစ်မျိုးဝင်ကာ ခဏတန့်သွား၏။ တံခါးကို အသာလေးဟ၍ နားစွင့်မျက်စိရှင်ရှင်ထား၍ကြည့်၏။ အထဲတွင် ငြိမ့်လို့ တိတ်လို့ ပြတင်းက အလင်းရောင်မှိန်မှိန်တွင် ဘာဆိုဘာမှမရှိကြောင်း ခုတင်ပေါ်၌ တစောင်းအိပ်နေသည့် အကွေ့အဝိုက် အနိမ့်အမြင့် လှပသော ခန္ဓာကိုယ်ပုံသဏ္ဍာန်ကလေး တစ်ခုမှအပ တစ်ခန်းလုံးအခြားမရှိပြီ။

သေချာလေ့လာပြီး ဖျတ်ဆိုတံခါးဖွင့်ဝင်လိုက်၏။ ပြန်ပိတ်လိုက်၏။ အပြင်က ရိုးရိုးတွန်းမဖွင့်နိုင်အောင် ဂျက်ဘုကို နှိပ်လိုက်၏။ ဦးစိန်တိုး မွှန်သွားသည်။ ခြေဖွနင်းသွားတော့ တင်တင်လတ်ကို အနီးကပ်မြင်နေရပြီ။

"ဟော ပက်လက်လှန်လိုက်ပြီ၊ အီး ချစ်စရာကြီး ဟီး..ဟီး"

ဦးစိန်တိုး တဟီးဟီးဖြစ်သွားစဉ် သူ့မျက်လုံးပြာဝေသွား၏။

"ဟိုက် တင်တင်လတ်က နှစ်ကိုယ်ခွဲပါလား နှစ်ယောက်မှာ ဘေးချင်းယှဉ်အိပ်လို့ပါလား"

ဦးစိန်တိုး သူ့မျက်လုံးကိုပွတ်၍ အလင်းရောင်မှိန်မှိန်တွင် အားစိုက်ငုံ့ကြည့်သည်။





တင်တင်လတ်။ ခုတင်အစွန်းဘက်က တင်တင်လတ် မျက်နှာလေးက ပြုံးမယောင်လေး လှလို့ ဝင်းလို့ ဟင်းဟင်း ပစ်နမ်းဖို့ ကောင်းလိုက်ပုံများဟုတွေးကာ ဘေးမှကိုယ်ခွဲကို အမှန် နှစ်ကိုယ်ခွဲ ဟုတ်မဟုတ် မျက်လုံးကို ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး သေချာကြည့်ပြန်သည်။

"ဟိုက်"

ဦးစိန်တိုး လန့်သွား၏။ တင်တင်အိဖြစ်နေပါလား။ ဟုတ်သည်၊ တင်တင်အိက ပက်လက်အိပ်နေရာမှ ဦးစိန်တိုးကို ပြုံးပြုံးကြီးကြည့်နေ၏။

သို့သော် ပြုံးရင်းက မဲ့လာသည်။

"အား"

ဦးစိန်တိုး လန့်အော်ပြီး နောက်သို့ ခြေတစ်လှမ်း ဆုတ်သွား၏။

"ဩော် ဦးလေးတိုး ရောက်နေတာလား"

တင်တင်လတ် လန့်နိုးပြီး ဝေါက်ခနဲထထိုင်သည်။ လေသံအေးအေးနှင့် မေးသည်။ ဦးစိန်တိုး အံ့ဩသွား၏။ ဒါ..ဒါ တင်တင်လတ် တစ်ယောက်တည်းပဲ မဟုတ်လား။ သူ့အသံပဲ။ သူက လေအေးလေးနဲ့ နှုတ်ဆက်နေတာပဲ။ သူလည်း အရင်က တင်တင်အိလို ငါ့ကိုမျှော် နေပုံပဲ။ ထိုသို့တွေးပြီး ဦးစိန်တိုး ရဲတင်း

လာပြန်သည်။ လက်ရဲရဲနှင့် တင်တင်လတ်ကို ပါးနှစ်ဖက်ကိုင်၍ မော့အလာ ငုံ့နမ်းရန်အပြင် "ဟင်း..ဟင်း..ဟင်း..ဟီး..ဟီး ရှင့်ကို ကျေနပ်နေတယ်များ မှတ်လို့လား" ဟု အသံထွက်လာသည်။ တင်တင်အိအသံကြီး။ ပြီးတော့ မော့ထားသည့် မျက်နှာကြီးက ဖြူဖပ်ဖြူရော်ကြီး။

ဦးစိန်တိုး သူ့လက်ကို အမြန်ရုပ်၍ နောက်ဆုတ်လိုက်သည်။ တစ်လံကွာရောက်သွားသည်။ တင်တင်လတ်လား တင်တင်အိလားမသိ ထ၍ သူ့ရှေ့ကပ်လာသည်။

"ဟာ တင်တင်အိ နင်ပဲ..နင်ပဲ...မ..မလုပ်နဲ့...အား"

လက်အေးကြီးနှင့် တင်တင်အိက ဦးစိန်တိုးလည်ပင်း သွားအကိုင် ဒီလူကြီး ကြောက်အားလန့်အားနှင့်ရုန်း၍ တံခါးဆီပြေးဆွဲဖွင့်ပြီး ထွက်ပြေးသွားလေတော့၏။

"ဟား...ဟား..ဟား..ဟား..ဟီး...ဟီး...ဟီး"

အခန်းထဲမှ အမျိုးသမီးရယ်သံတို့သည် တစ်မျိုးတစ်သံတည်းမဟုတ်၊ ပျော်၍ရယ်သံမဟုတ် ကြောက်မက်ဖွယ်ရယ်သံများ ပဲ့တင်ရိုက်၍ ကျန်ရစ်ခဲ့လေသည်။ ဦးစိန်တိုး မနေသာတော့၊ ဒေါ်တင်မေကြီးကို ကြိတ်ပြောလေသည်။

"မမကို အရေးကြီးတာ တစ်ခုပြောရဦးမယ်"

"ဘာများလဲလို့"





"သမီးလတ်ကို မမသတိထားမိလား"

"အို ကျွန်မသမီးပဲ အမြဲသတိထားနေတာပဲ၊ ဘာဖြစ်လို့ ပြောတာလဲ"

"သူကြည့်ရတာ မျက်လုံးကြီးတွေက စူးစူးရဲရဲနဲ့ မျက်နှာကြီးက မင်သေသေနဲ့"

"ရှင်မို့ သွားပြီးဂရုထားကြည့်နေတာကိုး၊ ရှင်နော် ရှင် ရှုပ်ရှုပ်ယှက်ယှက်ထပ်လုပ်ဦးမလို့လား၊ မိန်းမပျိုလေး သူ့ဟာသူ နေပါစေလား၊ သက်ကြားအိုကြီးက မျက်လုံးချင်းယှဉ်ပြီး လိုက်ကြည့်ရင် မိန်းကလေးငယ်ငယ်တွေက ကြိုက်မတဲ့လား၊ ဘုကြည့်ပြန်ကြည့်မှာပေါ့၊ သမီးကြီးတုန်းက ရှင်လုပ်ခဲ့တာ ကြိုက်မယ်ထင်လို့လား"

"ဟာ ကျွန်တော်က သမီးအရင်းလို ခုဆို လိုလေသေးမရှိ ဖြည့်ဆည်းပေးထားတာပဲ"

"ဒါဆိုလည်း ပြီးရောပေါ့"

"မဟုတ်သေးဘူး မမ၊ သမီးလတ်ကြည့်ရတာ ပယောဂဝင်ပူးနေသလိုပဲ၊ သေချာကြည့်ရင် သတိပြုမိမှာပါ"

"ဘယ်ပယောဂမှ မဟုတ်ဘူး၊ ရှင့်ကိုကြောက်နေတဲ့ပယောဂရှင်သာ ကင်းကင်းနေ"

"နေရင်ပြီးရောပေါ့"

ဒေါ်တင်မေကြီး ဆင့်ကာပြောမိသည်။

"မဟုတ်ဘူး သူကြည့်ရတာ အိ..အဲလေ သမီးကြီး တင်တင်အိ ဝင်ပူးနေသလိုပဲ"

"လာပြန်ပြီ ဒီသမီးကြီး"

"ဟုတ်တယ်လေ သူက ကျွန်တော့်ကို အခဲမကြေဘဲ လုပ်သွားတာ အစိမ်းသေသေသွားတာ၊ အခု ကျွန်တော့်ကို မုန်းမုန်းနဲ့ သမီးလတ်ကို ဝင်ပူးပြီး ခြောက်လှန့်နေတယ်ဗျ"

"အဲဒီတော့ သမီးလတ်နဲ့ ဝေးဝေးနေရင် ရှင် ဘာမှမဖြစ်ပါဘူး"

"အင်းပါ ကျွန်တော်ကဘာမှ မဖြစ်ပါဘူး၊ သမီးလတ်သာ ဖုတ်ဝင်ရင် အစိမ်းသရဲဝင်ရင် ကြာရှည်ခံမှာမဟုတ်ဘူး"

"ရှင်...ရှင် ဘာပြောတယ်၊ သမီးလတ်ကို သရဲဝင်ရင် ကြာရှည်မခံဘူး ဟုတ်လား၊ ဒါ...ဒါဆို ဘယ်လိုလုပ်ကြမလဲ"

ဒေါ်တင်မေကြီး အမှန်ပင် စိတ်ပူသွားသည်။ သူ့သမီးလတ်အတွက် အလွန်စိုးရိမ်သွားသည်။ သမီးလတ်တွင် အမှန်ပင် သမီးကြီး ဝင်စီးနေကြောင်း သူလည်းသိသည်ပင်။

"အဲဒါ ဘယ်လိုလုပ်ကြမလဲ ပြောစမ်းပါ"

"ဒီလိုရှိတယ်မမ၊ မြို့ဦးကျောင်းက ဆရာတော်က တန်ခိုးကြီးတယ် ဆရာတော်ကိုပင့် ဆွမ်းကျွေးပြီး ကမ္မဝါလေး ဘာလေး ဖတ်လိုက်ရင် အမျှအတမ်းဝေလိုက်ရင် ဒီအိမ်မှာ အစွဲကြီးကြီးနဲ့





ကျွတ်မလွတ်ဘဲ ပူးဝင်ခိုအောင်းနေတဲ့ အစိမ်းသရဲတွေ နာနာဘာဝတွေရော သမီးကြီးပါ ကျွတ်သွားမှာပေါ့၊ အဲဒါ သံဃာငါးပါးင့်ပြီး ပရိတ်ရွတ် ကမ္မဝါဖတ်ကြရအောင်"

"ကောင်းတယ် ကောင်းတယ် မြန်မြန်စီစဉ်ပါ ကိုတိုးရဲ့"

ဦးစိန်တိုး အကွက်ဝင်သွားသည်။ မြို့ဦးကျောင်းကို သူ့ဘပည့်လွှတ်၍ ဆရာတော်ကို လျှောက်ခိုင်းသည်။ လာလျှောက်ဥ် ကပ္ပိယကြီး ဦးအောင်စိုး ဆရာတော်အနားတွင်ရှိနေ၍ အားလုံး ကြားသိသွားသည်။

"ဒီမယ် အစ်ကိုမျိုးကြီး ထူးထူးဆန်းဆန်းတွေ ကြားရတယ်ဗျ"

"ဟေ ဘယ်မှာလဲ ဘာတွေလဲ"

"စောစောက ဦးစိန်တိုးလွှတ်လိုက်တဲ့ လူယုံကျောက်ဒိုး လာသွားတာ သိတယ်မဟုတ်လား"

"သိတယ်လေ၊ အစ်ကိုဒီမှာရှိမှန်းတွေ့သွားရင် သူ့ဆရာကို သတင်းပို့မှာစိုးလို့ ဒီလူဝင်လာတာတွေ့ကတည်းက ရှောင်နေခဲ့ရတာရယ်"

"အဲဒါ သိပ်ကောင်းတာပေါ့၊ အစ်ကိုမျိုးကြီးကို တွေ့သွားရင် ဟူရာစံအိမ်ကြီးက အိမ်တွင်းရေးကို ဆရာတော်ဆီ ဘယ်လျှောက်ဖြစ်တော့မှာလဲ အခုတော့ လျှောက်သွားတယ်"

"ဘာတွေလဲ"

"ဦးစိန်ဘိုးနဲ့ မဟူရာညီအစ်မတို့ရဲ့ ပြဿနာပဲပေါ့။ အကြီးမ ကို ပိုင်လို့ရမှန်းသိတော့ ဒီလူကြီးက အလတ်မကိုပါ အပိုင်ကြံဖို့ ကြိုးစားပုံရတယ်"

"ဟာ ဒီလူ ဒီတိုင်းဆက်ထားလို့မဖြစ်ကော့ဘူး၊ သွားသတ်မှ ဖြစ်မယ်"

"ဟိုး ဒေါသကြီးပဲ လူရိုးစိဘ်တိုဆိုတာ ဒါမျိုးပဲမှတ်တယ်၊ နေပါဦး သူက စပြီး လှုပ်ရှားလာမှကော့ သဲလွန်စကွေဘာတွေ ထွက်ပေါ်လာနိုင်တယ်ဗျ။ အခုဘောင်ထူးခြားချက်တွေ ပေါ်လာ တယ်၊ ဘာတဲ့ ဟိုအလတ်ကောင်မလေး....

"တင်တင်လတ်တဲ့"

"အဲ... အဲဒီတင်တင်လတ်ကို သူ့အစ်မ တင်တင်အိ ဝင်စီးနေ လို့တဲ့ ဆရာတော်ကို လာလျှောက်တာတဲ့"

"တင်တင်လတ်ကို သူ့အစ်မအိ ဝင်စီးနေကြောင်း သင်းက ဘယ်လိုသိမှာလဲ"

"ဒါလား ဒီတဏှာရူး တင်တင်အိတုန်းကလို တင်တင်လတ် ကို ဝင်လုံးဖို့ ကြိုးစားတာကနေ သိတာနေ့မှာပေါ့"

"ဟာ မင်းပြောတာ မရှင်းဘူးကွာ မောင်ရိုးရ"

"ခင်ဗျားကလည်း ရှင်းနေတာပဲ၊ လူအလစ် ညဥ့်နက်သန်း





ခေါင် တင်တင်လတ်အခန်းကို ဒီလူကြီး ခိုးဝင်လို့ ဖြစ်မှာပေါ့။ တင်တင်လတ်ကို လူခြေတိတ်တုန်း လူသူကင်းတုန်းသွားပြီး အပိုင် ကြံဖို့လုပ်တော့ မကျွတ်မလွတ်ရှာတဲ့ တင်တင်အိက သူ့ခြေလှမ်း ကိုစောင့်နေတာနဲ့ အတော်ပဲ တစ်ခါတည်း တင်တင်လတ်ကို ဝင်ပူးပြီး ကြောက်အောင်ခြောက်လိုက်တာဖြစ်မှာပေါ့"

"မင်းဟာက အပိုင်ပေါက်ကြီးပါလား၊ အိက ဒီအတိုင်းဆို မကျွတ်ရှာဘူး သရဲဖြစ်နေတယ်ပေါ့"

"ဘယ်ကျွတ်နိုင်မလဲ အစိမ်းသေတာပဲ မဟုတ်လား"

"ဒါဆို ဆရာတော်က ပရိတ်ရွတ်အမျှဝေရင် ကျွတ်မှာပေါ့ နော်"

"ဒါပေါ့ဗျာ၊ ဒါပေမယ့် ခင်ဗျားအချစ်တော်လေးကို သနားရင် နည်းနည်းတော့ သည်းခံရလိမ့်မယ်။ သူက သူ့ကို ခွေးကျင့် ခွေး ကြံ ကြံခဲ့တဲ့ ဦးစိန်တိုးကို ကလဲ့စားချေချင်လို့နဲ့ သူ့ညီမငယ်တွေကို ကာကွယ်ဖို့ ကြိုးစားနေချိန်မှာ ကျွတ်သွားရင် နှမြောစရာကြီး၊ ခင်ဗျားရော သူ့ကိုယ်စား ဟိုတဏှာရူးကြီးကို လက်စားချေချင်စိတ် မရှိဘူးလား"

"သိပ်ရှိတာပေါ့"

"ဒါဆို ဆရာတော်ကို လျှောက်ကြရအောင်"

"ဟင် ဘယ်လိုလျှောက်မှာလဲ၊ ပရိတ်ရွတ်မပေးဖို့ လျှောက်

မှာလား"

"ဟာ ဘယ်ဟုတ်မှာလဲ၊ ပရိတ်ရွတ်ဖို့ လာပင့်မှတော့ ရွတ်ပေးရမှာပေါ့"

"ဆရာတော် ပရိတ်ရွတ် မေတ္တာပို့ အမျှဝေမှတော့ အိလဲ ကျွတ်ရှာမှာပေါ့"

"အစ်ကိုမျိုးကြီးက ကပ္ပိယသက်နုသေးလို့၊ ဆရာတော်နား ကြာကြာမနေဘူးသေးလို့ ဆရာတော် ဘယ်လောက်တန်ခိုးကြီး ကြောင်း မသိတာပါလေ။ ကျွန်တော်ပြောပြမယ်၊ ကျွန်တော်တို့က သာ ဆရာတော်ကို အဖြစ်မှန်ပြောပြပြီး တောင်းပန်ရင် ဆရာ တော် လုပ်ပေးနိုင်တာတွေ အများကြီးရှိတယ်"

"ဟာ ဆရာတော်က လုပ်ပေးပါ့မလား"

"လုပ်ပေးမှာပေါ့၊ ကောင်းဖို့ မှန်ဖို့နဲ့ မကောင်းသူတွေက ကောင်းတဲ့သူတွေကို ဆက်ပြီး ဒုက္ခမပေးဖို့ဆိုရင် လုပ်ပေးလို့ ရသတဲ့၊ စစ်ဗိုလ်သေနာပတိကြီး စစ်တိုက်ပြီး လူတွေအများကြီး သေစေတာ ငရဲမရောက်သလို ဒါမျိုး ဘုရားဟောမှာ အများကြီး ရှိတယ်၊ ဆရာတော်တွေ နားလည်ပါတယ် အစ်ကိုမျိုးကြီး ပူမနေနဲ့"

"အိကို ဘယ်ပို့ထားမှာလဲ"

"သာခုခေါ် လို့မရတဲ့နေရာပါ ဆိုနေမှ"





"ဩော်... ဒီလိုလည်း ရှိသကိုး ကိုအောင်စိုးရာ"

"ရှိတာပေါ့၊ ဟောဒီသုံးဆယ့်တစ်ဘုံမှာ အောက်ဘုံလေးဘုံ ဖြစ်တဲ့ ဒုဂ္ဂတိဘုံမှာက ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာနဲ့ အသူရကာယ် ဆိုပြီး ရှိတယ်လေ။ ရုက္ခစိုး၊ ဘုမ္မစိုး၊ အစိမ်း၊ သရဲဆိုတာတွေဟာ ပြိတ္တာ ဘုံထဲက နာနာဘာဝ၊ ဝိနာဘာဝတွေ အဲဒီ ပရလောကသားတွေ ထဲမှာ အဆင့်အမျိုးမျိုးရှိတယ်"

"ဒါတော့ သိပါတယ်ကွာ၊ လူကြီးသူမတွေပြောလို့ သိပါ တယ်။ အချို့ကျတော့ မြောင်းဆိုး၊ ရေပုပ်ထဲမှာ ခိုအောင်းနေရ တယ်။ အချို့ကတော့ မြက်ပင်လေးတစ်ပင်မှာကိုပဲ သိန်းနဲ့သန်းနဲ့ ချီပြီး အတင်း တိုးဝှေ့တွယ်ကပ်နေရတယ်ဆိုတာ ကြားဖူးပါ တယ်"

"အဲဒါ သူ့အကုသိုလ်နဲ့သူ ကိုက်ညီတဲ့အဆင့်ကိုရတာ။ အချို့ ဆို တစ်နေရာထဲမှာ မှီခိုစရာမရှိလို့ လှျောက်လွင့်နေကြတယ်။ အချို့က အမျှအတမ်းပေးဝေတာကို မကြားရတဲ့ ငရဲနားက တွင်းကြီးထဲမှာ အောင်းနေကြရတယ်"

"ဟုတ်တယ် ဟုတ်တယ်၊ ငရဲသားတွေဟာ အမျှဝေတာ လည်း မကြားရဘူး၊ သာခုလည်းမခေါ်နိုင်ဘူး၊ ငရဲကြီးရှစ်ထပ် ကျလို့ကတော့ ရက်မစေ့ဘဲ မကျွတ်တော့ဘူးမှတ်"

"ဒီလောက်သိနေမှတော့ အိကို အမျှဝေသံမကြားရတဲ့ တစ်

နေရာကို ခဏပို့ထားလို့ရတယ်ဆိုတာ သဘောပေါက်ပြီပေါ့”

“အေးပါ၊ အဲဒီလို အိကိုခဏပို့ထားတာက ဘာသဘောလဲ ပြောပါဦး ကိုအောင်စိုးရ”

“ဟိုလူကြီးက ဆရာတော်ပင့်ဖိတ်ပြီး ဆွမ်းကျွေးရင် အိလည်း ကျွတ်သွားရော၊ သူလည်း တင်တင်လတ်ကို ကြိုက်သလိုကြံလို့ရ ရောခိုတာမျိုး ဖြစ်နိုင်တာကြောင့်...”

“ဒါဆို အိက သူ့ညီမကို အမြဲစောင့်နေရတော့မှာလား၊ မကျွတ်ရတော့ဘူးလား”

“မဟုတ်ပါဘူး၊ ဟိုလူကြီးအမှုပေါ်တဲ့အထိ စောင့်ရုံကလေး ပါဗျာ”

“ဒါဆိုလည်းကောင်းသားပဲ အမှုမြန်မြန်ပေါ်အောင် ကြိုးစား လိုက်ကြစို့”

မကြာမီရက်ပိုင်းမှာပင် နေကူရာစံအိမ်ကြီးတွင် ဖြူ့ဦးထိပ်က ဆရာတော်နှင့် သံဃာငါးပါး ပင့်ဖိတ်၍ ဆွမ်းကျွေး ပရိတ်ရွတ် အန္တရာယ်ကင်းဘေးရှင်း အလှူဒါနပွဲလေး ဖြူလုပ်လေသည်။ မိဘားစုနှင့် ဦးစိန်တိုးအလုပ်တိုက်က လူယုံအချို့သာ ဟက်ရောက် ကြသည်။

ပရိတ်ရွတ်၊ ကမ္မဝါဖတ်ရန် အလှူရှင်ဦးစိန်တိုး၏ မေတ္တာရပ်ခံ ချက်နှင့်အညီ ဆရာတော်က ဆောင်ရွက်ပေးခဲ့သည်။ ဦးစိန်တိုး





လိုသည်ထက် ပို၍ဝမ်းသာနေ၏။

“ဒီလောက်တန်ခိုးကြီးတဲ့ ဆရာတော်ကိုယ်တိုင် ကြွလာပြီး ပရိတ်ရွတ်ကမ္မဝါဖတ်ပေးမှတော့ ဟွန်း တင်တင်လတ်ကို ဝင်ပူး နေတဲ့ အစိမ်းသရဲမ တင်တင်အိ ကျွတ်ချင်ကျွတ်၊ မကျွတ်ရင် သည်း လွတ်ရာကျွတ်ရာ တခြားနေရာကို ထွက်ပြေးရပြီပေါ့ ဟီး”

ဆွမ်းကျွေးပွဲပြီးတော့ ဦးစိန်တိုး ပြုံးပြုံးကြီး ထိုင်၍တွေးနေ သည်။

“သြော်... ရှင်က ကုသိုလ်တွေတော်တော်ရပြီဆိုပြီး အတော် ကြည်နူးနေတယ်ပေါ့ ပြုံးလို့ရွှင်လို့ပါလား”

“မမကလည်း ဒီလိုကုသိုလ်ဒါန မပြုဖြစ်တာကြာပြီမဟုတ် လား၊ ဝမ်းသာပီတိဖြစ်ရတာပေါ့”

ဒေါ်တင်မေကြီးက ဦးစိန်တိုးကို မျက်စောင်းထိုး၍ကြည့်သည်။

“ဟွန်း မသိရင်ခက်မယ် စိန်တိုးရေ၊ နင့်အကြံဘာလဲဆိုဟာ တို့ကသိနေတယ် တင်တင်လတ်ကို နည်းနည်းစောင့်ကြပ်ဖို့ လို လာပြီ ဟင်း”

ဟု ဒေါ်တင်မေကြီး တွေးလေ၏။ ဟုတ်သည် ထိုညမှာပင် ဦးစိန်တိုး မစောင့်နိုင် မအောင့်နိုင်ဘဲ တင်တင်လတ်အခန်းကို ဆောင်တော်ကူးလေသည်။

ဒေါ်တင်မေကြီးက သိလျက်နှင့် မသိချင်ယောင်ဆောင်ကာ

လွှတ်ထားလိုက်၏။ အဘယ်ကြောင့်ဆိုသော် ညဉ့်ဦးပိုင်းကို သူ့သမီး တင်တင်လတ်အခန်းကိုသွား၍ ဒီညမှစပြီး အဖော်လာအိပ်ပေးမည်ဟု ဆွေးနွေးစဉ် တင်တင်လတ်က ပြုံးဖြီးဖြီး မျက်နှာပေးနှင့် ပြောခဲ့သည်။

"မေမေ ဘာမှမပူနဲ့ ဟီး...အီးအီး...ဟီး၊ တင်တင်လတ် တစ်ယောက်တည်းမဟုတ်ဘူး အစောင့်ရှိတာ သိသားနဲ့ အမေ"

"အဲ့ ဒီအသံ နင့်အသံမဟုတ်ဘူး သမီးလတ် ဒါ..ဒါ သမီးကြီးအိရဲ့အသံပဲ"

"ဟီး...ဟီး သိရင်ပြီးရောပေါ့ အမေရာ"

"ဒီလိုဆို ဒါဆို...သမီးကြီးအိ ဆရာတော်ရဲ့ ပရိတ်ဂါမွဝါနဲ့ မကျွတ်ဘူးပေါ့"

"ဒါက ကိုမျိုးကြီးတို့ကို ကျေးဇူးတင်ရမှာ အမေရဲ့"

"ဟင် ဘာ... မျိုးကြီးက ဘယ်ကဘယ်လို ပတ်သက်လာတာလဲ၊ အခု သူ ဘယ်မှာလဲ"

"သူလား တစ်နေရာကနေ သမီးတို့ကို ကူညီနေတယ်လို့ သိထားရင် လုံလောက်ပါပြီ အမေ၊ ဘယ်သူ့မှသွားမပြောနဲ့နော်၊ အထူးသဖြင့် ဟိုတဏှာရူး အမေ့လူကြီးကို လုံးဝ အသိပေးရဘူး အမေ ကတိပေးလေ"

"ပေးပါတယ် ပေးပါတယ်၊ သမီးတို့ အန္တရာယ်မရှိရင် ပြီးတာပါပဲ"





ဒေါ်တင်မေကြီး ကြောက်ကြောက်နှင့် မြန်မြန်ပြောမိသည်။ သူ့ကျောထဲကစိမ့်စိမ့်ပြီး ချမ်းလာသည် မဟုတ်လော။ တင်တင်လတ်၏ ဖြူဖပ်ဖြူရော်မျက်နှာကိုကြည့်ရင်း ကြည့်ရင်း ဝါးသွားပြားသွားရာမှ သမီးတင်တင်အိ မျက်နှာပုံက ပေါ်လာသည်။ မျက်နှာသေကြီးနှင့် ရယ်ပုံက ကြောက်စရာကြီး။

"ဒါဆို စိတ်ချတော့မယ်နော်"

ဒေါ်တင်မေကြီး မြန်မြန်ထ၍ပြေးခဲ့သည်။ ထလိုက်သည်နှင့် ကြက်သီးတဖြန်းဖြန်းနှင့်။ ဘာပဲဖြစ်ဖြစ် ဟိုနှာဘူးကြီး တင်တင်လတ်ကို မထိတထိလာလုပ်နိုင်တော့မည်မဟုတ်၍ အတော်စိတ်အေးသွားခဲ့သည်။

ယခု သွားပါပြီ တဏှာရူး။ သမီးလတ်အခန်းကို လစ်သွားပါလေပြီ။ ဘာတွေဖြစ်လာမယ်ဆိုသည်ကို နားစွင့်နေရမည်ပေါ့။

ဒေါ်တင်မေကြီး ကပ်လျက်အခန်းက ခြေသံလုံလုံနှင့် ထွက်သွားသည့် ဦးစိန်တိုး ယခု တင်တင်လတ်အခန်းတံခါးရှေ့တွင် အသာကလေး ရပ်လိုက်သည်။ အမှောင်ထဲတွင် တံခါးသော့ကို အတတ်နိုင်ဆုံး အသံမကြားရလေအောင် ဖွင့်လိုက်သည်။

"ကျွိ...ကျွိ"

တံခါးကို အသာကလေး တွန်းဖွင့်ပေးသည့် ပတ္တာပွတ်သံ

ကလေးတော့ ထွက်လာသေး။ တံခါးရွက်ကို အသာတွန်းဟပြီး အခန်းထဲသို့ ခြေဖွဖွ ရှူရှူကလေး ချလိုက်သည်။

မှောင်နေ၏။ ပြတင်းလိုက်ကာ ဘေးကပ်ထား၍ အလင်းရောင်မှုန်ပျပျမြင်ရ၏။ ပြတင်းမှ လေနုအေးကလေး နှော့ခနဲ မွှေ့ဝင်လာသည်။ စိမ့်ခနဲ အေးသွား၏။

"အို… အေးပုံကြီးက တစ်မျိုးပဲ အေးစက်စက် ကျောရိုးထဲအထိ စိမ့်သွားသလိုပဲ"

ဦးစိန်တိုး ကြွတက်နေ့သော ရာဂစိတ်ကို တစ်စုံတစ်ရာက ယွှမ်းမိုးသွားသလို ခံရသည်။ အိပ်နေသည်။ တင်တင်လတ်က သူ့ခုတင်ကြီးပေါ်တွင် အိပ်နေသည်ကို ဝိုးဝိုးဝါးဝါး မြင်နေသည်။ အိပ်ပုံက ပက်လက်၊ ဆန့်ဆန့်။ ဦးစိန်တိုး ဤပုံကိုမြင်တော့ သွေးပြန်ဆူလာသည်။ အချမ်းပြေသွားသည်။ ရှေ့တိုးသွားသည်။

"ဟင် ခုတင်ပေါ်မှာ အိပ်နေတာ တင်တင်လတ်တစ်ယောက်တည်းမှ ဟုတ်ရဲ့လား"

ဦးစိန်တိုး သူ့မျက်စိကို ပွတ်ပြီးသေချာကြည့်သည်။ နှစ်ယောက် နှစ်ယောက်မြင်နေရစဉ် ဟိုဘက်ကတစ်ယောက်သည် တင်တင်အိ ဖြစ်နေ၏။

"ဟိုက်"

တုံ့ခနဲရပ်သွား[illegible]။ ဦးစိန်တိုး အရဲကိုး၍ သေချာကြည့်





သည်။ မနက်ကပင် ကမ္မဝါဖတ်ပြီး ချွတ်ခဲ့၍ တင်တင်အိ ကျွတ်သွားသင့်ပြီ။ မရှိရပြီ။ 'ငါ့စိတ်ကထင်နေလို့ပါ၊ "အိက ကျွတ်ကို ကျွတ်သွားရမှာဥစ္စာ။ ဆရာတော်က နှယ်နှယ်ရရ တန်ခိုးရှင်မှ မဟုတ်တာ" ဦးစိန်တိုး ရဲဆေးတင်၍ စိုက်ကြည့်လိုက်ရာ တင်တင်လတ်ဘေးက တင်တင်အိသည် တင်တင်လတ်ဘက်သို့ ကပ်၍ကပ်၍ ထပ်သွားသည်ဟု တွေ့နေရသည်။ ယခုမှ တစ်ယောက်တည်း တင်တင်လတ် တစ်ယောက်တည်းပဲ။ ဒီလိုမှပေါ့။ ဒီလိုပဲ ဖြစ်ရမှာပေါ့"

ဦးစိန်တိုး ကျေနပ်သွားသည်။ ရှေ့တစ်လှမ်း ထပ်တိုးသွားသည်။

"လာ..လာ..လာ..လေ ဟင်း…ဟင်း"

အိပ်နေသည့် တင်တင်လတ်က လက်နှစ်ဖက်မြှောက်၍ ဆန့်တန်းပြီး သူ့ကိုခေါ်နေပြီ။ ဦးစိန်တိုး အနားကပ်အသွား…

"ဟင်း..ဟင်း ခုလိုပဲ လာလာနေတဲ့ရက်တွေကို မမေ့ပါဘူး ဟင်း ဟီးဟီး၊ ရင်ထဲကကို မှတ်မိနေတာပဲ စွဲနေအောင် မှတ်မိနေတာပဲ"

တင်တင်အိအသံ ထွက်လာသည်။ ဒီအသံကို ဦးစိန်တိုး ကောင်းကောင်း သိသည်ပဲ။ သို့သော် အသံက စူးစူးရဲရဲ ခြောက်ကပ်ကပ် အက်ရှရှ။

အသံကဲ့သို့ တင်တင်အိမဟုတ်တော့ လူကလည်း တင်တင်အိ ဖြစ်နေသည်။ သို့တစေ ဦးစိန်တိုး ယခင်က လာ၍လာ၍ ဆောင်တော်ကူးစဉ်ကလို တင်တင်အိလေးမဟုတ်၊ ဖြူဖပ်ဖပ် မာတောင့်တောင့်နှင့် အလောင်းကြီးပုံပေါက်နေသော တင်တင်အိ။

လက်နှစ်ဖက် မြှောက်ထောင်လျက် ပြုံးပြုံးကြီး ခေါ်နေသော အိပ်ရာပေါ်က တင်တင်အိ၏ အပြုံးကြီးကား မဲ့ပြုံးကြီး။

"အား"

ဦးစိန်တိုး နောက်တစ်လှမ်းဆုတ်သည်။ ငေါက်ခနဲ တင်တင်လတ်က ထထိုင်သည်။ သို့သော် တင်တင်လတ်မဟုတ် တင်တင်အိမှ တင်တင်အိ။

"နင်...နင်...အခုထိ ဝင်ပူးနိုင်တုန်းပဲလား"

"အင်း...ဟင်း..ဟင်း..ဟား...ဟား မြင်တဲ့အတိုင်းပဲ လာသာလာပါ မကြောက်ပါနဲ့ ဟိုအရင်တုန်းကလို ချစ်တင်းနှောကြမယ်လေ ဟေဟေ..ဟားဝါးဝါး"

တင်တင်လတ်က ဦးစိန်တိုးကို မြှောက်ထားရာမှ ရှေ့သို့ တန်းနေသည့် လက်တောင့်တောင့်ကြီး နှစ်ဖက်နှင့် လည်ပင်း ဖမ်းဆုပ်လိုက်သည်။

"အား"

အေးစက်မာကျောလွန်းသည့် အတွေ့အထိကြောင့် ဦးစိန်





တိုး ကြောက်လန့်တကြားအော်ပြီး နောက်လှည့်ကာ တဒုံးဒုံး ထွက်ပြေးသွားလေတော့သည်။

"ဟား..ဟား..ဟား..ဟီး..ဟီး ဟူးဟို"

တင်တင်အိ၏ အသံနက်ကြီးနောက်တွင် ကျန်ရစ်ခဲ့လေ၏။

ဦးစိန်တိုး အော်၍ တဝုန်းဝုန်းပြေးသွားသံကို တင်တင်လတ်ရော တင်တင်လေးပါ မဟူရာညီအစ်မတို့ ကောင်းကောင်းကြားခဲ့သည်။ သို့သော် ဘာမျှမကြားသလို ဘာမျှမဖြစ်ခဲ့သလို ကိုယ်စီအိပ်ရာထက်ဝယ် ကိုယ့်အခန်းနှင့်ကိုယ် တိတ်တိတ်ကလေး လှဲအိပ်နေကြသည်။ မျက်နှာများကတော့ သရော်ပြုံး။ ရိတိတိ အပြုံးကိုယ်စီနှင့်။

နောက်နေ့နံနက် လင်းဦးစာစားစဉ် ဦးစိန်တိုးက ဒေါ်တင်မေကြီးကို အကဲခတ်ရင်း တိုးတိုးပြောသည်။

"မနေ့ ဆွမ်းကျွေးအမျှဝေခဲ့တယ်နော်"

"ဟုတ်တယ်လေ"

"အဲဒါ တင်တင်အိ မကျွတ်ဘူးထင်တယ်"

"ဘာလို့ အဲလိုထင်တာလဲ"

"ဟို...အဲ ညတုန်းက အသံတွေကြားသလားလို့၊ မမရော ဘာမှ မကြားဘူးလား"

"စိတ်ထင်လို့နေမှာပါ ကိုတိုးရယ်"

"အင်း... ကျွန်တော့်အထင်တော့ ဒီသရဲမဟာ အလွန်အစွမ်းထက်နေပြီ။ တကယ့်ဆရာနဲ့ ပယောဂကုကုမှ တင်တင်လတ်ကို ဝင်စီးနေတဲ့ ဖုတ်သရဲ ထွက်မယ်ထင်တာပဲ"

"သူ့ဟာသူ မဟူရာညီအစ်မအချင်းချင်း ချစ်ကြလို့ ဝင်ပူးတာ ဘာဖြစ်သေးလဲ၊ ရှင့်မှာလည်း တကတည်း သခွတ်ပင်ကမီးတကျိုကျို ဖြစ်နေရတယ်လို့တော်"

ဒေါ်တင်မေကြီးစကားကို ဦးစိန်တိုး မကြိုက်ချင်။ ငြိမ်၍ နားထောင်နေသော်လည်း သူ တွေးနေ၏။ သူ့တပည့် မိုးကျော်သည် အထက်လမ်း အောက်လမ်းနှင့် ပယောဂကိစ္စများကို တော်တော်ဝါသနာပါ၏။ သူ့အိမ်သို့ ဆရာများ ဝင်ထွက်နေကြောင်း ဦးစိန်တိုး သိသည်။ 'ဒီကောင့်ကို အကူအညီတောင်းရမှာပဲ' ဟုတွေး၍ ဆုံးဖြတ်ချက်ချလေ၏။

မိုးကျော်သည် မကြာမီ ယောနယ်မှ ဆရာကြီးတစ်ဦးကို ဦးစိန်တိုးထံ ခေါ်လာသည်။ ဆရာကြီး ဘိန္နက ဟုခေါ်သည်။ အစိမ်း၊ သရဲ၊ စုန်း၊ ကဝေ၊ ဖုတ်၊ ပြိတ္တာ ကြိုက်တာပူးစမ်းပါစေ ဆရာကြီး ဘိန္နက နိုင်သည်။ နှိမ်နင်းသည်။ ခွာထုတ်မည်။ ဘယ်အနှောင့်အယှက် ပယောဂမျှ မခံနိုင်။ ဆရာကြီးက ပရလောကမှ ပေတဝတ္ထုများကို ကောင်းကောင်းနိုင်သည်ဆို၏။

ယခု မဟူရာစံအိမ်ကြီးသို့ ဆရာကြီး ဘိန္နက ရောက်ရှိလာ





သည်။ သူသည် ဘုရားခန်းကြီးတွင် ဘုရားပွဲ၊ နတ်ပွဲ၊ ဒေဝီပွဲစသော ဆွမ်းတော်ပွဲများတင်ပြီးနောက် ရတနာဒီပံဆေးဖယောင်းတိုင် ထွန်းညှိပူဇော်ပြီး စိမ်းအပ်သော ပရိတ်ချည် ပရိတ်ကြိုးများဖြင့် တင်တင်လတ်၏ ခြေ၊ လက်၊ လည်ပင်းများတွင် ရစ်ပတ်လိုက်သည်။

ထို့နောက် ဂါထာမန္တန်များကို မန်းမှုတ်ကာ တင်တင်လတ် ယယ်ထိပ်ကို ရေမန်းနှင့်အုပ်လိုက်သည်။

တင်တင်လတ် မျက်စိစုံမှိတ်၍ ပုဆစ်တုပ်ထိုင်နေရာ လုံးဝငြိမ်သက်သွားလေ၏။

"နင် ရောက်နေတယ် မဟုတ်လား၊ အစိမ်းကောင် ရောက်ရင် ပြစမ်း"

တင်တင်လတ် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာသည်။ ခန္ဓာကိုယ်ကလည်း ယိမ်းထိုးနေ၏။

"ပြောစမ်း နင်ဘယ်သူလဲ၊ ဘာကြောင့် ခုလို သူတစ်ပါးကိုယ်မှာ ဝင်စီးရတာလဲ"

တင်တင်လတ် ဖျတ်ဆို မျက်စိဖွင့်ကြည့်သည်။ ကြည့်သည်ဆိုရာ၌ ရိုးရိုးမဟုတ်။ စိမ်းစိမ်းကြီးကြည့်သည်။ ကြောက်စရာကြီးကြည့်သည်။ နောက် အသံစူးစူးနှင့် အော်ပြောသည်။

"နေပါဦး ရှင်က ဘာမို့လို့ သူများ ညီအစ်မကိစ္စထဲ ဝင်ရှုပ်ရ

တာလဲ"

"ဩော် ဟော် ညီအစ်မ ဟုတ်လား၊ ဒါဆို နင်ဟာ ဘဝတစ်ပါး ကူးသွားပြီဖြစ်တဲ့ တင်တင်လတ်ရဲ့အစ်မ တင်တင်အိ ဆိုတာပဲပေါ့ ဟုတ်လား"

"ဒီမယ် မဟူရာညီအစ်မတွေရဲ့အရေးမှာ ဘုမသိ ဘမသိ ဝင်မရှုပ်ရင် ကောင်းမယ်၊ အေးအေးနဲ့ လာလမ်းအတိုင်း ပြန်ပါလား"

"ဟေ သူခိုးက လူလူဟစ်မနေနဲ့၊ ငါဆရာ မတရားတာကို ကြည့်မနေနိုင်လို့ အကူအညီတောင်းတဲ့လူရှိရင် ကူညီဖို့လုပ်နေတာ အဲဒါ ငါဆရာ ဘိန္နကရဲ့အလုပ်"

"ဟာ ဟ မတရားအလုပ်ခံရလို့ မဟူရာညီအစ်မအချင်းချင်း ရှိုင်းပင်းနေတာကို ဝင်စွက်ဖက်ရင် ဆရာသော ဘာသော မငဲ့နိုင်ဘူးနော်"

"အောင်မယ် နင့် ငါ့ကို စမ်းသလား ကဲ..ကဲ..ကဲ ဟာ"

ဆရာဘိန္နကသည် သူ့ဆေးကြိမ်လုံးနှင့် တင်တင်လတ်၏ ကျောကို တရွှမ်းရွှမ်းရိုက်လေတော့သည်။

"အမလေး လုပ်ကြပါဦး ကျွန်မကို ရိုက်တယ်ရှင့် နာလိုက်တာ အမေရဲ့"

တင်တင်လတ် သူ၏ပကတိအသံနှင့် အော်ဟစ်အကူအညီ





တောင်းလေ၏။ ဒေါ်တင်မေကြီး မနေသာ၍ ဝင်တားရလေသည်။

"အို…အို ဆရာ အဲဒါ ကျွန်မသမီးတင်တင်လတ်ရဲ့ အသံပါ ဆရာ တင်တင်အိ မဟုတ်ပါဘူး၊ သူ့ခမျာ နာလွန်းလို့ အော်နေပြီ မလုပ်ပါနဲ့တော့ ဆရာ"

"ဟာ သူ့ဌေးကတော် ဘာနားလည်လို့လဲ အဲဒီလိုပဲ နာနာဘာ ဝတွေ၊ အစိမ်းတွေဟာ အလွန်ပရိယာယ်ကြွယ်တယ်။ အမျိုးမျိုး ဟန်လုပ်တတ်တယ်။ စုန်းတို့ ကဝေတို့များဆို ဒီထက်ပိုပြီး မုယာမာယာ များသေး၊ ဘာမှဝင်မရှုပ်နဲ့ ကျုပ်ဆရာ ဘာလုပ်ရမယ်ဆိုတာ သိတယ်"

ဆရာဘိန္နကသည် ဂါထာမန္တရားများကို ရွတ်ပြန်သည်။ အုန်းဆံကြိုးလေးတစ်ချောင်းကို သူ့လက်ထဲကိုင်၍ ရွတ်လေသည်။ အတန်ကြာရွတ်ပြီးသော် ရေမန်းခွက်ထဲစိမ်သည်။ ထို့နောက်….

"ပေးစမ်း လက်နှစ်ဖက် ရှေ့ထုတ်စမ်း"

ဆရာက တင်တင်လတ်ကိုပြောသည်။ တင်တင်လတ်က မျက်လုံးဝိုင်းဝိုင်းလေးနှင့် ကြည့်နေသည်။

"အဲဒီလက်တွေ ဆရာ့ကိုပေးလို့ပြောနေတယ်"

"ဆရာ ကျွန်မ တင်တင်လတ်ပါ တကယ်ပါ။ အခု ဘာလုပ်ဦးမလို့လဲ၊ ဆရာ လူမှားနေပါတယ်"

"အေးပါ သိတာပေါ့။ အခုဟာက တင်တင်လတ် အစစ်၊

တင်တင်အိက နင့်ကိုယ်ကခွာပြေးပြီ၊ ဟွန်း မသိရင်ခက်မယ် သူ အခု နင့်နောက်မှာ ကပ်နေတယ်၊ လူချင်းမပူးဘဲ ငါ့အရိုက်မခံရ အောင် ခဏခွာထားတာလေ၊ ဒီတော့ ငါက ပြန်ပူးခိုင်းပြီး ချုပ် မလို့ တုပ်မလို့ကွယ့်"

ဆရာဘိန္နကသည် ပြောပြောဆိုဆို တင်တင်လတ်၏ လက် နှစ်ဖက်ကို ဆွဲကိုင်လိုက်သည်။ ထို့နောက် မန္တန်ကို အုပ်လိုက် သောအခါ တင်တင်လတ်ကိုယ်ကလေး လှုပ်ရမ်းကာ သွက်သွက် ခါသွားစဉ် ဆရာဘိန္နကသည် သူ့လက်ထဲကကြိုးနှင့် လက်နှစ်ဖက် ကို ပူး၍ချည်နှောင်လိုက်လေသည်။

"ကိုင်း နင် အခု နင့်သဘောအတိုင်း ပူးချင်တိုင်းပူး ခွာချင် တိုင်းခွာလို့မရတော့ဘူး၊ ငါ့ဆရာ့စကားကိုနားထောင် ကောင်း ကောင်းနားထောင်ရင် ငါကလည်း ကြိမ်နဲ့ဆော်စရာအကြောင်း မရှိဘူး နားထောင်မလား"

တင်တင်လတ် မျက်လုံးပြူးကြောင်ကြောင်နှင့် အတန်ကြာပြန် ကြည့်သည်။ ပြီးမှ.....

"ဘာကို နားထောင်ရမှာလဲ"

"နင် ဟောဒီ နင့်ညီမကိုချစ်ရင် နောက်ထပ်လာမစီးနဲ့၊ နင့်ကို တခြားအပိုင်စားနေရာတစ်ခုပေးမယ်၊ အဲဒီမှာသွားပြီး အေးအေး ဆေးဆေး နေပေတော့"





"မဖြစ်ဘူး မဖြစ်ဘူး၊ ညီမလတ်မှာ အန္တရာယ်တွေရှိလို့ လာ စောင့်တာ"

"ဘာအန္တရာယ်လဲ ပြောစမ်း"

"ဟာ ဒါက မဟူရာညီအစ်မတွေရဲ့ ကိုယ်ရေးကိုယ်တာပဲ ပြောလို့သင့်မလား"

"ဟိတ် မမြင်ရာသည် ဆေးသမား၊ မကြားရာသည် ရှေ့နေ တဲ့ ငါ့ကိုပြောမှဖြစ်မယ်"

"ဟိုလေ..."

တင်တင်လတ်က သူ့ကိုမျက်တောင်မခတ်ကြည့်နေသည့် ဦးစိန်တိုးကို ဖျတ်ခနဲကြည့်ပြီးပြောသည်။

"ဟိုလူကြီး ယုတ်မာရင် ဘယ့်နှယ်လုပ်မလဲ"

"ဘာလဲ နင့်ကို မဟားဒယားလုပ်လို့လား"

"ဒါပေါ့"

"အိန်း အဲဒါက လူ့ကိစ္စ နာနာဘာဝကိစ္စမဟုတ်ဘူး၊ လူ့ကိစ္စ လူ့ဥပဒေနဲ့ဖြေရှင်းရတယ် တရားစွဲပစ်။ ဒါပဲ အခု ဆရာ့ကိစ္စက ဒါမျိုး ထည့်မစဉ်းစားဘူး၊ ပြောစကားနားမထောင်ရင် ဆေးကြိမ် လုံးနဲ့ရိုက်ပြီး အဝေးကြီးနှင်လွှတ်မယ်၊ အဲဒီကျမှ ခိုရာမဲ့ဖြစ်မယ် မှတ်"

"မရိုက်နဲ့ နာတယ်"

"နာမှန်းသိရင် ဝေးဝေးသွားပါလား"

တင်တင်လတ် မျက်စိစုံမှိတ်ကာ ငြိမ်ချက်သားကောင်းနေ၏။

"ဟိတ် ဒီလောက်ကြာကြာ စဉ်းစားမနေနဲ့ မြန်မြန်ပြော"

ငြိမ်နေဆဲဖြစ်၏။

"ပြောဆို ဘာလဲ ငါ့ဆေးပြယ်မယ့်အချိန်စောင့်နေတာလား"

ထိုအခါ တင်တင်လတ် ဖျတ်ဆို မျက်လုံးဖွင့်ကြည့်သည်။ မထိတရိပြုံးသည်။

"ဟင်း...ဟင်း ကျွန်မတို့ မဟူရာညီအစ်မတွေရဲ့ အရေးက ဆရာထင်တာထက် ပိုကြီးတယ်၊ ဒါကြောင့် ကျွန်မ မသွားနိုင်ဘူး၊ ဆရာ့ပညာလေးနဲ့လည်း ကျွန်မကို နှင်လို့မရဘူး"

"အောင်မာ စမ်းချင်လို့လား"

"စိန်လိုက်လေ"

"ကိုင်းဟာ ကိုင်း"

ဆရာက ရှမ်းခနဲ ရှမ်းခနဲ နှစ်ချက်ဆင့်ရိုက်ပစ်လိုက်သည်။

"အောင်မလေး လုပ်ကြပါဦး လူကို မတရားရိုက်နေတယ်၊ ရဲစခန်းသွားတိုင်ပါ အမေရဲ့"

တင်တင်လတ်အသံ ထွက်လာပြန်သည်။

"ဩော်... နင်က ထွက်ပြေးနိုင်သေးတယ်ပေါ့၊ ငါက မကြမ်း





ချင်လို့ သက်သက်သာသာလုပ်နေတာ လာလေ့"

ဆရာဘိန္နကသည် သူ့ဆေးကြိမ်လုံးနှင့် ရေမန်းကိုတို့ကာတို့ကာနှင့် တစ်ခန်းလုံးကို ရေမန်းများလွင့်စင်အောင် ကြိမ်လုံးဆတ်၍ ပက်လေသည်။

"ကိုင်းကွာ လာခဲ့စမ်း ဝင်ခဲ့စမ်း ပူး..ပူး"

ဟုအော်ကာ ဂါထာများအသံဟိန်းအောင်ရွတ်ပြီး တင်တင်လတ်ကို ဆံပင်အား ဖြေချလိုက်သည်။ တင်ပါးအထိရှည်သော နက်မှောင်ဆံကေသာများ ပြေလျော့ကျလာသောအခါ ဆရာက သူ့လက်တွင် တစ်ရစ်ပြီးတစ်ရစ် ပတ်ကာပတ်ကာ ရစ်ပတ်လိုက်သည်။

"အင်း..ဟင်း..ဟင်း..အင်း"

တင်တင်လတ် မျက်နှာကြီး အဖြူရောင်ဖွေးသွား၏။ အံကို တင်းတင်းကြိတ်၏။ မျက်လုံးကြီးနီရဲနေ၏။ တဟင်းဟင်းနှင့် ပေ၍ရှုန်းနေ၏။

"ကိုင်း အခု နင် ထွက်လို့မရတော့ဘူး၊ ငါ့စကား နားထောင်မလား"

"အင်း..အင်း..ဟင်း..ဟင်း ထောင်လို့ရမလား"

"ဒါဆို နာမယ်နော် ရော့"

ရှမ်းခနဲ ရိုက်လိုက်သည်။ တင်တင်လတ် နှုတ်ခမ်းကိုက်၍

ပေခံနေသည်။ ရှန်းသည်။ သို့သော် ဆရာဘိန္နက သူ့ဆံပင်ကို အတင်းရစ်ပတ်ထားသည်။ ရှမ်းခနဲ ရှမ်းခနဲ ဆက်ကာဆက်ကာ ရိုက်သည်။ တင်တင်လတ် စောစောကလို မအော်ပါ။ အင်း...အင်း နှင့် အံကြိတ်၍ တင်းခံရင်း ရှန်းသည်။ ဆရာနှင့် မိန်းမပျိုကလေး ထွေးလားလုံးလားဖြစ်ကုန်သည်။

"အို...အို လုပ်ကြပါဦး"

ဟု ဒေါ်တင်မေကြီးက မကြည့်ရက်၍အော်သည်။

"နေ...နေ အဲဒါ အစိမ်းသရဲနဲ့ ဆရာ သူနိုင်ကိုယ်နိုင်ပြိုင်နေ တာ ဝင်မရှုပ်နဲ့၊ ခဏကြာရင် ကျုပ်တို့ဆရာနိုင်မှာ ဒီလိုပဲ အပွဲပွဲ နွှဲခဲ့တာရယ်"

ဟု မိုးကျော်က ပြောသည်။

"ဖြစ်ပါ့မလား ကွယ်ရို့၊ ဟိုမယ် သမီးတင်တင်လတ် ပက်လက် လန် ကျနေပြီတော့"

ဒေါ်တင်မေကြီးက အော်ပြန်သည်။

"ဟာ မမကလည်း အဲဒါ တင်တင်လတ် မဟုတ်တော့ဘူး လေ၊ စောစောကလို နာတယ် နာတယ်နဲ့မှ မအော်တာ အဲဒါ အစိမ်းသရဲမပေါ့"

ဦးစိန်တိုးက ဝင်ဆွဲရန်ကြိုးစားသည့် ဒေါ်တင်မေကြီးကို ဆွဲ ထားပြီး ပြောနေသည်။





ထိုစဉ် ပက်လက်လန်နေသည့် တင်တင်လတ်က အပေါ်ကမိုး ၍ ရိုက်မည်ပြုနေသည့် ဆရာဘိန္နကကို အောက်မှနေပြီး ရင်ဝသို့ ခြေစုံပစ်ကန်ထုတ်လိုက်တော့သည်။

ဆရာဘိန္နက နောက်သို့ လန်ကျလေ၏။ ကံဆိုးချင်တော့ နောက်ကစားပွဲစောင်းနှင့် ဆရာဘိန္နက နောက်စေ့တို့ ဒိုင်းခနဲ ဝင်ဆောင့်လေသည်။ ဆရာဘိန္နက အရုပ်ကြိုးပြတ် လဲကျလေ တော့၏။ ခေါင်းမှ သွေးစိမ်းရှင်ရှင်ထွက်လေ၏။

"လုပ်ကြပါ ဆရာ မေ့သွားပြီ၊ ခေါင်းလည်းပေါက်သွားပြီ"

မိုးကျော်က အော်၍ ဆရာဘိန္နကကို ပြေးထူသည်။ ဆရာ သတိပြန်မလည်တော့။

"ဆေးရုံ... ဆေးရုံ မြန်မြန်ပို့မှဖြစ်မယ်"

"ဟုတ်တယ်၊ ဟိုကောင် ခင်မောင်ဦးကိုခေါ် စမ်း ဂျစ်ကားနဲ့ ဆေးရုံပို့ရမယ်"

ဦးစိန်တိုးလည်း ဆရာဘိန္နကကို ဆေးရုံပို့ရန် စီစဉ်ရလေ တော့သည်။ ဆရာဘိန္နကကို ဂျစ်ကားပေါ်တင်၍ မြို့နယ်ဆေးရုံ ကို ခေါ်သွားကြလေပြီ။

"ဟား...ဟား...ဟား...ဟီး..ဟိ"

တင်တင်လတ် အသံနက်ကြီးနှင့် တစ်ချက်အော်ရယ်ပြီး သလေသံနှင့် ရိုးရိုးရယ်နေသည်။ ယခုတော့ သူ့မျက်နှာလေး

ပြုံးလို့ ရှင်လို့၊ တင်တင်လတ်မှ ပကတိ တင်တင်လတ်။ သူ့ကို ပူးဝင်စီးထားသည်ဆိုသော တင်တင်အိ မရှိတော့၊ ဘယ်ရောက်သွားသည် မသိတော့။

"မမေ"

"ဘာလဲ သမီး"

"ညီမလေး"

"ဘာလဲ မမလတ်"

"မမလတ် ကျောကိုကြည့်ပေးပါ စပ်ဖျင်းဖျင်းနဲ့ ဘာဖြစ်သလဲ မသိဘူး အတော်နာနေတယ်"

"ဟာ ဟုတ်သားပဲ စောစောက ဆရာစုတ်ရိုက်ထားတဲ့ ဒဏ်ရာတွေနေမှာပေါ့ လာ...လာ"

သားအမိနှစ်ယောက် တင်တင်လတ်ကို တွဲခေါ်ပြီး သူ့အခန်းအရောက် အပေါ်ဝတ်များချွတ်ကာ ကြိမ်လုံးဒဏ်ရာ အနည်းငယ်ကို ကျားဘမ်းပရုတ်ဆီ လူးပေးကြကုန်၏။

ဒေါ်တင်မေကြီး အံ့ဩသည်မှာ ဟိုဆရာတစ္ဆေမ်းရှမ်းနှင့် ရိုက်လိုက်သည့် ကြိမ်ဒဏ်တွေက အများကြီး၊ အထူးသဖြင့် ဆံပင်ရှည်ကိုပတ်ပြီး တအားရိုက်ခဲ့သည်မှာ ကြောက်ခမန်းလိလိ။ ယခု တင်တင် လတ်ကျော ပြင်မှ ဒဏ်ရာသည် မဖြစ်လောက်။ ကျေ တင်တင်အိ ဝင်စီးတုန်း အရိုက်ခံရသည့် ရိုက်ချက်များသည်





တင်တင်အိသာလျှင် ခံရရှာခြင်းဖြစ်ပေမည်။ သနားလိုက်ပါဘိ သမီးကြီးတင်တင်အိရယ်ဟု ထပ်ကာထပ်ကာ ညည်းနေမိတော့သည်။

ဤဖြစ်ရပ်ကို တင်တင်လတ်လည်း နားလည်သဘောပေါက်သည်။ သူ့ကိုယ်စား သူ့အစ်မ နာနာဘာဝကသာပို၍ ခံရရှာသည်ကို တွေးမိပြီး စိတ်မကောင်း။

အစ်မတင်တင်အိ ဤအတိုင်းသာ သူ့ကို ဝင်ဝင်စီးပြီး အကာအကွယ် ပေးနေရလျှင် အစိမ်းသရဲဘဝကနေ အဘယ်မှာ ကျွတ်တော့မည်နည်း။ အမှန်မှာ လူ့ဘဝသည် သုံးဆယ့်ကစ်ဘုံတွင် အထက်ဘုံစံခဲ့ရသူ၊ ယခု ပြိတ္တာဘဝသည် အောက်ဘုံ၊ ဒုဂ္ဂတိဘုံ၊ အစ်မဖြစ်သူကို ဒုဂ္ဂတိဘုံမှ ကျွတ်စေချင်လှပြီ။

ဒီတော့ တင်တင်အိ ကောင်းရာသုဂတိလားစေရန် ကျွတ်စေရန် တင်တင်လတ်ကို စိတ်ပူစိုးရိမ်မှုမရှိစေမှ ဖြစ်ရော့မည်။ သူစိတ်ချပြီး ကောင်းရာမွန်ရာရောက်ဖို့ဆို တင်တင်လတ်ဤအတိုင်း ဆက်နေ၍မဖြစ်တော့။ ပထွေးရန်ကလွတ်အောင် စဉ်းစားရလေတော့မည်။

စဉ်းစားသော်...ပထမဒီတဈာရှူးပထွေးကို ဤအကျင့်ယုတ် အကျင့်ဆိုးကြီး ဆက်မလုပ်နိုင်အောင် တစ်စုံတစ်ခု ပြုလုပ်ရန်လိုသည်။ ဥပမာ ဘလက္ကာယပြုမှု စသဖြင့် သက်သေအထောက်

အထား ခိုင်လုံစွာဖြင့် သက်ဆိုင်ရာသို့ တိုင်ကြားအရေးပၢူခြင်းမျိုး လုပ်နိုင်ရန်လိုသည်။ (မျိုးကြီးတို့၏ ကြိုးပမ်းချက်ကို တင်တင်လတ် မသိသေး)၊ ဒုတိယ တင်တင်လတ် ဒီအိမ်တွင် ဆက်မနေတော့ဘဲ တခြားပြောင်းနေရန်လိုသည်။ ဆယ်တန်းမြန်မြန်အောင်ပါက ရန်ကုန်မြို့ကြီးတက်၍ အဆောင်နေပြီး တက္ကသိုလ် ဆက်တက်နိုင်လျှင် ကောင်းမည်။ ယခု ကိုးတန်းမြန်မြန်အောင်ပေမှု။ တတိယ တင်တင်လတ်ကို သဘောကျသောလူများရှိသည်။ ပထွေးနှင့် လုပ်ငန်းဆက်စပ်သော လူရွယ်စီးပွားရေးသမား ကိုဖြိုးမောင်၊ မြို့နယ်ငွေဟိုက်ဝန်ကလေး ဦးချစ်တင်၊ ကျောင်းမှ အတန်းတူ သို့မဟုတ် တစ်တန်းကြီးထဲမှ တင်တင်လတ်ကို ပိုးနေသော ကိုးတန်းကျောင်းသား ခင်မောင်ထွန်းနှင့် ဆယ်တန်းကျောင်းသားကြီး တင်မောင်ဇော်တို့ကို ရည်းစားထား၍ အကူအညီတောင်းလျှင် ပထွေးရန်က လွတ်နိုင်သည်။

စတုတ္ထကတော့ တော်တော်သတ္တိရှိရမည်။ ဒီမဟူရာ ညီအစ်မကို စော်ကားမော်ကား လုပ်ချင်လှသော ပထွေးဦးစိန်တိုးကို ကိစ္စတုံး အပြတ်ရှင်းပစ်နိုင်လျှင် ကောင်းလေစွ။

အထက်ပါ တင်တင်လတ်စဉ်းစားသည့် အချက်များအနက် အလွယ်ဆုံးကား သူ့ကိုသဘောကျနေသူများကို လက်ဆက်ရန်နှင့် ရည်းစားအဖြစ်လက်ခံရန် ဖြစ်သည်။ ဒါက သူ့စိတ်အပေါ်၌





မူတည်သည်။

တင်တင်လတ် သေချာစဉ်းစားရပြီ။ သူ့ဦးနှောက်က အိမ်ထောင်ပြုရန်သင့်သည်ဟု အဖြေထွက်သော်လည်း သူ့ခံစားချက် သူ့နှလုံးသားက သူ လက်ထပ်ရမည့် သူဌေးပေါက်စ ကိုဖြိုးမောင်ကို လက်မခံချင်။ လူက အသက်ဘာမျှမရှိသေးသော်လည်း ဗိုက်ရွဲရွဲ ပါးစပ်ပြဲပြဲနှင့် ဘူတားကြီးပုံပေါ်နေသည်။ ပါးစပ်ကြီး ဖြဲဖြဲပြီး ပြုံးပြရယ်ပြပုံမှာ ပထွေးဦးစိန်တိုးနှင့် တူပုံထောက်တော့ သူလည်း ရာဂလွန်ကဲမည့်သူ အငယ်အနှောင်းထားမည့်သူ ပုံပေါ်သည်။ မကြိုက်၊ သင်းကို လားလားမှ မကြိုက်၊ ကြိုက်လို့ကတော့ ဒီနေ့ ခေါင်းညိတ်လိုက် နက်ဖြန် လူကြီးစုံရာနှင့် လာတောင်းမည့်သူ ဖြစ်သည်။

ဦးချစ်တင် သူသည် အရာရှိပီပီ ဘဝင်ခပ်မြင့်မြင့် လူတွေကို အထက်စီးနှင့် ဆက်ဆံပုံမှာ ဂိုက်ဆိုက်များလွန်းသည်။ တင်တင်လတ်ကို သူ့ဌေးသမီးမို့လို့ ပိုးနေသည်။ ပိုးနေတုန်းမို့ ကောင်းကောင်း ဆက်ဆံနေသည်။ ဒီလူ့ပုံက မရခင် ဖျာလိုလိပ်ထိပ်ပေါ်တင် သော်မင့် ရပြီးပါက ဖျာလိုခင်း ခြေနင့်နင်းမည့်ပုံ။ တော်ပါတော့ တော်ကြာ မျက်ရည်နှင့်ဒူး သုတ်နေရမည့်ဘဝ ရောက်ရော့မည်။

အဲ အလွယ်ဆုံးကား ခင်မောင်ထွန်းနှင့် တင်မောင်ဇော် တစ်ယောက်ယောက်ကို ရည်းစားထားလိုက်ရုံပင်။ ဟိုလူကြီး တင်မောင်

ဇော်ကြည့်ရတာ ထက်ထက်မြက်မြက်ရှိသည်။ အားကိုးရမည့်ပုံ ပေါ်သည်။ သူ့အချစ်ကို လက်ခံလိုက်ပြီး ပထွေး၏ ပရောပရ လုပ်ပုံကို အသိပေးလိုက်ပါက ကိုယ်ရံတော်တပ်မှူးကြီးလုပ်ကာ အသက်ပေး ကာကွယ်မည့်ပုံမျိုး။

အဲ အဲ မြို့နှင့်သီးခြားဆန့်စွာ ခြံကျယ်ကြီးတွင် အုတ်တံတိုင်း မြင့်မြင့်ခတ်ထားသည့် မဟူရာစံအိမ်ကြီး၏ အိမ်တွင်းရေးဖြစ်ရပ် ညဥ့်နက်သန်းခေါင်မှ ဆောင်တော်ကူးရန် အကောက်ကြံသည့် အတွင်းသူခိုး ပထွေး၏ဘေးရန်ကို ချစ်သူဖြစ်လာမည့် တင်မောင် ဇော်က မည်သို့ကာကွယ်နိုင်မည်နည်း။

စမ်းကြည့်သေးတာပေါ့။ ရည်းစားတစ်ထောင် လင်ကောင် တစ်ယောက်ဟု ဆိုရိုးစကားရှိသားပဲ။ မဟန်တော့လည်း ချစ်သူ အဖြစ်က ရပ်စဲလိုက်ပြီဟု ကြေညာရုံပေါ့။ သို့ဖြင့် မကြာမီရက်ပိုင်း အတွင်း တင်မောင်ဇော်၏အချစ်ကို တင်တင်လတ် လက်ခံလိုက် သည်။

"ကိုဇော် လတ်ကို တကယ်ချစ်တယ်နော်"

"အိုး...ချစ်တယ် သိပ်ချစ်တယ် ဘယ်နှစ်ခါချစ်ပြရမလဲ ကဲ"

"ဟိုး... အဲဒီလို မကဲနဲ့၊ အဲဒါ အချစ်ရဲ့သက်သေအစစ် မဟုတ်ဘူး"

"ဒါဆို ဘယ်လိုသက်သေပြရမလဲ"





"ဟင်းဟင်း အဲဒီ နမ်းတာတို့ ပွေ့ပိုက်ယုတာတို့ဟာ အချစ်ရဲ့ သင်္ကေတလေးတွေလောက်သာ ဖြစ်တယ်လေ။ ချစ်ကြောင်း သက်သေပြတယ်ဆိုတာ ကိုယ့်ချစ်သူကို စိတ်ချမ်းသာအောင် လုပ်ရတယ်၊ ပျော်အောင် ဆက်ဆံရတာ အရေးကြီးရင် သွေးနီး ပြီး လိုအပ်တာကို အသက်ပေးကူညီကာကွယ်ရတယ်"

"ဟား... တို့ချစ်သူက သဘောတရားအရမ်းမြင့်တဲ့ တွေး ခေါ်ပညာရှင်မလေးပဲ"

"မနောက်နဲ့ အတည်ပြောတာ"

"ပြော ပြော ဘာကိုအတည်ပြောချင်လို့လဲ၊ လတ်မှာ ဘာ တွေ အရေးကြီးနေလို့လဲ"

"အို... မိန်းကလေးတစ်ယောက်ကို လိုက်လည်းပိုးသေး သူ့ မှာ ဘာတွေအခက်အခဲရှိတယ်ဆိုတာကျတော့ မစုံစမ်းဘူးဆိုရင် တကယ် စိတ်မဝင်စားဘဲနဲ့ အပျော်ပိုးနေတာပဲဖြစ်ရမယ်"

"ဟာဒီလိုမပြောနဲ့ လတ်ရယ်၊ လတ်ကို ဒီကအရမ်းစိတ်ဝင် စားနေတာကြာပြီပဲ။ လတ်တို့ရဲ့ မဟူရာစံအိမ်ကြီးဟာ လူထုနဲ့ ကင်းကွာအောင် ရောမအုတ်တံတိုင်းကြီး ခတ်ထားပေမယ့် မဟူ ရာညီအစ်မတွေကို စိတ်ဝင်စားတဲ့ ကိုဇော်တို့လို လူတွေက ဒီ တံတိုင်းလောက်တော့ အသာကလေးကျော်နိုင်တယ်၊ လတ်တို့ မဟူရာညီအစ်မအကြောင်း သိသင့်သလောက် သိပါတယ်"

"အမယ် ကြည့် ကိုဇော်က မဆိုးဘူး၊ ဒါကြောင့် လတ်က ကိုဇော့်အချစ်ကို လက်ခံတာလေ၊ ပြောစမ်း လတ်တို့ မဟူရာညီအစ်မတွေအကြောင်း ဘယ်လောက်သိလို့လဲ"

"အမေးရှိလို့ အဖြေရှိတယ်လို့ သဘောထား၊ စိတ်မဆိုးရဘူးနော်"

"ပြောမှာသာ ပြောပါ ကိုဇော်ရဲ့"

"အင်း ဦးလေးမျိုးကြီး အခု ဘယ်ရောက်နေလဲ၊ ဘာလုပ်နေလဲ လတ်တို့သိလား"

"ဦးလေးမျိုးကြီးကို လတ်တို့ မဟူရာညီအစ်မတွေက ချစ်နေကြတာပဲ သိတာပေါ့၊ သူက မမအိရဲ့ အချစ်တော် အဲလေ မမအိဟာ သူ့ရဲ့အချစ်တော်ပဲ။ မမအိကြောင့် မျိုးကြီး မဟူရာစံအိမ်က ထွက်သွားရတာ၊ မမအိကြောင့် ဘထွေးဦးစိန်တိုးနဲ့ ပဋိပက္ခဖြစ်ပြီး ထွက်သွားရတာ၊ သူ အခု မြို့စွန်မှာနေတယ်၊ ဖေဖေ့လက်ငုတ် လုပ်ငန်းကို ဘထွေးဦးစိန်တိုးက လက်ဝါးကြီးအုပ် လုပ်နေပေမယ့် ဖေဖေ့လူယုံအချို့က မျိုးကြီးကို ပိုသဘောကျလို့ ဆန်ကုန်ကူး လုပ်ငန်းအချို့ကို မျိုးကြီးနဲ့ ဆက်လုပ်နေကြတယ် သိတာပေါ့ ဒါလောက်တော့"

"အင်း ဒါက အပေါ်ယံကြော၊ ဒီထက်အတွင်းကျကျကို ပြောရရင် ဦးလေးမျိုးကြီးဟာ လတ်တို့မဟူရာစံအိမ်ထဲမှာ ငယ်ငယ်က





တည်းက နေခဲ့သူပီပီ လျှို့ဝှက်လမ်းကြောင်းတွေကိုသိတယ်၊ အဝင်အထွက်ရှိတယ်"

"ဟင် ကိုဇော် ဒါတွေဘယ်လိုလုပ်သိနေသလဲ"

"ဟဲ...ဟဲ ကိုဇော်က လတ်ကိုအရိပ်ကြည့်နေသူ၊ မျိုးကြီးက မဟူရာစံအိမ်ကို အရိပ်ကြည့်နေသူ၊ ဒီတော့ အကြံတူတူချင်း ပေါင်းမိကြတာပေါ့"

"ဟယ် အကြံတူရန်သူလို့ပဲ ကြားဖူးတာပါ ကိုဇော်ရဲ့"

"အဲဒါက တားဂတ်တစ်ခုတည်း နှစ်ယောက်လုတဲ့အကြံတူမှာရယ်၊ အခုကိစ္စမှာက ကိုဇော့်အကြံက လတ်ကိုအရိပ်ကြည့်ခဲ့တာ သူ့အကြံက အဲ သူ့အကြံက..."

"ဘာလဲ ဘထွေးရဲ့ လက်ဝါးကြီးအုပ်မှုကို မကျေနပ်လို့ ကလဲ့စားချေမလို့ ကြံတာလား၊ မျိုးကြီးက ဒီလိုလူစားမဟုတ်ပါဘူး"

"မဟုတ်ပါဘူး ဦးလေးမျိုးကြီးဟာ စိတ်ထားမြင့်မြတ်ပါတယ်။ သူလုပ်တဲ့ရည်ရွယ်ချက်ဟာလည်း ကလဲ့စားချေရေးထက် မတရားမှုဖော်ထုတ်ရေးက အဓိကပါကွယ်"

"ပြော ပြော ကိုဇော်ပြောပါဦး စီးပွားရေး မတရားမှုလား၊ လူမှုရေး မတရားမှုလား"

"စီးပွားရေးက ဦးလေးမျိုးကြီးဘက်မှာ လတ်တို့ဖေဖေရဲ့

လူရင်းတွေ ရှိတန်သလောက်ရှိတယ်၊ ဦးလေးမျိုးကြီးသာ လောဘကြီးသူ သူဌေးဖြစ်လိုသူဆို သူ့စီးပွားရေးတက်နိုင်ပါတယ်၊ အခုဟာက လူမှုရေးမတရားမှု"

"လူမှုရေး ဟုတ်လား၊ မတရားမှု ဟုတ်လား"

"အင်း တော်ရုံတန်ရုံလူတော့ မသိပါဘူး၊ ကိုဇော်တောင် သူနဲ့ပေါင်းပြီး မဟူရာစံအိမ်ကို လာလာချောင်းနေတုန်းက ဒီလောက်မသိပါဘူး၊ လတ်က ကိုဇော့်အချစ်ကိုလက်ခံပြီးတဲ့ နောက်ပိုင်းကျမှ ဦးလေးမျိုးကြီးတို့က ကိုဇော့်ကို ပိုပြီးပွင့်ပွင့်လင်းလင်း ပူးပေါင်းလာကြတာရယ်၊ ရှင်းရှင်းပြောရရင် လတ်ရဲ့ မမအိ ဆုံးသွားတာကို ဦးလေး မျိုးကြီးတို့က သဘောရိုးလို့ မထင်ကြဘူး၊ အဲဒါ တရားခံဦးစိန်တိုးရဲ့ လက်ချက်ဖြစ်နိုင်တယ်ဆိုပြီး သက်သေအထောက်အထားတွေ လိုက်ရှာနေကြတာ"

"အို... မဟူရာစံအိမ်ထဲက ဖြစ်ရပ်တွေကို အပြင်က ကိုဇော်ဒီလောက်သိသလား၊ အပြင်မှာ ဒီလိုပဲလှုပ်ရှားနေကြသလား"

"ဒါက အပြင်မှာရှိတဲ့ မဟူရာညီအစ်မတွေနဲ့ ဆက်စပ်မှုရှိတဲ့ လူအနည်းငယ်ကလေးရဲ့ အလွန်လျှို့ဝှက်တဲ့ လှုပ်ရှားမှုရယ်ပါ"

"ကိုဇော်ကတော့ လတ်နဲ့ပတ်သက်ပြီး လှုပ်ရှားလာတာပေါ့"

"ဟုတ်တယ် အိနဲ့ပတ်သက်ပြီး ဦးလေးမျိုးကြီးက လှုပ်ရှားနေတာ ပြီးတော့၊ ပြီးတော့ တင်တင်လေးနဲ့ ပတ်သက်ပြီး ဖေတင်





မောင်က လှုပ်ရှားရတယ်လေ"

"သြော်... ဒါကြောင့်ကိုး၊ ဖေတင်မောင်က လေးကို မောင်းပြန်စားတွေ ဘာတွေ ပေးရုံတင်မကဘူး ဓားကိုင်နည်း ဓားပေါက်နည်းတွေပါ သင်ပေးတာ ဒါကြောင့်ကိုး"

"ကိုင်း ဖေတင်မောင်က ဘာကြောင့် တင်တင်လေးကို ဓားကိုင်ခိုင်းတာလဲ၊ အဲဒီအချက်ဟာ မဟူရာညီအစ်မတွေကို စိတ်ဝင်စားတဲ့ ကိုဇော်တို့လိုလူတွေအဖို့ စဉ်းစားစရာမကောင်းပေဘူးလား"

"အဲလို စဉ်းစားတော့ ဘာတွေသိသလဲ ကိုဇော်"

"တင်တင်လေးမှာ အိမ်တွင်းရန် အနီးကပ်အန္တရာယ်ရှိတယ်လို့ သိနိုင်တယ်၊ လတ်မှာရော မရှိနိုင်ဘူးလား"

"ကိုဇော် ဘာတွေသိထားသလဲဟင်၊ လတ်က အဲဒါကို ပြောပြချင်နေတာ"

"ဟဲ...ဟဲ လတ်ကို အစ်မဖြစ်သူ တင်တင်အိ ဝင်ပူးနေတယ်ဆိုတာ ဦးလေးမျိုးကြီးတို့သိတယ်၊ အဲဒါ မြန်မြန်လွတ်စေချင်လွန်းလို့ ဦးလေးမျိုးကြီးက လှုပ်ရှားမှုတွေလုပ်ရာက ကိုဇော်နဲ့ပေါင်းမိကြတယ်"

"ဒါဆို အတော်ပဲ လတ်က ကိုဇော် မသိသေးဘူးထင်လို့ ပြောရခက်နေတာ၊ အခုလို သိထားတယ်ဆိုတော့ လတ်မှာ

ကိုဇော့်အကူအညီတွေ အများကြီးလိုတယ် ကိုဇော်”

“ကူညီဖို့အသင့်ပါပဲ လတ်အနေနဲ့ အမှန်ကြုံတွေ့နေရတဲ့ အခက် အခဲကိုသာ ကိုဇော်တို့ကို ပြောပြပါ၊ ဒါမှ ဘာဆက်လုပ်ရမယ်ဆိုတာ စဉ်းစားတိုင်ပင်ပြီးလုပ်လို့ရမှာရယ်”

“ဒီလို ကိုဇော်ရဲ့၊ ပထွေးက ညညမှာ လစ်ရင်လစ်သလို လတ်ကို ခြေတော်တင်ဖို့ ကြိုးစားခဲ့တယ်၊ ဒါပေမယ့် မမအိက လတ်ကိုဝင်စီးပြီး ပထွေးကို ခြောက်လှန့်တော့ ဒီလူကြီးတော်တော် ကြောက်သွ ပြီး လတ်အနားမကပ်ရဲတော့ဘူး၊ ဒီတော့ ဆရာဘိန္နက ဆိုတဲ့ ယောဆရာတစ်ယောက်ကိုပင့်ပြီး မမအိကို နှင်ထုတ်ဖို့ကြိုးစားခဲ့တယ်၊ မမအိက လက်သံပြောင်ပြောင်နဲ့ ပြန်တီးလို့ အဲဒီဆရာ ဆေးရုံပို့လိုက်ရတယ်၊ ဆေးရုံကဆင်းတော့ ယောနယ်ကို ပြန်ပြေးတာပါပဲ”

“ဒါဆို မမအိက တကယ့်ကို လတ်ကိုဝင်ဝင်ပူးတယ်ပေါ့”

“လတ်လည်း ဒီအတိုင်းခံစားရတယ်၊ ဒါပေမယ့် ဒီအတိုင်းဆို မမအိ ဘယ်မှာလာပြီး ကျွတ်တော့မှာလဲဆိုတာလည်း မျိုးကြီးတို့ ပူသလို လတ်တို့လည်း ပူတာပေါ့။ အခုဆို ဘထွေးက ရှမ်းပြည်က နာမည်ကြီးပြီး အလွန်စွမ်းတဲ့ဆရာကို သွားပင့်ဖို့ လူလွှတ်ထားတယ် ကိုဇော်”

“ဟာ ဒီအကြောင်း ဦးလေးမျိုးကြီးတို့ကို အသိပေးထားရ





မယ်”

တင်မောင်ဇော် အမှန်ပင် ဦးလေးမျိုးကြီးတို့ကို ပြေးပြောလေ၏။ ဦးမျိုးကြီးလည်း ကပ္ပိယကိုအောင်စိုးနှင့် ခေါင်းချင်းရိုက် တိုင်ပင်ကြလေသည်။

“အစ်ကိုမျိုးကြီး ကျွန်တော်တို့ဆရာတော် ပြောဖူးတယ်၊ ပခန်းဘက်မှာ အလွန်အစွမ်းထက်တဲ့ အထက်လမ်းဆရာကြီး ဂန္ဓာရိက ဆိုတာ ရှိသတဲ့။ အဲဒီဆရာကြီးကို အမြန်ပြေးပင့်ပြီး ဆရာယှဉ်ပြိုင်စေမှ ဖြစ်မယ်”

“ကောင်းတယ် အဲဒီပခန်းကို ကျုပ်ကိုယ်တိုင်သွားမယ်၊ ဆရာကြီးဆီကို ဆရာတော်က အကူအညီတောင်းလို့ လာတယ်ဆိုတာ ပြောလို့ရမလား”

“မပူနဲ့ ဒီကိစ္စကျွန်တော့်တာဝန်ထား၊ ဆရာတော့်ဆီကစာကို ရအောင်တောင်းပေးမယ်၊ ကျွန်တော်ရော လိုက်ဖို့လိုသလား လိုက်ခဲ့ချင်တယ်”

“နေဦး ကိုအောင်စိုး ဒီမှာမရှိတုန်း ဟိုလူ့ဆရာက ဦးအောင်ရောက်ပြီး လက်ဦးမှုရသွားမှာစိုးရတယ်”

“ဒီအတွက် မပူနဲ့ အစ်ကိုမျိုးကြီး၊ ဟိုနေ့က တင်တင်လတ်ရည်းစား လာတယ်မဟုတ်လား၊ သူ့ကိုလည်း ရှိတဲ့တာဝန်ပေးပါတဲ့၊ အဲဒါ ဒီကို ရှမ်းဆရာ စောရောက်ရင် သူတို့လူငယ်တွေက

ကြည့်ပြီး အချိန်ဆွဲထားဖို့ လုပ်ခိုင်းမယ်လေ"

"ဒါလည်း ကောင်းသားပဲ"

သို့ဖြင့် တင်မောင်ဇော်ကို အင်္ဂပူက အခြေအနေစောင့်ကြည့်ရန် တာဝန်ပေးရာ တင်မောင်ဇော်က ဖေတင်မောင်နှင့်အတူ ဖြစ်တဲ့နည်းနဲ့တားထားမယ်ဟု တာဝန်ယူလေသည်။ တင်မောင်ဇော်သည် ထက်မြတ်သည့်လှုငယ်ပီပီ အကြံတစ်ခုပေးလေသည်။ ၎င်းအကြံကို ဉာဏ်ကောင်းသည့် ဖေတင်မောင်နှင့်လည်း တိုင်ပင်ထားသည်ဆိုကာ ဦးလေးမျိုးကြီးနှင့် ကပ္ပိယအောင်စိုးတို့ကို တိုးတိုးတိတ်တိတ် တင်ပြခဲ့သည်။

စုံထောက်ဝတ္ထုများစွာကို ဖတ်ထားသည့် ကပ္ပိယအောင်စိုးသည် တင်မောင်ဇော်၏ပခုံးကို ဘုန်းခနဲပုတ်၍ပြောသည်။

"ဟာ ငါ့ကိုယ်ငါ တော်တော်ဟုတ်လှပြီ ထင်နေတာ မင်းတို့လူငယ်တွေကတောင် ပိုပြီးအကွက်မြင်ပါလားကွ၊ ကောင်းလိုက်တဲ့အကြံ၊ အဲဒီအတိုင်း ဆက်လုပ်ထားနိုင်မလား"

"လုပ်ထားနိုင်ပါတယ်၊ ဦးလေးမျိုးကြီးနဲ့ ဦးအောင်စိုးတို့သာ ပခန်းကဆရာကြီးကို အပါရအောင် ခေါ်ခဲ့ဗျာ"

"စိတ်ချ၊ တို့ ဆရာဂန္ဓိုရိက ဆိုတာ နတ်ဆရာလည်းဖြစ်တယ်၊ တို့ လာမယ်ဆိုတာတောင် ဆရာတော်ရဲ့ စာရေးပြီးတာနဲ့ သိပြီး ဖြစ်နေလောက်မယ် ကိုယ့်လူတို့"





ထို့နောက် မျိုးကြီးနှင့် ကပ္ပိယအောင်စိုးတို့ ပခန်းဆီသို့ သုတ်ခြေတင်ကြလေ၏။ နောက် လေးရက်ကြာသော် ပခန်းမှ ဆရာကြီး ဂန္ဓိုရိကကိုပင့်ပြီး မျိုးကြီးတို့ ရောက်လာကြသည်။ ဆရာကြီး ဂန္ဓိုရိကကို ကပ္ပိယအောင်စိုးက တင်တင်အိ မကျွတ်လွတ်သည့်ကိစ္စကို ပြောပြီး ပင့်ခဲ့ခြင်းဖြစ်ရာ ရောက်သည်နှင့် ဆရာကြီးသည် ဘုန်းတော်ကြီး ကျောင်းဝင်းပြင်ပတွင်ရှိသော ညောင်ပင်ရိပ်က ဇရပ်ကြီးတွင် ည,ည ၌ နေထိုင်ပြီး အစီအမံများ ပြုလုပ်လေသည်။

တစ်ဖက်တွင်တော့ ဦးစိန်တိုး လူလွှတ်၍ ပင့်လာသည့် ရှမ်းပြည်က ဆရာကြီးဏ္ဍကလည်း မဟူရာစံအိမ်ကြီး၏ အိမ်ဦးခန်းတွင် အခန့်သားနေရာယူ၍ ထိုအိမ်၏ ဘုရားခန်းတွင် အစီအမံများ လုပ်ပေ၏။

ရှမ်းဆရာသည် ဘုရားခန်းတွင် အုန်းပွဲ ငှက်ပျောပွဲ (၁၂)ပွဲတွင် ဖယောင်း (၁၂)တိုင် ထွန်းညှိပြီး နတ်ကြီး(၁၂)ပါးကို ပင့်ပတ်သည့်ဂါထာများကို ရွတ်ဖတ်လေတော့သည်။

ထို့နောက် ရှမ်းဆရာသည် ရေမန်းပေါက်ပေါက်များ ကြဲဖြန့်လိုက်ပြီး ဖနောင့်ပေါက်၍ ခေါ်လိုက်သည်။

ထိုအခါ သူ့အိပ်ခန်းတွင်သူ နားနေသော တင်တင်လတ်သည် ရုတ်တရက် ကြောင်တောင်တောင်ဖြစ်သွားသည်။ နေရာမှ

ထရပ်သည်။ လက်နှစ်ဖက်ဘေးတွဲလောင်းချလျက် ခြေလှမ်းလေးလေးနှင့် တစ်လှမ်းချင်းလှမ်း၍ သူ့အခန်းမှ ထွက်လာသည်။ မျက်တောင်မခတ်ဘဲ မျက်လုံးပြူးကြောင်ကြောင်နှင့် ရှေ့တည့်တည့်ကြည့်ကာ ဘုရားခန်းဆီသို့ လာလေ၏။

"လာ...လာ...လာစမ်း ဒီအထိ"

ရှမ်းဆရာက သူ့ရှေ့ဆန်မန်းပေါက်ပေါက်များဝိုင်း၍ ကြဲချထားသည့် စက်ဝိုင်းအလယ်ကို လက်ညှိုးထိုးပြပြီး ဝင်ရပ်ခိုင်းရာ တင်တင်လတ် ဝင်၍ရပ်လေသည်။

"ဒီမှာထိုင် ငါဘယ်သူလဲ သိလား"

တင်တင်လတ်က မထိုင်၊ ဘာမျှပြန်မပြော။

"မသိဘူးပေါ့ ဟုတ်စ၊ သိစေရမယ်လေ သိရစေမယ်"

ရှမ်းဆရာက ပြောပြောဆိုဆို သူ့လက်မှ ရေမန်းခွက်ထဲက ရေအနည်းငယ်ကို သူ့ညာလက်တွင်ထည့်၍ တင်တင်လတ်၏ ငေးကြောင်စီမျက်နှာကို တောက်ကာ ပက်လိုက်သည်။

တင်တင်လတ် ဖျတ်ခနဲ တွန့်သွား၏။

"ကြည့်စမ်း ငါ ဘယ်သူလဲ"

တင်တင်လတ် ခေါင်းကိုစောင်း၍ မျက်စောင်းထိုးကြည့်သည်။ လျှာကိုတစ်လစ်တစ်လစ်ထုတ်၍ ပါးစပ်မဲ့ရွဲ့ကာ ကြည့်သည်။





"သြော် ဟင်း ဟင်း ဟင်း ရှမ်းပြည်ကလာတဲ့ဆရာပါလား ဟီဟီ"

"သယ် မထီလေးစားမလုပ်နဲ့ ကိုင်း"

ရှမ်းဆရာက တင်တင်လတ်ငယ်ထိပ်ကို ဖမ်းအုပ်လိုက်သည်။

"အို...အို ဆရာကြီးကလည်း ဒေါသချည်းပဲ အရမ်းမလုပ်နဲ့ နာတယ်တော့်"

"နာရင် ဒူးတုပ်ထိုင်စမ်း"

ရှမ်းဆရာဖိချသည့်အတိုင်း တင်တင်အိ ထိုင်သွားသည်။ ဒူးထောက်လျက်သားဖြစ်သွားသည်။

"နင် အခုလို မကျွတ်မလွတ်ဖြစ်နေတာ ဘယ်လောက် ဒုက္ခရောက်သလဲ သိတယ် မဟုတ်လား၊ နင့်ကို ကောင်းရာသုဂတိလားအောင် ချွတ်ပေးမယ် သွားမလား အခု"

"အို သွားလို့မဖြစ်ဘူးလေ"

"လျှာမရှည်နဲ့ သွားဆိုသွား၊ မသွားရင် နင့်ကို ရိုက်ထုတ်ရလိမ့်မယ်"

"မသွားဘူး မသွားဘူး"

တင်တင်လတ်က ကုန်း၍အော်သည်။ သူ့အသံမဟုတ်။ တင်တင်အိအသံဖြစ်နေသည်။ လောလောဆယ် အခန်းပတ်ပတ်လည်ရှိလူများပင် လန့်ကုန်၏။

ဘုရားအခန်းက အကျယ်ကြီး။ ရှမ်းဆရာနှင့် တင်တင်လတ် ဘေးခပ်ဝေးဝေးတွင် လူ(၇)ယောက် လခြမ်းပုံထိုင်၍ ကြည့်နေကြ သည်။ သူတို့နှစ်ဦးနှင့် ဘေးတိုက်အနေအထား။

ဆရာနှင့် အနီးဆုံးဘက်တွင် ဦးစိန်တိုး ထိုင်နေ၏။ သူ၏ ဝဲဘက်တွင် အစဉ်အတိုင်း ဒေါ်တင်မေကြီး သမီးထွေး တင်တင် လေး၊ ရှမ်းဆရာနှင့်ပါလာသည့် ဆရာ့တပည့်၊ ရှမ်းဆရာကို သွား ပင့်သည့် ဦးစိန်တိုးတပည့် ဦးကျောက်ခိုး၊ ထိုတပည့်၏ အဖော် (၂)ဦးတို့ အစဉ်လိုက် ပိုက်ပိုက်ကလေး ထိုင်ကြည့်နေကြခြင်း ဖြစ် သည်။

ရှမ်းဆရာ ဣန္ဒက စိတ်ဆိုးသွားသည်။

"သယ် ကောင်းကောင်းပြောလို့မရမှတော့ မယ်နန္ဒီ၊ ဟော် ကောင်မလေးကို ဝင်စီးနေတဲ့ ဘာမဟုတ်တဲ့ တင်တင်အိကို မောင်းထုတ်လိုက်။ သူ့နေရာ နင် ဝင်ယူလိုက်ဟဲ့"

တင်တင်လတ် ခန္ဓာကိုယ်လေး ယိမ်းထိုးနေသည်။ တဆတ် ဆတ်တုန်နေသည်။ အံကိုတင်းတင်းကြိတ်သည်။ နှုတ်ခမ်းကို တအားကိုက်သည်။

"အွန်း..ဟွန်း..ဟွန်း အင်း..အင်း..ဟင်း..အိ အင့် အင့် အိး"

အံကြိတ်၍ ညည်းသည်။ ကိုက်ထားသော နှုတ်ခမ်းမှ သွေး များ တတောက်တောက် ယိုစီးကျလာသည်။





"အို...အို သမီးပါးစပ်က သွေးတွေထွက်လာပြီ ဆရာကြီး လုပ်ပါဦး"

ဒေါ်တင်မေကြီးက စိုးရိမ်တကြီး ဆရာ့ကိုပြောသည်။

"မပူနဲ့ အဲဒါအစိမ်းရဲ့သွေးတွေ လူ့သွေးမဟုတ်ဘူး၊ ဖြ ခြောက်နေတာ၊ ပြီးရင် အဲဒီ မရှိတဲ့သွေးဆိုတာ ပျောက်သွားမှာ၊ ကိုင်း ပြော ဟိုကောင်မ မယ်နန္ဒီ ဒီအစုတ်ပနုတ်လောက်ကို မနိုင် ဘူးလား၊ မောင်းထုတ်ပစ်ပါတော့လား၊ ဝင်စီးပါတော့လား"

ထိုအခါ တင်တင်လတ် ဒူးထောက်ထိုင်နေရာမှ ခုန်ထလေ ၏။ နေရာတွင် စွေ့စွေ့ခုန်လေ၏။

"အား...အား..အား"

အသံနက်ကြီးနှင့်အော်ပြီး ဘုံးခနဲ ပစ်လဲလေတော့သည်။ လဲနေသည့် တင်တင်လတ် ဆတ်ဆတ်တုန်နေသည်။ ဖေယ်လူး လူးနေသည်။ မကြာမီ ငြိမ်သွားလေ၏။

ထိုအချိန် ဤသို့သော အချိန်မှာပင် မြို့ဦးဘုန်းတော်ကြီး ကျောင်းအနီးရှိ ညောင်ပင်ကြီးအောက်က ဇရပ်ထဲတွင် ဖြစ်သည်။

ပခန်းဆရာကြီး ဂန္ဓိရိကသည် မန္တရားပေါင်းများစွာကို ရွတ် ဆိုပြီးဖြစ်၍ တစ်ဖက်က မဟူရာစံအိမ်ကြီးအတွင်းက ညောင်ပင် ဆီသို့ မောင်းထုတ်လိုက်၍ လွင့်ထွက်လာသော တင်တင်အိကို သိဒ္ဓိတင်ပေးလိုက်သည်။

ထို့နောက် တင်တင်အိမ်နေရာတွင် ဝင်ရောက်၍ တင်တင်လတ်ကိုစီးနင်းလိုက်သည့် မယ်နန္ဒီကို သေးနုတ်တန်ခိုးသိမ်စေလိုက်သည်။

ထိုအခါ တင်တင်လတ် လဲလျောင်းငြိမ်သက်ရာမှ တောင့်တောင့်ကြီး ထထိုင်စဉ် ခြေကားယား လက်ကားယား ပေါင်ကားယားနှင့် ရိုင်းရိုင်းစိုင်းစိုင်း ဖင်ချ ပေါင်ကား ဒူးထောင်ထိုင်ခြင်းသည် မယ်နန္ဒီ ကြမ်းကြမ်းတမ်းတမ်း ဝင်ပူးခြင်း၏ လက္ခဏာဖြစ်သည်။

သို့သော် ဤပုံစံ မိုက်ကန်းဘန်းအမူအရာနှင့် တင်တင်လတ်သည် ခဏအတွင်း ကုတ်သွားသည်။ မျက်လုံးပြူးပြူး မျက်ထောင့်နီနီကြီးနှင့် လူတကာကို စားတော့မလားပုံပေါက်ခဲ့သည့် တင်တင်လတ် မျက်နှာပေးသည် ပုံပြောင်းသွားသည်။

မျက်လွှာကလေးချ၊ ခေါင်းကလေးငုံ့ပြီး ပုဆစ်တုတ်ပုံစံပြောင်းထိုင်သည်။ ရှမ်းဆရာဣန္ဒကသည် သူ့ကိုကြောက်၍ အရို အသေပေးသည်ဆိုကာ ပြုံးပြုံးကြီး ကျေနပ်နေ၏။ ထိုစဉ် တင်တင်လတ် တဆတ်ဆတ်တုန်လာသည်။ ရှေ့နောက်ဝဲယာ ယိမ်းထိုးလာသည်။

"အား"

ဟုအော်ကာ လဲကျ လူးလိမ့်ပြန်သည်။ ခဏကလေးမျှဖြစ်သည်။ ဆတ်ခနဲ အသာပြန်ထိုင်သည်။ ပုံမှန်အနေအထား။ သို့





သော် တင်တင်လတ်၏ အမူအရာတော့ မဟုတ်။ တင်တင်အိပုံစံ။ ဟုတ်၏။ ယခု ပခန်းဆရာကြီးအမိန့်ဖြင့် သိဒ္ဓိတွေတက်လာသည့် တင်တင်အိ သူ့ညီမထံ ပြန်လည်ဝင်ရောက်ပူးဝင်လေပြီတည်း။ မယ်နန္ဒီ ပြေးလေပြီ။

## အခန်း (၃)

### *အိပ်ဖန်စောင့်သူနှင့် ဆောင်တော်ကူးသူ*

ပွဲကြီးပွဲကောင်းတော့ စချေပြီ။

မဟူရာစံအိမ်ကြီးထဲတွင် တင်တင်လတ်နှင့် တင်တင်အိ ဟု သော မဟူရာညီအစ်မကို အကြောင်းပြု၍ ရှမ်းပြည်မှလာသော ဆရာဣန္ဒကနှင့် ပခန်းမှလာသော ဆရာဂန္ဓိရိကတို့၏ ပညာပြိုင်ပွဲ ကား စ လေပြီ။

ထိုပညာပြိုင်ပွဲ၏ စစ်သလင်းမှာ အခြားတွင်မဟုတ် တ တင်လတ် တည်းဟူသော ချောမောလှပငယ်ရွယ်နုပျိုသည့် မိန်း ကလေးတစ်ဦး၏ခန္ဓာကိုယ် ဖြစ်နေသည်။

နာနာဘာဝ၊ ဝိနာဘာဝ၊ ပြိတ္တာတည်းဟူသော ပရလော မှ ပေတာဝတ္ထုများကို သိမ်းသွင်း၍ စစ်ခင်းအားပြိုင်ကြခြင်းဖြစ်





သာမန်လူသားများအဖို့ ခေါင်းနားပန်းကြီးခြင်း၊ ကြက်သီးမွေးညှင်း ထခြင်း ကျောထဲကစိမ့်ခြင်း၊ လှိုက်ခနဲ ဖျတ်ခနဲ ထိတ်ခနဲ ရုတ် တရက် လန့်ကြောက်ရွံ့ထိတ်ခြင်းများကို အနီးရှိသူများသာ ခံစား ရသည်။ အခြားသူများ ဘာမျှမသိရ။

ယခု တင်တင်လတ်ကို ကြည့်နေသူများ တုန်လှုပ်ချောက် ချားနေကြရသည်တော့အမှန်။ ဆရာဣန္ဒက ဂါထာတွေရွတ် သည်။ ရေမန်းတွေ ပက်သည်။ ချည်ကွင်းတွေပစ်သည်။ သူ့မှာ လက်ရော ပါးစပ်ပါ အလုပ်ရှုပ်နေပြီး မျက်နှာကြီးက နီလိုက်၊ ဖြူလိုက်၊ ပြာလိုက်နှင့် အရောင်ပြောင်းနေသည်။ ယခုတော့ ဇော ချွေးများနှင့်နေအောင် ထွက်လာသည်။ တင်ပျဉ်ခွေထိုင်နေရာမှ မုဆိုးဒူးထောက် ပြောင်းထိုင်သည်။

ဆရာဣန္ဒက ပညာကုန်သုံး၍ တအားတိုက်နေရကြောင်း မြင်ရုံနှင့် သိနိုင်သည်။ မြို့ဦးဘုန်းတော်ကြီးကျောင်းအနီးက ညောင်ပင်ကြီးအောက်ရှိ ဇရပ်ကြီးထဲကိုကြည့်ပါ။ ဖယောင်းတိုင်မီး ဆီမီးခေါင်းစုံ ထွန်းညှိထားသည့်အလယ်၌ တင်ပျဉ်ခွေထိုင်နေ သည့် ပခန်းဆရာကြီး ဂန္ဓိရိကသည် မျက်လွှာအသာချ၍ အသံ အောင်အောင်နှင့် ဂါထာ၊ မန္တန်၊ မန္တရားများကို ရွတ်ဖတ်နေသည်။ တည်တည်ငြိမ်ငြိမ် ရှိနေသည်။

ဦးမျိုးကြီး၊ ကပ္ပိယအောင်စိုး၊ တင်မောင်ဇော်၊ ဖေတင်မောင်

စသော ပရိသတ်အနည်းငယ်တို့သည် ဆရာကြီး၏ အမူအရာကို အကဲခတ်ခြင်းဖြင့် တစ်စုံတစ်ဦးနှင့်ပညာပြိုင်နေကြောင်းသိသည်။ ပုံပန်းသဏ္ဍာန်အားဖြင့် တည်ငြိမ်နေသည့် ဆရာကြီးဂန္ဓိရိက သည် အထက်စီးရနေကြောင်း သုံးသပ်၍ရနိုင်သည်။

ထိုစဉ်ခိုက်မှာပင် ဆရာကြီးက တစ်ချက်မျှ ခနဲ့ခနဲ့ထယ်ထယ် ပြုံး၍ပြောလိုက်သည်။

"ကိုင်း ဆရာတို့ အောင်နိုင်ပါပြီ၊ အေးအေးလေးနဲ့ ကြို့တင် စီစဉ်တဲ့အတိုင်း ဖြစ်လာပါလိမ့်မယ်"

ဆရာကြီးသည် ဤသို့ပြောပြီး ယူဇနာတစ်ဆယ်ပတ်လည် အတွင်း ရှိရှိသမျှ ပေတဝတ္ထုတွေအားလုံးကို ထိန်းချုပ်ထားပြီး မေတ္တာနှင့် တိတ်ဆိတ်ငြိမ်သက်စေလျက်ရှိကြောင်းပြောသည်။

ထို့နောက် "တင်တင်အိ ဖြစ်ကြောင်းကုန်စင် ပြောပေတော့ ပြောလို့ရပြီ ပြောပေတော့"

ဟုဆိုကာ ဆိမန်းမန်းထားသည့် ဘူးခြောက်ကို လှုပ်၍ လှုပ် ၍ ဘူးဆို့ကလေးကိုဖွင့်ကာ သူ့ရှေ့ကို ထောင်၍ချလိုက်သည်။ ဆရာကြီးနှင့် မျက်နှာချင်းဆိုင်တွင် လခြမ်းပုံဝိုင်း၍ ထိုင်နေသည့် မျိုးကြီးနှင့် လူငယ်တို့လည်း ထိုဘူးခြောက်ကို စိုက်ကြည့်ကာ နားစွင့်နေကြသည်။

ထိုအချိန်မှာပင် မဟူရာစံအိမ်ဘုရားခန်းရှိ တင်တင်လတ်





သည် အသံမှန်မှန်နှင့် စတင် ပြောဆိုနေလေပြီ။

"အဟမ်း...ဟမ်း ကျွန်မ တင်တင်အိ ဖြစ်ပါတယ်။ ခုလို ကျွတ်မလွတ်ဘဲ ညီမလတ်ကိုယ်မှာ ပူးဝင်နေရတာဟာ ကျွန်မ ရဲ့ စိုးရိမ်ပူပင်မှုကြောင့် ဖြစ်ပါတယ်။ အဲဒါကတော့ ဟောဒီပဋ္ဌေး ရဲ့ ဖောက်ပြန်လွန်းတဲ့ ရာဂစိတ်နဲ့ မကောင်းတဲ့အမူအကျင့်ကြောင့် ဖြစ်ပါတယ်"

တင်တင်လတ်က ဦးစိန်တိုးကို လက်ညှိုးငေါက်ငေါက်ထိုး၍ ပြောခြင်းဖြစ်သည်။ ဦးစိန်တိုး မျက်လုံးပြူးသွား၏။ ချက်ချင်း လက်ဝါးကာ၍ ပြန်ပြောသည်။

"မဟုတ်ဘူး မဟုတ်ဘူး၊ ဟိုဆရာကြီးလုပ်ပါဦး ဒီနာနာဘာဝ ပေါက်တက်ကရ လျှောက်ပြောနေတာကို တားပေးပါဦး"

ရှမ်းဆရာ မျက်နှာကြီးနီရဲသွားသည်။ ရှက်လည်းရှက် ဒေါသ လည်း ထွက်သည်။

"ဟဲ့ ကောင်မ အတင့်ရဲလှချည်လား၊ နင့်ကို ဘယ်သူက ခွင့်ပြုလို့ ဝင်ပူးပြီး လာပြောနေတာလဲ ခုချက်ချင်း ထွက်သွား"

ရှမ်းဆရာဏ္ဍက သူ့ရှေ့မှ ရေမန်းခွက်နှင့် တင်တင်လတ် မျက်နှာကို ပက်ချလိုက်သည်။

"ဖြန်း"

တင်တင်လတ် ခါခနဲဖြစ်သွားသည်။ ခဏမျှ ငြိမ်သွားသည်။

ထိုစဉ် ညောင်ပင်အောက်ရှိဇရပ်ထဲမှ ဆရာကြီး ဂန္ဓိုရိကတို့ဘက်မှာ အဖြစ်အပျက်ကိုကြည့်သော် စောစောက ဘူးခြောက်ကလေး ရုတ်တရက် ငြိမ်သွားသည်။

ပခန်းဆရာကြီး ဂန္ဓိုရိကလည်း ဘူးခြောက်ကလေးပေါ်သို့ ဆီမန်းများ အနည်းငယ်လောင်းချပေးသည်။ ထိုဆီများက ကြမ်းပြင်ပေါ် ကျပြီး အနီးဆုံးတွင်ထိုင်နေသည့် မျိုးကြီးထံ စီးသွားသည်။ မျိုးကြီး ရုတ်တရက် ထရပ်လေ၏။

တစ်ချိန်တည်းမှာပင် မဟူရာစံအိမ်ရှိ တင်တင်လတ် နေရာမှ ဖျတ်ခနဲထရပ်လေသည်။ ဤမှာဘက် ဇရပ်ထဲတွင် မတ်တပ်ထရပ်သည့် မျိုးကြီးကို ပခန်းဆရာကြီးက ရှေ့တိုးရန် ခေါ်လိုက်ရာ စောစောက ဘူးခြောက်ကလေးကို ဆရာက ကောက်ယူဖယ်ပေးလိုက်သည့်နေရာသို့ လာရပ်လေ၏။

"အေး တင်တင်အိ ဘာမှမကြောက်နဲ့ ဆရာရှိတယ်၊ မင်းကို ဘယ်သူကမှ ဘာမှလုပ်လို့မရပါဘူး အဲဒီမှာထိုင်လိုက်"

ထိုအခါ မျိုးကြီးသည် ဒူးတုပ်ထိုင်ချသည်။ တစ်ပြိုင်တည်းမှာပင် မဟူရာစံအိမ်ကြီးရှိ တင်တင်လတ်လည်း ရှေ့နားတိုးကာ ရှမ်းဆရာရှေ့တွင် ဒူးတုပ်၍ ထိုင်ချသည်။

ရှမ်းဆရာလည်း ပထမတော့ ဦးနှောက်ခြောက်သွားပုံရ





သည်။ ဘာဖြစ်သွားမှန်းမသိ။ သူ့အတတ်ပညာနှင့် ကြည့်သော်လည်း ပိန်းနေသော အဖြူငွေ့များဖုံးလွှမ်းနေသည့် ပရလောကကို မြင်ရသည်မှအပ ဘာမျှမထူးခြား။ ထို့ကြောင့် သူ့ရှေ့တိုးကာ ဒူးတုပ်ထိုင်လာသည့် တင်တင်လတ်ကိုကြည့်၍ သဘောကျလာသည်။ ဒူးတုပ်ပြီး တလေးတစားထိုင်နေမှတော့ သူ ပက်လိုက်သည့်ရေမန်း အစွမ်းပြလို့ဖြစ်ရခြေမည်ဟုထင်ကာ သူ့ကိုယ်သူ ယုံကြည်ချက်အပြည့်ဝင်သွားသည်။

"အေး...အေး အဲဒီမှာ ကောင်းကောင်းထိုင်၊ နင့်ကြည့်ရတာ တစ်ခုခုပြောချင်သလိုပဲ၊ ပြောစရာရှိရင်ပြောပြီး ထွက်သွားရမယ်ဟုတ်လား"

တင်တင်လတ် ခေါင်းညိတ်လေ၏။

"ဒါဆို ပြန်မလာရတော့ဘူးနော်"

တင်တင်လတ် ခေါင်းညိတ်ပြန်သည်။

"ကိုင်း ပြောစရာရှိတာ ပြောပေတော့"

ဤစကားကို ရှမ်းဆရာပါးစပ်က ထွက်လာခြင်းဖြစ်သည်။ တင်တင်လတ်ကို ရှမ်းဆရာဣန္ဒကပြောလိုက်ခြင်းဖြစ်သည်။

အကယ်၍ ညောင်ပင်အောက်က ဇရပ်ကြီးထဲကို ကြည့်လိုက်ပါက ရှေ့တိုး၍ ဒူးတုပ်ထိုင်လာသည့် မျိုးကြီးကို ဒိပံ့ယောင်းတိုင်ကိုင်၍ ရှေ့တိုးပြကာ ပခန်းဆရာကြီး ဂန္ဓိုရိကမှ

နေ၍ ပြောလိုက်သောစကားဖြစ်သည်။

"လိုရင်းပဲ ပြောပါရစေ၊ ကျွန်မ တင်တင်အိတုန်းက ပထွေးဟာ သွေးဆောင်မှုကောင်းသလို ကျွန်မရှေ့မှာလည်း ဘယ်သူမှ ဒုက္ခမရောက်ဘူးသေးတော့ သူ ဖြားယောင်းတဲ့ တဏှာနွံမှာ ကျွံမိပါတယ်၊ အလိုတူအလိုပါသဘောမို့ ကျွန်မကိစ္စမှာ ပထွေးအနေနဲ့ ဥပဒေကြောင်းအရ အပြစ်မရှိဘူးဆိုရမှာပေ့ါ။ ကျွန်မကိုယ်၌က အရွယ်ရောက် ၁၈ နှစ်ကျော်တဲ့ မိန်းမလူကြီးတစ်ယောက်ဖြစ်နေမှကိုး"

ဦးစိန်တိုး ရင်တထိတ်ထိတ်နှင့် နားစွင့်နေရာ ယခု တင်တင်အိ ပြောကြားချက်အရဆိုပါက လူပုံအလယ်တွင် သူတွင် အပြစ်မရှိကြောင်း ပေါ်လွင်နေသောကြောင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ဆက်ပြောသည်ကို ကျေနပ်စွာ လက်ခံနေမိသည်။

"ဒါပေမယ့် ပထွေးဦးစိန်တိုးမှာ ဥပဒေရှုထောင့်အရ အပြစ်ရှိတဲ့ အချက်ကတော့ ကျွန်မ တင်တင်အိ သေဆုံးမှုမှာ သူဟာ စေခိုင်းသူ အဓိက တရားခံပါပဲ"

"ဟိတ်...ဟိတ် တင်တင်အိ နင့်ဘာသာနင် စိန်နဲ့သံပုရာဖျော်သောက်ပြီး ကိုယ့်ကိုယ်ကိုသတ်သေတဲ့ကိစ္စ အိမ်သားတွေအားလုံး အသိ မဟုတ်ဘူးလား၊ မမ ပြောပါဦး"

ဦးစိန်တိုးက တင်တင်အိမိခင် သူ့ဇနီးကို လှမ်းပြောသည်။ ဒေါ်တင်မေကြီး ဘာမျှပြန်မပြောခင် တင်တင်အိအသံက စူးစူး





း၀ါး ထွက်လာ၏။

"မေမေ့ကို သက်သေထူမနေနဲ့၊ အဖြစ်မှန်ကို မေမေမှမသိတာ၊ အဖြစ်မှန်က ကျွန်မတင်တင်အိကို ကလေးဖျက်ချဖို့ ဗွတ်တိုက်တွန်းတဲ့ အဖြစ်မှန်လောက်သာ မေမေတို့သိကြတာ၊ အမှန်က ကျွန်မ အလွန်စိတ်ညစ်ပြီး သေချင်တယ်လို့ တဖွဖွအော်နေတာကိုသိတဲ့ ပထွေးက သူ့လူယုံ ဦးကျောက်ဒိုးကို လွှတ်ပြီး ပရဆေးဆိုင်က စိန် ဆိုတာကို သွားဝယ်ခိုင်းတာ။ ဝယ်လာပြီး ကျွန်မကိုပြောသေးတယ်၊ နင့်ဇာတ်က ကြာလေရှုပ်လေ၊ နင့်အမေက သေချင်တယ်လို့ တဖွဖွအော်နေတယ်၊ အမှန်သေသင့်တာကင်ပဲ။ ဟောဒီမှာကြည့် ဒါက စိန်လို့ခေါ်တယ်၊ နင်တို့ခေတ်ပညာသင်ထားတဲ့ လူငယ်တွေ သိမှာပါ။ အာဆင်းနစ်ဆိုတဲ့ အဆိပ်ပေ့ါ။ းဖိုဆောင်မှာရို့ ျခဲ့ သံပုရာရည်နဲ့ ဖျော်သောက်ရင် ပွဲချင်းပြီးကိစ္စချောပါ‌ေ‌ယရော။ နင်လည်း သေချင်လှချည်ရဲ့လို့ အော်နေယ့်အစား သတ္တိရှိရင်လုပ်ရအောင် ကိုကျောက်ဒိုးကို ဝယ်ခိုင်းခဲ့တယ် ဟွန်း တဲ့။

ပထွေးက ဒီလိုပြောလာမှတော့ အမှန်ပင်သေချင်နေတဲ့ တင်တင်အိ ဆိုတဲ့ ကျွန်မကလည်း သိပ်မစဉ်းစားတော့၊ စိတ်နာနာ ဒေါသထွက်ထွက်နဲ့ စိန်နဲ့သံပုရာရည် ဖျော်သောက်ပစ်ခဲ့တယ်။ ဒီတော့ ဟောဒီပထွေးဟာ စေခိုင်းသူတရားခံအစစ် အနည်းဆုံး

ကျွန်မသေတဲ့ကိစ္စမှာ အပေါင်းပါအစစ်”

“ဟော့...ဟော့ ဘာသက်သေမှ မရှိဘဲ စွတ်မပြောနဲ့ ဉပဒေဆိုတာ နင့်လို အစိမ်းသရဲမက ပြောလို့ ဆုံးဖြတ်ချက်ပေးနိုင်မှာ မဟုတ်ဘူး”

“အေးပါ သက်သေအဖြစ် ဦးကျောက်ဒိုးကိုစစ်ရင် ပေါ်မှာပေါ့”

ဦးစိန်တိုး လူယုံတပည့် ဦးကျောက်ဒိုး လန့်သွားသည်။ ဦးစိန်တိုးကို မလုံမလဲလှမ်းကြည့်တော့ မျက်ခုံးရှုံ့၍ မျက်လုံးပြူးပြီး သူ့ကိုကြည့်နေကြောင်း တွေ့ရသည်။ ဦးစိန်တိုး ဤပုံစံမျိုးကြည့်တာကိုခံရသူ အခြေအနေမလှကြောင်း တပည့်ကျော် ကျောက်ဒိုး ကောင်းကောင်းသိပြီးသား”

“ဟာ ...ကျုပ်ကို ဆရာ ဒါမျိုးမခိုင်းဖူးပါဘူး၊ ကျုပ် ဘယ်က စိန်ကိုမှ ဝယ်မပေးခဲ့ဖူးပါဘူး”

ဦးကျောက်ဒိုး သွေးရူးသွေးတန်း ငြင်းလေသည်။ သူ့ကိုကပ်၍လိုက်လာသော သူ့မိတ်ဆွေ တင်မောင်ဆင့်က ဘေးမှာကပ်လျက်ထိုင်နေရာမှ ဦးကျောက်ဒိုးကို စောင်းငဲ့ကြည့်သည်၊ တင်မောင်ဆင့် ဝဲဘက်ဘေး ကပ်ထိုင်နေသူ အောင်မင်းလူကမူ စာအုပ်ငယ်တစ်ခုတွင် ကွေ့ကွေ့ကောက်ကောက်များ ဟိုခြစ်ဒီခြစ်နေပြီး ဘေးဘယ်ညာကို သိပ်ဂရုမစိုက်။





“ဒီနေရာမှာ ငြင်းနိုင်ပေမယ့် တရားသူကြီးရှေ့မှာ ရှင် မငြင်းနိုင်ပါဘူး ဦးကျောက်ဒိုး”

တင်တင်လတ်က တင်တင်အိအသံနှင့် အပိုင်ပြောသည်။ ဆက်လက်၍လည်း...

“အေးလေ ပထွေးက တင်တင်အိ သေဆုံးမှုမှာ ကြံရာပါဖြစ်ခဲ့သလို တင်တင်လတ်ကို ကိုယ်ထိလက်ရောက် ဘလက္ကာယပြုမှုမှာလည်း အပြစ်ရှိတာပဲ။ တင်တင်အိတုန်းက ဒီလိုကိစ္စမှာ အတူတူမို့ အပြစ်မရှိပေမယ့် တင်တင်လတ်ကိစ္စမှာတော့ မလိုမတူဘဲ ကာလုန္ဒြေပျက်အောင် စော်ကားမှုနဲ့ တရားစွဲရင် ခံရမယ်သာမှတ်”

ထိုအခါကျမှ ဆရာကြွက်က လန့်နိုးလာသလို ခေါင်းထောင်လာတော့သည်၊

“ကိုင်း...ကိုင်း ဒီမကျွတ်မလွတ်နိုင်တဲ့ နာနာဘာဝ အခု ပြောလိုရာပြောပြီးပြီ နင်လိုရာသွားနိုင်ဖို့ ငါဆရာ မေတ္တာပို့ပေးမယ်”

ဟု ရှမ်းဆရာ ပြောဆိုသော် ဦးစိန်တိုး ကျေနပ်စွာ ငြိမ်၍နားစိုက်နေသည်။ ကျန်လူအားလုံးလည်း နားစွင့်နေသည်။

ရှမ်းဆရာသည် မေတ္တာသုတ်ကိုရွတ်၏။ မေတ္တာပို့၏။ အမျှပေး၏။ ထို့နောက် ပါလာသည့် ရေမန်းခွက်အမှတ်ငါးကို ကောက်ယူလေသည်။ ထိုရေမန်းကား ရေလုံအိုးကွဲကို ရေစိမ်၍စိမ်ထား

သော ပယောဂဖြေရန် ရေမန်းတည်း။ ထိုရေမန်းနှင့် ပက်ဖျန်းသော် တစ်စတစ်စ နဂိုမူလအတိုင်း ပြန်ဖြစ်သည်။

ပခန်းဆရာကြီးသည် ရှမ်းဆရာကိုပါ လှမ်း၍ ထိန်းချုပ်စေခိုင်းနေခြင်းဖြစ်ရာ ဤမှာဘက်တွင် သူလုပ်သမျှ ဟိုမှာဘက်က ရှမ်းဆရာ တစ်ထပ်တည်းလိုက်လုပ်နေခြင်းသာ ဖြစ်တော့သည်။

စောစောက တင်တင်အိ ဝင်ပူးနေသော တင်တင်လတ်ကို ရှမ်းဆရာပြောခဲ့သမျှသည်လည်း ဇရပ်ကြီးထဲတွင် မျိုးကြီးကို ပခန်းဆရာကြီးပြောခဲ့သည့်အတိုင်းပင် ဖြစ်ခဲ့သည်။ မေတ္တာသုတ်ရွတ်ဆို အမျှဝေခြင်းမှာလည်း ပခန်းဆရာကြီး ရွတ်ဆိုခဲ့ခြင်း အတိုင်းပင် ဖြစ်ခဲ့သည်။

ယခုနောက်ဆုံး ပခန်းဆရာကြီး ဂန္ဓိရိကသည် သူ့လက်ထဲမှ အမှတ်(၅)ရေမန်းခွက်ကို ကိုင်မြှောက်၍ မျိုးကြီး၏မျက်နှာကို ပက်ဖျန်းလိုက်သည့် တစ်ချိန်တည်း၌ပင် မဟူရာစံအိမ်ကြီး၏ ဘုရားခန်းဝယ် ရှမ်းဆရာဣန္ဒကသည်လည်း တင်တင်လတ်၏ မျက်နှာကို သူကိုင်ထားသည့် အမှတ်(၅) ရေမန်းခွက်နှင့် ပက်ဖျန်းလိုက်လေ၏။

"ဖြန်း"

မျက်နှာကို ရေထိသွားသည်။

"အင့်"





တင်တင်လတ် တွန့်ခနဲဖြစ်သွားသည်။ ငြိမ်သွားသည်။ အိခွေပျော့ဖပ်သွားသည်။ နေရာတွင် ခွေခွေကလေး လဲကျသွားလေတော့သည်။

"ဟဲ့...ဟဲ့ လုပ်ကြပါဦး သမီးလတ် သတိလစ်သွားပြီ ထင်တယ်"

ဒေါ်တင်မေကြီး အော်၍ ပြေးပွေ့သည်။ သမီးထွေး တင်တင်လေးကလည်း ကူ၍ပြေးပွေ့သည်။

"အင်း"

တင်တင်လတ်ထံမှ ညည်းသံထွက်လာသည်။ သူ့ဦးခေါင်းကို ပေါင်ပေါ်၌မှေးတင်ထားသည့် တင်တင်လတ်ကို ဒေါ်တင်မေကြီး စိတ်ပူစွာ ငုံ့ကြည့်နေစဉ် တင်တင်လတ်မျက်လုံးအစုံ ဖွင့်ကြည့်သည်။

"ဟင် မေမေ ဘာ...ဘာဖြစ်နေတာလဲ၊ ဟော ညီမလေးလည်း ရှိတယ်၊ အို...လူတွေဝိုင်းအုံလို့ပါလား၊ လတ်...လတ် ဘာဖြစ်သွားလို့လဲဟင်"

တင်တင်လတ် ပကတိ သတိပြန်ဝင်လာချိန်။

ရှမ်းဆရာ ဣန္ဒကနှင့် သူ့တပည့် အစီအမံပစ္စည်းများကို ကမန်းကတန်းကောက်သိမ်းကြပြီး ထလစ်ပြေးလေ၏။ ဦးစိန်တိုးနှင့် ဦးကျောက်ဒိုးတို့ ပျာပျာသလဲ နောက်မှ ပြေးလိုက်ကြရာ

လှေကားမှဆင်း၍ အောက်ထပ်သို့ ရောက်လေသည်။

"နေ..နေပါဦး ဆရာ ဘာ..ဘာဆက်လုပ်ရဦးမလဲဆရာ"

ဦးစိန်တိုးက ရှမ်းဆရာကို အမီလိုက်ပြီးမေးသည်။

"ပြီးပြီလေ အားလုံးပြီးပြီ၊ တင်တင်အိ ထွက်သွားပြီ သူ့ဗေ

မင်းအကြိုက် အားလုံး ပြီးပြီပေါ့"

"ဒါ...ဒါဆို တင်တင်အိ ပြန်လာပြီး တင်တင်လတ်ကို မ

တော့ဘူးပေါ့"

"အေးလေ တင်တင်အိ တစ်ခါတည်း ကျွတ်လွတ်သွားပြ

မဟုတ်လား"

"ဟာ ကောင်းလိုက်တာ ဆရာရယ်၊ ဆရာ့ကို ကျွန်တော်

ထိုက်ထိုက်တန်တန် ကန်တော့ကြေးနဲ့ ပူဇော်ပါ့မယ်"

"အိန်း နောက်မှပြော နောက်မှပြော"

ရှမ်းဆရာ ဣန္ဒြေ ခြေလှမ်းကျဲနှင့် အိမ်ထဲကထွက်သည်

"ကျုပ်တို့ကို မြို့ပြင်ရောက်အောင် အရင်ဆုံးမြန်မြန်ပို့ပြီး

ပေးစရာရှိတာ ပေး"

သို့ဖြင့် ဦးစိန်တိုးနှင့် ကျောက်ဒိုးတို့ ဂျစ်ကားဖြင့် ရှမ်းဆ

နှင့် သူ့တပည့်ကို မြို့ပြင်သာမက မြို့အနောက်ဘက်ရှိ အင်းတို

ရွာက ဦးစိန်တိုးညီမအိမ်သို့ အရောက်ခေါ်သွားခဲ့ကြသည်။

သူတို့ ထွက်ခွာစဉ် နောက်ကို လည်ပြန်ပင်မကြည့်ခဲ့။ ရှ





ဆရာ ရှေ့သို့ စိုက်စိုက်သွားရာသို့သာ တွင်တွင်လိုက်ခဲ့ကြရသည်။ အကယ်၍ နောက်ကိုလှည့်ကြည့်ခဲ့မည် ဆိုပါက လှေခါးထိပ်အထိ လိုက်ကြည့်သော ဦးကျောက်ဒိုး ခေါ်လာသည့် လူရွယ်နှစ်ဦး ပြုံးစိစိနှင့် ကြည့်နေကြသည်ကို တွေ့ကြရမည်ဖြစ်သည်။

သူတို့ကား ဦးတင်မောင်ဆင့်နှင့် အောင်မင်းလှတို့ ဖြစ်ကြသည်။

အမှန်က ဦးတင်မောင်ဆင့်သည် တင်မောင်ဇော်၏အစ်ကိုကြီးဖြစ်သည်။ သူသည် ရန်ကုန်ရှိ စုံထောက်တပ်ဖွဲ့ဝင် အလုပ်လုပ်နေသော ရဲစုံထောက်အရာရှိ ဦးတင်မောင်ဆင့် ဖြစ်သည်။ အောင်မင်းလှကတော့ ဆားပုလင်းအောင်မင်းလှဖြစ်သည်။ သူတို့သည် တင်မောင်ဇော် သံကြိုးရိုက်ခေါ်သောကြောင့် အင်္ဂပူမြို့ကို လိုက်လာခဲ့ကြပြီး ဦးကျောက်ဒိုး၏ယောက်ဖ ကိုသန်းပိုနှင့် အဆက်အသွယ်ရယူပြီး ဦးကျောက်ဒိုးဇနီး ဒေါ်သိန်းရှင်ကို ရန်ကုန်မှ အမျိုးသမီးအသုံးအဆောင်များကို ပဏ္ဏာဆက်ကာ ဦးကျောက်ဒိုးကို မိတ်ဆက်ပေးစေခဲ့ခြင်းဖြစ်သည်။

ပယောဂပညာကို လေ့လာလိုက်စားနေသည့် ခေတ်လူငယ်များအဖြစ် ဦးကျောက်ဒိုးကို လာဘ်ထိုး၍လိုက်ပါပြီး တင်တင်လတ်ကို ရှမ်းဆရာ ပယောဂကုသပုံကို ပါဝင်သတင်းယူခြင်း ဖြစ်သည်။ ဆားပုလင်းအောင်မင်းလှက တင်တင်အိ ထွက်ဆိုသမျှကို

လက်ရေးတိုနှင့် လိုက်မှတ်ခဲ့ပြီးဖြစ်သည်။

"ဒီအတိုင်းဆို တင်တင်အိသေဆုံးမှုမှာ ဦးကျောက်ဒိုးဟာ အဓိကသက်သေပဲဆရာ"

"ဟုတ်တာပေါ့ ဆားပုလင်း၊ ဒီလူကြီးက သူ့အကြိုက်နဲ့ အညှာကိုင်လိုက်ရင် သက်သေအဖြစ် အသုံးပြုလို့ဖြစ်လာမှာပါ"

"မပုနဲ့ တင်မောင်ဇော်ပြောတယ် သူ့ရည်းစား တင်တင်လတ် က မှာထားတယ်၊ ဒီအမှုအတွက် ငွေ ဘယ်လောက်ကုန်ကုန် ဖြစ် အောင်လိုက်ပေးပါတဲ့။ သူ ငွေးသမီးပဲ၊ ပြီး သူ့အမေကလည်း သဘောတူထားတယ်။ အရေးကြီးတာက ဦးကျောက်ဒိုး ပြန်လာ ရင် အုပ်မိအောင် သူ့အိမ်က သွားစောင့်မှဖြစ်မယ်၊ ဟိုကောင် ဦးကျောက်ဒိုးယောက်ဖ သန်းပိုအတွက် ဘရန်ဒီပုလင်း ယူသွား တာပေါ့ကွာ"

သူတို့သည် စုံထောက်များပီပီ အချိန်မဆိုင်းကြ။ ကိုသန်းပို နှင့်တွေ့နိုင်မည့် ဈေးထဲက စားသောက်ဆိုင်ကို တိုက်ရိုက်လာခဲ့ ကြသည်။

သူတို့လိုပင် စိတ်စောနေသော တင်မောင်ဇော်၊ မျိုးကြီးနှင့် ကပ္ပိယအောင်စိုးတို့က သူတို့အထွက်လမ်းဝေါ်ပ်ကစောင့်၍ ဂျစ် ကားနှင့် ခေါ်လာခဲ့ကြသည်။ ကိုသန်းပိုနှင့် တွေ့ပြီးနောက် သူ့ အစ်မ ဒေါ်သိန်းရှင်ထံ သွားကြသည်။





ဒေါ်သိန်းရှင်ကား လက်ဆောင်ပဏ္ဏာပေးခဲ့သူများ လာခြင်း ဖြစ်၍ ပျူငှာစွာကြိုဆိုလေ၏။

"လာကြ... လာကြ ဟို မဟူရာစံအိမ်က မဟူရာညီအစ်မရဲ့ ပယောဂကုတာကို တွေ့ခဲ့ကြရောပေါ့"

"ဟုတ်ကဲ့ အစ်မကြီး တော်တော်စိတ်ဝင်စားဖို့ ကောင်းတာ ပဲ"

"ဒါနဲ့ ကိုကျောက်ဒိုးရော ပြန်လိုက်မလာဘဲကိုး"

"သူက သူ့ဆရာ သူငွေးဦးစိန်တိုးနဲ့အတူ ရှမ်းဆရာကို လိုက် ပို့ကြလေရဲ့"

"ဘယ်ကို ပို့ကြတာတဲ့လဲ"

"မသိပါဘူးဗျာ ဂျစ်ကားနဲ့ လိုက်ပို့ကြတာပဲ"

"အင်း ကားနဲ့ဆို မကြာပါဘူး ပြန်လာမှာပေါ့၊ ဒီမှာ နေ့လယ် စာ စားပြီးမှ ပြန်ကြပါလားကွယ့်"

"ဒီအတွက် မပူနဲ့ အစ်မကြီး၊ ဟောဒီမှာ ဈေးထဲက စား သောက်ဆိုင်မှာ ဝင်ပြီး ခေါက်ဆွဲကြော်တွေဘာတွေဝယ်ခဲ့တယ်၊ ကိုသန်းပို ပြောလို့ သူ့အစ်မ အလွန်ကြိုက်တတ်တဲ့ ကုန်းဘောင် ကြီးကြော်နဲ့ သူ့ယောက်ဖကြိုက်တတ်တဲ့ ဝက်သား ဘိစတိတ် လည်း ပါခဲ့တယ်"

"ဒါဆို သွားပြင်ထားပေးမယ်၊ ကိုကျောက်ဒိုး ပြန်ရောက်မှ

အတူစားကြမှာလား အခုစားသွားမှာလား”

“စောင့်မယ်လေ ဦးကျောက်ဒိုးပြန်ရောက်မှ အတူစားကြ တာပေါ့ဗျာ”

ဤသို့အားဖြင့် သူတို့အုပ်စုနှင့် ဒေါ်သိန်းရှင်တို့ မောင်နှမ ပယောဂကုနည်း အတွေ့အကြုံများကို ပြောကြဆိုကြနှင့် အချိန် အတော်ကုန်သွားသည်။

“ဟင် မွန်းလွဲနှစ်နာရီခွဲနေပြီ ကိုကျောက်ဒိုးက ခုထိ ပြန် မရောက်သေးဘူး၊ မစောင့်နဲ့တော့ စားနှင့်ကြပါလား ငှါမောင်တို့”

ဒေါ်သိန်းရှင်က တိုင်ကပ်နာရီကြီးကို တကြည့်ကြည့် လုပ် နေသူမို့ အချိန်ကိုပြောသည်။

“ဟုတ်ပါရဲ့ ကိုကျောက်ဒိုး သူ့ဆရာနဲ့ ဘယ်ကိုပါသွားလဲ မသိဘူး၊ ကျုပ်ယောက်ဖကတော့ တကယ့်လူ သူ့ဆရာခေါ်ရင် သေရွာအထိ လိုက်မယ့်လူဗျ”

“အို မောင်လေးသန်းပို နိမိတ်မရှိ ပါးစပ်ပုပ်ကြီးနဲ့ လျှောက် မပြောနေနဲ့၊ ဟော အိမ်ရှေ့က ဘာသံလဲ”

“မမ... မမသိန်းရှင် ရှိသလား”

“ဟော အိမ်ရှေ့က ကိုကျောက်ဒိုးတပည့်ထင်တယ်၊ လာပြီ ဟေ့ မမရှိတယ် လာပြီ လာပြီ”

ဒေါ်သိန်းရှင် ထမင်းစားခန်းမှ ထွက်သွားသည်။ အပြင်





အသံကျယ်ကျယ်များ ကြားနေရသည်။

“ဆရာကျောက်ဒိုး....ဆရာကျောက်ဒိုး...”

“ဟဲ့ မျက်နှာကမသာမယာနဲ့ စကားထစ်နေလိုက်တာ၊ ကောင်းဖံ့ ပြောစမ်း မင်းဆရာ ဘာဖြစ်လို့လဲ”

“မမ စိတ်ကိုထိန်းပါ ဆရာကျောက်ဒိုး ကားမှောက်လို့”

“ဟယ် ကားမှောက်လို့ ဘာဖြစ်သွားသေးလဲ”

“ဆုံးပြီ”

“ရှင်...”

ဒေါ်သိန်းရှင် အသံကျယ်ကျယ်နှင့် အာမေဍိတ်ပြုသည်။

“ဟုတ်...ဟုတ်ကဲ့”

“လာကြပါဦး ဟဲ့ မောင်လေးသန်းပို ဒီမှာ နင့်အစ်ကို ဆုံးပြီ လို့ လာပြောနေတယ်”

ကိုသန်းပို ထမင်းစားခန်းက ပြေးထွက်သည်။ ရဲစုံထောက် အရာရှိ ဦးတင်မောင်ဆင့်တို့ အုပ်စုလည်း ထပ်ချပ်လိုက်ပြီး ပြေး ထွက်လာကြသည်။

“နေပါဦး ဘယ်မှာ ဘာဖြစ်တာလဲဗျ”

“ဒီလိုတဲ့၊ ဆရာကျောက်ဒိုးက ဆရာကြီးစိန်တိုးနဲ့အတူ အင်း တိုင်ရွာကအပြန် ကားလမ်းဘေးထိုးကျပြီး သစ်ပင်ဝင်တိုက်မိလို့ ဆုံးရှာပြီတဲ့”

"ဒါဆို ဆရာကြီးစိန်တိုးရော"

"သူက ရင်ဘတ်မှာ ဒဏ်ရာရတယ်ဆိုလား"

"မသေဘူးပေါ့"

"မသေဘူး၊ အခု မြို့နယ်ဆေးရုံကနေ သူ့မဟူရာစံအိမ်ကို ပြန်ခေါ်သွားပြီ"

ရဲစုံထောက် ဦးတင်မောင်ဆင့်က သူ့တပည့် ဆားပုလင်း အောင်မင်းလူကိုကြည့်၍ မျက်ရိပ်ပြသည်။ အောင်မင်းလူက ဝင်မေး၏။

"အခု ဦးကျောက်ဒိုး အလောင်းက ဘယ်မှာကဲ့လဲ"

"မြို့နယ်ဆေးရုံမှာ အဲလေ ရင်ခွဲရုံမှာ"

"အို... မမလိုက်ကြည့်ချင်တယ် ကြည့်လို့ရမလား"

ဒေါ်သိန်းရှင်က ပြောလေသည်။

"ဆရာဝန်ကြီးရှိသေးတယ် ထင်တာပဲ၊ မမယောက်ျားပဲ ကြည့်ချင်ရင်ရမှာပေါ့"

"ဒါဆို ဒါဆို မောင်လေးသန်းပို မမတို့သွားကြရအောင်"

"ရတယ် ရတယ် ကျွန်တော်တို့ ဂျစ်ကားနဲ့ ဆေးရုံကို သွားကြတာပေါ့"

"လူက ဆံ့ပါ့မလား"

"ရတယ် ရပါတယ် ကျွန်တော်တို့ အိမ်ပြန်နှင့်ပါ့မယ်"





တင်မောင်ဖော်၊ မျိုးကြီးနှင့် ကပ္ပိယအောင်စိုးတို့ လမ်းခွဲခဲ့ကြသည်။ ရဲစုံထောက် တင်မောင်ဆင့် ဆရာတပည့်က ဒေါ်သိန်းရှင် မောင်နှမနှင့် ဦးကျောက်ဒိုးတပည့်ကို လမ်းပြခိုင်းရန် ခေါ်သွားကြသည်။

ရင်ခွဲရုံရောက်သော် စုံထောက်အရာရှိ တင်မောင်ဆင့်တို့ ဆရာတပည့်သည် အလောင်းကို စုံထောက်တို့တတ်အပ်သည့် ပညာနှင့် စစ်ဆေးခဲ့ကြသည်။ မြို့နယ်ရဲတပ်ဖွဲ့က နယ်စီးဒုကြီး ကြပ်ရေးမှူးနှင့် တိုင်ပင်ပြီး ထိုပုဂ္ဂိုလ်က မြို့နယ်ဆရာဝန်ကို ရင်ခွဲစစ်ဆေးချက် ဂျူဒစ်ရှယ်မယ်ဒီကယ်ရီပို့ကို တင်ပြရန်မှာကြားသည်။ ထို့နောက် ပြန်ခဲ့ကြသည်။

"ဆားပုလင်းရေ ဦးစိန်တိုးဆိုတဲ့လူကို လျှော့တွက်လို့မရတော့ဘူးဟေ့၊ အခု သူက လက်ဦးမှုယူပြီး အစိကသက်သေကို နှုတ်ပိတ်လိုက်ပြီကွ"

"ဟုတ်ပါတယ်ဆရာ၊ ဒီလူဟာ မဆိုင်းမတွ အရေးယူတတ်တဲ့လူဖြစ်ပါတယ်။ ပြီး တော်တော်လည်း ရက်စက်တဲ့လူကြီး ဖြစ်မယ်၊ သူ့လူယုံတပည့်တစ်ယောက်ရဲ့အသက်ကို ပုရွက်ဆိတ်တစ်ကောင်လောက်ထင်တဲ့ လူကြီးပဲဗျ"

"အေးပေါ့ကွာ ဒီလိုရက်စက်သွက်လက်တဲ့လူနဲ့ ရင်ဆိုင်ရတာ ပိုပြီးစိတ်ဝင်စားဖို့ကောင်းပါတယ်။ ဒီလိုလူကို ဆရာ့ဆုံးဖြတ်

ချက်အောက် မြန်မြန်ပို့နိုင်အောင် တို့က ပိုပြီးလှုပ်ရှားရတာပေါ့"

"ဆရာက ဒီမြို့ဇာတိပဲ။ ဦးကျောက်ဒိုးလို အရေးကြီး သက်သေ အပျောက်အရှင်းခံသွားရတော့ သူ အဆိပ်သွားဝယ်တဲ့ ပရဆေးဆိုင်ကို *စုံစမ်းရလွယ်မှာပေါ့*"

"အေး ဆားပုလင်းပြောတာမှန်တယ်၊ ဒါပေမယ့် ဆရာက ဒီမြို့နဲ့ အဆက်ပြတ်တာ နည်းနည်းကြာလို့ ရုတ်တရက် လိုက်ရှာရင်ကြာမယ်၊ တင်မောင်ဇော် ပြောတာကတော့ ကပ္ပိယကြီး အောင်စိုးဟာ မှုခင်းစုံထောက်ဝတ္ထုတွေဖတ်ပြီး စုံထောက်ကိစ္စ တော်တော်ဝါသနာပါတယ်ဆိုပဲ၊ နည်းနည်းလည်း နှံ့စပ်တဲ့လူ ဖြစ်တယ်။ တို့ အခုပဲ ဘုန်းကြီးကျောင်း ပြေးကြရအောင်"

"ကောင်းတာပေါ့ ဆရာ"

ရဲစုံထောက် တင်မောင်ဆင့်တို့ ဆရာတပည့် မြို့ဦးဘုန်းကြီးကျောင်းကိုရောက်သော် မျိုးကြီးနှင့် ကပ္ပိယအောင်စိုးတို့က စိတ်ဝင်တစား ဆီးကြိုမေးမြန်းကြသည်။

"စုံထောက်ကြီးတို့ ဘာတွေထူးထူးခြားခြားတွေ့ခဲ့လဲ၊ ဟိုလူကျောက်ဒိုး ကားမှောက်သေတယ်ဆိုတာ သဘောရိုးမှ ဟုတ်ရဲ့လား ဆရာ"

"အင်း ကပ္ပိယကြီးကတော့ ထင်တာထက်ကို အကွက်မြင်သားပဲ။ ဟုတ်ကဲ့ ခင်ဗျား ထင်ထားတဲ့အတိုင်းပါပဲ။ ဦးကျောက်ဒိုး





ခများ သဘောရိုးနဲ့သေတာမဟုတ်ဘူး နှုတ်ပိတ်ခံရတာပါ။ သူ့အလောင်းကို သေချာလေ့လာခဲ့ပါပြီ။ ကားမှောက်သေတဲ့လူဟာ မတော်တဆ ထိခိုက်မှုဒဏ်ရာတွေ အများကြီး ဒါမှမဟုတ် ဟိုနည်းနည်း ဒီနည်းနည်း ရလေ့ရှိတတ်ပါတယ်"

"ဒါပေါ့ ဆရာ၊ ကျွန်တော်လည်း အဲဒါ သိချင်နေတာ၊ ဦးကျောက်ဒိုးဒဏ်ရာ ဘယ်လိုနေလဲ၊ [illegible]ောက်ပြီး မှောက်တယ်ဆိုတဲ့ ဂျစ်ကားကိုရော ဆရာတို့ စစ်ဆေးပြီးပြီလား"

"တော်တယ်ဗျာ ကပ္ပိယကြီး အလွန်အကွက်စေ့ပါတယ်။ ကျွန်တော်တို့စုံစမ်းပြီးပါပြီ၊ စခန်းမှူးရဲ့ ပြောပြချက်အရနဲ့ နယ်စီးဒုကြီးကြပ်ရေးမှူးရဲ့ အမြင်အရ ဂျစ်ကားဟာ မှောက်တာမဟုတ်ဘူး လမ်းဘေးက ကုက္ကိုပင်ကို ဝင်တိုက်တာပါ။ ကားဝဲဘက်ရှေ့မီးလုံး ကွဲတယ်၊ ဘန်ပါ နည်းနည်းလေး ကောက်သွားတယ် အရှိန်သိပ်ပြင်းတဲ့သဘောမရှိဘူး"

"ကားမောင်းတဲ့ ဒရိုင်ဘာက ဘာဖြစ်သွားလဲ ဆရာ"

"ကိုစိန်တိုးရဲ့ ထွက်ဆိုချက်အရ ဦးကျောက်ဒိုးကိုယ်တိုင်ကားမောင်းတာတဲ့။ သူက မောင်းသူရဲ့ ညာဘက်ရှေ့ခုံမှာ ထိုင်ပြီးလိုက်လာတာတဲ့"

"ဟင် ဒါဆို ဦးစိန်တိုး ရင်ဘတ်ဆောင့်သွားတယ်ဆို၊ သူမောင်းမှ စတီယာရင်နဲ့ရင်ဘတ်ဆောင့်ပြီး သူ့ရင်ဘတ်ဒဏ်ရာ

ရမှာ မဟုတ်လား၊ အခု ဦးကျောက်ဒိုး မောင်းတယ်ဆိုတော့ သူ့ရှင်ဘတ်ရော ဘာမှမဖြစ်ဘူးလား”

“မြို့နယ်ဆရာဝန်ရဲ့ ပထမစစ်ချက်အရ ဦးကျောက်ဒိုး ရင်ညွန့်ရိုး ဘာဒဏ်ရာမှမရှိ၊ ဘယ်နံရိုးမှမကျိုး၊ ဦးခေါင်းမှာ ဒဏ်ရာကြီးကြီးမားမားတွေ့တယ်။ ညာဘက်လက်ဖျံရိုး အတွင်းရိုးပြိုင်းပြိုင်းကျိုးနေတယ် ဒါပဲတွေ့တယ်”

“ဟင် တစ်မျိုးကြီးပါလားသေရာ၊ သစ်ပင်နဲ့တိုက်ရင် ကားဒရိုင်ဘာ ရင်ညွန့်ရိုးကျိုးမယ် မျက်နှာခုတ်မယ် နဖူးကွဲမယ်”

“မဆိုးဘူး ကပ္ပိယကြီးပြောတာမှန်တယ်၊ စောစောကပြောဖို့မေ့သွားတယ်၊ ဦးကျောက်ဒိုးရဲ့နဖူးမှာလည်း ဖူးယောင်တဲ့ဒဏ်ရာလေးတော့ ရှိလေရဲ့။ နောက် ထူးဆန်းတာက ဂျစ်ကားမှာ ဂျိုက်ရှာမတွေ့ဘူး၊ ဂေါက်(စက်နှိုးသည့်သံကောက်) ရှာမတွေ့ဘူး။ ဒီအပိုပစ္စည်းတွေဟာ ဂျစ်ကားတိုင်းမှာ မလွဲမသွေ ဆောင်ထားလေ့ရှိတဲ့ ပစ္စည်းမျိုးတွေပဲ”

ရဲစုံထောက်အရာရှိ ဦးတင်မောင်ဆင့်စကားကြောင့် ကပ္ပိယအောင်စိုးတို့ စဉ်းစားခန်းဝင်နေကြ၏။ ဆားပုလင်း အောင်မင်းလူက မေးလိုက်သည်။

“ကိုင်း ကပ္ပိယကြီး ဆက်စပ်ပြီး တွေးကြည့်စမ်း၊ ဆရာပြောတဲ့သဘောက ဘယ်လိုတွက်ဆနိုင်သလဲ”





မျိုးကြီးလို လူရိုးလူဖြောင့်ကြီးက ရုတ်တရက် ဝင်ပြောသည်။

“ဟာ... အသွားတုန်းက ဂျစ်ကားမောင်းတဲ့ဒရိုင်ဘာ မရှိဘူးလား၊ အခုလို ကားတိုက်မှုဖြစ်တာ ဘယ်သူက သတင်းပို့တာလဲ”

“ကောင်းလိုက်တဲ့ အချက်ဗျို့၊ ဦးမျိုးကြီးက ဉာဏ်ကောင်းတဲ့သူပဲ၊ အဲဒီအချက်တွေကို စုံစမ်းနေဆဲဖြစ်ပါတယ်၊ ရဲစခန်းက မကြာခင် အစီရင်ခံစာတင်နိုင်မှာပါ”

စုံထောက်အရာရှိ စကားအဆုံးတွင် ကပ္ပိယအောင်စိုးက မှတ်ချက်ပေးလေသည်။

“မဟုတ်မှလွဲရော ဦးစိန်တိုးနဲ့ ဒရိုင်ဘာ ဦးကျောက်ဒိုးကို ဂေါက်နဲ့ဆော်ကြတာ လက်နဲ့ခံလိုက်လို့ လက်ဖျံရဲ့အတွင်းရိုးကျိုးတာ ဖြစ်မယ်။ ဒါမယ်ကြည့်လေ ရှေ့ကရိုက်ရင် လက်ဆိုတာ ဟောဒီလို ဟောဒ်လို ခံလေ့ရှိတော့ ဟောဒီအတွင်းရိုးကိုပဲ ရိုက်မိပြီး ကျိုးမှာပေါ့”

“ဟုတ်တယ် ဖြစ်နိုင်တယ်၊ တစ်ချိန်တည်း ခေါင်းကိုနောက်ကနေ ဂျိုက်ကြီးနဲ့ ကအားထုချလိုက်ပုံရတယ်။ ဦးကျောက်ဒိုး အသက်ထွက်တာ အဲဒီနောက်စေ့က ဒဏ်ရာကြီးကြောင့်လို့ ဆရာဝန်ကြီးက ပြောတယ်”

ဆားပုလင်းအောင်မင်းလူက ရှင်းပြလိုက်သည်။ ဦးတင်

မောင်ဆင့်က ဖြေလေ၏။

"နေဦး လာရင်းကိစ္စက နည်းနည်းအရေးကြီးတယ်။ ကပ္ပိယကြီး ဒီမြို့မှာ ပရဆေးဆိုင် ဘယ်နှစ်ဆိုင်ရှိလဲ"

"ဈေးလမ်းမှာ နှစ်ဆိုင်၊ ဘူတာရုံလမ်းမှာတစ်ဆိုင်၊ နေဦး ဟိုဘက် မြို့စွန် ချောင်းဝလမ်းမှာ ဦးလွန်းဖွေရဲ့ ဆိုင်တစ်ဆိုင် ရှိသေးတယ်"

"ကောင်းပြီ အခုပဲ ဆိုင်လေးဆိုင်ကို ကျုပ်တို့လေးယောက်ခွဲသွားကြမယ်၊ နေဦး ဦးမျိုးကြီးက တင်တင်အိရဲ့အချစ်တော်ပဲ သူဆုံးတဲ့နေ့ကို သိမှာပေါ့"

"သိတာပေါ့ ဘယ်တော့မှ မမေ့ဘူး၊ ခြောက်လနဲ့ ငါးရက်ရှိပြီ။ ဒီဇင်ဘာလ ဆယ့်သုံးရက်နေ့က အိ ဆုံးခဲ့တာလေ"

"ဒါဆို ပရဆေးဆိုင်ကလူတွေ မှတ်မိဦးမယ်ထင်တယ်၊ ဒီဇင်ဘာလ ဆယ့်သုံးရက်မတိုင်မီ တစ်ရက်နှစ်ရက်က ဦးကျောက်ခိုးစိန် လာဝယ်မဝယ် စုံစမ်းတာပေါ့။ အခြေအနေပေးရင် အုပ်မိအောင်ဖမ်းဖို့ ရဲစခန်းက ရဲလေးယောက်ပါ ခေါ်သွားရအောင်ကိုင်း စကြစို့ လာ...လာ"

ရဲစုံထောက်အရာရှိ ဦးတင်မောင်ဆင့်သည် အင်ပူမြို့သားပီပီ မြို့စွန်က ဦးလွန်းဖွေ၏ ပရဆေးဆိုင်ကို သိသည်။ သူသည်ဤဆိုင်ကို စိတ်အဝင်စားဆုံးဖြစ်၍ စခန်းမှ ရဲကြပ်ကြီး တင်ထူး





နှင့်အတူ ဦးလွန်းဖွေဆိုင်သို့ အပြေးလာခဲ့သည်။

"ဦးလွန်းဖွေ ရှိပါသလား"

ဆိုင်ရှေ့မှ အမျိုးသမီးတစ်ဦးကို မေးလိုက်သည်။

"ဖေဖေလား ရှိပါတယ်"

အမျိုးသမီးက ချက်ချင်းဖြေပြီး နောက်ဘက်ကို အော်ပြောသည်။

"မေမေကြီး ဆရာဝန်တို့လာပြီ သမီးခေါ်ခဲ့မယ်"

အမျိုးသမီးကား အသက်လေးဆယ်ကျော်။ သူက ဦးတင်မောင်ဆင့်တို့ လာသည်ကို ဝမ်းသာစွာကြိုဆို၍ အတွင်းခန်းသို့ခေါ်သွားလေ၏။ လိုက်သွားတော့ ခပ်မှောင်မှောင်အိပ်ခန်းထဲမှ ခုတင်တစ်လုံးပေါ်၌ အသက်(၇၀)ခန့်လူကြီးတစ်ယောက် ပက်လက်လှဲလျက် မှတင်ဘေးတွင် အသက်(၆၀)ကျော် အဘွားကြီးတစ်ဦးက ဦးတင်မောင်ဆင့်တို့ကို ပျာပျာသလဲ ဆီးကြိုလျက်...

"လာပါ လာပါ ဆရာဝန်ကြီးတို့ရယ် သားက လွှတ်လိုက်တာပေါ့နော်"

ရဲစုံထောက် ဦးတင်မောင်ဆင့် အံ့အားသင့်သွားသော်လည်း ဟန်ကိုယ့်ဖို့အနေအထားနှင့် ဟန်မပျက်လုပ်နေရသည်။ တစ်စုံတစ်ခုမှားယွင်းနေကြောင်း သူသိသည်။ ထို့ကြောင့်....

"ဟုတ်ပ ဟုတ်ပ၊ ဒီက ဦးလွန်းဖွေ တော်တော်နေမကောင်း

လို့လား အဒေါ်ကြီး”

“အို... သားက ဘာမှမပြောဘူးလား၊ အဖေကြီး လေဖြတ်ပြီး လဲနေတာ ရှစ်လရှိပြီကွယ်၊ ဆရာဝန်ကြီးတို့ ကြည့်ပေးပါဦး”

“ရှစ်လ ဟုတ်လား”

“ဟုတ်ပါတယ်၊ ဒီအဖေကြီး လေဖြတ်ပြီးကတည်းက သားလေး လွန်းတင်ပဲ ကျောင်းဆက်မတက်တော့ဘဲ အိမ်ဆိုင်အလုပ်ကို တာဝန်ယူခဲ့တာပါ။ ဒီသမီးကြီးက သူ့အိမ်ထောင်နဲ့သူမို့ အချိန်ပြည့် လာမလုပ်နိုင်ရှာဘူး”

ဦးတင်မောင်ဆင့် တွက်ဆလိုက်သည်။ လွန်ခဲ့သော ၆ လက ဦးကျောက်ဒိုး စိန်လာဝယ်စဉ် ရောင်းလိုက်သူသည် ဦးလွန်းဖွေ မဖြစ်နိုင်တော့၊ သူ့ဇနီး ဤအဖွားကြီးနှင့် သူ့သား လွန်းတင်သာ ဖြစ်ချေမည်။

“ဒါနဲ့ ဒီက အဒေါ်ကြီး ဦးကျောက်ဒိုးကို သိလား”

“ဟို မဟူရာစံအိမ်က ကုန်တိုက်စာရေးကြီးလား ရုပ်ချော ရုပ်မျိုးတွေပါပဲ။ ဒါပေမယ့် ဒီလူ သူ့ဦးလေး ဟောဒီအဖေကြီး လေဖြတ်ခါစ ရက်ပိုင်းက လာကြည့်ပြီး ခုထိပေါ်မလာဘူး အလုပ်များ ရှာဟန်တူရဲ့”

“ဩော် အင်း ဒါနဲ့ အဒေါ်ကြီးသားက အခု ဘယ်သွားတာလဲ ဟင်”





“သူလား စောစောကပဲ လူတစ်ယောက်လာခေါ်လို့ လိုက်သွားလေရဲ့၊ ဟသ်ာတသွားမယ်ဆိုလား အဆင်ပြေရင် ရန်ကုန်အထိသွားရမယ်ဆိုလား၊ သူ့အဖေအတွက် ဆရာဝန်လည်း လွှတ်ပေးမယ်၊ ဆေးဖိုးဝါးခလည်း ပေးခဲ့မယ်ဆိုပြီး မကြုံစဖူး ထူးထူးခြားခြားငွေတွေလည်း တစ်ထပ်ကြီး ပေးခဲ့လေရဲ့တော်”

“ဟုတ်လား ဒါဆို အဒေါ်ကြီးသားက ခရီးထွက်သွားတာ တော်တော်ကြာမှာတဲ့လား”

“ကြာမယ်ထင်တယ်ဆိုပြီး သူ့အစ်မအိမ်ဂင်ပြောခဲ့လို့ စောစောကပဲ သမီးကြီး ဒီကိုရောက်လာတယ်”

“ဟုတ်ပြီ ဟုတ်ပြီ ခဏ ဦးကြီးကို ကျွန်တော်ကြည့်မယ်”

ဦးတင်မောင်ဆင့် ဦးလွန်းဖွေကို ပါးစပ်ဖြဲကြည့် လက်ဆွဲကြည့် လုပ်ပြီး...

“ဆေးပေးဖို့ လူလွှတ်လိုက်မယ် ဒေါ်ကြီး အဲ... ဒီက အစ်မ အခုတော့ အရေးကြီးလူနာရှိသေးလို့ သွားလိုက်ပါဦးမယ်”

ဦးတင်မောင်ဆင့်တို့ မြန်မြန်ထွက်ခဲ့သည်။ ရဲစခန်းသို့ အမြန်ပြန်ခဲ့သည်။ ရဲစခန်းမှ အင်္ဂပူမြို့ဝင်မြို့ထွက်ကားလမ်း အရှေ့မြောက်တောင် သုံးဆယ်ဘက်နှင့် ဘူတာရုံ၌ အစောင့်များချ၍ ကိုလွန်းတင်ကို စောင့်ကြည့်စေခဲ့သည်။

သို့သော် လက်မတင်ကလေး နောက်ကျသွားသည်ထင်။

ကိုလွန်းတင်ကို ဘယ်မှာမှ မတွေ့လိုက်ကြပေ။ စုံထောက်အရာရှိ ဦးတင်မောင်ဆင့်သည် ယခုမှ ဦးစိန်တိုးကို ဖြုံသွားတော့သည်။ ဤရာဇဝတ်ကောင်ကို လျှော့တွက်၍မရတော့သည်ကား သေချာလေ၏။

"ဒီလူလှုပ်ရှားတာ အရမ်းခြေသွက်တယ် ကျွန်တော်တို့ရှေ့မှာ အမြဲတစ်ကွက်ကျော်ပြီး ရောက်နေတယ်။ ဒီမြို့မှာ သူ့လူတွေ အများကြီးရှိပုံရတယ်။ ကျွန်‌တော်တို့ ခြေလှမ်းတွေကို ကြိုသိနေသလိုပဲ"

မျိုးကြီး၊ ကပ္ပိယအောင်စိုး၊ တင်မောင်ဇော်တို့နှင့် ခေါင်းချင်းရိုက် ဆွေးနွေးစဉ် စုံထောက်အရာရှိ ဦးတင်မောင်ဆင့် အထက်ပါအတိုင်းပြောမိသည်။

"အစ်ကိုကလည်း ဦးစိန်တိုးဆိုတာ ဒီမြို့မှာ ထိတ်ထိတ်ကြသူဌေးတစ်ဦးပဲ၊ သူ့လူတွေ အများကြီးရှိမှာကတော့ သေချာတာပေါ့"

"အေးပါ အဲဒီ သူ့လူတွေဆိုတာ တို့အနားမှာကပ်ပြီး ရှိနေတဲ့အတွက် တို့ရဲ့လှုပ်ရှားမှုကို ကြိုတင်သိရှိပြီး တစ်ကွက်ကျော်လုပ်ကိုင်သွားနိုင်တာကို စဉ်းစားနေတာ ငါ့ညီ"

"ဟင် ဒီလိုလား၊ ဒါဆို ကျွန်တော်တို့ကို နောက်ယောင်းလိုက်ပြီး ကြည့်နေတဲ့သူရှိတယ် ဆိုပါတော့"





"အထဲဝင်ပူးပြီး လုပ်သမျှ သိနေတဲ့လူရှိနိုင်တယ်လို့ ဆရာက ဆိုလိုတာလည်း ဖြစ်နိုင်တယ်"

ဆားပုလင်း အောင်မင်းလူက တဲ့တိုးကြီးပြောချလိုက်သည်။ ထိုအခါ မျိုးကြီးက တစ်မောင်ဇော်ကို ကြည့်သည်။ တင်မောင်ဇော်က ကပ္ပိယအောင်စိုးကိုကြည့်သည်။ ကပ္ပိယအောင်စိုးက တင်မောင်ဇော်ကိုပြန်ကြည့်သည်။ သူတို့ပင် အချင်းချင်း မယုံသင်္ကာဖြစ်ကုန်သည့် ပုံစံမျိုး။

ရဲစုံထောက်အရာရှိ ဦးတင်မောင်ဆင့်က အားရပါးရ ပြုံးလိုက်မိသည်။

"ဟား...ဟား အရေးကြုံရင် သက်လုံကောင်းရသတဲ့၊ အရေးကြီးသွေးစည်းရသတဲ့။ ခင်ဗျားတို့ကြည့်ရတာ ဒီလိုမဟုတ်ပေါင် အရေးကောင်း ဒိန်းဒေါင်းဖျက်မယ့်ပုံစံတွေ။ ဟဲ...ဟဲ အချင်းချင်း သံသယဝင်ပြီး အတွေးခေါင်မနေကြနဲ့။ နှစ်ဖက်ချွန်လုပ်နေတဲ့လူက ဟိုကောင် သန်းပိုပဲဖြစ်ရမယ်"

"ဟုတ်သားပဲ ကိုတင်မောင်ဇော်၊ သန်းပိုကို အယုံသွင်းနိုင်တယ်ဆို အခု သူက အယုံသွင်းပြီး ခုတုံးလုပ်သွားတာကို ခံလိုက်ရပြီပေါ့"

ထိုအခါကျမှ ကပ္ပိယအောင်စိုးက တင်မောင်ဇော်ကို အပြစ်ဆိုလေသည်။

"နေဦးလေ ကျွန်တော့်ကို အပြစ်တင်မစောနဲ့ ကိုသန်းပို အကြောင်း ကောင်းကောင်းသိတယ်။ ဒီလူက သူ့ယောက်ဖကို ကြည့်မရလို့ အချင်းချင်း အစေးကပ်တာမဟုတ်ဘူး။ ကြည့်မရ တာဟာ ဘာလဲ ဟိုလူကြီး ဦးစိန်တိုးကို ကြည့်မရတာက စတာ ရယ်"

"ပြောပါဦး ငါ့ညီ၊ သန်းပိုက အဲဒီ ဦးစိန်တိုးကို ကြည့်မရတဲ့ အကြောင်းရင်း"

"ဒီလိုလေဗျာ၊ ကိုသန်းပိုဟာ ဖေတင်မောင့်အစ်မနဲ့ ရင်းနှီး တယ် ပိုးနေတယ်ဆိုပါတော့။ ဖေတင်မောင့်အစ်မက ဦးစိန်တိုး တင်တင်အိကို မတော်တရော်လုပ်တာ မကြိုက်လို့ ပြောပြတော့ ကိုသန်းပိုလည်း မကြိုက်ဘူးပေ့ါ။ ဒီကြားထဲ သူ့ယောက်ဖက ကြံ ရာပါမကဘူး လက်မရွံ့သဘောမို့ ကိုသန်းပို ဦးကျောက်ဒိုးကို ကြည့်မရဖြစ်နေတာ၊ ဒီတော့ သူက ကျွန်တော်တို့ကို ကူညီတဲ့ ဘက်မှာပဲရှိမယ် ဟိုဘက်ပါမယ့်သဘော မရှိနိုင်ဘူး"

"အေး ဒီလိုတော့လည်း သန်းပို နှစ်ဖက်ချွန်ဆိုတာ ဖွပ်ဖွဲ့လို့ အခက်သား"

"သို့ နေပါဦး ဦးတင်မောင်ဆင့်က ဘာကြောင့် သန်းပိုကို သံသယဖြစ်တာလဲ"

"ဦးကျောက်ဒိုးနဲ့ အဆက်အစပ်ရှိလို့ပေ့ါ ကပ္ပိယကြီးရာ၊ အင်





နေဦး ပရဆေးဆိုင်ကို သွားစုံစမ်းတုန်းက ဦးလွန်းဖွေရဲ့ဇနီး အဒေါ်ကြီးပြောစကားအရဆို သူတို့ဟာ ရပ်ဆွေရပ်မျိုးတွေဆိုပဲ။ အဲဒီကနေ ဦးကျောက်ဒိုးအကြောင်း စုံစမ်းရင် ဦးကျောက်ဒိုးတို့ရဲ့ လူယုံ ကျွန်တော်တို့နောက်ကို လိုက်ကြည့်နေတာ ဘယ်သူလဲ ဆိုတာ သိရမှာပါ။ မပူနဲ့ ဒါမျိုးကို ဆားပုလင်းအောင်မင်းလူ စုံစမ်း တတ်ပါတယ် ရမယ် မဟုတ်လား ဆားပုလင်း"

"ရပါတယ် ဆရာ အမြန်ဆုံး သိစေရပါမယ်"

"ကိုင်း သူက ဒီမြို့ကမဟုတ်တော့ ပိုပြီးလျှို့ဝှက်စုံစမ်းလို့ ရတာပေ့ါ"

သို့ဖြင့် လူစုခွဲလိုက်ကြသည်။

သူတို့ဘက်တွင် လူစုခွဲလိုက်ချိန်ဝယ် ဦးစိန်တိုးဘက်ကို ကြည့်ပါက သူ၏ဆန်စက်ကြီးထဲမှ အလုပ်ခန်းနောက်ရှိ လျှို့ဝှက် အခန်းတစ်ခန်းတွင် လူစုတစ်စုနှင့် ကြိတ်၍ တိုင်ပင်နေသည်ကို တွေ့ရပေမည်။

ဦးစိန်တိုးမျက်နှာကြီး ပြုံးရွှင်နေသည်ကို ကြည့်ခြင်းအားဖြင့် သူ တော်တော်ကျေနပ်နေကြောင်း ပေါ်လွင်သည်။

"ရော့ အဲဒါ ပထမအဆင့် မင်းတို့လုပ်ဆောင်ချက် အောင်မြင် မှုအတွက် ချီးမြှင့်တာပဲ"

ပြောပြောဆိုဆို လူလေးယောက်ကို တစ်ဦးလျှင် တစ်ရာ

တန်တစ်ထပ်စီ လှမ်းပေးသည်။ လက်ခံသူများကခြေစုံရပ်၊ ခေါင်းကိုညွှတ်၍ ပေးလာသည့် ရာတန်ငွေစက္ကူများကို လက်နှစ်ဖက်နှင့် လက်ခံရယူကြသည်။ ထိုခေတ်က ငွေကျပ်တစ်ရာသည် ရက်လေး ဟမ်းဘား စသော စက်ဘီးကြီး သုံးစီး ဝယ်နိုင်သည်။ ရွှေ နှစ်ကျပ်သားကျော် ဝယ်နိုင်သည်။ ဦးစိန်တိုး သူ့တပည့်များကို မည်မျှချီးမြှင့်ငွေ ပေးကြောင်း သိသာနိုင်သလို သူ့တပည့်များ မည်မျှအရေးကြီးထိုက်တန်သော လုပ်ဆောင်ချက်ကို သူ့ စိတ်တိုင်းကျ အောင်မြင်စွာ လုပ်ပေးခဲ့ကြောင်း သိသာသည်။ ထူးခြားသည်ကား ဆုငွေလက်ခံသူများအနက် အမျိုးသမီးကြီးတစ်ဦးပါဝင်ပြီး ထိုအမျိုးသမီးသည် ဆုငွေလည်း အများဆုံးရဟန်တူသည်။ တပည့်များထဲမှ ခေါင်းဆောင်လည်း ဖြစ်ဟန်တူသည်။

တစ်နေ့ရာတွင်ကြည့်ပါက လူရွယ်တစ်ယောက် ဝင်လာသည်ကို အမျိုးသမီးကြီးတစ်ဦးက ကြိုဆိုနေပုံကို တွေ့ရပေမည်။

"အဒေါ်ကြီး ဦးကြီး ဘယ့်နှယ်နေသေးသလဲ"

လူရွယ်ကမေးသည်။

"လာ... လာ သူငယ် မင်းတို့ဦးကြီးကတော့ ဒီအတိုင်းပါပဲ ဘာမှမထူးခြားလှပါဘူး"

"စိတ်မပူနဲ့ အဒေါ်ကြီး၊ ဒေါက်တာက ဆေးပေးခိုင်းလိုက်လို့ ကျွန်တော် လာပေးတာပါ ရော့..ရော့"





လူရွယ်က ဆေးပုလင်း သုံးပုလင်းပေး၍ နံနက် ဘယ်ဟာဘယ်နှစ်လုံး၊ ညနေ ဘယ်ဆေး ဘယ်နှစ်လုံး သောက်ရမည်စသဖြင့် မှာနေသည်။ ထို့နောက် လက်ထဲမှ ချိုင့်တစ်ချိုင့်ကို လူရွယ်က အဒေါ်ကြီးအားပေးရင်း....

"ဘာလဲကွယ့်"

"ရွှေတောင်ခေါက်ဆွဲပါ ခင်ဗျ"

"ကျေးဇူးပဲကွယ် လာ...လာ ထမင်းစားခန်းဘက်သွားကြရအောင်၊ သမီးရေ ဟောဒီမှာ ရွှေတောင်ခေါက်ဆွဲ ဝယ်လာပေးတယ် နောက်ဖေးလာခဲ့ပါဦး"

အဒေါ်ကြီးက ထမင်းစားပွဲတွင် ရွှေတောင်ခေါက်ဆွဲ သုံးပန်းကန်ထည့်ရင် ပြင်ဆင်စဉ် လူရွယ်ကပြောသည်။

"နေ...နေ ကျွန်တော့်ဖို့ မလုပ်နဲ့၊ ကျွန်တော်က ဦးကျောက်ဒိုးရက်လည်မှာ မုန့်ဟင်းခါးဝင်စားခဲ့ပြီ၊ အဒေါ်ကြီးတို့ သားအမိသာစားကြ"

"ဩော်...အေး ဒီနေ့ ကိုကျောက်ဒိုး ရက်လည်ပေါ့နော်"

"ဟုတ်ကဲ့ အဒေါ်ကြီးတို့ မသွားကြဘူးလား"

"နေရာကဝေးတယ်၊ အိမ်မှာလူပိုမရှိတော့ သွားဖို့မလွယ်ဘူး"

"အဒေါ်ကြီးက ဦးကျောက်ဒိုးနဲ့ ရပ်ဆွေရပ်မျိုးဆို တော်

တော်ခင်မှာပေါ့"

"ခင်တာပေါ့၊ ဦးကျောက်ဒိုးက ဒီရပ်ကွက်ထဲမွေး ဒီရပ်ကွက်မှာ ကြီးပြင်းလာတာ၊ ငယ်ငယ်က စာဖတ်ပျင်းပေမယ့် ကောင်လေးက ဖင်ဒေပေါ့တယ်။ လမ်းထဲက ဘယ်အိမ်က ဘာကိစ္စဖြစ်ဖြကူလုပ်ပေးတဲ့သူမို့ လူချစ်လူခင်များတယ် ကြီးလာမှ လူပေါင်းမှားပြီး ခပ်ဆိုးဆိုးလေး ဖြစ်သွားတာ"

"ဘယ်သူနဲ့ အပေါင်းမှားတာလဲ ခင်ဗျ"

"ဟိုမြို့လယ်က မိန်းမလည် သိန်းကြွယ်..အဲ..အဲ သိန်းရှင်တဲ့ ကောင်မပေါ့။ ဒီကောင်မကိုမှ သွားကြိုက်တော့ ဒုက္ခတွေ့ရတာပါပဲ"

"အဲဒီမိန်းမက တော်တော်ရှုပ်လို့လား"

"ဖဲဒိုင်ခံတယ် ပြီးတော့ ပိုင်းလုံးမ"

"ဟာ သူ့မိဘက ခွင့်ပြုသလား အဲဒီလိုလုပ်တာတွေကို"

"ဒီသိန်းရှင်လား မိဘဆုံးသွားတာကြာပြီ၊ သူ့မှာက မောင်လေးတစ်ယောက်ပဲရှိတာ၊ သူ့မောင်လေးက သူ့အစ်မ ရှုပ်ရှုပ်ယှက်ယှက်လုပ်တာမကြိုက်ဘူး။ အဲဒီသန်းပိုမှာ အလွန်ချစ်ခင်တဲ့ကျောင်းဆရာ လူပျိုကြီးရှိတယ်။ လူပျိုကြီးက သိပ်ရိုးတာ ဥစ္စာတဲ့မျိုးရိုးကလာတာ။ အဲဒါ သန်းပိုက သူ့အစ်မနဲ့ လျော်ပေးတာမယူဘူး၊ ကိုကျောက်ဒိုးကို ယူသွားလို့ သန်းပိုက စိတ်ဆိုးမှာ





"အို...ကိုကျောက်ဒိုးက လူတော်ပဲ မဟုတ်လား"

"ပြောရရင်တော့ ဇာတ်လမ်းက ခပ်ရှုပ်ရှုပ်ရယ်၊ အမှန်ကကိုကျောက်ဒိုး ပိုးလို့မစွန်ပါဘူး။ မိန်းမလည်က သူ့အဆင့်လောက်ကို မမှန်းပါဘူး။ သိန်းရှင်က စောစောပိုင်းကတည်းက မဟူရာအိမ်က သူဌေးကိုမင်းမောင်ရဲ့ ညာလက်ရုံး ဦးစိန်တိုးကို အပိုင်ကိုင်ထားတာ။ သူတို့က ငြိနေကြတာကြာပြီ၊ ယူတော့မယ် ယူတော့ယ်နဲ့ သတင်း ပြေးနေတုန်း ဖြုန်းဆို သူဌေးဦးမင်းမောင် ဆုံးတော့ဦးစိန်တိုးက သူဌေးကတော်ကို ရအောင်ယူလိုက်တာကိုး"

"သူဌေးကတော်က သူ့ကို ဘာကြောင့်ယူသလဲ"

"သူက ငယ်ငယ်ကတည်းက သူဌေးကတော် ဒေါ်တင်မေကြီးပျိုကတည်းက ပိုးခဲ့သူပဲ။ ဦးမင်းမောင်က ဥစ္စာပေါရုပ်ချော ဆိုတော့ မယှဉ်နိုင်လို့ သူ့ခမျာ လက်လွှတ်ခဲ့ရတာ၊ သူဌေးဆုံးတော့ ရော စီးပွားရေးပါ အပိုင်ကြံလိုက်တဲ့ သိုက်သမားပဲပေါ့"

"ဒါဆို ယူမယ်တကဲကဲလုပ်နေတဲ့ ဒေါ်သိန်းရှင်က ကျေနပ်တဲ့လား"

"ဘယ်ကျေနပ်မလဲ၊ ဦးစိန်တိုးက ကိုကျောက်ဒိုးကို တပည့်း တိုက်ကြီးကိုပေး အလုပ်တွေခန့်ပြီး မသိန်းရှင်ကိုပါ သူ့ကိုယ်း ထိုးအပ်ခဲ့တာ"

"ဩော်...ဩော် လက်စသတ်တော့ ဒီလိုကိုး"

လူရွယ်က မှတ်ချက်ပေးလေသည်။ ထို့နောက် "ကျွန်တော် လည်း ရောက်နေတာကြာပြီ ဒေါက်တာ မျှော်နေရော့မယ်" ဆိုကာ နှုတ်ဆက်ပြန်သွားလေတော့၏။

ဆားပုလင်းအောင်မင်းလူ သူ့ဆရာကို စုံစမ်းသိရှိသမျှ ရှင်းပြ လေသည်။ သူသည် လေဖြတ်နေသည့် ဦးလွန်းဖွေတို့အိမ်ကို သွား၍ အဘိုးကြီးဇနီးနှင့် သမီးတို့ကို ရွှေတောင်ခေါက်ဆွဲပေးကာ သိလိုသည်များ အစ်မေးခဲ့သည်။ ဆားပုလင်းအောင်မင်းလူတင်ပြ သမျှကို နားထောင်ပြီးနောက် ရဲစုံထောက်အရာရှိ ဦးတင်မောင် ဆင့်က မှတ်ချက်ပေးသည်။

"အင်း လက်စသတ်တော့ နှစ်ဖက်ချွန်လုပ်နေတာ ဒေါ်သိန်း ရှင်ကိုး၊ အဲလေ ဒိမိန်းမကြီးဟာ အစကတည်းက ဦးစိန်တိုးလုပ် အဲဒီတော့ ကြံရာပါသို့မဟုတ် ရာဇဝတ်မှုရဲ့ အပေါင်းပါပဲပေါ့ သူတို့က ဆရာတို့ကို ခြေရာလည်းပျောက် ရေလည်းနောက် အောင်လုပ်နိုင်ပြီဆိုပြီး ပျော်နေကြမှာပဲ။ သဲလွန်စဆိုတာ ဟိုနား သို့မဟုတ် ဒီနားက တစ်စနှစ်စပေါ်နေတတ်တဲ့သဘောကို နား မလည်တဲ့ ရာဇဝတ်ကောင်တွေကတော့ သူတို့ကိုယ်သူတို့ ပိရိ ပြီထင်နေတတ်တာပဲလေ၊ အခု တို့တွေ ရထားတဲ့ သဲလွန်စလေး တွေက နေခြည်ခင်းပြီး မရှုပ်အောင် ဆွဲထုတ်တတ်ဖို့သာလိုတယ် ဆားပုလင်းရေ"





"ဟုတ်ပါတယ်ဆရာ၊ ဒီအလုပ်မျိုးက ဆရာနဲ့ ကျွန်တော်တို့ ရဲ့ အလုပ်ပဲ၊ မကြာခင် တရားခံဖမ်းမိရမှာပေါ့"

ရဲစုံထောက်အရာရှိသည် သူ့တပည့်ရလာသော သဲလွန်စ များကြောင့် ကျေနပ်စွာပြုံးနေသည်။

ထို့အတူ ဦးစိန်တိုးသည်လည်း သူ့တပည့်များ၏ စွမ်းဆောင် ရည်ကြောင့် ကျေနပ်စွာပြုံးနေသည်။ ထို့ကြောင့် ယခုအခါ တင်တင် လတ်ကို ပူးစီးနေသည့် အစိမ်းသူရဲ တင်တင်အိ လွတ်သွားကျွတ် သွားပြီမို့ သူ့အဖို့ တင်တင်လတ်ကို ကြံစည်ရန် အခွင့်သာလာပြီ ဖြစ်ကြောင်းတွေးကာ ပို၍ကျေနပ်နေသည်။

ကျောင်းမှလစ်လာသော တင်တင်လတ်သည် သူ့ချစ်သူ တင်မောင်ဇော်ကို ပန်းခြံဘေးက လမ်းထဲရှိ သူငယ်ချင်း မိမိလှိုင် တို့အိမ်တွင် ချိန်းထားခဲ့သည်။

တင်မောင်ဇော်ကလည်း ကျောင်းလစ်၍ တစ်ကွက်နှင့် နောက် မကျစေဘဲ တင်တင်လတ်နှင့်တွေ့ရန် မိမိလှိုင်တို့ အိမ်ကို ရောက် ရှိလာသည်။

"ကိုဇော် ဘယ့်နှယ်လုပ်မလဲ၊ ရက်တွေက တစ်ပတ်ကျော် တောင်ကြာပြီ ကိုဇော်တို့ လတ်ရဲ့ ပထွေးကို ဘာ[illegible]လည်း မဖွင့် နိုင်သေးဘူးလား"

"ဘာလဲ ဟိုလူကြီးက လတ်ကို အတင့်ရဲလာပြီလား၊ ဒီကြား

ထဲ ဘာထူးလို့လဲ။ လတ်ရဲ့အခန်းထဲ ဆောင်တော်ကူးလာရင် လော လောဆယ်တော့ ကိုဇော်တို့ မှာတဲ့အတိုင်းသာလုပ်။ အခုရော ဘာထူးလို့လဲ”

“ဒီနေ့အထိတော့ လတ်အခန်းထဲအထိ ညဘက်မှာဝင်မလာရဲသေးဘူး၊ အကဲစမ်းတဲ့အနေနဲ့ လတ်ကိုချော့မော့ ချဉ်းကပ်တာတော့ တစ်နေ့ထက်တစ်နေ့ ပိုလာတယ်”

“ထိကပါး ရိကပါးတော့ ပေးမလုပ်နဲ့နော်၊ ခြေပါလက်ပါလုပ်လာရင် ဖေတင်မောင် တင်တင်လေးနဲ့အတူ သင်ပေးထားသလို ဝှက်ထားတဲ့ဓားနဲ့ ထိုးသာပစ် အမှုဖြစ်ရင် ရှင်းပေးမယ်”

“အင်းပါ ပြောရင်း ပုံစံကဒေါသထွက်လို့ ကြောက်ဖို့ကောင်းတယ် မနာလိုပုံများ”

“လိုရတယ်ဗျ။ ကိုယ့်ချစ်သူကို ဘယ်ယောကျ်ားမှ အထိမခံစေချင်ဘူး၊ ဖြစ်နိုင်ရင် ယင်ဖိုတောင် မသမ်းစေချင်ဘူး”

“တယ်ဟုတ်ပါလား၊ ကိုဇော်က ယင်ဖိုနဲ့ ယင်မ ခွဲတတ်လို့လား သရက်သီးမှည့်ချိန်မို့ ယင်တွေက များပါဘိသနဲ့”

“နောက်မနေနဲ့ လတ်၊ တကယ်ပြောတာ လတ်ကို့အိမ်မှာ ယင်ကောင်တွေသိပ်များနေရင်ပြော ကိုဇော် လာသတ်ပေးမယ်”

“လာတတ်လို့လား”

“တတ်ပြီ၊ ဦးလေးမျိုးကြီးကိုယ်တိုင် ခေါ်ပြီး လမ်းပြထား





တယ်၊ အရေးကြုံရင် လတ်ရဲ့အိပ်ခန်းကို အရောက်ဝင်တဲ့နည်းတောင် စီစဉ်ထားပြီးပြီ”

“ဟင် ဘယ်လို စီစဉ်ထားသလဲ”

“ဟိုတစ်နေ့ညတုန်းက ဦးလေးမျိုးကြီးနဲ့အတူ ပိန္နဲပင်ကနေ မြို့ထဲကိုခိုးဆင်းတယ်။ သရက်ပင်ကြီးကနေ လတ်တို့အိမ်ခေါင်ပေါ် တက်ကြတယ်။ လတ်အိပ်ခန်းရှိတဲ့ အဆောင်ဘက်ကို ချွတ်နင်းပြီးလာခဲ့ကြတယ်။ အိမ်မိုး တံစက်မြိတ်ကနေ ကြိုးနဲ့ တွဲလောင်းခိုဆင်းရင် လတ်အိပ်ခန်းက ပြတင်းပေါက်ကို ရောက်တယ်၊ လတ် ပြတင်းပေါက်ဖွင့်ထားရင် ဝင်လို့ရပြီ”

“ဒါဆို အဲဒီညက လတ်အခန်းကို ဝင်ကြည့်သေးသလား ရဲလိုက်တာ ကြောက်လာပြီ”

“မိုးတွင်းမို့ လတ်က ပြတင်းတံခါးပိတ်ထားတယ်လေ၊ လိုက်ကာ ချထားပေမယ့် ကြားကနေ အသာကြည့်ရင် မှန်ကိုဖြတ်ပြီး လတ်အိပ်ရာဆီကို မြင်ရတယ်”

“တော်သေးရဲ့ လတ်က မိုးအေးလို့ လွှာစောင်လွှမ်းထားလို့”

“ဒါပေမဲ့ လုံးရိပ်သဏ္ဍာန်က အနိမ့်အမြင့်အဝန်းအမောက်နဲ့ အိပ်နေပုံလေးက အချိုးကျလှပလို့နေတယ်၊ ဟိုတဏှာရူးကြီး ဒါကြောင့် မနေနိုင်ဘဲ ဖြစ်ရတာ”

“တော်စမ်းပါ တိတ် လျှောက်မပြောနဲ့ အခန်းထဲက မှောင်

နေတာ မမြင်နိုင်ပါဘူး”

“တံခါးဖွင့်ပေးလေ ဒီညလာခဲ့မယ်”

“ဟင် ကြောက်ပါတယ် ဆိုမှ”

“လာခဲ့မယ် တကယ်လာခဲ့မယ်၊ ရိုဟာဆယ်အစမ်းလေ့ကျင့်ထားဖို့ လိုတယ်လေ၊ ခုဆို ဆယ်ရက်ပြည့်တော့မယ် ဟိုလူကြီး အချိန်မရွေး လတ်အခန်းထဲ ဝင်လာနိုင်တယ်။ ကိုဇော်တို့ သူ့ကို လိုက်ရတာ မလွယ်လှဘူး၊ လိုက်လေဝေးလေဖြစ်နေတုန်းပဲ။ ဒီတော့ တစ်နည်း တိုင်ပင်ထားကြတာရှိတယ်”

“ပြောပါဦး၊ လတ်ကလည်း တစ်ခုခု အကာအကွယ်လုပ်ပေးပါလားလို့ ပြောမလို့ခေါ်တာ”

“ဟုတ်တယ် လတ်ကို အကာအကွယ်ပေးဖို့ဆိုတာ ကိုဇော် ကိုယ်တိုင် လတ် အရေးကြုံရင် ဘေးမှာ အနီးကပ်ရှိနေဖို့လိုတယ် လေ”

“အင်း ကိုယ်ရံတော်ဆိုတာ မင်းသားမဟုတ်ဘူး၊ တပ်မှူး တစ်ယောက်ကို ခန့်ရတာလို့ ကြားဖူးပါတယ်၊ မင်းသားက မင်းသမီးအိပ်ခန်းကိုလာပြီး အိပ်ဖန်စောင့်ရိုးမရှိဘူး ကိုဇော်ရဲ့”

“ဟဲ..ဟဲ.. အိပ်ဖန်စောင့်မှာမဟုတ်ဘူး၊ ဖက်အိပ်ပြီးကိုယ်ငွေ့ပေးမှာ”

“တော်ပါ အရေးထဲ ကဲချင်တဲ့စိတ်က မွေးလိုက်သေး”





“အလကားနောက်တာပါ ကိုဇော်ဟာ ယောကျ်ားကောင်း တစ်ယောက်ပါ။ ယုံတယ်မဟုတ်လား။ လတ်ကိုချစ်တာ နှာဘူးကြီးလို ရာဂသောင်းကျန်းဖို့ မဟုတ်ပါဘူးနော်”

“ယုံချင်ပါတယ် ကိုဇော်ရယ်”

“ယုံချင်ဖို့ဆိုတာ လက်တွေ့စမ်းကြည့်စစ်ဆေးရတယ်၊ ဒီည ရိုဟာဆယ်အဖြစ်လာခဲ့မယ်၊ တံခါး အဲလေ ပြတင်းပေါက်တံခါး ဖွင့်ပေးထား”

“မိုးတွင်းကြီး ဖွင့်ထားလို့ သူများက တစ်မျိုးထင်မှာပေါ့”

“ကန့်လန့်မထိုးနဲ့ စေ့ထား”

“လေတိုက်လို့ အိပ်နေတုန်း ပွင့်သွားမှဖြင့်”

“များလိုက်တဲ့ဆင်ခြေ၊ ဒါဆို ပိတ်ထား၊ ကိုဇော်ရောက်ရင် အချက်ပေးပြီး [illegible]ဘာဒီလို တံခါးခေါက်မယ်”

“အို [illegible]များသိကုန် ကြားကုန်မှာပေါ့ မပူပါနဲ့ ကိုဇော်ရယ် ကိုဇော်ရောက်လာနိုင်ပါ့မလားဆိုပြီး သေလုအောင် စိတ်ပူနေမယ့် လတ်က အိပ်ပျော်မယ်ထင်သလား၊ ရင်ကိုမပြီး မျက်လုံးပြူး စောင့် ကြည့်နေရမှာရယ် လာသာလာခဲ့ပါကိုဇော်”

“ကောင်းပြီ ဘာမှမပူနဲ့ ဒီလမ်းကို ကျွမ်းအောင် မဟူရာ စံအိမ်ကြီးရဲ့ အိမ်မွေးခြံပေါက် ဦးလေးမျိုးကြီးကိုယ်တိုင် အကောင်းဆုံးနေရာက လမ်းပြခေါ်ပို့ထားတာ အီးဖီးပဲမှတ်”

သို့ဖြင့် အသေးစိတ်ညှိနှိုင်းကြပြီးနောက် ချစ်သူနှစ်ဦးအနမ်း မိုးတွေ ရွာသွန်းဖြိုးပြီး မခွဲချင်မခွာရက်ရက်နှင့် ခွဲခွာခဲ့ကြလေတော့၏။

ညသည် မှောင်နေ၏။ မိုးည၏ ကောင်းကင်ယံဝယ် တိမ်များ ဖုံးခြုံနေ၏။ လမသာ ကြယ်ရောင်မလက် ပိန်းပိတ်ပိတ် မှောင်နေသည်။ မိုးသည် နေ့ခင်းက အားရအောင်ရွာပြီး၍ထင် ညတွင် အနားယူနေသည်။

မဟူရာစံအိမ်ကြီး၏ မြောက်ဘက်ဆောင်အပေါ်တွင် အပျိုဆောင်များရှိသည်။ တင်တင်အိ နေခဲ့ဖူးပြီ၊ ယခု တင်တင်လတ် နေသော အိပ်ခန်းကြီးသည် ခေတ်မီတောက်ပသော ပရိဘောဂ သစ်များနှင့် မွမ်းမံတည်ခင်းထားသော်လည်း ချောက်ချားဖွယ် အခန်းတစ်ခန်း ဖြစ်ခဲ့သည်။

သရဲခြောက်သောအခန်းဖြစ်ခဲ့သည်။ မကြာခင်ကမှ ပယောဂဆရာကြီးက နိုင်နင်းစွာ ချွတ်ခွာထုတ်ပယ်နိုင်ပြီးဖြစ်၍ ယခင်က လို ချိုးချိုးချွတ်ချွတ် ဂျိုးဂျိုးဂျွတ်ဂျွတ်အသံဗလံများ ထိုအခန်းက ထွက်ပေါ်မလာတော့။ စကားပြောသံလိုလို ညည်းသံလိုလို တွတ်ထိုးသံတွေလည်း ထွက်ပေါ်မလာတော့။

ဤသို့သော အသံဗလံများ ထွက်ပေါ်လာခြင်းရှိမရှိ အိမ်သားများက တင်တင်အိ ကျွတ်လွတ်သွားပြီဆိုသော ရှမ်းဆရာ





လာလုပ်ပေးသည့်နေ့၏ နောက်ပိုင်း နှစ်ရက် သုံးရက်လောက်သာ စိတ်ဝင်တစား အကဲခတ်လေ့လာကြသည်။ ကြာသော် စိတ်ချသွားကြသည်။

သို့သော် စိတ်မချနိုင်သေး၍လား ပို၍စိတ်ဝင်စား၍လား တစ်ဦးကတော့ အနီးကပ်အကဲခတ်ဆဲ ဖြစ်သည်။ ထိုသူကား အကြံသမား ဦးစိန်တိုး။

သူသည် ညဥ့်နက်သန်းခေါင် အခြားအိမ်သားများ အိပ်မောကျနချိန်ကိုစောင့်၍ ကုတ်ချောင်းကုတ်ချောင်းနှင့် မြောက်ဘက် အပျိုဆောင်ကို တိတ်တဆိတ်ကူးခဲ့သည်မှာ အကြိမ်ပေါင်းမနည်းတော့။ တင်တင်လတ်အိပ်ခန်းအနီးသို့ရောက်တိုင်း ခြေလှမ်းကို နှေးပစ်သည်။ ဖွနင်း၍ အခန်းတံခါးရှေ့တွင် အသာရပ်သည်။ အထဲမှအသံကို နားစွင့်သည်။ အတော်ကြာကြာ နားစွင့်သည်။ ဘာသံမျှမကြားရကြောင်းသေချာမှ အသာကလေး လှည့်ပြန်ခဲ့သည်။

ယနေ့ညလည်း ဦးစိန်တိုး တိတ်တဆိတ်နှင့်ပင် တင်တင်လတ် အခန်းတံခါးရှေ့သို့ ရောက်နေသည်။ အချိန်ကား ည တစ်ချက်တီး။ သူတံခါးရွက်ကို ကပ်၍ နားစွင့်သည်။ အထဲမှာ ဘာသံမျှ မကြားရ။

ဒီနေ့ည ဦးစိန်တိုးအနည်းငယ်ပို၍ အတင့်ရဲလာသည်။ အခန်း

တံခါးသည် တော်တော်လုံအောင် လုပ်ထားကြောင်း ဦးစိန်တိုး အသိဆုံး။ အပြင်က ကပ်၍နားထောင်ပါက တော်ရုံတန်ရုံအသံကို မကြားနိုင်။

တံခါးသော့ကို အသာဖွင့် တံခါးကို အသာကလေးဟ စပါး တစ်ထောက်လောက်ကလေး ဖြည်းဖြည်းဟ၊ ဤသို့ဟပြီး နား ထောင်လျှင်တော့ အတွင်းမှအသံကို ပို၍ကြားနိုင်မည်။ ချောင်း ကြည့်လျှင်လည်း သိပ်မမှော်င်ပါက အထဲမှ လှုပ်ရှားမှုဝိုးတဝါးကို မြင်ဦးမည်။ မီးလုံးကလေး ဘာကလေး ဖွင့်ထားလျှင်တော့ ကောင်းကောင်းမြင်ရမည်။ သို့သော် သူ တံခါးအသာဟသည်ကို အထဲကလည်း ပြန်မြင်နိုင်မည်။

မဖြစ်သေးပါဘူး။ ဘာမှကြိုတင်ပြင်ဆင်မှုမရှိဘဲ စိတ်အလို လိုက်ပြီး တံခါးဖွင့်အကဲခတ်ပါက တင်တင်လတ် ရိပ်မိသွားလျှင် အဆင် ပြေချင်မှ ပြေမည်။ ပို၍စည်းရုံးလိုက်ဦးမည်။

ထိုသို့တွေးတောနေစဉ် တင်တင်လတ်အခန်းထဲက တိုးတိတ် ညင်သာသည့် အသံလိုလို ဘာလိုလို ထွက်လာသည်။

"ဘာသံလဲ"

ဦးစိန်တိုး သိချင်သည်။ အတော့်ကို သိချင်လာသည်။

"ခြေသံလိုလိုပဲ"

ဦးစိန်တိုး ထင်ကြေးပေးနေသည်။





"ခြေသံ ဟုတ်မယ်ထင်ပါရဲ့၊ တင်တင်လတ် ဒီကောင်မလေး ဒီအချိန်ကြီးတောင် မအိပ်သေးဘဲ အခန်းထဲမှာ လမ်းသလားနေ တုန်းပဲလား။ အိုး... ဟိုကောင်မ တင်တင်အိ တကယ်မှကျွတ်ရဲ့ လား။ ပြန်လာပြီး ဒီအခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း သူ့ညီမကို စောင့်နေပြန်ပြီလား၊ မှန်းစမ်း သေချာနားထောင်၊ ဟုတ်တယ် အထဲက ခြေသံပဲ၊ ရပ်သွားပြီ၊ ဟော ပြန်ပေါ်လာပြီ။ ခြေသံက တစ်ယောက်တည်း လျှောက်တဲ့ခြေသံမှဟုတ်ရဲ့လား။ နည်းနည်းများတယ် နှစ်ယောက်လျှောက်တဲ့ခြေသံ အဲ တိတ်သွား ပြီ"

ဦးစိန်တိုးအသေအချာနားစွင့်နေ၍ တော်တော်ကိုကြာခဲ့သည်။ သူ တံခါးကို ဖွင့်ကြည့်ချင်လာသည်။ ပုဆိုးခါးတွင် ချိတ်လာသည့် သော့တွဲကို ဆွဲထုတ်သည်။ တင်တင်လတ် အခန်းသော့ကို စမ်း သည်။ လေ့ကျင့်ထားသည့်အလား ခဏချင်းထိုအခန်းသော့ကို လက်မနှင့် လက်ညှိုးကြား ိုင်မိပြီး သော့ပေါက်ကိုစမ်းသည်။ သော့ကို ထိုးသွင်းမည်အလုပ် သူ တစ်ခုတွေးမိသည်။

"နေဦး ဟိုအငယ်မ တင်တင်လေးများခေါ်ပြီး အဖော်လာ ိပ်သလားမှမသိတာ၊ အရမ်းသွားဖွင့်ရင် နှစ်ယောက်နဲ့ ပက်ပင်း တိုးမှ ေ ာက်ပေါက်"

သူ သော့ချောင်းကလေးကိုင်လျက် စဉ်းစားနေသည်။

"ဟာ အငယ်မက အိပ်ပုပ်ကြီးတယ်၊ ပြီးတော့ အရင်ကတည်းက သူ့အစ်မတွေအခန်း လာအိပ်လေ့မရှိဘူး၊ ဒါဆို ဘယ်သူလဲ ဖွင့်ကြည့်ရင် ကောင်းမယ်ထင်တယ်"

ဦးစိန်တိုး သော့ကို သော့ပေါက်ထဲ အသာထိုးထည့်သည်၊ ထိုစဉ် သူ့ခေါင်းထဲ အတွေးတစ်ခုဝင်လာပြန်သည်။

"ဟာ တံခါးကိုအဟ အထဲက တင်တင်အိမျက်နှာကြီးနဲ့ ဘွားခနဲတိုးမှဖြင့် အမယ်လေး ပါးစပ်ထဲက သွေးတွေပွက်ပြီး လူကို လာစဉ်မှဖြင့် ဗုဒ္ဓေါ၊ ဒီတစ်ခါ လူကို သွေးတွေနဲ့ပေနေတဲ့ သွားကြီးဖြဲပြီး ကုပ်ပိုးလာကိုက်မှဖြင့် ဒုက္ခော"

ဦးစိန်တိုး တွန့်သွားသည်။ ချောက်ချားသွားသည်။ ကြောက်သွားသည်။ သော့ကလေး အသာပြန်နုတ်သည်။

"နေနေ ရဲဆေးအဖြစ် ဝီစကီနှစ်ပက်သုံးပက်မော့ပြီးမှ နောက်တစ်ခါလာခဲ့မယ်"

ဟု ကြောက်ကြောက်နှင့် ဆင်ခြေပေးပြီး ခပ်သွက်သွက်ကလေး သုတ်ခြေတင် ထွက်ခွာပြေးလေ၏။

"ဟင် အပြင်က ခြေသံကြားသလိုလိုပဲ ကိုဇော်"

တင်တင်လတ်က သူ့ကိုပွေ့ဖက်ထားသည့် တင်မောင်ဇော်ကို တိုးတိုးကလေးပြောသည်။

"ဟုတ်လား၊ ဒီအချိန်ကြီး ဒီလိုပဲ အခန်းပြင်မှာ လူသွား





လူလာ ရှိတတ်လို့လား"

"သာမန်အားဖြင့် မရှိဘူး"

"ဒါဆို ထူးခြားတာပေါ့"

"ဟုတ်မယ်ထင်တယ်၊ ဟိုလူကြီးများ လာချောင်းနေသလားမသိ ရှူး…ရှူး"

တင်တင်လတ်က သူ့လက်ညှိုးကို ရှေ့ထောင်၍ လေမှုတ်ပြောသည်။

"တိတ်တိတ်နေ"

နှစ်ယောက်သား တင်းတင်းဖက်၍ ငြိမ်နေကြသည်။ တင်တင်လတ် ခုတင်ရှေ့ဘွင် ရပ်လျက်သားဖက်၍ မလှုပ်ရဲကြ။

တစ်ယောက်၏အသက်ရှူသံပင် တစ်ယောက်က ကြားရုံမက လေပူနွေးနွေးလေးတွေက တင်တင်လတ်ကုပ်နှင့် နားနောက်ကို ကပ်၍တိုးနေသလို တင်မောင်ဇော် ရင်ဘတ်ကြယ်သီးကြားနေရင်ညွန့်ဆီသို့ နွေးကာ နွေးကာ တိုးဝင်နေသည်။

ရင်ချင်းဖိကပ်ထား၍ထင် ရင်ခုန်သံ ဒုန်း ဒုတ်၊ ဒုန်း ဒုတ်ဟု၍ ကြားသိနေရသေး။

"ကြားသေးလား"

တင်မောင်ဇော်က ငုံ၍လေသံနှင့်မေးသည်။

"အင်း မကြားတော့ဘူး"

တင်တင်လတ်က ခေါင်းကလေးမော့၍ဖြေသည်။ အငုံ့နှင့် အမော့ဆိုတော့ နှုတ်ခမ်းချင်းက ထိလုနီးပါးကပ်။ တင်မောင်ဇော် အနည်းငယ်ပိုအငုံ့ တင်တင်လတ် နည်းနည်းလေးပိုမော့ရုံ။ နှုတ်ခမ်းချင်းထိကပ်၍ ငြိမ်သက်ငုံခဲထားကြသည်။

တိတ်လို့ ဆိတ်လို့ ဘာသံဆို ဘာသံမျှ ထွက်မလာတော့။ တိတ်ဆိတ်ခြင်းသည် မကောင်းမှုကို အားပေးတတ်သည်။ ဆိတ်ကွယ်ရာသည် မဟုတ်တာကို လုပ်ချင်အောင် တိုက်တွန်းတတ်သည်။ အမှောင်သည် လူကွယ်ရာတွင် လုပ်တတ်သည့် မဟုတ်မဟာပ်ကိစ္စကို တွန်းပို့တတ်သည်။

ချစ်သူနှစ်ယောက် တိတ်ဆိတ်ငြိမ်သက်သည့် ဆိတ်ကွယ်ရာ အမှောင်ထုတွင် ချိန်းတွေ့ကြသော် နီးကပ်မှုနှင့် အတွေ့အထိ၏အာရုံကို ကာမဂုဏ်ဘက်ဆီသို့ မွေ့ရောက်နိုင်တတ်သည်။

ယခု တင်မောင်ဇော်နှင့် တင်တင်လတ် ဖောဋ္ဌဗ္ဗအာရုံကြောတွင် ခဏမျောပါသွားကြသည်။ သူတို့ ဘယ်အထိ မျှောပါသွားမည်နည်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအောက်တွင် ကြီးပြင်းလာ၍ လူမှုစရိုက်ကောင်းသည့် လူ့စည်းကမ်း နားလည်သူများဆိုပါက ချစ်သူရည်းစားဘဝတွင် လွန်လွန်ကျူးကျူးဖြစ်အောင် ကာမဂုဏ်အာရုံနောက်ကို ကောက်ကောက်ပါအောင်





လိုက်ခြင်းသည် စိတ်ဓာတ်ကြံ့ခိုင်သူမဟုတ်။ လူကောင်းသူကောင်းမဟုတ်၊ ပျော့ညံ့သူသာဖြစ်သည်။ ငယ်ရွယ်စဉ်ကပင် လူပျော့လူညံ့ဖြစ်ပါက ထိုလူမျိုးသည် ပတ်ဝန်းကျင်ကို ရှုပ်ထွေးစေသည်၊ လူမှုရေးအသိုင်းအဝိုင်းကို ထိခိုက်စေသည်။ အေးချမ်းသာယာရေးကို ကောင်းကျိုးပေးသူများ ဖြစ်မလာနိုင်။

တင်မောင်ဇော်ကဲ့သို့ မိဘအုပ်ထိန်းသူများ၏ စရိုက်ကောင်းသည့် မျိုးရိုး၊ အနာဂတ်တိုင်းပြည်အတွက် ကောင်းကျိုးပြုနိုင်မည့်ဗီဇရှိသူသည် အမှားအမှန်ကို ဝေဖန်ပိုင်းခြားတတ်သူ။ မိမိတို့၏ စိတ်မထိန်းနိုင်မှုကြောင့် မိဘများ မျက်နှာပျက် မျက်နှာငယ်အောင် လုပ်မည့်သူမဟုတ်သည့်အတွက် သူ့မိသားစု ပြဿနာပေါ်မည့်ကိစ္စကို ရှောင်ကြဉ်နိုင်စွမ်းရှိသည်။

တင်မောင်ဇော်သည် တင်တင်လတ်ကို အသာကလေးခွာလိုက်သည်။

“လတ်ကို သိပ်ချစ်တယ်ကွယ်”

“ဟင်း… ဟင်း လတ်ကလည်း သိပ်ချစ်ပါတယ် ကိုဇော်ရယ်”

တင်တင်လတ်က ပြန်ဖက်လိုက်ပြန်သည်။

“ကိုယ်တို့အချစ်ဟာ တန်ဖိုးကြီးတဲ့ အချစ်ဆိုတာ လတ် ယုံပါတယ်နော်”

တင်မောင်ဇော်က တင်တင်လတ် ပါးကလေးကိုပွတ်၍ ပြောပြီး တင်တင်လတ် လက်ထဲမှလျှောထွက်ကာ နောက်သို့ တစ်လှမ်းဆုတ်လိုက်သည်။

"အခု ကိုဇော်တို့ရဲ့ ရီဟာဇယ် အောင်မြင်ပါပြီ။ ကိုဇော် အခုလို လတ်ရဲ့အိပ်ခန်းထဲ ရောက်အောင်လာပြီး လတ်ကြုံတွေ့ရမယ့် အန္တရာယ်ကို ကာကွယ်နိုင်ပြီ"

"ဟုတ်တယ် ကိုဇော်က တကယ့်ကို အစွမ်းထက်တာပဲ"

"ခုလိုသိပြီး ချီးကျူးတာကို ကျေနပ်လှပြီ၊ ကိုင်း ကိုဇော်သွားတော့မယ်နော် အချစ်"

တင်မောင်ဇော်က တင်တင်လတ်ကို တစ်ချက်သာ နှုတ်ဆက်အနမ်းကလေးပေး၍ ပြတင်းဆီသို့ ခြေဖွပြီးသွားလေသည်။ တင်တင်လတ် ငူငူကလေးရပ်၍ ကျန်ခဲ့စဉ် တင်မောင်ဇော် ပြတင်းပေါင်ကိုတက်ကာ တွဲလောင်းကျနေသည့် အုန်းဆံကြိုးတုပ်တုပ်ကို တွဲလောင်းခိုကာ မျောက်တစ်ကောင်လို တက်သွား၏။ ခဏကြာသော် တွဲလောင်းကြိုးသည် အပေါ်သို့ တက်သွားပြီး ပျောက်ကွယ်သွားလေသည်။

ခေါင်မိုးထက်ကို နားစွင့်နေသည့် တင်တင်လတ် ခြေသံကောင်းကောင်းမကြားရ။ ဤနည်းဖြင့် သူချစ်သူကိုဇော် ပျောက်ကွယ်သွားလေ၏။





နောက်နေ့နံနက် လင်းဦးစာစားစဉ် ဦးစိန်တိုးက ပဲပြုတ်ပန်းကန် လာချပေးသည့် တင်တင်လတ်ကို မသိမသာ အကဲခတ်သည်။ မျက်နှာလေးက ကြည်လို့၊ စင်လို့၊ ဝင်းလို့၊ ပလို့။

ယခင်က တင်တင်အိ ဝင်ပူးစဉ်ကဆို သူ့မျက်နှာသည် မာကျောကျော မျက်နှာသေကြီးနှင့်။ ဦးစိန်တိုး အသာခိုးကြည့်သည်ကိုပင် မျက်ထောင့်နီကြီးနှင့် မုန်းတီးသော အရိပ်အငွေ့များပါသောအကြည့်နှင့် ပြန်ကြည့်တတ်သည်။ ဤမျက်နှာသေကြီးကို ဦးစိန်တိုး ကောင်းကောင်းတွေ့ခဲ့ဖူးပြီပဲ၊ ယခု ဤသို့မဟုတ်တော့။

ဒါဆို မနေ့ညက တင်တင်လတ် အခန်းက ခြေသံလိုလိုဘာလိုလိုဟာ သူရဲတစ္ဆေတော့ မဖြစ်တာ သေချာပြီ။ ဟိုအငယ်မတင်တင်လေးကို အကဲခတ်ပြန်တော့ ဘာမျှမထူးခြား၊ ပိုနေမြဲကျားနေမြဲ ကိုယ့်အိပ်ရာကကိုယ် ပုံမှန်အတိုင်း ထလာသည့်အချိုး။

"အင်း ဒီညတော့ ဒီအငယ်မလေး အခန်းကို အရင်အကဲခတ်ရမယ်၊ နည်းနည်း အချိန်ပေးလေ့လာရမယ် အပိုင်ကြည့်ရမယ်"

စသဖြင့် ဦးစိန်တိုး ကြိတ်ကြံနေလေသည်။

ဦးစိန်တိုးက တင်တင်လတ်ကို ပို၍ အလေးပေးကာ ဆက်

ဆံပုံ အကဲစမ်းပုံ သူ့မျက်လုံးထဲမှာ ဆင်ကြံကြံနေပုံများကို ကြံ့ဖွံ့ခဲ့သည့် တင်တင်လတ် သိနေ၏။ ထို့ကြောင့် ကျောင်းကိုရောက်သော် တင်မောင်ဇော်ကို အခြေအနေမဟန်ပုံကို ပြောပြအသိပေးလိုက်သည်။

တင်မောင်ဇော်လည်း မျိုးကြီး၊ ကပ္ပိယအောင်စိုး၊ ဖေတင်မောင်နှင့် သူ့အစ်ကို စုံထောက်အရာရှိ တင်မောင်ဆင့်ကို အသိပေးရသည်။

"ဒါဆို ဒီလိုလုပ်ကြစို့"

စုံထောက်အရာရှိ ဦးတင်မောင်ဆင့်က သူ့အကြံကို ထုတ်ပြောသည်။

"ဒီလူကြီးရဲ့ လူသတ်မှုကို လိုက်ရတာ နည်းနည်းခက်တယ်၊ ကြာနိုင်တယ်၊ ဒီလူကြီးက လက်တံတွေဖြန့်ပြီး စီမံကွပ်ကဲပုံ ကျွမ်းတဲ့သဘောရှိတယ်။ ဒါကြောင့် သူ့ကို သူ့တပည့်တွေနဲ့ အဆက်ပြတ်အောင်နဲ့ ဆက်ပြီး အစဉ်တစိုက် ထိန်းကွပ်မနေနိုင်အောင် လုပ်ရမယ်။ ဒီလူကြီးဟာ တော်တော်လက်မြန်တယ်။ တင်တင်လတ်ကို သူ လက်ဦးမှုယူပြီး အပိုင်ကြံမိသွားမှဖြင့် ကျွန်တော်တို့ မအုပ်မိခင် ပါသွားနိုင်တယ်"

"ဒါဆို ဘယ်လိုလုပ်မှာလဲ အစ်ကို"

"ငါ့ညီလည်း တော်တော်စိတ်ပူမှာပဲ။ အစ်ကိုတို့က လက်ဦး





မှု ယူကြစို့။ ခုထိ သူ့လက်ဦးမှုယူတာချည်း ခံနေတော့ မဟုတ်သေးဘူး၊ ကျွန်တော်တို့က အကွက်ဆင်ပြီး လက်ဦးမှုယူကြစို့။ သူ့ကို အချုပ်ထဲ အရင်ဖမ်းထည့်နိုင်အောင် အရင်လုပ်ရမယ် သဘောတူကြလား"

"သိပ်ကောင်းတဲ့အကြံပဲ၊ ဘယ်လို ဘာလုပ်မှာလဲ ဆရာ စုံထောက်ကြီးရာ"

မျိုးကြီးက ရိုးရိုးပင်မေးသည်။

"ဒါကတော့ ဒီလိုပါ"

ရဲစုံထောက်အရာရှိ ဦးတင်မောင်ဆင့်က သူလုပ်မည့် အစီအစဉ်များကို အားလုံးသဘောပေါက်အောင် ရှင်းပြလိုက်သည်။ အဆုံးသော် တင်မောင်ဇော်က မေး၏။

"ဒါဆို တင်တင်လတ်အပေါ် အများကြီးမူတည်တာပေါ့ အစ်ကို"

"အေး သူ့စွမ်းဆောင်ရည်ကောင်းရင် ကောင်းသလောက် မြန်မြန်ဖြစ်နိုင်တယ်"

"အင်း လတ်ဟာလည်း နှယ်နှယ်ရရတော့မဟုတ်ဘူးလို့ ကျွန်တော်ထင်ပါတယ်၊ ဖြစ်မှာပါ ဒီကိစ္စ"

"အေးပေါ့ ကိုယ့်ချစ်သူပဲ ကိုယ်အသိဆုံးပေါ့ဗျာ"

ဖေတင်မောင်က မှတ်ချက်ပေး၍ သူတို့အကြံအစည် ဆွေး

နွေးပွဲကို အဆုံးသတ်လိုက်ကြသည်။

ထိုညတွင် ဖြစ်သည်။ ညသန်းခေါင်ကျော်တွင် တင်တင်လတ် အခန်းတံခါးရှေ့ လူရိပ်တစ်ခုကပ်လာသည်။ သော့ပေါက်ထဲသို့ သော့ထည့်ကာ အသာလှည့်ဖွင့်သည်။ တိတ်ဆိတ်နေ၍ သော့လှည့်ဖွင့်သံသဲ့သဲ့ကို အိပ်မပျော်သော တင်တင်လတ် ကြားလိုက်သည်။

"ဟိုက် ဒီတဏှာရူးကြီး အလွန်စိတ်မြန်ပါလား"

တင်တင်လတ် လန့်သွားသည်။ ဤမျှလောက် မြန်လိမ့်မည်မထင်၊ မနေ့ညက လာချောင်းသည်၊ ဒီမနက် အကဲခတ်သည်။ ဟန်မည်ထင်တော့ ဒီညမှာပင် ဝင်လာသည်။ တင်တင်လတ်ရော သူ့ချစ်သူ တင်မောင်ဇော်တို့ပါ ဤမျှလောက် မြန်လိမ့်မည်ဟု မထင်ရိုးအမှန်။

"ဟော တံခါးကို အသာဖွင့်ပြီ"

"ကျွီ...ကျွီ...ကျွီ"

မြည်သံတိုးတိုးကလေးသည် တင်တင်လတ်အခန်းတံခါးကို ဖွင့်ပိတ်တိုင်း မြည်နေကျ တိုးညှင်းသောအသံကလေးပေပဲ။ ကြားနေကြပေပဲ။

အရေးကြုံလျှင် လုပ်ဆောင်ရန် ကိုဇော်တို့ ကြိုတင်စီစဉ်မှာကြားထားသည့် အချက်ကိုသာ အားကိုးရပေတော့မည်ဟု တင်





တင်လတ် စဉ်းစား၍ အားတင်းလိုက်သည်။ ပက်လက်အိပ်လျက် အတိုင်း မလှုပ်ရဲဘဲ တောင့်တောင့်ကလေးပေအိပ်နေရသည်။

လာပါပြီ ချွတ်နင်း၍ လာပါပြီ။ စားနေကျကြောင်ပါးကားအကွက်သိစွာ ရှေ့သို့တိုး၍ တိုး၍ လာပါပြီ။ ပိတ်ခြင်ထောင်ကို လှန်၍တင်ပါပြီ။ ခုတင်ဘေး မားမားရပ်ပါပြီ။ အရက်စော်ကလည်း ဟောင်ခနဲထွက်သေး။ အသက်ရှူသံကြီးကလည်း ခါတိုင်းလို ပြင်းသေး။

"ရွှီး"

လေထဲတွင် ဆံပင်ဖားလျားနှင့် ခေါင်းပြတ်ကြီးတစ်ခု ဦးစိန်တိုး လက်ယာဘက်မှ ပျံ၍လွင့်လာသည်။ ဦးစိန်တိုး လက်ယာဘက်ပခုံးအနီးသို့ ကပ်လာသည်။ နှစ်ပေအကွာ အိပ်နေသည့် တင်တင်လတ် ခါင်းရင်းတွင်ရပ်ပြီး ပျောက်ကွယ်သွားသည်။

လန့်၍ကြောင်ကြည့်နေသော ဦးစိန်တိုးသည် ခပ်မှောင်မှောင်ထဲတွင် ရုတ်တရက် ကပ်လာသည့် ဆံပင်ဖားလျားနှင့် မိန်းမဦးခေါင်းကြီးကြောင့် လန့်အသွား ဖျတ်ဆိုပျောက်သွား၍ တော်သေး၏ဟု တွေးဆဲ ဆန့်ဆန့်ကလေး ပက်လက်အိပ်နေသည့် တင်တင်လတ် ငေါက်ခနဲ ထထိုင်သည်။ ခြေဆင်းလျက်ထိုင်သည်။ မျက်နှာသေကြီး နှင့် ဦးစိန်တိုးကို စိုက်ကြည့်သည်။

"ဟိတ် တင်တင်လတ် ဘာ..ဘာဖြစ်နေတာလဲကွယ့်"

ဦးစိန်တိုးက အရဲစွန့်လေသံနှင့်မေးသည်။

"အိုး..ဟိုး..ဟိုး"

ဦးစိန်တိုး တင်တင်လတ်ထံမှ ထွက်လာသည့် မှုမမှန်သော အသံကြောင့် အံ့အားသင့်သွားသည်။

"ဒါ..ဒါက ဘာ..ဘာဖြစ်တာလဲ တင်တင်အိ မဟုတ်ပါဘူး၊ အိက ကျွတ်သွားပြီပဲ"

"ဟိဟိ ခစ် ခစ် ခစ်"

တင်တင်လတ်က မဲ့မဲ့ကြီးရယ်လိုက်သည်။

"ဟုတ်တယ်လေ အဲဒီကောင်မကို ငါမောင်းထုတ်လိုက်တာလေ မမှတ်မိဘူးလား"

အသံစူးစူး အစ်အစ်နှင့် မိန်းမကြီးတစ်ဦး၏ ကြောက်မက်ဖွယ်အသံ တင်တင်လတ်ထံမှ ထွက်လာသည်။ ဦးစိန်တိုး မျက်ခုံးရှုံ့သွား၏။

"မေ့သွားပြီလား ဟား...ဟား ငါ မယ်...မယ်နန္ဒီလေ"

"မယ်နန္ဒီ ဟုတ်လား"

"အေးလေ ဆရာဏ္ဏနှက ခေါ်ထားတဲ့ မယ်နန္ဒီလေ"

"ဟာ"

ဦးစိန်တိုး လန့်ပြီး နောက်တစ်လှမ်းဆုတ်သွားသည်။

"ဟား..ဟား ငါက ကဝေမ ချီးစားစုန်းမဟုတ်ဘူး ဘာမှတ်





လို့လဲ"

ဦးစိန်တိုး မှုန်၍ကြည့်နေသည်။ အရေးထဲ ဒီဟာမကြီးက ဝင်ရှုပ်လိုက်သေးဟု တွေးနေ၏။

"ဘာလဲ ငါက ကုပ်သွေးစုတ်တဲ့ဖုတ်ဖြစ်နေပြီ၊ ယောကျ်ားသားရဲ့သွေးမှ စုပ်ချင်တာ အိုး"

ဦးစိန်တိုး ရဲဆေးတင်လိုက်သည်။

"တော်စမ်း ကဝေမ ထွက်သွားစမ်း၊ ဒါ ငါ့အိမ် မကျူးကျော်နဲ့ အိမ်တွင်းနတ်ရှိတယ်"

တင်တင်လတ် တောင့်တောင့်ကြီးငြိမ်သွား၏။ မျက်လုံး ပုတ်ခတ်ပုတ်ခတ် ဖြစ်သွား၏။ ခဏငြိမ်သွားခိုက် ဦးစိန်တိုး စဉ်းစားမိသည်။ ဒီကဝေမ စဉ်းစားရခက်နေပြီ ဖိပြောမှဟူ၍...

"ဟုတ်တယ် အိမ်တွင်းမင်းမဟာဂီရိကို နင် လွန်ဆန်နိုင်မယ် မှတ်သလား"

"အင်"

တင်တင်လတ် တွန့်သွား၏။ ချက်ချင်း ရဲဆေးတင်လိုက်သည်။

"ဟဲ့"

အသံကျယ်ကြီးနှင့် အော်ပစ်သည်။

ဦးစိန်တိုး တကယ်လန့်သွား၏။ အသံနက်ကြီးနှင့် စူးစူးဝါးဝါး

မို့ အခန်းပြင်ကလူတွေ ကြားကုန်နိုင်သည်။

“သယ် ငါ့ကို ရှမ်းဆရာက ဒီမှာနေဖို့ အပ်သွားတာ ဘယ်သူ တားရဲလို့လဲ သယ်..ဟယ်..ဟယ်”

လက်ညှိုးငေါက်ငေါက်ထိုး၍ တင်တင်လတ် မဲအော်လေသည်။ ဦးစိန်တိုး တော်တော်လည်းကြောက်သွားသည်။ အလွန်လည်း စိတ်ညစ်သွားသည်။ ခုလိုသံကုန်ပစ်နေမှတော့ အခန်းမည်မျှလုံလုံ တင်တင်လေးအခန်းမှ ကြားရော့မည်။ ဒေါ်တင်မေကြီးအခန်းမှပင် ကြားလောက်ပြီ။ လစ်မှ။

ဦးစိန်တိုး တံခါးဖွင့်၍ ထွက်ပြေးလေတော့၏။ သိသည်။ ဦးစိန်တိုး သိသည်။ ဒေါ်တင်မေကြီးတို့ ပြေးလာကြတော့မည်။ ထို့ကြောင့် သူသည် ဒေါ်တင်မေကြီးတို့လာမည့်ဘက်နှင့် ဆန့်ကျင်ဘက်ကို ပြေးလေ၏။ ဘေးလှေခါးတံခါးကိုဖွင့်၍ အောက်ထပ်တိုက်အိမ်ကြီး အပြင်ကို ဆင်းပြေးလေ၏။

တင်တင်လတ် ဟူးခနဲ သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်သည်။ သူ့ခမျာ ဇောချွေးများထွက်ကာ ချွေးသီးချွေးပေါက်များ တစ်မျက်နှာလုံး ပြည့်နေသည်။ တင်တင်လတ် တော်တော့်ကို ကြိုးစားလိုက်ရသည်။ ကြောက်ကြောက်နှင့် စွတ်လုပ်တော့ အသံရော ဟန်ရော ယုတ္တိတော်တော်ရှိသွားပုံရသည်။ ဟိုလူကြီးက နည်းသည့်သတ္တိမဟုတ် ဆင်ခြေကလည်း ပေးတတ်လိုက်





တာများ။

တော်သေး လူတွေကြားကုန်မည်စိုး၍ လစ်ပြေးရပုံပေါ်သည်။ ထိုစဉ် ဒေါ်တင်မေကြီးနှင့် တင်တင်လေးတို့ တံခါးခေါက်တံခါးဖွင့်၍ ပြေးဝင်လာကြသည်။

“သမီး... သမီးလတ်”

“ရှင်...ရှင်”

“ဟော မမလတ် ဘာဖြစ်တာလဲ ဟင်”

“ဘာ... ဘာမှမဖြစ်ပါဘူး”

“ဒါဖြင့် မမလတ်ရဲ့ ရူးရူးဝါးဝါးအော်တဲ့အသံကြားတယ် ဟုတ်ရဲ့လား”

“အင်း ဟုတ်မယ်ထင်တယ် ညီမလေး”

“ဘာလဲ ဟိုတဈာရှူးကြီး လာပြန်ပြီလား”

“မဟုတ်ဘူးထင်တယ်”

“ဘာရယ်”

“ဒီ...ဒီလိုပါ မေမေ၊ သမီးလေ သမီး..ဟို၊ ဟို အိပ်မက်ဆိုးကြီးမက်တယ်”

“အိပ်မယ်...ဟုတ်လား”

“ဟုတ်ကဲ့ မေမေ အိပ်မက်ထဲမှာလေ”

“ဘာလဲ သမီးအိ လာပြန်ပြီလား”

"မဟုတ်ပါဘူး ဟိုကဝေမကြီး လာတာပါ"

"ဘယ်ကဝေမကြီးလဲ မမလတ်"

"ဟိုလေ ရှမ်းဆရာတ္တနှက ပင့်လိုက်တဲ့ ကဝေမကြီးပေါ့ မှတ်မိလား ညီမလေး"

"သြော် အင်း၊ ဘာတဲ့ ဟိုကဝေမကြီး မယ်..."

ဆိုအခါ ဒေါ်တင်မေကြီးကဝင်ပြောသည်။

"ကဝေမ မယ်နန္ဒီလား ာမီးကို ဝင်ပူးတဲ့ မယ်နန္ဒီလား"

"ဟုတ်...ဟုတ်ကဲ့ သူလာတယ်လို့ အိပ်မက်မက်လို့ပါ မေမေ"

"ဒါ...ဒါဆို အိပ်မက်မှ ဟုတ်ရဲ့လား မဖြစ်နိုင်ဘူး၊ အိပ်မက် မဟုတ်ဘူး၊ ကဝေမကို သမီးမှာစီးဖို့ ဆရာကိုယ်တိုင် ပူးဝင်ခိုင်းခဲ့တာဆိုတော့ ကြုံရင်ကြုံသလို ဝင်နိုင်တယ်ထင်တယ် ဒုက္ခပဲ"

"အဲဒါမှ ဒုက္ခပဲ မေမေ"

သမီးငယ် တင်တင်လေးကပါ စိတ်ပူသွားပုံရသည်။

"အဲဒါဘာဖြစ်လဲ ကောင်းတာပေါ့ မေမေ"

"ဟေ ဘာကြောင့်ကောင်းရမှာလဲ"

"ဒီကဝေမကြီး သမီးနဲ့အတူ ရှိနေတော့ ဟိုနှာဘူးကြီး ကပ်ချင်တိုင်းကပ်လို့မရတော့ဘူးပေါ့"

"အို ဒီကောင်က ခုထိ သမီးလတ်ကို ကြံဖို့ကြိုးစားတုန်းပဲ





လား"

"မေမေကလည်း ခုတော့ကြောက်ပြီး နောင်ကြဉ်သွားပုံပဲ၊ ဒါပေမယ့် မပြောနိုင်ဘူးလေ"

"ဟဲ့ ဒီကောင်စိန်တိုး ခုတလော အပြင်မှာ တော်တော် အလုပ်များနေပုံပဲ၊ ဘာတွေ ဒီလောက်ရှုပ်နေလည်းတော့ မသိဘူး၊ အိမ်မှာ သိပ်မကပ်နိုင်တာ၊ အေးလေ သူ အလုပ်ပါးလာရင် ငါ့သမီးဘက် ခြေဦးမလှည့်ဘူးလို့ မပြောနိုင်ဘူး တစ်ခုခုတော့ လုပ်ထားမှ"

"ဒီမယ် မေမေ ဘာမှလုပ်မနေနဲ့ ကြည့် မမလတ်ကို သမီးလို ဟောဒီစားမျိုးဆောင်ထားခိုင်းတယ် အစ်ကို ဖေတင်မောင်က လည်း သမီးကို သင်သလို စားပေါက်နည်း စားထိုးနည်းတွေ သင်ပေးနေတယ် မဟုတ်ဘူးလား၊ မမလတ် မေမေ့ကို ပြောလိုက်လေ"

"ဟုတ်ပါတယ် မေမေရဲ့၊ ဟောဒီမှာကြည့် ခေါင်းအုံးအောက်မှာ စား"

"အေးဟော့ ကောင်းတယ်ဟော့၊ ဒီတစ်ခါ ဒင်းလာစော်ကားလို့ကတော့ သမီးတို့စားနဲ့ အသေသာထိုးသတ်ကြတော့ဟော့"

ဒေါ်တင်မေကြီး ဒေါသထွက်ထွက်နှင့် ပြောလိုက်သည်။

"ကိုင်း အိပ်ရေးပျက်လိုက်တာ သွားမယ်"

ဟုဆိုကာ တင်တင်လတ် အခန်းမှ ထွက်သွားသည်။

"မေမေ ဟောဒီမှာ သော့ မေ့ကျန်ခဲ့တယ်"

"ပေး..ပေး"

တင်တင်လတ် လှမ်းပေးသည့်သော့ကိုယူကာ ဒေါ်တင်မေကြီး ရှေ့က ထွက်သွားရာသို့ တင်တင်လေး နောက်ကလိုက်သွားလေ၏။

"ဟမ်း..အမ်း..အမ်း"

အပေါက်မှအထွက် တစ်ချက် အားရပါးရ သမ်းဝေသွားလိုက်သေးတော့သည်။





## အခန်း (၄)

### *အယုတ်တိမ်းအစိမ်းကောင်နှင့် မဟူရာညီအစ်မ*

"ဟမ်း..ဟမ်း..အန်း"

ဦးစိန်တိုး အလုပ်စားပွဲတွင် ထိုင်နေရာမှ ကုလားထိုင်နောက်မှီသို့ အရုပ်ကြိုးပြတ် မှီချလိုက်ရင်း အားရပါးရသမ်းဝေလိုက်သည်။

သူ မနေ့ညတုန်းက ကောင်းကောင်းမအိပ်ခဲ့ရ။ ညဥ့်ဦးပိုင်းတွင် တင်တင်လတ်အခန်းကိုကူးဖို့ စိတ်စောရင်ခုန်စွာ စောင့်ခဲ့ရသည်။ အားလုံး အိပ်လောက်ပြီဆိုမှ ဝီစကီသုံးပတ်လောက်မော့ကာ ရဲဆေးတင်ပြီး တင်တင်လတ်အခန်းသို့ ရင်တလှပ်လှပ်ဖြင့် ဝင်ခဲ့သည်။

အခန်းထဲရောက်တော့ ဦးစိန်တိုးထင်သလိုမဟုတ်။ တင်တင်လတ်ကို ကဝေမမယ်နန္ဒီစီး၍ သူ့ကို ခြောက်လားလှန့်လားလုပ်ခဲ့သည်။ အော်ကြီးဟစ်ကျယ်လုပ်ခဲ့သည်။ အရေးကောင်း

ဒိန်းဒေါင်းဖျက် ဆိုသလို ဘယ်ကလာမှန်း မသိသော ကဝေမက
ဘာကြောင့် ဦးစိန်တိုးကို နှောင့်ယှက်ရသနည်း။

ဦးစိန်တိုး သိပ်ကြောက်လှသည်တော့မဟုတ် တစ္ဆေသရဲကို
သူအကြိမ်များများ ရင်ဆိုင်ခဲ့ဖူး၍ တော်တော်လေး ထုသားေ
သား ကျနေပြီပဲ။ ခက်သည်က အော်ကျယ်ဟစ်ကျယ် ဆူညံပူညံ
လုပ်ခြင်းပင်ဖြစ်၏။

ဦးစိန်တိုး အမှန်ကို ဝန်ခံရလျှင် အနည်းငယ်လောက်တော့
လန့်ခဲ့ပါသည်။ သို့သော် စိတ်ပျက်ပျက်နှင့် ထွက်ပြေးခဲ့ရသော
ကြောင့် သူ့အကြံ မအောင်ခဲ့သည်ကို မကျေနပ်ချင်။ သူ့အိပ်ရာ
ပြန်ရောက် အသာကလေးအိပ်ချင်ယောင်ဆောင် ငြိမ်ငြိမ်ကလေး
လဲလျောင်းနေရသော်လည်း သူ့စိတ်က လှုပ်ရှားနေခဲ့သည်။ အိပ်
မရခဲ့။ သူသည် အိပ်မပျော်လေတိုင်း သူလတ်တလော ကြုံတွေ့ခဲ့
သည့် အဖြစ်အပျက်ကို ပြန်လည်တွေးတောနေမိသည်။

"နေပါဦး ဒီကဝေကို တင်တင်လတ်ဆီ ဝင်ပူးခိုင်းတုန်းက
ကြာ ကြာမှ မနေနိုင်တာပဲ။ တင်တင်အိပဲ ပြန်ဝင်ပူးခဲ့တာပဲ
တင်တင်အိ ပဲ သူပြောချင်တာတွေ ပြောသွားခဲ့တာပဲ။ တင်တင်အိ
ထွက်သွားတော့ ဆရာက ကျွတ်အောင်အမျှဝေခဲ့ပြီပဲ။ ဟိုကဝေ
ပြန်မပူးခဲ့လို့ တင်တင်လတ် လူကောင်းသူကောင်း ဖြစ်ခဲ့ပြီပဲ"

ဦးစိန်တိုး အနုလုံပဋိလုံ ပြန်စဉ်းစားနေသည်။





"စောစောက တင်တင်လတ်ကို ဟိုကဝေမ ရုတ်တရက် ဝင်ပူးတာက ဘာသဘောလဲ။ ဒီကဝေမဆိုတာ ဝင်လာရင် အမူအရာကိုက ကိုးရိုးကားရား မခန့်လေးစားပုံမျိုး။ စောစောက တင်တင်လတ်ကိုကြည့်ရတာ ဒီလောက်လည်းမကြမ်းမရမ်းဘူး။ ပြီးတော့ မျက်လုံးကလည်း စူးစူးရဲရဲမဟုတ်ဘူး၊ ကြောက်သလိုလို လန့်သလိုလိုပေါ့။ ငါ အိမ်တွင်းနတ်နဲ့ ကိုင်ပေါက်လိုက်တော့ သူ့မျက်လုံးလေးကြည့်ရတာ ကြံရာမရဖြစ်သွားသလိုပါ။ ဟုတ်ပြီ အသံ၊ အဲဒီအသံကလည်း သေးပြီး စူးစူးအက်အက်ရယ် ဟိုကဝေမ ဝင်ပူးတုန်းကအသံလို မကြမ်းဘူး မကြီးဘူး၊ ဒါဆို တင်တင်လတ် တမင် ငါ့ကိုလှည့်စားတာဖြစ်မယ်။ ဟိုကဝေမ ပူးချင်ယောင်ဆောင်တာဖြစ်ရမယ်၊ နေဦး ဒါဆို ကဝေမရဲ့ ခေါင်းပြတ်ကြီးက ရှိုးခနဲ ဝင်လာတာကရော။ ငါ့ကိုက စိတ်တွေ ကယောက်ကယက်ဖြစ်ပြီး မြင်မိမြင်ရာကို မြင်လို့လား မဟုတ်ဘူး ဒီမျက်စိနဲ့ကို အသေအချာမြင်ခဲ့တာ"

မနေ့ည တစ်ညလုံး ဦးစိန်တိုး ဦးနှောက်ချာချာလည်အောင် တွေးတောပြီး အိပ်မရခဲ့။ ဒေါ်ခင်မေကြီး ပြန်လာသည်ကို အသာ အိပ်ချင်ယောင်ဆောင်ပြီး ပေအိပ်နေရသည်။ သူတို့က အခန်းကျယ်တွင် ဟိုဘက်ဒီဘက်ခပ်ခွာခွာ၌ ခုတင်သီးခြားစီနှင့် အိပ်ကြသော်လည်း အမှောင်ပိုးတဝါးတွင် လှမ်းကြည့်ပါက မြင်နေရ

သည်။ ဦးစိန်တိုး မလှုပ်ရဲ။ ဒေါ်တင်မေကြီး ထသွားစဉ်က သူ့ကို ကြည့်သွားမသွား မသိသော်လည်း ပြန်လာတော့ သူ့ခုတင်ဘေး ရပ်၍ အတန်ကြာ အကဲခတ်သွားကြောင်း သိသည်။ သူ မလှုပ်ရဲ၊ အကြာကြီးပေအိပ်နေရသည်မှာ ကျောပူလှသည်။ ကျောပူလျှင် တော်တော်နှင့်အိပ်မရ။

နံနက် ၅ နာရီကျော်မှ ဦးစိန်တိုး အိပ်ပျော်သွားပြီး ၇ နာရီတွင်နိုးသည်။ အိပ်ရေးပျက်၍ မထချင်ဖြစ်သော်လည်း ဟန်မပျက် အတင်း ထခဲ့ရသည်။ မျက်လုံးတွေဖန်ပြီး စပ်နေ၍ မျက်နှာသစ် စဉ်ရေအေးအေးနှင့် အကြာကြီးပုတ်ပေးမှ သက်သာခဲ့သည်။

ယခု အလုပ်စားပွဲတွင်ထိုင်၍ အိပ်ငိုက်နေသည်။ အိပ်ချင်သော်လည်း မနေ့ညက အဖြစ်အပျက်ကို ပြန်တွေးမိသော် အိပ်ချင်ပြေသွားသည်။

"ဒီမယ်နန္ဒီဆိုတဲ့ ကဝေမကြီးက တင်တင်လတ်ဆီ လာပူးပုံဟာ တင်တင်အိ ပူးပုံနဲ့မတူဘူး ဟိုအစိမ်းသရဲက ခေါင်းပြတ်ကြီးလို ရှိခနဲ ဝိုးခနဲပြေးလာပြီး ပူးတာမှ မဟုတ်တာ။ ကြည့်ရင်းကြည့်ရင်း နှစ်ကိုယ့်တစ်ကိုယ်ဖြစ်သွားတာတို့၊ တင်တင်လတ် အစစ်ကနေ ကြည့်ရင်း ကြည့်ရင်း တင်တင်အိပုံ ပြောင်းသွားတာတို့ပဲ မြင်ဖူးပါတယ်။ အခုဟာက ရှီးခနဲပြေးလာပြီး အင်း..အင်း ဝင်ပူးတော့လည်း တင့်တင်လတ် မျက်နှာက ပုံမပြောင်းတာ ဟိုတစ်ခါ





ဆရာပူးခိုင်းလို့ ဝင်စီးတုန်းကလို ကဝေမရဲ့ အရုပ်ဆိုးဆိုးပုံစံကြီးမှ ပြောင်းမလာတာ ဟုတ်ပြီ"

"ဖျောက်"

လက်ဖျောက်ပင် တီးလိုက်သေးသည်။

"ဟုတ်ပြီ အဲဒါပွိုင့်ပဲ၊ ဘာရမလဲ မှန်း အခုဘယ်အချိန်ပါလိမ့် ကြည့် နေ့ခင်း ဆယ့်နှစ်နာရီ ဒါဆို တင်တင်လတ်တို့ ကျောင်း မဆင်းသေးဘူး ငါ အမြန်သွားကြည့်ရမယ်"

ဦးစိန်တိုး သူ့အလုပ်ခန်းမှပြေးထွက်ခဲ့သည်။ စာရေးကို အရေးကြီးသွားစရာရှိလို့ဟု မှာခဲ့ပြီး အိမ်သို့ သုတ်ခြေတင်ပြေးခဲ့သည်။ ကံကောင်းချင်တော့ ဒေါ်တင်မေကြီး နေ့ခင်း တစ်ရေးအိပ်ချိန်နှင့် တိုက်ဆိုင်နေသည်။ ယမန်နေ့ညက အိပ်ရေးပျက်ထားသည့် ဒေါ်တင်မေကြီး ယခု အိပ်မောကျနေသည်။ ဦးစိန်တိုး အကဲခတ်ပြီးနောက် တင်တင်လတ်အခန်းဆီ ပြေးခဲ့သည်။ သော့ဖွင့်ကာဝင်လိုက်သည်။

လူမရှိ တိတ်ဆိတ်ပကတိ။ ဘယ်ကြည့် ညာကြည့် ဘယ်ပြန်ကြည့် ဘာဆိုဘာမျှမရှိ။ ဦးစိန်တိုး ရှေ့တိုးသွားသည်။ တင်တင်လတ်ခုတင်နား ကပ်သွားသည်။ အိပ်ရာကို သိမ်းထား၍ ပြန့်ပြူးသပ်ယပ်နေ၏။ အိပ်ရာလေးက မွှေးတေးတေး။ တင်တင်လတ်၏ ကိုယ်သင်းနံ့ကလေးများလား။

ဦးစိန်တိုး ဂနာမငြိမ် ဖြစ်သွားသည်။ သူ့စိတ်ကို ထိန်းလိုက်သည်။ အာရုံစုစည်းပြီး ဟိုဒီ လှေ့လာလိုက်သည်။

"ဟော ဒါကဘာလဲ"

တင်တင်လတ်ခေါင်းရင်းခြင်ထောင်တိုင်တွင် ကြိုးမည်းမည်းကလေး(၃)ချောင်း တန်းနေသည်။ ဟိုဘက်နံရံဆီသို့ မြင့်တက်သွားသည့်ကြိုးတန်း။ လိုက်ကြည့်ရာ နံရံရှိ ဓာတ်ပုံမှန်ပေါင်တွင် ချပ်ပြားတစ်ခု ကပ်နေသည်ကို မြင်၏။ ဦးစိန်တိုးသည် ခေသူမဟုတ်။ ချပ်ပြားကို အကဲခတ်ပြီး ခုတင်ဘက်ပြန်လာသည်။ တင်တင်လတ် ခုတင်ခေါင်းရင်းတိုင်ကိုကပ်၍ ကြိုးစနှစ်စ တွဲလောင်းကျနေသည်ကို မြင်သည်။ တစ်စကို ဆွဲကြည့်ရာ တင်းနေသည်။ ကျန်တစ်စကို ဆွဲကြည့်ရာ...

"ရှီး"

အမြင့်ပိုင်းမှနေ၍ အသံဖြင့်လျှောဆင်းလာသည့် ကတ်ပြား။

"ရုပ်ပုံကြီးနှင့်ပါလား၊ အဲ ကဝေမပုံဆံပင်ဖားလျားကြီးပေပဲ၊ အင်း ခုတင်ခေါင်းရင်းက ပိတ်ခြင်ထောင်ကို ဝင်ကပ်၍ ပျောက်ကွယ်သွားပြီပဲ"

ဦးစိန်တိုး ပြုံးလိုက်သည်။ စောစောက တင်းနေသော ကြိုးစကို ဆွဲကြည့်ရာ ရှီ..ရှီ..ရှဲ..ရှဲနှင့် ရုပ်ပုံကြီးကြိုးတန်းအတိုင်း ပြန်တက်သွားပြီး နံရံကမှန်ပေါင်တွင် ပြောင်းပြန်ပြန်ကပ်သွားလေသည်။

"ဒီကောင်မလေး မဆိုးဘူး၊ ငါ့ကိုခြောက်ဖို့ ကြံကြံဖန်ဖန် လုပ်ထားတတ်သားပဲ"





ဦးစိန်တိုး တွေး၍ သဘောကျသွားသည်။ တင်တင်လတ်ကို တော်တော်သဘောကျသွားသည်။

"တော်တော်အတတ်ဆန်းတဲ့ ကောင်မလေး၊ အင်း တော်တော်ချစ်စရာကောင်းတဲ့မိန်းကလေး၊ ဒင်းကလေးကိုရရင် ဟန်ကျတာပဲ။ အပိုင်ကိုကြံရမယ် သူ့ကိုတော့ ရလို့ကတော့ အပိုင်ကို ယူထားလိုက်မယ် ကဲ"

ဦးစိန်တိုး တကဲတည်းကဲပြီး တင်တင်လတ်အိပ်ရာမှ ခေါင်းအုံးကြီးကိုကောက်ယူပွေ့ဖက်နမ်းရှုံ့ပြီးမှ ပြုံးဖြီးဖြီးနှင့်ထွက်ခွာသွားလေ၏။

ဦးစိန်တိုး ပြုံးနိုင်သလောက် တင်မောင်ဇော်တို့ မပြုံးနိုင်။ ယမန်နေ့ညက ဦးစိန်တိုး စတင်လှုပ်ရှားလာသည်ကို ဤအတိုင်း ကဝေမပုံစံနှင့် ခြောက်လှန့်နေရုံနှင့် ဟန်ဖွယ်မမြင်လှ။ အလွန်လျှင်သည့်လူပါးကြီးကို အတုနှင့် ခြောက်ခြင်းသည် တစ်ကြိမ်က နှစ်ကြိမ်ထက် ကျော်လွန်လာလျှင် ရိပ်မိသွားနိုင်ကြောင်း တင်မောင်ဇော်နှင့် တင်တင်လတ်တို့ တွက်ဆမိသည်။

"ဘယ့်နှယ်လဲ လတ်ရဲ့သရုပ်ဆောင်မှုကို ဟိုငနဲကြီး ယုံတဲ့ပုံ ပေါ်ရဲ့လား"

သူတို့အုပ်စု နောက်နေ့တွင် ဆုံတွေ့ဆွေးနွေးနေကြခြင်း ဖြစ်သည်။ တင်မောင်ဇော်၏အမေးကို တင်တင်လတ် အဖြေရခက်သည်။

"တော်တော်မှန်းရခက်တယ် ကိုဇော်၊ ဒီလူကြီး ရုတ်တရက်

တော့ လန့်သွားပုံပဲ။ ဒါပေမယ့် သူက အိမ်တွင်းနတ်နဲ့တောင် ပြန်ကိုင်လို့ လတ်ဖြင့် ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်ခဲ့သေး။ နောက်မှ အစ်ကိုကြီးတို့ မျိုးကြီးတို့နဲ့ အကြိမ်ကြိမ်ဇာတ်တိုက်ထားပေလို့ သူ့ကို ပြန်ချေပနိုင်ခဲ့တာ"

"ဒီအတိုင်းဆို ဒီလူလည်ကြီး နည်းနည်းတော့ သံသယရှိပုံပဲ ဘယ့်နှယ်လုပ်မလဲ"

အကြောင်းသိသော မျိုးကြီးက စိတ်ပူစွာမေးလာ၏။

"ဒီလို လုပ်ကြစို့ အခုအထိ ဒီပုဂ္ဂိုလ်နဲ့ ရင်ဆိုင်ယှဉ်ပြိုင်ခဲ့သမျှ သူဟာ အလွန်ခြေသွက်ပြီး တစ်ကွက်ရှေ့ရောက်ရောက်နေကြောင်း သတိထားမိကြမှာပေါ့ ဒီတစ်ခါတော့ သူ့အရှိန်ကိုယူပြီး သူ့အကြိုက်ဆောင်ကြမယ်၊ သူ့အလိုလိုက်ပြီး ချော်လဲရောထိုင်ပစ်မယ်"

"ဘာကိုဆိုလိုတာလဲ စုံထောက်ကြီး ဦးတင်မောင်ဆင့်ရယ်"

"အစ်ကိုမျိုးကြီးက ရိုးရိုးစင်းစင်းတွေးနေပုံရတယ်၊ ဒီလိုပါ ခင်ဗျာ၊ ဒီလူကြီးက ခြေသွက်လက်သွက်နဲ့ ရှေ့ဆက်ပြီးလက်ဦးမှု ယူမယ့်ပုံရှိတယ်"

"ဒီတော့..."

"ကပ္ပိယကြီး ဖတ်ဖူးမှာပါ နာမည်ကျော်စုံထောက်ဦးစံရှားဟာ ဘယ်တော့မှ သူများကို အကျော်မခံဘူး။ သိပ်သွက်တဲ့ ရာဇဝတ်ကောင် သူ့ရဲ့ လက်သွက်တဲ့ခြေလှမ်းကို ဝင်ခိုပြီး ရောင်တော်ပြန်နဲ့ ရောလွှတ်လိုက်တာပဲ ဒီပွဲမှာ ဒီအတိုင်းနွှဲကြစို့"





ထို့နောက် ရဲစုံထောက်ဦးတင်မောင်ဆင့်က ရှေ့ဆက်လုပ်ဆောင်ရမည့် အစီအစဉ်များကို အသေးစိတ်ရှင်းပြလိုက်သည်။

"ဖြစ်ပါတယ်နော် တင်တင်လတ်"

ပြီးမှ ခရာအကျဆုံး ဇာတ်ဆောင်ကိုမေးသည်။

"ဖြစ်အောင်ကြိုးစားပါ့မယ် အစ်ကိုကြီး"

တင်တင်လတ်က အားမာန်သွင်း၍ ဖြေသည်။

"ဒါပေါ့ အဓိကဇာတ်ဆောင်မင်းသမီးက ဖြစ်အောင်လုပ်နိုင်မှတော့ ဇာတ်ရံတွေ ဇာတ်ပို့တွေဘက်ကလည်း အလှည့်ကျမနွဲ့စတမ်းနော် ကိုယ့်တာဝန်ကိုယ် အားလုံး နိုင်ကြပါတယ်နော်"

"ရပါတယ် အစ်ကို"

တင်မောင်ဇော်က ရင်ကော့၍ ယုံကြည်ချက်အပြည့်နှင့်ဆိုသည်။ မျိုးကြီး၊ ၁ပ္ပိယအောင်စိုးနှင့် ဖေတင်မောင်တို့လည်း အားတက်သရော ဖြေကြသည်။

ရဲစုံထောက်အရာရှိနှင့် သူ့တပည့် ဆားပုလင်းအောင်မင်းလူတို့ ကမူ ဝါရင့်စုံထောက်ရဲများပီပီ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မည်သို့ ပူးပေါင်းဆောင်ရွက်ရမည်ကို ပိုင်နိုင်စွာ လုပ်တတ်မည်သာ ဖြစ်ကြလေ၏။

သုံးရက်သာကြာသွားသည်။ တင်တင်လတ်နှင့် ပထွေးဦးစိန်တိုးတို့၏ ဆက်ဆံရေးသည် ရှုံးတိုးရှုန်းတန်းမဝံ့မရဲ မလုံမလဲပုံစံ

မျိုး မဟုတ်တော့။ ဟိုယခင်ကလို ပြန်လည်ရင်းနှီးလာကြသည်။

"သမီးလတ် စားပုံသောက်ပုံကြည့်ရတာ တို့ကနန်း ဆိတ်ကနန်းနဲ့ ခံတွင်းမတွေ့လို့လား"

ဦးစိန်တိုးက တင်တင်လတ်နှင့် မိသားစုထမင်းဝိုင်း၌ အတူစားစဉ် ဟုတ်ဟုတ်ဟပ်ဟပ်မစားသည့် တင်တင်လတ်ကို ကရုဏာအပြည့်နှင့် မေးသည်။

"သမီးက ဒီဟင်းတွေမှ မကြိုက်ဘဲဥစ္စာ"

"သိတယ် ခုတလော ထမင်းချက်အသစ် ဒေါ်ဘုမချက်တဲ့ဟင်းတွေက သမီးတို့ကြိုက်တတ်တဲ့ဟင်းတွေမဟုတ်မှန်း သိသားပဲ၊ သမီးလတ်က ဦးဆောင်ပြီး သမီးလေးနဲ့အတူဈေးကိုသွားကြိုက်တာဝယ်ပြီး အရင်က ဒေါ်လုံးတင်ရှိစဉ်က ချက်တဲ့ဟင်းမျိုးတွေ ချက်ခိုင်းပေါ့"

"ကျေးဇူးပဲဘထွေး သမီးတို့ချက်ခိုင်းတဲ့ဟင်းတွေကို ဘထွေးလည်း ကြိုက်ရမယ်နော်"

"လုပ်သာလုပ်စမ်းပါ ကြိုက်မကြိုက် သိရအောင် စားကြည့်ချင်ပါတယ်"

ဤကား အစားအသောက်နှင့်ပတ်သက်၍ ပြန်လည်စည်းလုံးမှုရသည့် ဇာတ်ကွက်။

"ဒီ... ဒီမယ် ဘထွေး"





"ဘာလဲကွယ့် သမီးလတ်"

"ဘထွေးက အလုပ်တွေများနေလို့ ပြောမယ် ပြောမယ်နဲ့ မပြောဖြစ်ဘူး အဲဒါ..."

"ပြောပါ ဘာကိစ္စများလဲ"

"သမီး ဟိုတစ်နေ့က လွှစက်ပိုင်ရှင် ဦးမှုတူးရဲ့သမီး မာလာခေါ်လို့ သူတို့အိမ် အလည်လိုက်သွားမိတယ်၊ မာလာ့အိပ်ခန်းကြီးက သိပ်ခေတ်မီတာ၊ သူ့အဝတ်အစားတွေထည့်တဲ့ ဗီရိုက သမီးအခန်းက မတ်တတ်ဗီရိုကြီးလို တစ်လုံးတည်းမဟုတ်ဘူး"

"သုံးလေးလုံးလားကွယ့်"

"ဒီလိုရှင့် နံရံကိုကပ်ပြီး နံကပ်ဘီရိုအတွဲလိုက် ဆယ်ပေလောက် လုပ်ထားတာ ဆလိုက်ဒင်းဒိုးခေါ် ဘေးဆွဲလျှောတံခါးတွေနဲ့ရယ်။ အ◌မှာ အဝတ်တွေအခေါက်လိုက် တင်လို့ရတဲ့အကန့်ပိုင်းတွေရှိသလို အဝတ်တွေကို ချိတ်တွေနဲ့ တွဲလောင်းချိတ်ဆွဲထားနိုင်တဲ့ အကန့်တွေလည်း ရှိတယ်တော့"

"ဟာ အဲဒါဝပ်ဒ်ရုတ်ပ်လို့ ခေါ်တယ် အဝတ်အစားမျိုးစုံထားတဲ့ ဗီရိုဆိုပါစို့၊ သမီး လိုချင်လို့လား"

"ဟုတ်ကဲ့ရှင့်"

"ရပါတယ် သူတို့သစ်စက်က ကျွန်းသစ်တွေ ပိတောက်သစ်တွေဝယ်ပြီး ထွန်းသစ်စ ပရိဘောဂဆိုင်က လက်သမားဝါရင့်တွေ

ခေါ်ပြီး နံရံကပ်ဘီရိုကြီးတွေ လုပ်ခိုင်းပေးမယ်၊ နှစ်ရက်အတွင်း ပြီးစေရမယ်၊ အင်နဲ့အားနဲ့လုပ်ခိုင်းရင်ရပါတယ်၊ ကျသင့်ငွေထက် ပိုပေးလိုက်ရုံပေါ့"

သို့ဖြင့် တင်တင်လတ်အခန်းတွင် ဆယ်ပေကျော်ရှည်သော Ward roke နံရံကပ် ဗီရိုကြီးဖြစ်ပေါ်လာသည်။ ထို Ward roke ဗီရိုကြီးစလုပ်သည်မှ ပြီးသည်အထိ တင်တင်လတ်နှင့်အတူ ဦးစိန်တိုးက အရိပ်တကြည့်ကြည့်။ ပြီးတော့လည်း သဘောကျစွာ လာလာကြည့်။ ပီတိတွေဖြာနေကြလိုက်ပုံများ ဘေးကမြင်သည့် ဒေါ်တင်မေကြီးနှင့် တင်တင်လေးတို့ပင် မြင်ပြင်းကပ်သေး။

ယခုဆို တင်တင်လတ်တို့ကျောင်းက ပထမခြောက်လပတ် နှစ်ဝက်စာမေးပွဲ နီးလာသည်။ တင်တင်လတ်၊ တင်တင်လေးတို့ ညဉ့်နက်သည်အထိ စာကျက်ကြသည်။ အိပ်ချင်ပြေစေရန်နှင့် ညည မငိုက်ဘဲ စာကျက်နိုင်စေရန် လက်ဖက်သုပ်၊ ရှောက်သီးသုပ် စသည်များကို အိပ်ခန်းသို့ ဒေါ်ဘုမက လာပို့လေ့ရှိသည်။ ထို့နောက် သူတို့အမေက လာကြည့်လိုက်၊ ဘထွေး ဦးစိန်တိုးက လာကြည့်လိုက်နှင့် အားပေးကြသည်။

ဦးစိန်တိုး တင်တင်လတ်အခန်းလာကြည့်ချိန်သည် ပို၍ ပို၍ ညဉ့်နက်လာသည်။ တင်တင်လတ်ကလည်းပို၍ ညဉ့်နက်သည် အထိ စာကြည့်သည်။ တစ်ခါတစ်ခါ အိပ်ငိုက်ပြီး စားပွဲပေါ်





လက်မှောက် လက်ပေါ် နဖူးမှောက်အိပ်ပျော်သွားတတ်၍ ပထွေးက အသာအယာ ပခုံးကိုင်၍ နှိုးပေးရသည်။

သို့ဖြင့် မဟူရာစံအိမ်ကြီး၏ ညကြီးသန်းခေါင်အချိန် အပျိုလေး တင်တင်လတ် အိပ်ခန်းသို့ ပထွေးဦးစိန်တိုးတို့ တံခါးမရှိ ဓားမရှိ ရောက်ရောက်နေတတ်သည်။ ယဉ်ပါးနေကြသည်။

ယနေ့တော့ တင်တင်လတ် ကုပ်ညောင်းသည်ဆိုကာ လည် တခါခါ လုပ်လုပ်နေ၍ ဦးစိန်တိုးက မေး၏။

"သမီးလတ် စာကြည့်ချိန်များလို့ လည်ကုပ်ညောင်းနေပုံရတယ် ဟုတ်လား"

"ဟုတ်ကဲ့ ဘထွေးရယ်"

"ဒါဆို သိပ်ပြီးလည်း စာတွေကြိုးစားမနေနဲ့ နားနားနေနေပေါ့"

"အို ဘထွေးက ဘာသိလို့လဲ၊ အခုဆို အတန်းထဲမှာ ဖေတင်မောင်ကချည်း ပထမရနေတာ၊ သမီး ဒုတိယကနေ မတက်နိုင်ဘူး၊ ဒီတစ်ချီ ဖေတင်မောင်ကို [illegible]အောင် ဖိကြိုးစားနေတာရယ် ကုပ်ညောင်းတော့လည်း နည်းနည်းတော့ ကြိတ်ခံရမှာပေါ့ နှိပ်ပေးမယ့်လူမှ မရှိတာ"

"ဒီလိုလား ဘထွေး နှိပ်ပေးရမလား"

"အ[illegible]တော့ သိပ်မညောင်းသေးပါဘူး ညဉ့်နက်မှ ပိုညောင်းတာရယ်"

"ကောင်းပြီ ဒီည သမီးစာကျက်တာ ခဏနားချိန် ဘထွေး လာနှိပ်ပေးမယ်"

"ဟင်း...ဟင်... အားနာစရာကြီး"

"ရပါတယ် အားမနာနဲ့ လာခဲ့မယ်ကွယ့်"

"အားနာပါတယ်ဆိုနေမှ ရှင်ရယ် ဟင်း...ဟင်း"

တင်တင်လတ်က မျက်စောင်းလေးထိုး စပယ်ကြည့်ကြည့်ကာ ပြုံးစိစိပြောလိုက်သည်။ ဦးစိန်တိုး ဟဲ..ဟဲ..ဟဲနှင့် သွားကြီးဖြဲ၍ သဘောကျနေ၏။ တင်တင်လတ် ပုံကလေးကို သူ့မျက်လုံးထဲက မထွက်တော့။

ထိုည...

ထိုညအတွက် ဦးစိန်တိုး အစစပြင်ဆင်လေသည်။ ငှက်သိုက်နှင့် ဖျှသိုအားတိုးဆေးကို ဖိသောက်ထား၏။ ဘရန်ဒီထဲ ကြက်ဥအစိမ်းသုံးလုံး ဖောက်ထည့်၍သောက်၏။ ည ၁၂ နာရီတွင် ဦးစိန်တိုး တင်တင်လတ် အခန်းထဲ ရောက်လာသည်။

တင်တင်လတ်သည် ဘလောက်စ်လည်ဟိုက် အကျီအဖြူ ပါးပါးကလေး ဝတ်ထားသည်။ သရက်ထည်လုံချည်အဖြူတွင် အမည်းလုံးကြဲတဲတဲ ဒီဇိုင်းပါသည့် နွမ်းရိပါးအိနေသော ထဘီဟောင်းကလေး ဝတ်ထားရာ ပါးလွှာလွှာကပ်တပ်တပ် ထဘီအောက်ဝယ် သူ့အသား ဝင်းဝါဝါကို မြင်ရမလားထင်စရာ။





ဦးစိန်တိုး တင်တင်လတ် စာကြည့်စားပွဲနား ရောက်လာသည်။ တင်တင်လတ်က မတ်တတ်ရပ်၍ကြို၏။

"ဘထွေးက နောက်ကျလိုက်တာ"

"ဟဲ...ဟဲ စောစောက လတ်အမေလာလိုက်၊ ညီမလေး လာလိုက်နဲ့ဆို ဘထွေးက နှိပ်ပေးတာမြင်ရင် ကြိုက်ချင်မှကြိုက်ကြမှာမို့ပါ"

"အို... ကိုယ့်အဖေနဲ့ ကိုယ့်သမီးပဲဟာ နော့"

"အေးပါ အေးပါ ထိုင်...ထိုင် ခေါင်းလေးနည်းနည်းငုံ့"

ဘထွေးပြောတော့ တင်တင်လတ်ပြန်ထိုင်၊ အလိုက်သင့်ငုံ့ပေး။ ဘထွေးက လည်ကုပ်သားဝင်းဝါဝါလေးကို ဖွဖွလေးကိုင်သည်။ ရွရွလေးနှိပ်ပေးသည်။ သူ့ထံမှ ဟောင်ခနဲထွက်လာသည့် အရက်နံ့ကို ရှူမိသော တင်တင်လတ်က မသိမသာပြုံး၏။ "လုပ်လာပြီပဲ။ လုပ်လိုက်လေ ကြွသလားလို့" ဟု တွေးလုက်သည့်ပုံ။

ဘထွေးသည် ကုပ်ကလေးနှိပ်နယ်ရာက ဆံပင်ကို ဖွဖွပွတ်သည်။ တင်တင်လတ် ငြိမ်နေ၏။ ပါးကလေး နှစ်ဖက်ကို အသာလာကိုင်သည်။

"အို... ဘထွေး အဲဒီဖါးက မညောင်းဘူးရှင့်"

"အေး...အေး ဟောဒီ ပခုံးနဲ့ လက်မောင်းအိုးက ညောင်းမှာပေါ့ကွယ်"

ဘထွေးက ပခုံးနှစ်ဖက်နှင့် လက်မောင်းအိုးကို ဘယ်ညာ ဆုပ်နယ်၏။ တင်တင်လတ် တွန့်သွားသည်။ တုန်သွားသည်။

"ဟဲ…ဟဲ မကြောက်ပါနဲ့ အိအိထွေးထွေးလေးမို့ ချစ်စရာကြီး ဟိုး"

ဦးစိန်တိုး စိတ်မထိန်းနိုင်တော့ တင်တင်လတ်ကို နောက်ကနေ တအား ပွေ့ဖက်လိုက်သည်။

"ဟင် ဒါက ဘာလဲရှင့် န ဘူးထပြန်ပြီလား"

"အေး ဒါပဲ ဒါပဲ"

ဦးစိန်တိုးက ဖက်နမ်းဖို့ကြိုးစားစဉ် တင်တင်လတ် ထပြေးသည်။ အတင်းလိုက်ဖက်သည်။ ရုန်းသည်။ အင်္ကျီလည်ဟိုက်မှ ပြဲသွားသည်။ တင်တင်လတ် သူ့အင်္ကျီဆွဲ ရင်ဘတ်ဖိထားစဉ် ဦးစိန်တိုးက ပွေ့၍ ခုတင်ဆီသို့သွားသည်။ ရုန်းကန်သည်။

ခုတင်ပေါ် ပစ်ချသည်။ ခြေနှင့်ကန်စဉ် ကြမ်းဆွဲရာ ထဘီပါး ပါး ဖျန်းခနဲ ပြဲသည်။ အတွင်းမှ အသားရောင် ဘောင်းဘီရှည် အားကစားဝတ်စုံပေါ် လာသည်။

ထိုစဉ် နံရံကပ်ဗီရိုမှ တံခါးများပွင့်လာသည်။ ဗီရိုထဲမှ လူများ ထွက်လာကြလေ၏။ မျိုးကြီး၊ ကပ္ပိယအောင်စိုး၊ ရဲစုံထောက် အရာရှိ ဦးတင်မောင်ဆင့်နှင့် တင်မောင်ဇော်တို့ဖြစ်ကြသည်။

"ဟေ့လူကြီး ငြိမ်ငြိမ်လေးနေရာမှာ ရပ်နေစမ်း အခုလို မိန်းမ ပျိုကလေး အိပ်ခန်းဝင်ပြီး ဘလက္ကာယပြုတာ ရာဇဝတ်မှုဗျ"





"ဟာ မင်းတို့က အခုလို အကြံနဲ့လုပ်တာပေါ့"

"ကျုပ်တို့က လုပ်တာမဟုတ်ဘူး ခင်ဗျားလုပ်တာကို လက် ပူးလက်ကြပ် အမိဖမ်းတာ"

တင်မောင်ဇော်က အော်လိုက်သည်။

"ဘာလဲကွ ပိုင်နက်ကျူးလွန်မှုနဲ့ တရားစွဲပစ်မယ် ဘာမှတ်ကြလို့လဲ"

"ဟာ ခင်ဗျားမဆိုးဘူး ဥပဒေလေးဘာလေး နည်းနည်းပါးပါး သိသားပဲ၊ အခုလို ဝင်ရောက်လာတာ ဝရမ်းပါတယ်ဆိုရင်ကောဗျာ"

"ဟေ့ အရပ်လူကြီးမပါဘဲ ဝရမ်းနဲ့ဘာနဲ့မရဘူးကွ"

"ဟား မဆိုးဘူး ဟော အပြင်မှာတံခါးခေါက်နေပြီ သွားဖွင့် ပါပါဦး"

စုံထောက်အရာရှိပြောတော့ ကပ္ပိယကြီးက တံခါးဖွင့်ရန် ခြေအလှမ်း တင်တင်လတ်အခန်းတံခါးက ပွင့်သွားသည်။

ဒေါ်တင်မေကြီး ရှေ့ဆုံးမှ ပြေးဝင်လာသည်။ သူ့နောက်က တင်တင်လေး။ သူ့နောက်က ရပ်ကွက်လူကြီး ဦးကြည်ကောင်း၊ သူ့နောက်က ဆားပုလင်းအောင်မင်းလူ။

"ကိုင်း ဦးစိန်တိုး ဒီတစ်ခါတော့ လက်ပူးလက်ကြပ်မိပြီ။ အောက်မှာ ဆယ်အိမ်ခေါင်းနဲ့ ရဲစခန်းက စခန်းမှူးတို့အဖွဲ့လည်း ရောက်နေကြတယ် အသာတကြည့်လိုက်ခဲ့ပါတော့"

ဦးကြည်ကောင်းက ပြောနေစဉ် ဒေါ်တင်မေကြီးက တင်တင်

လတ် ကိုယ်အပေါ်ပိုင်းကို ချင်းစောင်ကလေးနှင့် ပြေးခြုံသည်။ အောက်ပိုင်းက ထမိကြီးကွဲနေသော်လည်း အသားကပ်ဘောင်းဘီ ရှည်နှင့်ပေပဲ။ ဦးစိန်တိုး နောက်ဆုတ်သွားသည်။ အော်သည်။

"ဟိတ် စိန်တိုးကို ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ အားလုံး နောက်ဆုတ်ကြ"

ပြောပြောဆိုဆို သူနှင့်အနီးကပ်ဆုံး တင်မောင်ဇော်ထံ ခုန်ကပ်၍ လည်ပင်းကိုဖက်ကာဓားသွားနှင့်တေ့လိုက်ပြီးထပ်အော်သည်။

"လမ်းဖယ်ကြ၊ မဟုတ်ရင် ဒီကောင့်လည်ပင်းကို လှီးဖြတ်ပစ်မယ်"

တင်မောင်ဇော်သည် ပိန်ပိန်ပါးပါး လူငယ်တစ်ယောက်မို့ ဦးစိန်တိုးက သူ့အားကြီးနှင့် လည်ပင်းဖက်ထားရာ ယက်ကန်ယက်ကန် ဖြစ်နေသည်။

မျိုးကြီးက ရှေ့တစ်လှမ်းတိုးလိုက်ပြီး ပြောသည်။

"ဟေ့ စိန်တိုး ဒီသူငယ်ကို အခုလွှတ်"

မျိုးကြီးသည် လူကောင်ထွား၏။ ဗလကောင်း၏။ ဒါကို ဦးစိန်တိုး သိ၏။ ထို့ကြောင့် ကြောက်ပြီးအော်သည်။

"ဟေ့ကောင် မျိုးကြီး မင်း ရှေ့မတိုးနဲ့နော်၊ ငါ လက်တစ်ချက်လှုပ်တာနဲ့ ဒီကောင်လေး အသက်ထွက်မှာ သိလား"

"နေ...နေပါ မျိုးကြီးရယ် အရမ်းမတိုးပါနဲ့၊ ကိုဇော်... ကိုဇော်ဒုက္ခရောက်လိမ့်မယ်"





တင်တင်လတ်က စိုးရိမ်ကြီးစွာအော်၍ မျိုးကြီးကို တားရှာသည်။

"တောက်"

မျိုးကြီးက အံကြိတ်၍ တောက်ခေါက်ပြီး ဒေါသကြီးစွာ ရပ်ကြည့်နေသည်။ ဦးစိန်တိုးက အခန်းတံခါးပေါက်ဘက်ကို စတင်ရွေ့လျားလေသည်။

"ဒီမယ် ဦးစိန်တိုး"

ရဲစုံထောက်အရာရှိ ဦးတင်မောင်ဆင့်က အသံမှန်မှန်နှင့် စတင် ပြောဆိုသည်။

"ဒီလောက် လူတွေဝိုင်းနေတဲ့ကြားက ခင်ဗျား တင်မောင်ဇော်ကို ဓားစာခံအဖြစ် ခေါ်ပြီးပြေးဖို့ကြိုးစားရင် လွယ်မယ်ထင်သလား၊ ပြီးတော့ သေချာတွေးကြည့်စမ်း၊ ကျုပ်တို့က စနစ်တကျ သင်ကြားတတ်မြောက်ထားတဲ့ ရဲစုံထောက်တွေနော်၊ ကျုပ်ရောဆားပုလင်းအောင်မင်းလူပါ ခင်ဗျားထက်သာတဲ့ တရားခံအများကြီးကို ရင်ဆိုင် ဖမ်းဆီးခဲ့ဖူးတဲ့လူတွေပါ။ လက်နက်ချပြီး အေးအေးသက်သာ အဖမ်းခံပါ"

"မရှည်နဲ့၊ မင်းတို့ လူ့အသက်တစ်ချောင်း မနမြောရင် လုပ်လိုက်ပေါ့၊ ဟောဒါက မင်းရဲ့ညီအရင်းလေကွာ"

"ဦးစိန်တိုး ဦးနှောက်ရှိစမ်းပါ၊ အောက်မှာ ရဲစခန်းမှူးနဲ့ ရဲသားတွေ စောင့်နေကြတယ်နော်"

"ဟား...ဟား ဒါ မဟူရာစံအိမ်ကွ၊ စိန်တိုး အပိုင်စီးထားတဲ့ မဟူရာစံအိမ်ကွ၊ မင်းတို့ရဲ့တွေ ဘယ်ကစောင့်စောင့် ငါ့ကို မတွေ့တဲ့လမ်းက သွားနိုင်တယ်ကွ"

"ဟား...ဟား မဟူရာစံအိမ်ထဲမှာ ခင်ဗျားထက်စောပြီး နေခဲ့တာ ကျုပ်ဗျ၊ ဒီခြံဒီအိမ်ဟာ ကျုပ်ရဲ့ဇာတိချက်ကြွေဗျ၊ မေ့သွားပြီလား၊ ဒီနေရာကို လူများများရောက်နေအောင် ဘယ်သူခေါ်လာတယ်မှတ်လဲ ဘယ်ကနေလာကြတယ် မှတ်လဲ"

မျိုးကြီး၏ စကားကြောင့် ဦးစိန်တိုး တစ်ချက်မျှ ငိုင်သွားသည်။ ထိုစဉ် တင်မောင်ဇော် လှုပ်ရှားလိုက်သည်။ သူလည်းပင်းဖက်ထားသည့် ဦးစိန်တိုး၏ မျက်နှာကို သူ့ဝဲလက်ဝါးနှင့် ဖျန်းခနဲ နောက်သို့ ရိုက်ချသည်။ တစ်ချိန်တည်း သူက ဒူးတွေကိုယ်နိမ့်ချပြီး ညာဒူးက ဦးစိန်တိုး၏ ဒူးကောက်ကွေးနောက်မှခံ၍ ညာဘက်လက်က ဦးစိန်တိုးခြေကို ရှေ့သို့လှန်ပစ်လိုက်သည်။

ဦးစိန်တိုး နောက်ပြန်ကြီး ဘုန်းခနဲ လန်ကျသွားလေ၏။ လှလိုက်သည့် တင်မောင်ဇော်၏ သိုင်းပြောင်းပြန် ခုခံကွက်ကလေး။

သို့သော် ဦးစိန်တိုးက ခေသူမဟုတ်။ ပက်လက်အနေအထားမှ တင်မောင်ဇော်၏ ညာခြေကိုကန်လိုက်ရာ တင်မောင်ဇော် ဖင်ထိုင်လျက်အကျ ဦးစိန်တိုးဝဲသို့လှမ်းကာ ညာဘက်က မြဲမြဲစွာ ဆုတ်ထားသေးသည့် ဓားမြှောင်နှင့် ဝိုက်ထိုးသည်။





ဦးစိန်တိုးလက်ကြီး လေထဲပျံ့အတက် ဓားမြှောင်တစ်စင်းကလည်း လေထဲသို့ ပျံဝဲလာပြီး ဦးစိန်တိုး၏ ဓားကိုင်ထားသည့် လက်ကောက်ဝတ်ကိုမှ တည့်မတ်စွာ လာစိုက်သည်။

"အား"

ဦးစိန်တိုး လန့်၍အော်သည်။ နာ၍အော်သည်။ နာကျင်၍အော်သည်။ ဓားမြှောင်ကို ဗိုးခနဲ ပင်လွှတ်လိုက်သူမှာ အခြားမဟုတ်။ တင်တင်လတ်ပင် ဖြစ်တော့သည်။

"အဲဒါ အစ်ကိုဖေတင်မောင် သင်ပေးထားတာပေါ့"

တင်တင်လေးက ဝမ်းသာအားရအော်လေ၏။ ထိုစဉ် မျိုးကြီး၏ ကြီးမားသောခြေထောက်ကြီးသည် ဓားစိုက်နေသည့် ဦးစိန်တိုး၏လက်ဖျံကို လာနင်းလေသည်။

"ကိုင်း မိပါပြီ ထတော့"

မျိုးကြီးက ဦးစိန်တိုးလက်တွင်စိုက်နေသည့် ဓားကိုနုတ်ယူပြီး ထိုလက်ကိုပင်ဆွဲ၍ ထူလိုက်သည်။

"အား...နာတယ်ကွ"

ဦးစိန်တိုးက ဖြဲအော်လိုက်ရာ မျိုးကြီး ယောင်၍ ဖမ်းထားသောလက်ကို လွှတ်လိုက်သည်။ ထိုအခါ ဆွဲထူ၍ ထရပ်မိသော ဦးစိန်တိုး ပြတင်းဆီသို့ တစ်ဟုန်ထိုးပြေးလေ၏။

"ရပ်"

ရဲစုံထောက် ဦးတင်မောင်ဆင့် အော်အော်ပစ်ပစ် ပစ်ထည့်လိုက်ရာ…

"ဒိုင်း"

ဟူသော ခြောက်လုံးပြူးသေနတ်သံနှင့်အတူ ဦးစိန်တိုး ဒူးထောက်၍ ရှေ့ကိုဟပ်ထိုးလဲသည်။ သေနတ်ကျည်ဆန်သည် ဦးစိန်တိုး၏ ခြေသလုံးကိုဖောက် လေ၏။ ရှေ့သို့ဟပ်ထိုးလဲသည့် ဦးစိန်တိုးသည် ပြတင်းပေါင်ကို လက်နှစ်ဖက်ထောက်မိသွားစဉ် လက်ထောက်၍ ပြတင်းမှ ကျွမ်းပစ်ကာ ဆင်းသွားတော့သည်။

"ဟယ်"

"ဟာ"

အာမေဋိတ်သံများနှင့်အတူ မဟူရာစံအိမ်ကြီး၏ အောက်ထပ် မြေပြင်မှ "အုံး"ဟူသောလေးလံသည့် အရာကြီးကျလာသည့်အသံ ဟိန်းထွက်လာတော့သည်။

မျိုးကြီးက ပြတင်းဆီပြေး၍ ငုံ့ကြည့်သည်။ နောက်က လူအများလိုက်၍ ငုံ့ကြည့်သည်။ ပြတင်းအောက်မြေပြင်ဝယ် လူကြီးတစ်ယောက် မှောက်ခုံကြီး လဲလျောင်းငြိမ်သက်နေသည်ကို မှောင်ဝါးဝါးတွင် မြင်တော့ မြင်နေကြရသေးတော့၏။

သေချာအောင် လူအများ အောက်ထပ်ပြေးဆင်းကြသည်။ အောက်ထပ်ရှိသူများနှင့်အတူ အပြင်ထွက်၍ ဦးစိန်တိုး ကျသွား





ရာနေရာကို ပြေးကြည့်ကြသည်။ ရဲစခန်းမှူး ဦးခင်အောင်က လေးထောင့်ထိုးလက်နှိပ်ဓာတ်မီးကြီးနှင့် မှောက်ခုံကြီးလဲနေသည့် ဦးစိန်တိုးကို ထိုးကြည့်သည်။ စုံထောက်အရာရှိ ဦးတင်မောင်ဆင့်က လည်း လက်နှိပ်ဓာတ်မီးနှင့် ထိုးပေးထားသည်။ စခန်းမှူးက ရှေ့သို့ တစ်လှမ်းချင်းတိုးသွား၍ ဦးစိန်တိုးအလောင်းဘေးတွင်ထိုင်ပြီး လည်ပင်းမှ သွေးခုန်သွေးလွှတ်ကြောကို အသာစမ်းကြည့်သည်။

"သေပြီ အသက်မရှိတော့ပါဘူး"

စခန်းမှူးက မှတ်ချက်ပေးသည်။

"မိုက်ကန်းလိုက်တဲ့ လူပဲဗျာ"

ရပ်ကွက်လူကြီး ဦးကြည်ကောင်းက ပြောလေ၏။ ကပ္ပိယအောင်စိုးကကျောင်းရိပ်ကန်ရိပ်မှီသူပီပီသံဝေဂနှင့်ပြောလိုက်သည်။

"အေးဗျာ မိုက်ဓာတ်သိမ်းသွားတာပေါ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ"

မျိုးကြီးက သူနှင့်အတူ နှစ်တွေကြာရှည်စွာ အလုပ်အတူ လုပ်ခဲ့သည့် ဦးစိန်တိုးကို ဤမျှမိုက်ကန်းသူဟု မထင်ခဲ့။ ယခုတော့ သူ့ ဓာတ် သူသိမ်းသွားလေပြီဟု တွေးရင်း ရှေ့တိုး၍ ဦးစိန်တိုးအလောင်းကို အသေအချာ ငုံ့ကြည့်နေမိသည်။

ထိုစဉ် ဦးစိန်တိုးက ရုတ်တရက် ကုန်းထပြီး မျိုးကြီးလည်ပင်းကို သူ့လက်နှစ်ဖက်နှင့် ဆွဲညှစ်လေ၏။

"အမယ်လေး ကိုင်းကွာ"

မျိုးကြီးက ကြောက်ကြောက်နှင့်အော်ပြီး သူ့ဖလကြီးနှင့် ညာခြေဖြင့် အားကုန်ကန်ထုတ်လိုက်သည်။

"ဗန်း"

ဦးစိန်တိုးခန္ဓာကိုယ်ကြီး တိုက်နံရံသို့ကျောနှင့်ပစ်တိုက်သည်။

"ဗန်း...ဗန်း...ဗန်း"

စခန်းမှူးက နံရံကပ်၍ ခွေခွေခေါက်ခေါက်ငြိမ်သက်နေသော ဦးစိန်တိုးအလောင်းကြီးကို လက်နှိပ်ဓာတ်မီးနှင့် ထိုးပြသည်။ ဟုတ်ပါသည်၊ အလောင်းကြီးက ဤနေရာ၌ငြိမ်လို့။

အရပ်လူကြီးဦးကြည်ကောင်းကလည်း သူ့လက်နှိပ်ဓာတ်မီးနှင့်ထိုးထားပြီး ကြည့်နေသည်။ ရဲစုံထောက်အရာရှိ ဦးတင်မောင်ဆင့် ရှေ့သို့တစ်လှမ်းချင်း တိုးသွားစဉ် ဆားပုလင်း အောင်မင်းလူက လက်နှိပ်ဓာတ်မီးထိုး၍ နောက်က ကပ်လိုက်သွား၏။

ဦးတင်မောင်ဆင့် ရှေ့နားအသွား "အစ်ကိုသတိထားဗျ" ဟု သူ့ညီ တင်မောင်ဇော်က သတိပေးလိုက်ရာ ဦးတင်မောင်ဆင့်က ဖျတ်ဆို ခါးကြားက ခြောက်လုံးပြူးဆွဲထုတ်သည်။ အလောင်းကို ချိန်ရင်း သတိကြီးစွာနှင့် တစ်လှမ်းချင်းကပ်သွားသည်။

ရောက်ပါပြီ အလောင်းဘေး။ မှဆိုးထိုင် ထိုင်လိုက်သည်။ အလောင်းကို လှန်လိုက်သည်။ လက်ကောက်ဝတ်ကိုစမ်းသည်။ လည်ပင်းကို သွေးစမ်းသည်။





"သေနေပါပြီ၊ အလောင်းက နည်းနည်းတောင်အေးပြီး တောင့်လာပြီပဲ၊ ဆေးရုံကားခေါ်ပါတော့ဗျာ"

ဦးတင်မောင်ဆင့် ညွှန်ကြားပြီးနောက် စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ လုပ်ဆောင်ဖွယ်များကို ထုံးစံအတိုင်း လုပ်ဆောင်လိုက်ကြလေကုန်၏။ ဦးစိန်တိုး ကွယ်လွန်သည့်သတင်းက အင်္ဂပူတစ်မြို့လုံးသို့ ပျံ့ခဲ့သည်။ သူ့ကိုရှုံ့မုန်းသူများက သူ့ဈာပနကို လိုက်မပို့ကြသော် လည်း ဒေါ်သိန်းရှင်နှင့် သူ့တပည့်ရင်းအချို့ လိုက်ပို့ခဲ့ကြသည်။

ဦးစိန်တိုး ကွယ်လွန်ကြောင်းသိမှ ပရဆေးဆိုင်မှ ဦးလွန်းဖွေ၏သား လွန်းတင် အိမ်သို့ ပြန်လာရဲတော့သည်။

ရဲစုံထောက်အရာရှိ ဦးတင်မောင်ဆင့်တို့က ကိုလွန်းတင်ကို အလွတ်မပေးခဲ့။ သူ့ကို သက်သေအဖြစ် ခေါ်ယူပြီး တင်တင်အိသေမှုသေခင်းတွင် စိန်ခေါ် အာဆင်းနစ်အဆိပ် လာဝယ်သူ ဦးကျောက်ဒိုးဖြစ်ကြောင်း လူသက်သေအဖြစ် ထွက်ဆိုစေခဲ့သည်။ တင်တင်အိ သေဆုံးမှုတွင် အဓိကတရားခံများဖြစ်သည့် ဦးကျောက်ဒိုးနှင့် ဦးစိန်တိုးတို့ ကွယ်လွန်ကြပြီဖြစ်၍ အမှုပိတ်ရမည်ဖြစ်သော်လည်း အခြား ကြံရာပါများဖြစ်သည့် ဒေါ်သိန်းရှင်ကိုစစ်ဆေးကြသောအခါ ဦးကျောက်ဒိုးကို ရိုက်သတ်စဉ်က ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့သည့် ဂျစ်ကားယာဉ်မောင်း ကိုထွန်း

ကြည်ကို တရားခံပြေးအဖြစ် ရဲစခန်းများက အမှုဖွင့် ရှာဖွေသော အခါ ရန်ကုန်မြို့ ဗိုလ်တထောင်ရပ်တွင် ဖမ်းမိလေ၏။

ယခုအခါ ဦးစိန်တိုး ရက်လည်ဆွမ်းသွတ်ပြီး၍ မဟူရာစံအိမ်မှ ဦးစိန်တိုး မောင်းထုတ်၍ ထွက်သွားရသော လူရင်း မျိုးကြီးကို မဟူရာမိသားစုက ပြန်ခေါ်ထားကြလေသည်။ မျိုးကြီးသည် မူလကတည်းက မဟူရာစံအိမ်ကြီးပေါ်တွင် နေခဲ့သူမဟုတ်သော ကြောင့် သူ့ဖခင်ရှိစဉ်ကပင် နေထိုင်ခဲ့သော အစေခံတန်းလျားကို ပြုပြင်မွမ်းမံ၍ နေထိုင်လေ၏။

သို့သော် မကြာမီရက်ပိုင်းအတွင်း မဟူရာစံအိမ်ကြီးကို ညပိုင်းမိုးချုပ်လူကပ်သည်။ လူရိပ်မြင်သည်ဆိုကာ ဒေါ်တင်မေကြီးတို့ မိန်းမသားချည်း စံအိမ်ကြီးထဲတွင် မနေရဲ၍ မျိုးကြီးကို အိမ်ကြီး၏ အရှေ့ဘက်ဆောင်မှ အခန်းကြီးတွင် နေစေခဲ့သည်။

မျိုးကြီးလည်းမငြင်းသာ၍ မဟူရာစံအိမ်ကြီးပေါ်သို့ ရောက်လာတော့၏။ စံအိမ်ကြီးအပေါ်ထပ် အထူးသဖြင့် တင်တင်လတ်တို့ မဟူရာညီအစ်မနေသည့် အပျိုဆောင်ဘက်တွင် ညဦးနက်သန်းခေါင် လူရိပ်မြင်သည်ဟု ဆိုကြသည်။ မျိုးကြီးက သိပြီးသား။ ငှက်မသိတော့ ဆက်ရက်ချိုးထင်၊ အချက်မသိတော့ သားမက်ကို သူခိုးထင်သည့်ကိန်း ဆိုက်နေကြောင်း သူ သိသည်။

မဟူရာစံအိမ်၏ ကောင်းကင်လမ်းနှင့် မြေအောက်လမ်းမှ





ဝင်ပြီး အပျိုဆောင်ဘက်ကိုသွားသည့် လျှို့ဝှက်လမ်းကို တင်တင်လတ်၏ရည်းစား တင်မောင်ဇော်ကို မျိုးကြီးကိုယ်တိုင် ခေါ်၍ပြခဲ့သည်ပဲ။ ဒီကောင်လေး နည်းနည်းအတင့်ရဲဟန်ရှိသည်။ တော်တော်ကြာ ကျော်မကောင်း ကြားမကောင်း ဖုံးမနိုင် ဖိမရ ဖြစ်ကုန်မည်။ နည်းနည်းဖြင့် သတိပေးမှဟု မျိုးကြီး တွေး၏။

သူ့အနေဖြင့် တင်တင်လတ်ကို သတိပေးလျှင် မကောင်း။ တင်မောင်ဇော်ကိုသာ သတိပေးမှ ကောင်းရော့မည်။ ထို့ကြောင့် နောက်နေ့တွင် သူ့အလုပ်ခန်းသို့ တင်မောင်ဇော်ကိုခေါ် လိုက်သည်။

"ဦးလေးမျိုးကြီး ခေါ်တယ်ဆိုလို့ မဆိုင်းမတွပြေးလာခဲ့တာ၊ ဘာများထူးလို့လဲ၊ တစ်စွန်းတစ်စကြားရသလောက်တော့ မဟူရာစံအိမ်ကြီးမှာ သရဲခြောက်တယ်ဆိုလား မဟုတ်မှလွဲရော ဟိုလူကြီး မကျ[illegible]ဘူးထင်တယ်"

"ဝေးဘ်စမ်းပါ ငါ့တူရာ၊ ဒီကိစ္စပြောမလို့ခေါ်တာ"

"ကျွန်တော်ကလည်း ပြောချင်နေတာ ဦးစိန်တိုးကြီးက သေခါနီး ဦးလေးမျိုးကြီးနဲ့ တအားဖိုက်သွားရလို့ ဦးလေးမျိုးကြီးကို ကျေနပ်ပုံမရဘူး၊ သရဲဖြစ်နေရင် ဦးလေးမျိုးကြီးကို ဒုက္ခပေးနိုင်တယ်နော်"

"ဟာ ဒီကောင်လေ ငါ့ဘက်မြှားဦးလှည့်မနေနဲ့ ဒီကိစ္စ ပွင့်ပွင့်လင်းလင်းပြောရအောင် ခေါ်တာ၊ မှန်မှန်ပြောစမ်း ငါ့ကိုတော့

မလိမ်နဲ့၊ မင်း ည ညမှာ ငါပြထားတဲ့ လမ်းကြောင်းတွေကနေ မဟူရာစံအိမ်ထဲဝင်ပြီး တင်တင်လတ်နဲ့ ချိန်းတွေ့နေတယ်ပေါ့ လွှန်ကုန်မယ်နော်”

တင်မောင်ဇော် ခန္ဓာကိုယ်ကြီး တောင့်သွားသည်။ လက်စသတ်တော့ ဒီလိုထင်နေမှကိုး ဟူ၍။ တင်မောင်ဇော် တော်တော်လေးစိတ်ဆိုးသွားသည်။ လေသံမာမာနှင့် ပြန်ပြောဖြစ်သည်။ မျက်နှာလည်း တင်းသွားသည်။

“ကျွန်တော့်ကို စွပ်စွပ်စွဲစွဲမပြောနဲ့ မကြိုက်ဘူးဗျာ”

“ဩော် မင်းကပဲ စိတ်ဆိုးရသေးတယ်လို့ ဘာလဲ မဟုတ်ရင် မဟုတ်ဘူးပေါ့ကွ”

မျိုးကြီးကလည်း သူ့ကိုမာဆတ်ဆတ် တုံ့ပြန်သည်။ လူငယ်ကို စိတ်တိုစွာ ပြန်ပြောသည်။ အစစအရာရာ ကူညီပေးခဲ့သည့် သူကို ယခုလို ရိုင်းရိုင်းရိုင်းစိုင်း ဆက်ဆံမည်မထင်ခဲ့။ ဟုတ်ပါသည်။ တင်မောင်ဇော် သတိဝင်လာ၏။ ဦးလေးမျိုးကြီးကို သူက ထစ်ခနဲဆို စိတ်မဆိုးသင့်။ သူစိတ်ဆိုးရမည့်လူမှ မဟုတ်သည်ပဲ။ လူရိုးလူဖြောင့် လူကောင်းကြီးပေပဲ။

“အေးဗျာ ဆောရီးပါပဲ၊ ကျွန်တော့်ကို စော်ကားတဲ့သဘောပြောလာလို့ နည်းနည်းစိတ်ဆိုးသွားလို့ပါ၊ တကယ်ပြောတာပါ ကျွန်တော် လတ်တို့အိမ်ကို ဟိုကိစ္စပြီးတဲ့နောက်ပိုင်း တစ်ခေါက်မှ ထပ်မရောက်သေးပါဘူး”





“အင်း ငါက မင်းကို အထင်သေးလို့စွပ်စွဲတဲ့သဘောမဟုတ်ဘူး၊ တင်တင်လတ်အခန်းဘက်မှာ ည ည လူရိပ်မြင်တယ်လို့ ဖြစ်နေတော့ အတွင်းသိတဲ့ငါက မင်းကလွဲပြီး ဘယ်သူ့ သွားအထင်လွဲရမှာလဲ၊ ဒါကို မင်းက သဘောပေါက်သင့်တာပေါ့”

“ဟုတ်ကဲ့ပါ၊ ကျွန်တော်ကိုအထင်လွဲတာက ဦးလေးမျိုးကြီးဘက်ကတွေးရင် မမှားပါဘူး။ ကျွန်တော့်ဘက်က တွေးရင်တော့ ဦးလေးမျိုးကြီးလို လူရိုးလူဖြောင့်တစ်ယောက်က ကျွန်တော့်ကို ဒီလို အထင်လွဲတာကို မခံချင်ဘူးဗျာ”

“အေးပါ မင်းကိုငါက ခေတ်လူငယ်တစ်ယောက်မို့ ရိုးရိုးပဲမြင်ကြည့်တာကိုး၊ ခေတ်လူငယ်တွေက နည်းနည်းကဲသလားလို့ပါ၊ ဒီလိုပဲ ရည်းစားသနားထားရင် ချိန်းတွေ့ကြတာပဲ တွေ့ခွင့်ရရင် တွေ့ကြတာကိုးကွ”

“ဟာ ခေတ်လူငယ်မဟုတ်တဲ့ ဟို ဦးစိန်တုးကြီးကရော ခေတ်လူငယ်ထက်တောင်ကဲသေး၊ ကျွန်တော်က အဲဒီလို အခွင့်အရေးကို အလွဲသုံးစားလုပ်တတ်တဲ့ လူငယ်မဟုတ်ဘူးဗျ၊ လတ်နဲ့ကျွန်တော်က ကျောင်းမှာနေ့တိုင်းနီးပါး တွေ့နေကြရတာပဲ ဘာလို့ ညကြီးမိုး ချုပ်ထပ်ပြီး အထူးချိန်းတွေ့စရာလိုသေးလို့လဲ။ ကျွန်တော်တို့က လူ့ကျင့်ဝတ်ကို နားလည်ပါတယ် စကောစကအရွယ် ပညာမစုံခင် သားကျွေးမွေးယားကျွေးမွေးမလုပ်နိုင်ခင်

ကျွန်တော် သူတစ်ပါးသားပျို သမီးပျိုကို လွန်လွန်ကျူးကျူး လုပ်ဖို့ စရိုက်ဆိုးမရှိဘူးဗျာ"

"အေးပါ အေးပါ မင်းလိုလူငယ်မျိုးကို ငါကလည်း ချီးကျူးပါတယ်။ ဒါနဲ့ တို့တွေ တစ်ယောက်ကိုတစ်ယောက် နားလည်မှုလွဲပြီး စကားများနေကြတာနဲ့ အရေးကြီးတဲ့ကိစ္စပြောဖို့ မရောက်တော့ဘူး၊ မဟူရာစံအိမ်မှာ ညကြီးမိုးချုပ် လူရိပ်မြင်တဲ့ကိစ္စဟာ ရိုးရိုးသားသား ဟုတ်ချင်မှဟုတ်မယ်. လူမဟုတ်ဘူးဆိုရင် မင်းပြောသလို တစ္ဆေသရဲလည်း ဖြစ်နိုင်တယ်။ ဟိုငနဲကြီး မကျွတ်မလွတ်ဘူးဆိုရင် ဒီမဟူရာစံအိမ်ကို အခုလို ငါလာပြီးနေတာကို မကြိုက်လို့ ခြောက်တာဆိုရင် ပရိတ်ရွတ်ပြီး မောင်းထုတ်ရမှာပဲ"

"သေချာအောင် နည်းနည်းတော့ လေ့လာကြည့်ပါဦး ဦးလေးမျိုးကြီးရာ"

"မင်းအကြံမဆိုးပါဘူး၊ အခုလိုမင်းနဲ့တွေ့တော့ ငါ မင်းအပေါ် သံသယဖြစ်တာလည်း ရှင်းသွားပြီ၊ ဟိုလူကြီး သရဲဖြစ်နေတဲ့ဘက်ကို ပိုပြီးစဉ်းစားလို့ရပြီပေါ့ ကျေးဇူးပဲကွာ"

သို့ဖြင့် မျိုးကြီးနှင့် တင်မောင်ဇော်တို့ အတွေးကိုယ်စီနှင့် လမ်းခွဲဖြစ်ကြသည်။

မျိုးကြီးစိတ်ထဲတွင် တော်တော်စနိုးစနောင်ဖြစ်ခဲ့သည်။ ထိုညတွင် သူ ဒေါ်တင်မေကြီးကို ခွင့်ပန်၍ အပျိုဆောင်ဘက်ကို





သွားချောင်းသည်။ တင်တင်လတ်နှင့် မျက်စောင်းထိုးရှိ ပစ္စည်းသိုလှောင်ခန်းငယ်ထဲသို့ ည ၁၀–နာရီကတည်းက သွားရောက်ခိုအောင်းနေလိုက်သည်။ စတိုခန်းခေါ် ထိုပစ္စည်းသိုလှောင်ခန်းကလေး၏တံခါးကို အသာဟ၍ အပြင်စကြံနှင့် တင်တင်လတ်အခန်းတံခါးဘက်ကို မြင်သာရုံထား၍ ကျကျနနပင် အမှောင်ခန်းထဲမှ ထိုင်ကြည့်နေသည်။ သူ့တွင် လက်နှိပ်ဓာတ်မီးအဆင်သင့်။ အိန္ဒိယကလပ်ခေါ် လက်ဝှေ့ရမ်း၍ လက်မောင်းအားလေ့ကျင့်သည့် တင်းပုတ်ကဲ့သို့ သစ်သားလုံး တုတ်တစ်ချောင်း ဘေးတွင် ချလျက်။

အမှောင်ထဲတွင် ကြာကြာထိုင်တော့ ခြင်အတော်ကိုက်သည်။ ဘုန်းကြီးကျောင်းသွားနေခဲ့သောနှစ်များက မကြာမကြာ ဦးပဉ္စင်းကြီးများနှင့် တရားမှတ်တရားထိုင်ခဲ့ရ၍သာ အတန်ပင် အလေ့အကျင့်ရခဲ့သည်။ သို့သော် တစ်နာရီထက်ကြာအောင် ငြိမ်ငြိမ်မထိုင်နိုင်၍ ၁၁–နာရီထိုးတွင် ထရပ်ရသေးသည်။ နာရီဝက်ခန့် မတ်တတ်ကြီးနေပြီး ခြေညောင်းတော့ တင်ပျဉ်ခွေ၍ ပြန်ထိုင်သည်။

၁၂–နာရီသံချောင်းခေါက်သံသည် အဝေးကင်းတဲဆီမှ သဲ့သဲ့ထွက်ပေါ်လာသည်။

"အင်း ဆယ့်နှစ်နာရီတော့ ထိုးပြီပဲ"

"ဟဲ...ဟဲ...အဲ"

မျိုးကြီးက အသံတိုးတိုးကလေးမှတ်ချက်ပြုသည်။ သူ့နောက်က အသံသဲ့သဲ့ ပွဲ့တင်ရိုက်သလိုပင်။ ခဏချင်း မျိုးကြီးကျောထဲက စိမ့်တက်လာသည်။ ကြက်သီးများ တဖြန်းဖြန်း ထသွားသည်။

ေ့ာက်ကိုလှည့်ကြည့်လိုက်သည်။ မှားလေစွ။ ညာဘက်မှလည်ပြန်လှည့်ကြည့်ခြင်း၏အ ှား။ သူ အသိနောက်ကျသွားသည်။

နောက်ကမည်းမည်းသဏ္ဌာန်ကြီးက သူ့ကိုရိုက်လိုက်သည်။ မျိုးကြီးသည် ဗလကောင်းသူ လျင်မြန်သူမို့တော်သေး။ မိုး၍ ရိုက်လာသည့် လက်မည်းကြီးကို ရိုပ်ခနဲ ဆီးခံလိုက်ရာ သူ့ညာလက်ဖျံထုံကျဉ်အောင့်နာသွားသည်။ ဘယ် ်တွင်ကိုင်ထားသည့် လက်နှိပ်ဓာတ်မီးနှင့် မည်းမည်းကြီးကို မျက်နှာဆီ မှန်းထိုး၍ထိုးကြည့်သည်။ မီးခိုးလုံး မည်းမည်းကြီးနောက်သို့ လျင်မြန်စွာရွေ့ပြီးပျောက်သွားလေ၏။ လက်နှိပ်ဓာတ်မီးရောင် တဝင်းဝင်း ဘာမျှမရှိ၊ မတွေ့။

ယခုမှ မျိုးကြီးသူ့တစ်ကိုယ်လုံးနောက်ပြန်လှည့်၍ လက်နှိပ်ဓာတ်မီးနှင့် ဟိုဒီထိုးကြည့်သည်။ မွေ့ယာဟောင်းအပုံများ၊ ကုလားထိုင်ဟောင်းအထပ်များ၊ ထင်းရှူးသေတ္တာကြီးများ ဆင့်





ထားပုံများ အခြား ဘာမျှမမြင်။ သူ စောစောက သတိလစ်ပြီး လက်ယာဘက်ပခုံးမှကျော်၍ နောက်ပြန်လှည့်ကြည့်မိသည့် အမှားကို ပြန်တွေးနေ၏။

"အစ်ကိုမျိုးကြီးမှတ်ထား တစ္ဆေခြောက်တဲ့နေရာ၊ နာနာဘာဝ သောင်းကျန်းတဲ့နေရာ ရောက်နေလို့ ကိုယ့်နောက်က ချိုးချိုးချွတ်ချွတ်သံကြားရင် ဘယ်တော့မှ ညာဘက်ပခုံးကကျော်ပြီး လည်ပြန်မကြည့်နဲ့။ ယောကျ်ားတို့ ဘုန်းတန်ခိုးဆိုတာ အဲဒီ ညာလက်ရုံးမှာရှိတယ်။ ညာဘ ်လည်ပြန် ရုတ်တရက်လှည့်လိုက်ရင် ဘုန်းမီးဟာ ဟုတ်ခနဲ ငြိမ်းသွားတတ်တယ်။ ဘုန်းမီးအငြိမ်းမှာ ပရလောကရှိ ပေတဝတ္ထု နာနာဘာဝတွေက ဝင်စီးနိုင်တယ်၊ အစိမ်းပက်နိုင်တယ်၊ ဒါကြောင့် နောက်ကိုလှည့်မယ်ဆို တစ်ကိုယ်လုံး လှည့်ကြည့်ဗျ"

ကပ္ပိယအောင်စိုးပြောထားသည်ကို သတိမေ့၍ မလိုက်နာမိသော မျိုးကြီး ကံကောင်းလို့ အစိမ်းသရဲ၏ နဖူးတည့်တည့်မိုးရိုက်ခြင်းကို မခံလိုက်ရ။

ဘာပဲဖြစ်ဖြစ် ယခုဖြစ်ရပ်ကြောင့် ဤအခန်းထဲ သို့မဟုတ်၍ မဟူရာစံအိမ်ထဲတွင် အစိမ်းသရဲရှိသည်တော့ သေချာပြီ။

မျိုးကြီး ကြောက်ကြောက်နှင့် သမ္ဗုဒ္ဓေဂါထာကို အခေါက်များစွာ ရွတ်ဖတ်နေမိသည်။ သို့ပင်လျက် ဤအခန်းကျဉ်းထဲ၌

ဆက်မနေရဲ၍ ခြေလှမ်းကျဲနှင့် ထွက်ခွာလာခဲ့သည်။ သူ စဉ်းစားလာ၏။ ဤအတိုင်းဆို ပခန်းဆရာကြီး ဂန္ဓိရိကကို နောက်တစ်ကြိမ်ပင့်ပြီး ဒီစိန်တိုးဆိုတဲ့ အစိမ်းသရဲကို မဟူရာစံအိမ်သို့ ဘယ်တော့မှ မလာနိုင်တော့အောင် မောင်းထုတ်ရပေမည်ဟူ၍။

နောက်နေ့တွင် ကပ္ပိယအောင်စိုးဆီပြေး၍ မျိုးကြီးက အကူအညီတောင်းရပြန်သည်။ ပခန်းဆရာကြီးကို သွားပင့်ပေးရန်ဖြစ်သည်။ ကပ္ပိယကြီးကလည်း သူကိုယ်တိုင် သွားပင့်မည်ဆိုပေမယ့် ယခင်တစ်ခေါက်ကလို မျိုးကြီးကို လိုက်ပါစေချင်သည်။ သို့ကြောင့်အတူ ခရီးထွက်ဖြစ်ကြသည်။

ညသည် တိတ်ဆိတ်နေ၏။ တန်ဆောင်မုန်းလဆန်းရက်များမို့ ရွှေလမင်းကြီးက ခါတိုင်းလများထက်ပို၍ ထိန်ထိန်သာနေသည်။

မဟူရာစံအိမ် တိုက်ခံအိမ်ကြီး အောက်ခံအုတ်နံရံများသည် အဝါရောင်။ အပေါ်က ပျဉ်များသည် ရေနံချေးဝနေ၏။ ထို့ကြောင့် အဝေးက လှမ်းကြည့်ပါက မဟူရာစံအိမ်ကြီးသည် အောက်ခံအဝါရောင်ကိုသာမြင်ရပြီး အပေါ်ဘက်အမည်းက ညအမှောင်တွင်ဆိုက မမြင်ရသောကြောင့် ခေါင်းပြတ်အိမ်ကြီးနှင့်တူလှသည်။ ခေါင်းပြတ်ကြီးလိုဖြစ်သည်။

ယခုလို လမင်းလင်းလက်နေတော့လည်း မည်းမည်းကြီး





အပေါ်ပိုင်းက အဝတ်မည်းကြီးနှင့် ခေါင်းကိုစွပ်ထားသည့် လူဆိုးသူခိုးကြီးနှင့် တူသေးတော့၏။

မိုးစုန်းစုန်းချုပ်ချိန်၊ အားလုံးအိပ်မောကျချိန်၊ သန်းခေါင်ကျော်ချိန်။

"ဝုန်း"

တင်တင်လတ် အိပ်ခန်းတံခါးကြီး ရုတ်တရက်ပွင့်သွားသည်။ စောင်ခြုံ၍ အိပ်ကောင်းနေသည့် တင်တင်လတ် မနိုးပါ။

"ရှပ်..ရှပ်...ရှပ်..ရှပ်"

ခြေသံကြီးက တံခါးမှ သည့် တင်တင်လတ် အိပ်သည့်ခုတင်ဆီသို့ လာနေ၏။

"အိးဟီးဟီး"

လူသံလည်းမဟုတ်၊ ခွေးသံလည်းမဟုတ်၊ လေတိုးသံလည်းမဟုတ်၊ ဘာသံနည်း။ လူအများ မကြားဖူးသည့် နာနာဘာဝ၏အသံ။ ဝိညာဉ်တို့ စကားပြောလျှင် ဘာသံနှင့်မျှမတူ ဝိညာဉ်သံသာဖြစ်သည်။ ဤဝိညာဉ်သံ၊ ပေတာတွန်သံသည် လူတိုင်းမကြားရ၊ ဘုန်းနိမ့်သူ၊ သက်ဆိုင်သူ၊ ဝိညာဉ်နှင့် အဆက်အစပ်ရှိသူတို့သာ ကြားရလေ့ရှိသည်။

"လတ်...ဟတ်ဟတ် လတ်ရေ...ဟေဟေ"

အဝေးက လွင့်ပျံ့လာသည့် အသံမျိုး။ ပွဲတင်သံလိုလို။

တင်တင်လတ် အိပ်မက်မက်နေသည်ထင်၏။ သူ့အိပ်မက်ထဲတွင် ပထွေးက သူ့ကို အဝေးကြီးက လှမ်းခေါ်နေ၏။ သူက လေထန်သည့်တောင်ကုန်းထိပ်ဖျားတွင်ရပ်နေ၏။ သူ့ဆံပင်များ လွင့်နေ၏။ သူ့အဝတ်များလွင့်နေ၏။ တော်ပါသေး။ ဤလေအေးအေးတောင်ထိပ်တွင် သူ့မှာအဝတ်ထူထူနှင့်မို့ ချင်းစောင်နှင့်ပင် ပတ်ထားသေး။

"မပြေးနဲ့ တင် တင် လတ် အဲဒီမှာရပ်နေ ဘထွေး လာခေါ်မယ် ဟယ်...ဟယ်"

"အို... မလာနဲ့ ရှေ့တိုးမလာနဲ့ ပြောနေတယ်နော် ဆက်တိုးလာရင် ကျွန်မ ခုန်ချလိုက်မှာ"

"ဟိုး..ဟိုး..ဟိုး မလုပ်နဲ့ မလုပ်ပါနဲ့ ဒီဘက်ကိုလာခဲ့ ဟဲ့..ဟဲ့"

ဘထွေးက ရှေ့ကိုတိုးတိုးလာနေပြီ။ တင်တင်လတ်ဘက်မှ ချောက်ထဲကို ငုံ့ကြည့်သည်။ အနက်ကြီးပဲ ခုန်လို့ဖြစ်ပါ့မလားဟု စဉ်းစားနေစဉ် ချောက်ထဲမှ ဖြူဖြူသဏ္ဍာန်တစ်ခုပေါ်လာသည်။ အပေါ်သို့ ကြွတက်လာနေသည်။

"ဟော ကိုဇော်ပဲ အဲဒါကိုဇော်ပဲ သူ လတ်ကို လာကယ်ပြီပဲ"

"လတ်ရေ...လတ်"

"ကိုဇော်ရေ...ကိုဇော်"

"လတ်ရေ မကြောက်နဲ့ ကိုဇော်လာပြီ ဒီဘက်ကို ခုန်ချလိုက်





ကိုဇော် ဆီးဖမ်းပေးမယ်"

တင်တင်လတ် ပထွေးဘက်ကိုကြည့်လိုက်ရာ ဒီလူကြီးဖြည်းဖြည်းချင်း ရှေ့တိုးလာနေသည်။ မဖြစ်ချည်ဘူး သူ့လက်ကလွတ်အောင် ကိုဇော်ဆီ ခုန်ချမှဖြစ်မည်။

"လာပြီ ကိုဇော်ရေ လတ်လာပြီလေ"

တင်တင်လတ် ခုန်ချလိုက်၏။ လေထဲတွင် အေးခနဲဖြစ်သွား၏။ အောက်ကဆီးဖမ်းသည့် ကိုဇော်နား နီးလာပြီ နီးလာပြီ။

"အမယ်လေးတော့"

တင်တင်လတ် လန့်အော်မိသည်။ အနီးရောက်မှ ကိုဇော်က ကိုဇော် မဟုတ်တော့ဘဲ ပထွေးဦးစိန်တိုး ဖြစ်သွားသည်ပဲ။

တင်တင်လတ် အလွန်လန့်ပြီး သတိလစ်သွားသည်။ သတိရတော့ သူ့ကိုယ်ပေါ်၌ တစ်စုံတစ်ဦး ဖိထားသည်ကို သိရသည်။ ရုန်းသည်မရ အော်သည် အသံမထွက်။ တင်တင်လတ် ကိုယ်ပေါ်၌ ဖိထားသောသူသည် ဦးစိန်တိုးမှ ဦးစိန်တိုးအစစ်။

"အား"

ဦးစိန်တိုး၏ မျက်နှာကြီးက သူ့မျက်နှာနား အနီးကပ်အပ်နေသည်မို့ တအားအော်ပစ်သည်။ ထိုအခါကျမှ တင်တင်လတ် အသံ တကယ့်ကို ထွက်သွားလေ၏။

"အမယ်လေး လုပ်ကြပါဦး"

တင်တင်လတ် အော်နိုင်တုန်း ဖိအော်လိုက်သည်။ အသံက စူး၍ ဟိန်း၍ အူသွားသည်။

"ဒုန်း..ဒုန်း..ဒုန်း...ဒုန်း"

တင်တင်လတ် အခန်းပြင်ဘက်က ပြေးလာသံများ။ တံခါးကြီးက ပွင့်နေ၍ ဒေါ်တင်မေကြီးနှင့် တင်တင်လေးတို့ တန်းပြီး အခန်းထဲ ပြေးဝင်လာကြသည်။

"လတ် သမီး ဘာဖြစ်သလဲ"

"အမေ...အမေ၊ ညီမလေး အီးဟီးဟီးဟီး"

တင်တင်လတ် သူ့အမေကို ထဖက်၍ ချုံးပွဲချငိုလေ၏။ မီးခလုတ်ကို တင်တင်လေးကဖွင့်လိုက်၍ တစ်ခန်းလုံးလင်းနေပြီ။

"ဘာဖြစ်လို့လဲ မမလတ်"

"ဘာ...ဘာ ဖြစ်ရမှာလဲ ဟို...ဟို"

တင်တင်လတ် ဘေးပတ်လည်ကို ကြည့်သည်။ ဘာမျှမရှိ။

"ဟိုလူကြီး မမလတ်ကို ဟို...ဟို"

"ဘာ ဘယ်လူကြီးလဲ ဦးလေးမျိုးကြီးလား"

တင်တင်လေးက ခပ်ခွာခွာမေးလိုက်သည်။

"ဟာ ဒီကောင်မလေး မျိုးကြီးက ညနေရထားနဲ့ မန္တလေးကို သွားပြီပဲ ခရီးထွက်သွားပြီပဲ"

"ဟယ် ဟုတ်သားပဲ ဒါဖြင့် မမလတ်ကို ဘယ်သူ လာစော်





ကားတာလဲ"

"ဘာထွေးစိန်တိုး"

"အို"

တင်တင်လေးရော ဒေါ်ခင်မေကြီးပါ လန့်၍မတ်တတ်ရပ်မိသွားကြသည်။

"ဟုတ်တယ် ဒီလူကြီးမှ ဒီလူကြီးပဲ လတ်ကို အတင်းလာဖိတယ် မနည်းကိုရုန်းရတယ်"

ဒေါ်တင်မေကြီးနှင့် တင်တင်လေး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။ သူတို့မျက်နှာတွင် သွေးမရှိတော့။ သုံးယောက်သား ခုတင်ပေါ်တက်၍ တအားဖက်ထားလိုက်ကြသည်။

သုံးယောက်သားဖက်၍ အကြောက်တရား ပိုနေစဉ်မှာပင် လျှပ်စစ်မီးသီးက မှိတ်တုတ်မှိတ်တုတ်ဖြစ်လာသည်။ (ထိုခေတ်က လျှပ်စစ်မီးချောင်း သိပ်ခေတ်မစားသေး၍ နယ်မြို့များတွင် မီးလုံးသာ အသုံးများသည်။) ထို့နောက် မီးက လင်းလိုက်မှောင်လိုက် ကစားနေ၏။

"ရှပ်...ရှပ်၊ ဖျပ်...ဖျပ်"

ခြေသံသည် ခုတင်ရှေ့တွင် ခေါက်တုံ့လူးလား လျှောက်နေသည့်အသံ။ အသံသာထွက်ပေါ်နေပြီး ဘာအရိပ်အယောင်မျှ

မပေါ်လာသော်လည်း မိန်းမသုံးယောက်ကကြောက်နေကြသည်။

သုံးယောက်ကြီးများတောင်ရှိနေ၍ထင့်၊ တစ္ဆေ ဦးစိန်တိုးဘက်က ဘာလုပ်ရမှန်းမသိဖြစ်နေဟန်တူသည်။ မည်သို့ပင်ရှိစေ မိန်းမသားများပီပီ ကြောက်ပြီး ငုံ့ခံနေသည့်အသွင် ပေါ်လွင်လာသောကြောင့် သရဲက ပို၍ အတင့်ရဲလာသည်။

ဖျတ်ဆို အစွန်ဆုံးက တင်တင်လေးကို ဝင်ဆွဲဟန်တူသည်။

"အမယ်လေး လက်အေးကြီးနဲ့ လည်ပင်းလာဆွဲတယ် အမေရဲ့"

တင်တင်လေးက လန့်အော်သည်။ အော်ရင် ခုတင်းဘေးသို့ပြုတ်ကျလေ၏။ ကြောက်စိတ်မွှန်နေသည့် တင်တင်လေး ချက်ချင်း သူ အမြဲဆောင်ထားသည့် ဓားမြှောင်မောင်းပြန်ဓားကို ပြေး၍သတိရသည်။

ခါးကြားမှ လှစ်ခနဲဆွဲထုတ်၍ ရမ်းစမ်းပြီး ဝှေ့ရမ်းထိုးနှက်လေသည်။

"ကိုင်းဟယ် ကဲဟာ"

ခုတင်ရှေ့တွင် တင်တင်လေးတစ်ယောက်ထီးတည်းကြီး ဓားနှင့် ဝှေ့ရမ်းနေပုံကိုကြည့်၍ သူ့မိခင်ဒေါ်တင်မေကြီးက သတိပေးရ လေသည်။

"ဟဲ့... ဟဲ့ သမီးလေး တစ္ဆေကို ဓားနဲ့လိုက်ထိုးနေလို့ ရမယ်





တဲ့လား၊ တအားကြီးလုပ်မနေနဲ့ ပြောနေတယ်လေ..."

တင်တင်လေးက မွှန်ထူနေသည်။ ပြောမရဆိုမရ၊ အခန်းတွင်းပတ်လည်ကို လိုက်ရမ်းနေသည်။ ဤသို့ဖြင့် သူ့ခမျာ ဆံထုံးပင် ပြေကျ၍ ဆံပင်ဖားလျားက လှုပ်ခါလွင့်ပျံနေသည်။

မိန်းမတစ်ယောက်အနေဖြင့် ဆံထုံးပြေကျလျှင် နိမိတ်မကောင်း။

ယောကျ်ားတို့ဘုန်း လက်ရုံး...

မိန်းမတို့ဘုန်း ဆံထုံးဟု ရှေးစကားဆိုရိုးရှိသည်။

မိန်းမသားတို့ ဗလက္ကာရပြုခံရလျှင် ဆံမြိတ်လဲပြေ ပန်းလည်းကြွေပြီဟု ဆိုစမှတ်ပြုသည် မဟုတ်လော။ ထို့ကြောင့် ရှေးအခါက မိန်းကလေးများ ဆံပင်ဖားလျားချလျှင် လူကြီးမိဘများမကြိုက်ကြ။

ဆံပင်ဖားလျားကျသောမိန်းမသားကို ကံခေသူ၊ ကံနိမ့်သူ၊ အပူသည်၊ သောကမီးဒဏ်ခံရသူဟုဆို၏။

နေဝင်ရီသရောတွင် ဆံပင်ဖားလျားချသူသည် စုန်းမသော်လည်းကောင်း၊ ဇော်ဂနီ ဇော်ဂနက်သော်လည်းကောင်း၊ မကောင်းဆိုးဝါး အစီးခံရသူဟုလည်းကောင်း ဆိုကြသည်။

မှန်၏။ စုန်းကဝေ စသော အောက်လမ်းအတတ်ပညာဖြင့် ကျက်စားသည့် မိန်းမများ ဆံမြိတ်ထုံး၍မရ၊ ဆံထုံးကို ကြော့နေ

အောင် ကျက်သရေရှိရှိ ထုံးထား၍မရ။ ဆံထုံးကိုဖြေချမှ ဘုန်းနိမ့်ပြီး အောက်လမ်းပညာဖြင့် စုန်းကဝေအတတ်ပညာများကို ကျင့်ကြံ၍ရသည်။ သရဲသဘက် စသော အောက်ဘုံသားများ ပူးဝင်၍ရသည်။

ယခု တင်တင်လေး ရှန်းရင်းကန်ရင်း၊ ထိုးရင်းခုတ်ရင်း ဆံထုံးလည်းပြေ ဘုန်းလည်းကျလေပြီ။ တစ္ဆေသရဲကို ဓားနှင့်သွားတိုက်နေလို့ အားသာကုန်သည် ဘာမှမထိရောက်၊ မထိရောက်ရုံသာမက မိမိ၏ဆံပင်များ ပြေ၍ ဖားလျားလွင့်ဝဲသောအခါ ဦးစိန်တိုး တည်းဟူသော သရဲက အလွယ်တကူ ဝင်ပူး၍ရလေတော့သည်။

တင်တင်လေး ဟောဟဲလိုက်၍ မောလသည်။ ဆံပင်သာ ပြေရုံမက ထဘီပါပြေလေသောကြောင့် မြင်မကောင်းရှုမကောင်း။

"ဟယ် တော်ပါတော့ သမီးလေး၊ လက်ထဲက ဓားကြီး ချပါတော့၊ မတော်တဆ အမေတို့ကို ထိပါတော့မယ်ကွယ်"ဟု ဟန့်တားရလေသည်။

ယခုမှ တင်တင်လေးလက်က ဓားလည်း လွတ်ကျလေပြီ၊ လူလည်း ယိမ်းယိုင်လဲကျလေသည်။

ဒေါ်တင်မေကြီးနှင့် တင်တင်လတ်တို့က ခုတင်ပေါ်မှ ခုန်ဆင်းကြကာ တင်တင်လေးကို ပြေးထူကြလေ၏။





တစ်ကိုယ်လုံး အေးစက်တောင့်တင်းနေပြီ။

မျက်လုံးများက ပြူးကြောင်ကြောင်ဖြစ်နေသည်။

ဤပုံကိုကြည့်ရသည်မှာ သဘောရိုးမဟုတ်၊ ဒေါ်တင်မေကြီး ကျောချမ်းသွား၏။ ဟိုသရဲများ သမီးကလေးကို ဝင်ပူးနေပြီလားဟု အသိဝင်သည့်အတွက် ရှမ်းဆေးဆရာ ပေးထားသည့် အဆောင်လက်ဖွဲ့ကို ပြေး၍သတိရသည်။

ချက်ချင်းပင် သူ့လည်ပင်း၌ဆွဲထားသော လော်ကက်သီး အတောင့်ရှည်ရှည် ကြုတ်ကလေးကို ပင့်ယူကာ အဖုံးဖွင့်လိုက်သည်။

နံ့သာဆီ အမွှေးနံ့ကလေး ပျံ့လွင့်ထွက်ပေါ်လာသည်။ ကြုတ်ကလေးထဲက အမွှေးဆီတစ်စက်ကို တင်တင်လေး၏ ငယ်ထိပ်ပေါ် ချကာ ဆံပင်များကို လိမ်းပွတ်ပေးလေ၏။

ကြောင်ဖီစီဖြစ်နေသော တင်တင်လေးလည်း ဟင်းဟု သက်ပြင်းရှည်ကြီးချကာ သတိပြန်ဝင်လာသူပမာ ထထိုင်လေသည်။

"အမေ မမလတ်၊ လေး ဘာဖြစ်သွားလို့လဲ ဟင်

သူက မေးမှ ဒေါ်တင်မေကြီး သူ့ကို အမြန်ဆွဲထူသည်။ တင်တင်လေးက ဘာမျှမဖြစ်သဲ့သို့ ထထိုင်လိုက်သည်။ စုန်းကဝေ၊ မှော်နှင့် တစ္ဆေသရဲ ပူးဝင်ခံရသူသည် အလွန်မာယာများကြောင်း တော်ရုံတန်ရုံလူတို့ မသိကြ။

"လာ...လာ ဒီအခန်းက ထွက်ကြစို့"

ဒေါ်တင်မေကြီးက ခေါ်၍ သမီးနှစ်ယောက်ကိုဆွဲကာ မြန်မြန်တံခါးဖွင့် ထွက်လာခဲ့ကြသည်။ အရှေ့ဆောင်က ဒေါ်တင်မေကြီး အိပ်ခန်းသို့ သုံးယောက်သား ရောက်လာလေတော့၏။

ထိုညမှ စ၍ ဒေါ်တင်မေကြီးတို့သားအမိသုံးယောက် ထိုအခန်းမှာပင် သုံးယောက်ပေါင်း၍ နှစ်ယောက်အိပ်ခုတင်ကြီးတွင် အိပ်ကြလေသည်။ ထိုခုတင်ကြီးသည် ကြေးပွတ်လုံးနှင့် ရှေးသုံးခုတင်ကြီးဖြစ်သည်။ ဦးမင်းမောင် ရှိစဉ်ကတည်းက ဒေါ်တင်မေကြီးနှင့် အတူအိပ်သော မင်္ဂလာဦးခုတင်ကြီးဖြစ်သည်။

ဦးစိန်တိုးက ထိုအခန်း ထိုခုတင်တွင် မအိပ်ချေ။ ဘေးချင်းကပ်လျက်အခန်းတွင် သီးခြား နှစ်ယောက်အိပ်ခုတင်အသစ်ကို ရန်ကုန်ရှိ ဘုံဘေဘားမားပရိဘောဂတိုက်မှ ဝယ်လာ၍ ထားရှိသည်။ ထို ဘေးချင်းကပ်အခန်းသည် နံရံတွင် ကူးလူးသွားလာ၍ ရသော တံခါးပေါက်တစ်ခု ဖောက်ထားသည်။ ဘယ်တော့မှ သော့မပိတ်။ ယခုတော့ ဦးစိန်တိုး ဆုံးပြီးကတည်းက ဒေါ်တင်မေကြီးက ထိုတံခါးကို ပိတ်ကာ မျောက်လက်ပြုလုပ်၍ သော့ခလောက်နှင့် သော့ခတ်ထားလေသည်။

ဟိုဘက်အခန်းသည် ညနက်ပိုင်းဆို ခြေသံထွက်လာတတ်သည်။ လှုပ်ရှားသံကြားရသည်။ လူသံလိုလို ဘာလိုလိုလည်း





ကြားရသည်။

ဒေါ်တင်မေကြီးက ရှမ်းဆရာပေးသွားသည့် အဆောင်လက်ဖွဲ့ ဆီမန်း၊ ကြုတ်ကို အမြဲလည်ပင်းတွင် ချိတ်ဆွဲထား၍ အစိမ်းသရဲကို သိပ်မကြောက်။

နောက်နေ့ညတွင်ဖြစ်သည်။ ဒေါ်တင်မေကြီးခုတင်၌ သုံးယောက်သား အိပ်ပျော်နေကြစဉ် အလယ်၌အိပ်သော တင်တင်လေးသည် လှုပ်လာသည်။ သူ့ကိုယ်ကလေးသည် ဝဲဘက်မှ ဒေါ်တင်မေကြီး လက်မောင်းချင်း ပေါင်ချင်းထိနေရာ သူက ဆတ်ခနဲ မထိအောင်ခွာ၍ တင်တင်လတ်ဘက် ကပ်သည်။

"ပူလိုက်တဲ့ဒီအသား ဟွန်း တစ်ထွာလောက် ခွာနေမှ တော်ကာကျမယ်"

တင်တင်လေးက ဆိုလိုက်သေး။

"ဟီး...ဟီး"

ပါးစပ်ကလေးမဲ့၍ သွားဖြဲရယ်သည်။ ဒေါ်တင်မေကြီးနှင့်ဝေးအောင် တင်တင်လတ်ဘက် ကပ်ရာက တင်တင်လတ်ကိုယ်ပေါ်ကို တင်တင်လေးက တစ်ခြမ်းစောင်း၍ ခွတက်ကာဖိလေ၏။

"အင်"

တင်တင်လတ် အိပ်မောကျနေရာမှ အဖိခံရ၍ ဘေးဘက်စောင်းလှည့်သည်။ မနိုးသေး။ တင်တင်လေးက သူ့အစ်မကို ဖက်

လိုက်သည်။ မျက်နှာချင်းကပ်လိုက်သည်။ ပါးချင်းအပ်ထားသည်။ တင်တင်လတ် အိပ်မက်လိုလို ဘာလိုလိုနှင့် သူ့ပါးကို အေးစက်နေသည့် အမဲသားတုံးကြီး လာကပ်နေသည်ဟု ခံစားရ၍ လန့်နိုးသည်။

နိုးတော့ သူ့ညီမလေး သူ့ကိုဖက်၍ ခွ၍အိပ်နေပုံကို သိလိုက်၏။ သို့သော် ညီမလေးကိုယ်ခန္ဓာကလိုသည်ထက်ကို လေးလံနေသည်။ ပြီး အေးစက်စက်ကြီး။ ညီမလေးမှ ဟုတ်ရဲ့လား ပါးချင်းအပ်နေသည့် တင်ဟင်လေးမျက်နှာကို တွန်းခွာ၍ ကြည့်လိုက်သည်။

"အို"

မျက်လုံးပြူးကြီးနှင့် သူ့ကိုစိုက်ကြည့်နေပုံက ကြောက်စရာ။ မျက်နှာသေကြီးနှင့် နှုတ်ခမ်းနှစ်လွှာဖွင့်ပြီး သွားဖြဲနေပုံမှာ ရယ်နေတာလား မဲ့နေတာလား ဘာပုံကြီးလဲ။

ကြည့်နေဆဲ တင်တင်လေးက ဖျတ်ဆို တင်တင်လတ် နှုတ်ခမ်းကို သူ့နှုတ်ခမ်းအေးအေးကြီးနှင့် ဖိကပ်လာသည်။ ဒီမျက်နှာကြီးက ဟိုလူကြီးပုံပဲ။

"ဟိုက် ဒါ..ဒါ ဘာလုပ်တာလဲ ညီမလေး ဝူးဝူးဝါးဝါး"

တင်တင်လတ်က မျက်နှာကို တွန်းထုတ်ပြီး မေးသည်။ အတင်းပြန်ကပ်၍ လန့်ပြီး ခြေရောလက်ပါတွန်းကန်လိုက်တော့





တင်တင်လေးကိုယ်ခန္ဓာ ဟိုဘက်ဘေးက ဒေါ်တင်မေကြီးကို သွားကပ်သည်။

"ဘာဖြစ်နေတာလဲ ဟဲ့"

ဒေါ်တင်မေကြီးက သူ့ထံလာကပ်သည့် တင်တင်လေးပခုံးကို ဖမ်းဆုပ်၍မေးသည်။ တင်တင်လေး အိပ်ရာမှ လန့်နိုးသူပမာ....

"ဟင် အမေ ဘာဖြစ်လို့လဲ"

ဟု ပြန်မေးပြီး ထထိုင်သည်။ တင်တင်လတ်လည်း ထထိုင်သည်။ ဒေါ်တင်မေကြီးလည်း ထထိုင်သည်။ တုန်တုန်လှုပ်လှုပ်ဖြစ်နေသည့် တင်တင်လေးကို ဒေါ်တင်မေကြီးက ပွေ့ဖက်လိုက်ရာ...

"ဟယ် တစ်ကိုယ်လုံးအေးစက်လို့ ဇောချွေးတွေလည်း ပြန်လို့ သမီးလေး ဘာဖြစ်နေတာလဲ"

"အဲဒီလိုပဲ သူ့ကိုယ်က အေးစက်စက်ကြီးရယ်"

တင်တင်လတ်ကပါ ဝင်ပြောသည်။ ဒေါ်တင်မေကြီးက သူ့သမီးလေးကိုဖက်ထားရာ သူ့ရင်ဘက်တွင် ဆွဲထည့်ထားသည့် ကြုတ်ကလေးက တင်တင်လေး ပခုံးကို ဖိမိထိမိနေသည်။

တင်တင်လေး ခန္ဓာကိုယ်တစ်ချက် တွန့်သွားပြီး ခဏအတွင်း ပြန်လည်နွေးလာတော့၏။

"ဟိုလေ သမီးလေး အိပ်မက်မက်သလိုပဲ အိပ်မက်ထဲမှာ"

"ဘာတွေ့သလဲ သမီးလေး"

"အို ကြောက်စရာကြီး"

တင်တင်လေးက သူ့အမေ ရင်ခွင်ထဲ တိုးဝင်ပြီး ဆက်မပြောရဲ။

"ပြော...ပြော ဘာအိပ်မက်ကို မက်တာလဲ"

"ညီမလေးဆီကို ဟိုလူကြီးလာတယ်၊ နင့်ဆီ ငါလာလို့ရပြီလို့ ပြောတယ်၊ သူ့ကိုယ်ကြီးက ညီမလေးနားနီးလာပြီး ဝင်ကပ်လိုက်တော့ နှစ်ကိုယ့်တစ်ကိုယ်ဖြစ်သွားသလိုပဲ။ ဟော အခု လန့်နိုးလာတော့ မေမေဖြစ်နေတာကိုး၊ ဖက်ပြီးပူးကပ်ထားတာက မေမေပဲကိုး"

ဒေါ်တင်မေကြီး သူ့သမီးလေးကို အသာဖက်လှဲလိုက်သည်။

"ကိုင်း အိပ်ရေးတွေပျက်ကုန်ပြီ အိပ်ကြတော့"

ဟုဆိုကာ သမီးနှစ်ယောက်လုံးကို ပြန်အိပ်ခိုင်းသည်။ သမီးလေးကိုတော့ သူကလက်မောင်းကိုတင်းတင်းဆုပ်ထားပေး၏။ အကြာကြီးကြာမှ အိပ်ပျော်သွားကြသည်။

မဟူရာစံအိမ်ကြီးကို နေရောင်ပူပူကြီးထိုးနေပြီ။ နေ ထန်းတစ်ဖျားရောက်ချိန်မှာ မဟူရာမိသားစုသုံးယောက် နိုးလာကြသည်မှာ ရှေ့ဆင့်နောက်ဆင့်။





ဒေါ်တင်မေကြီး သူ့သမီးလေးကို တစ်ခနေ့လုံး အကဲခတ်နေသည်။ နေ့ခင်းကြောင်ကြောင်ကျင်မို့ ဘာမှုမထူးခြား။ ညရောက်ရင်တော့ သတိထားရမည်။

ရောက်ပါပြီ ည။ နေဝင်သွားသည်နှင့် မဟူရာစံအိမ်ကြီးလည်း မည်းမှောင်သွားသည်။ သို့သော် ဒေါ်တင်မေကြီးက သူတို့ရှိနေသည့်အခန်းမှန်သမျှကို မီးလုံးတွေ လင်းအောင်ဖွင့်ထားသည်။ ထိုခေတ်က မီးချောင်းဟူ၍ မပေါ်သည်။ နို့နှစ်ရောင်အဖြူမီးလုံး မွှန်းလိုက်များ ပေါ်ခါစ သူတို့အခန်းကြီးတိုင်းတွင် တစ်ရာအားမီးသမီးများ တပ်ဆင်ထား၍ အတော်တော့ အလင်းသား။

ဧည့်ခန်းတွင် အတူထိုင်နေသည့် တင်တင်လေးကြည့်ရတာ ဂနာမငြိမ်လှ။ နေရာမှရုတ်တရက် ထထွက်သည်။

"ဟဲ့ ဘယ်သွားမလို့လဲ" ဟုမေးရာ...

"မေမေကလည်း ဗိုက်ဆာလို့ပါ" ဟုဖြေပြီး မီးဖိုဆောင်ဘက်သွားသည်။ ဒေါ်တင်မေကြီး အသာလိုက်ကြည့်သည်။ တင်တင်လေး ကြောင်အိမ်ကိုဖွင့်သည်။ ညနေကမှ ချက်ထားပြီး အိုးလိုက်သိမ်းထားသော နက်ဖြန်မနက်အတွက် အမဲနှပ်အိုးကို ဖွင့်သည်။

လေးငါးခြောက်တုံးကို တင်တင်လေး မြန်လှစွာ ပါးစပ်ထဲထည့်၍ ဝါးမျိုပစ်လိုက်ပုံမှာ အံ့စရာ။ ခဏအတွင်း အိုးတစ်ဝက်

လောက်စားပစ်ပြီး နှုတ်ခမ်းကို လျှာနှင့်လျပ်၍ အစအနသိမ်းပြီး လှည့်ထွက်လာသည်။ ဒေါ်တင်မေကြီး အမြန်လှည့်ပြေးခဲ့စဉ် သူ့ကျောက စိမ့်တက်ကာ ကြက်သီးထလေ၏။

တင်တင်လေး ဘာလုပ်သလဲ စောင့်ကြည့်။ တင်တင်လတ်ထံ တန်းသွားသည်။ ဆိုဖာတွင် သတင်းစာထိုင်ဖတ်နေသည့် တင်တင်လတ်ဘေးကို ကပ်ထိုင်သည်။

"လတ်... အဲလေ မမလတ်"

"ဘာလဲ"

"ဒီမှာထိုင်နေရတာ ညောင်းတယ် ကိုယ့်အခန်းကိုယ် ပြန်အိပ်ကြစို့"

"ဟာ အဲဒီဘက် မပြန်ချင်ပါဘူး၊ မေမေနဲ့အတူအိပ်တာ ကောင်းသားနဲ့"

"ကျပ်တယ် ကိုယ့်အခန်းကိုယ်ပြန်အိပ်ရမှ ချောင်ချောင်ချိချိ ကြိုက်သလိုဆန့် ကြိုက်သလိုကိုလို့မို့၊ မဟုတ်ဘူးလား"

"အင်း ဟုတ်တော့ဟုတ်သားပဲ ဒါပေမယ့် မဖြစ်ပါဘူး ညီမလေး"

"ဘာလို့ မဖြစ်ရမှာလဲ"

"ဟာ ဟို သေနာကောင်ကြီးက ကျွတ်မှမကျွတ်တာ"

"ဟီး ဟီး မကြောက်ပါနဲ့ ကိုယ့်ဘထွေးပဲ ကိုက်မစားပါဘူး





သူက မမလတ်ကို ချစ်တာပဲ ဘာလုပ်မှာမှတ်လို့"

"အေး အဲဒီ သူချစ်တာကြီးကိုပဲ ကြောက်နေရတာ၊ သူက မဟားတရားလုပ်ချင်လို့ ချစ်တာပဲဟာ"

"ဟီးဟီး လတ်က အဲလေ မမလတ်က ညီအစ်မ သုံးယောက်ထဲမှာ အလှဆုံး၊ အသားအရေလည်းလှတယ် ကိုယ်လုံးလည်းလှတယ်"

"ဟဲ့ ကောင်မလေး နင် ဘာတွေလာပြောနေတာလဲ"

တင်တင်လတ် သတင်းစားကို အသာချပြီး သူ့ညီမကိုကြည့်၍ ပြောသည်။

"ဟုတ်သားပဲ သမီးလေး ဘာတွေလျှောက်ပြောနေတာလဲ ကွယ်"

တစ်ပြိုင်တည်း ဒေါ်တင်မေကြီးက သူ့သမီးလေး တင်တင်လေးဘေးတွင် ဝင်၍ကပ်ထိုင်လိုက်သည်။ အသားချင်းထိ၍ ထိုင်လိုက်သည်။ တင်တင်လေး ဆတ်ခနဲတွန့်သွားပြီး "မေမေကလဲ" ဟုဆိုကာ ရယ်ရယ်မောမောနှင့် သူ့မိခင်ပခုံးတွင်မှီ၍ ငြိမ်သွားလေ၏။

အိပ်ရာဝင်သော် တင်တင်လေးက ခုတင်ပေါ်မတက်။

"လာလေ သမီးလေး အိပ်မယ်လေ"

အရင်တက်အိပ်သည့် ဒေါ်တင်မေကြီးက သူ့ဘေးမွေ့ရာကို

ပုတ်၍လှမ်းပြောသည်။

"ဟင့်အင်း သမီး ဒီမှာမအိပ်ချင်တော့ဘူး ကျပ်တယ် နှ ယောက်အလယ်မှာ အိပ်ရတာ ကျပ်တယ်"

"ဒါဖြင့် ညီမလေးက အစွန်မှာအိပ်၊ မမလတ် အလယ်မှာ အိပ်မယ်"

တင်တင်လတ်က ဤသို့ပြောပြီး သူ့အမေနား ကပ်လိုက် သည်။ သူ့ဘေးအစွန်းကို ပုတ်ပြ၍....

"ကိုင်း အဲဒီဘေးစွန်းမှာအိပ်"

ဟုပြောလိုက်မှ တင်တင်လေး မအိပ်ချင်အိပ်ချင်နှင့် ဝင်လှဲ လေ၏။

ညသန်းခေါင်ကျော်တွင် တင်တင်လတ်လန့်နိုးသည်။ သူ့ဘေး ခုကင်စွန်းဘက်အိပ်သော တင်တင်လေး တလှုပ်လှုပ်ဖြစ်နေ၍ လန့်နိုးသည်။ နိုးတော့ တင်တင်လေး လူးလဲထသည်ကို မြင် သည်။

ခုတင်ဘေးတွင် မားမားကြီးရပ်ပြီး တင်တင်လတ်ကို ငုံ့ကြည် နေသည်။ တင်တင်လတ်က ပက်လက်အနေအထားမှ မသိမသာ မျက်လုံးမှေး၍ ပြန်ကြည့်နေသည်။ ညအိပ်မီးလုံးက ဟိုဘက်နား စားပွဲဆီမှ မှုန်မှုန်ကလေး အလင်းရောင်သာပေးနေသည်။

တင်တင်လေးက ရုတ်တရက်ကုန်းကာ တင်တင်လတ်ကို





ခုတင်စွန်းဘက်ဆွဲလိုက်ရာ မြောက်ခနဲ ပါသွားသည်။

"အို"

တင်တင်လတ် တော်တော်လန့်သွား၏။ ဒီကောင်မလေး အားရှိလို့လား တွေးနေစဉ် တင်တင်လေးက တင်တင်လတ် ကိုယ် ပေါ်သို့ မှောက်ချလာသည်။ လက်အေးစက်စက်နှင့် အဝတ်တွေ ဆွဲချွတ်နေသည်။ တင်တင်လတ် အညှို့ခံထားရသကဲ့သို့ မင် သက်မိနေသည်။

"အမယ်လေး"

တင်တင်လတ် လန့်၍အော်လိုက်သည်။

သူ့အော်သံကြောင့် ဒေါ်တင်မကြီး အိပ်ပျော်ရာမှ နိုးသော သည်။ သူ့မြင်ကွင်းကို သူမယုံ၍ သူ့မျက်စိများကို သေချာပွတ် ကြည့်သည်။ အိပ်မက်များမက်နေသလားဟု သူ့ ဝဲဘက်လက် ဖမိုးကို ညာဘက်လက်နှင့် ဆိတ်ကြည့်သည်။

အိပ်မက် မဟုတ်ပါ။ တင်တင်လေး၏ အမူအရာနှင့်လှုပ်ရှား ပုံမှာ တင်တင်လေးအစစ်မဟုတ်၊ သူ့အစ်မ တင်တင်လတ်ကို ပွဲ့ဖက်ပုံမှာ တစ်စုံတစ်ခုမှားနေကြောင်း သေချာသည်ဟု ဒေါ်တင်မကြီး သိလိုက်သည်။ ဒေါ်တင်မကြီး ထောင်းခနဲ ဒေါသထွက်သွားသည်။ အပေါ်က တင်တင်လေးကို တအားတွန်း ချလိုက်ရာ ခုတင်ပေါ်မှ ဝုန်းဆို ပြုတ်ကျသွားလေ၏။

ထိုအခါမှ ငူးဝါးငူဝါးဖြစ်နေသည့် တင်တင်လတ်က သူ့အဝတ်တွေ ဆွဲယူဖုံးဖိသည်။ သူ့အမေကိုတအားဖက်၍ငိုလေ၏။

ဟိုကောင်မလေး တင်တင်လေး သူက ခုတင်ပေါ်ကပြုတ်ကျပြီး ဖြုန်းဆို ထ၍ ထိုအိပ်ခန်းမှ ထွက်ပြေးသွားလေသည်။

ထွက်ပြေးသွားသည့်တင်တင်လေးကိုမြင်ရသည့် ဒေါ်တင်မေကြီး အလွန်စိတ်ညစ်သွားသည်။

"မေမေ...အဲဒါဘာ..ဘာဖြစ်တာလဲ ဟင်'

"ခက်တယ် မေမေ မနေ့ကတည်းက သိတယ်။ သူက ဟောဒီ မေမေ့လည်ပင်းက ဆီမန်းကြုတ်ကလေးကိုတော့ အကြောက်သား။ ဒါကို သူ အထိမခံနိုင်ဘူး၊ ဒီကြုတ်ဆွဲထားတဲ့ မေမေ့ကိုယ်အငွေ့နဲ့လည်း သူ အထိမခံနိုင်ဘူး ဒါကြောင့် ဝေးရာကိုပြေးပြီ"

"ဒီအတိုင်းဆို ဘယ့်နှယ်လုပ်မလဲ"

"မျိုးကြီးတို့ ပခန်းဆရာကြီးကိုသွားပင့်ကြတယ်လေ ဒီနေ့နက်ဖြန်ဆို ပြန်ရောက်လာကြမှာပါ"

"မြန်မြန်ရောက်ကြပါစေ မြန်မြန်ရောက်ကြပါစေ"

ဤသို့ဖြင့် မိုးသာလင်းသွားသည် သူတို့ ဆက်မအိပ်နိုင်တော့။ တင်တင်လေး အဝတ်အစားများကို လိုက်ကောက်၍ ခေါက်သိမ်းပေးထားကြသည်။

မနက်မိုးလင်းသော် တင်တင်လေးက အဝတ်အစားသပ်





သပ်ရပ်ရပ်နှင့် နံနက်လင်းဦးစာစားရန် မခေါ်ရဘဲလျက် ထမင်းစားခန်းသို့ ဝင်လာသည်။ မနေ့ညက ဘာမှမဖြစ်ခဲ့သည့်အလား။

"ကိုယ့်အခန်းကိုယ်ပြန်အိပ်ရတာ ကောင်းကောင်းအိပ်လိုက်ရလို့ မေမေနဲ့ မမလတ်တို့လို အိပ်ရေးပျက်ပြီး တဟာမ်းဟာမ်းနဲ့ သမ်း မနေရပေါင်"

ဟုပင် ပြောလိုက်သေး။ နံနက်စာစားသောက်ပြီးသည်နှင့် တင်တင်လေး သူ့အခန်းသို့ပြန်သွားအောင်းနေသည်။ ကိုးနာရီခန့် ရောက်သော် မျိုးကြီးပြန်ရောက်လာသည်။

"ဝူး မောလိုက်တာပဲ မမရယ် မောတာပဲ"

"ဟင် ဆရာကြီး မပါလာဘူးပေါ့"

"ဟုတ်တယ်ဗျာ ဂန္ဓာရီခရီးထွက်သွားလေရဲ့တဲ့"

"ဒါဆို ဒုက္ခတော့ရောက်ပြီ"

"ဘာကြောင့်လဲ ကျွန်တော်မရှိတုန်း ဟိုသရဲ အတော်သောင်းကျန်းနေလို့လား"

"ပညာသားပါပါကို လုပ်လာတယ်တော်ရေ"

ဟု ဒေါ်တင်မေကြီးက အစချီကာ ဖြစ်သမျှအကြောင်းစုံကို ပြောပြလိုက်လေသည်။ မျိုးကြီးလည်း ဦးနှောက်စားသွားသည်။ သူ ဘာလုပ်ရမှန်းမသိတော့၊ ကပ္ပိယအောင်စိုးကို ပြေးပြောသည်။

"ဒီလိုလုပ်ရကြအောင်ဗျာ အစ်ကိုကြီး ဒီကိစ္စ ဆရာတော်ကို

လျှောက်ပြီး အကူအညီတောင်းမှ ဖြစ်တော့မယ်”

ထို့ကြောင့် သူတို့ဆရာတော်ထံ ဝင်၍ လျှောက်ကြသည်။ ဆရာ တော်က နားဆင်ပြီးနောက်ပြော၏။

“မင်းတို့ လောကီရေးရာ ရှုပ်ရှုပ်ထွေးထွေးကို ဝင်မပါချင်လှဘူး၊ မဖြစ်လို့ အကြံပေးလိုက်မယ် အဲဒီ ဒကာမလေး ဘာတဲ့ တင်တင်လတ်ကို မြန်မြန်လင်ပေးစားလိုက် ရှင်းရော”

ဆရာတော်အမိန့်ရှိမှတော့ ကောင်းသောအကြံသာ ဖြစ်ပေမည်။ မျိုးကြီးက ဒေါ်တင်မေကြီးနှင့် တိုင်ပင်သည်။ တင်တင်လတ်ကို ပြောကြသည်။ တင်တင်လတ်ကလည်း သူချစ်သူ ကိုဇော် ကို လက်ထပ်ရလျှင် ပြီးတာပဲဟုဆိုသည်။ တင်မောင်ဇော်ကို ခေါ်ပြောသည်။

“ကျွန်တော်က တက္ကသိုလ်တက်ချင်တာ၊ ဘွဲ့ရမှ လတ်ကို လက်ထပ်ပြီး အရာရှိကဇော်နေရာထားချင်တာ၊ ကျွန်တော်တို့က ငွေကြေးမချမ်းသာဘူး ရာထူးဂုဏ်တစ်ခုခုနဲ့ လတ်ကို ထိုက်ထိုက်တန်တန်ထားချင်တာ”

“သိပ်ကောင်းတဲ့ စိတ်ဓာတ်ပါ မောင်ရင်ရယ်၊ ဒါပေမယ့် သမီးလတ်ရဲ့အခြေအနေက ဒီလောက်အကြာကြီးမစောင့်နိုင်ဘူး မောင်ရင် စဉ်းစားပါဦးကွယ်”

“ဟုတ်တယ် တင်မောင်ဇော်၊ ရည်မှန်းချက်ဆိုတာတော့ လူ





တိုင်းထားကြတာပဲ။ သို့ပေမယ့် ဘဝဆိုတာ ကိုယ်တွက်ကိန်းချတဲ့ အတိုင်း ဖြစ်ချင်မှဖြစ်တာ။ ဖြစ်လာတဲ့ အခွင့်အလမ်းကို အကောင်း ဆုံးယူတတ်ဖို့က အရေးကြီးတယ်”

တင်မောင်ဇော် တွေ၍ တွေးနေသည်။ ဒေါ်တင်မေကြီးက ပြော၏။

“ဒေါ်ဒေါ် တစ်ခုပြောမယ်ကွယ်၊ ဒေါ်ဒေါ်တို့က ချမ်းသာပြီး သား ငွေမလိုဘူး၊ မောင်ရင် ပေးချင်တဲ့ ရာထူးဂုဏ်ကိုရအောင် ပညာဂုဏ်ကိုရအောင် သမီးလတ်ကို လက်ထပ်ပြီးလည်း ကျောင်း ဆက်တက်ကြပေါ့ကွယ်၊ ဘွဲ့ရတဲ့အထိ နှစ်ယောက်အတူတူ တက်ကြပေါ့၊ ရာထူးတွေဘာတွေရတဲ့အထိ တွဲလုပ်ကြပေါ့”

“အဲဒီအကြံ အလွန်သင့်မြတ်တယ် တင်မောင်ဇော်၊ မင်း အစ်ကို တင်မောင်ဆင့်သာသိရင် အရမ်းဝမ်းသာမှာ၊ မင်းမိဘတွေ ကလည်း လက်ခံကြမှာပါ၊ ခေါ်သာခေါ်ခဲ့ ဒီကမမတို့ လူကြီးချင်း ပြောကြတာပေါ့ ဟုတ်ပြီလား”

ဤတွင် တင်မောင်ဇော်နှင့် တင်တင်လတ်တို့၏ နှစ်ဖက် မိဘ စကားပြောသဘောတူဖြစ်ကြလေ၏။

မြို့မျက်နှာဖုံး ဘိုးဘွားစဉ်ဆက်က ဆင်းသက်လာရသည့် မဟူရာစံအိမ်ပိုင်ရှင်တို့၏ မဟူရာညိုအစ်မများအနက် သမီး လတ်၏ ပွဲဦးထွက်လက်ထပ်ပွဲဖြစ်၍ ခြံကျယ်ကြီးထဲ၌ သစ်ပင်

များပေါ်တွင် မီးလုံးရောင်စုံထွန်းညှိ၍လည်းကောင်း ချုံများတွင်လည်း မီးကြိုးဆွဲ၍ထွန်းရုံမက ပန်းစက္ကူမျိုးစုံနှင့် မီးမလှုပ် ပြုလုပ်ကာ ညဥ့်ဦးယံတွင် မင်္ဂလာဧည့်ခံပွဲနှင့် ညစာစားပွဲကြီး ကျင်းပလေသည်။

နာမည်ကြီး မဟူရာစံအိမ်ကြီးကို ရောက်ဖူးချင်သူများက မဟူရာ၏ဝန်ထမ်းများ စီးပွားဖက်မိတ်ဆွေများကို ကပ်၍လည်းကောင်း၊ တင်မောင်ဇော်နှင့် သူ့အစ်ကို ရဲတပ်ဖွဲ့ဝန်ထမ်းများ၏ လုပ်ဖော်ကိုင်ဘက်အရာထမ်း အမှုထမ်းများကိုကပ်၍လည်းကောင်း၊ တင်မောင်ဇော်၏ မိဘဆွေမျိုးများကိုကပ်၍လည်းကောင်း လိုက်ပါတက်ရောက်ကြသောကြောင့် မင်္ဂလာဧည့်ခံပွဲသည် စည်ကားလွန်းလှပေစွ။

ဝတ်ကောင်းစားလှနှင့် တောက်တောက်ပြောင်ပြောင် မင်္ဂလာပွဲပရိသတ်များအလယ်တွင် အလွန်ထူးဆန်းသောသူတစ်ယောက် တွေ့နေကြသည်။

သူကား အခြားမဟုတ်၊ လက်ကျန် မဟူရာညီအစ်မများအနက် အငယ်ဆုံးတင်တင်လေးဖြစ်သည်။ တင်တင်လေးသည် အနက်ရောင်ဇာအကျီလက်ရှည်ဖားဖားနှင့် ဂါဝန်ရှည်ဖားဖားကို မြေကြီးတရွတ်တိုက်ရှည်လျားစွာ ဝတ်စားထားပုံမှာ အမင်္ဂလာပုံဆန်နေသည်။ အသားအရောင်လည်း ဖြူဖက်ဖြူရော်နှင့်မျက်နှာ





ကလည်း သေသေနှင့်။ သူကြည့်ရတာ သူ့အစ်မ လက်ထပ်ပွဲကို ကြိုက်ပုံမရ။ ကျေနပ်ပုံမပေါ်။

အချို့က တီးတိုးဝေဖန်သည်။

“ဒီကောင်မလေးက သူ့အစ်မလတ်ချစ်သူ သတို့သားကို တစ်ဖက်သတ် ချစ်ကြိုက်ခဲ့ပြီး သူ့ကိုမယူလို့ မကျေမနပ်ဖြစ်နေတဲ့ပုံစံမျိုး”

“ဟာ ဒါတော့ မဖြစ်နိုင်ဘူး”

အကြောင်းသိသူအချို့က ဖြေရှင်းပြောဆိုသည်။

“ဟိုမယ်ကြည့် သူ့ဘေးက ကပ်လိုက်နေတဲ့ကောင်လေး နာမည်က ဖေတင်မောင်တဲ့၊ ဒီကောင်လေးနဲ့ တင်တင်လေးတို့ ရည်းစားဖြစ်နေကြတာ တစ်နှစ်ကျော်ပြီ၊ အဲဒီကောင်မလေး မြီးကောင်ပေါက်စကတည်းကပဲ”

“ဟုတ်တယ် သူ့အစ်မတင်တင်လတ်နဲ့ တင်မောင်ဇော် ကျောင်း မှာ တွဲနေတာလည်း သူက ကြည်ကြည်ဖြူဖြူ ရောရော နှောနှော ကျေကျေနပ်နပ်ပါပဲ”

“ဒါဖြင့် ဘာ့ကြောင့် ဒီပုံကြီးဖြစ်နေတာလဲ”

“သူ့အစ်မကြီးအတွက် စိတ်မကောင်းလို့ ဖြစ်မှာပေါ့”

“ဟာ...ဘာဆိုင်လို့လဲ”

“ဒါဆို သူ့ပထွေးအတွက် ဝမ်းနည်းတဲ့ အထိမ်းအမှတ်

တမင်လုပ်ပြတာများလား”

“မဟုတ်နိုင်ဘူး၊ ဖေတင်မောင်နဲ့ သူတို့ဟာ အဲဒီပထွေးကို သိပ်မုန်းကြတာ”

အဖြစ်မှန်ကို သိသူများက အလွန်စိတ်ပူနေကြရသည်။ ဒေါ်တင်မေကြီးနှင့် မျိုးကြီးတို့ တိုင်ပင်၍ ကပ္ပိယအောင်စိုး အကူအညီဖြင့် ဆရာတော်ထံမှ လက်ဖွဲ့မျိုးစုံ၊ ဆီမန်းရေမန်းမျိုးစုံ ပရိတ်ကြိုးမျိုးစုံ ဖျန်းပက်တားဆီးစီမံထားကြသည်။

ကပ္ပိယကြီးကိုယ်တိုင် ဘုန်းကြီးငါးပါးပင့်၍ မနက်ကတည်းက ပရိတ်ရွတ်ဆွမ်းကျွေးပွဲတွင် ပါဝင်လုပ်ပေးခဲ့သေးသည်။ ယခုလည်း ကပ္ပိယကြီးက ဂါထာ၊ မန္တန်၊ မန္တရားများကို ဆရာတော်သင်ပေးထားသမျှ ရွတ်ဖတ်သရဇ္ဈာယ်ပေးနေသည်။

ဘိသိက်ဆရာ စင်ပေါ်တက်လေပြီ။

နမော ဗုဒ္ဓဿ၊ နမော ဓမ္မဿ၊ နမော သံဃဿ အစချီ၍ မင်္ဂလာဘိသိက်ကို စရွတ်နေပြီ။

မင်္ဂပါပံ လုနာတိ ဆိန္နတီတိမင်္ဂလံ
မင်္ဂလ္တိ ဇဒေ ဟီဟိ မင်္ဂလာနိ ဣဒ္ဓိ ဝုဍ္ဎ ပါပုဏန္တိအဗ္ဗော…
ဩောင်း..အမရွံ ဟာရီ ဟာရီ ဆရီ မုခပံကဂျံ
ဘဝတု သဗ္ဗမင်္ဂလာ ရက္ခန္တု သဗ္ဗဒေဝတာ
သဗ္ဗဗုဒ္ဓါ နုဘာဝေန သဒ္ဓါသုခီ ဘဝန္တုတေ။





ဇယျံဒေတု ဇယုတ္တရော ဇေရတုသဗ္ဗမင်္ဂလံ အောင်ပြီ အောင်ပြီ အောင်ပါပြီ။

၁၅–မိနစ်ကြာ ဘိသိက်ဆရာ ရွတ်ဖတ်ပြီးနောက် အောင်မြင်ကြောင်း ကြွေးကြော်၍ ပရိသတ်ရွှေပွဲလာများ လက်ခုပ်သြဘာပေးကြသည်။

နံ့သာရည်၌ ဝဲယာလက်များနှစ်၍ ရွှေကြိုးရစ်ပတ်ထားသော ဘေးချင်းယှဉ်၍ စင်ပေါ်၌ထိုင်နေသည့် မင်္ဂလာသတို့သားသတို့သမီးတို့နောက်က ပုဏ္ဏားလိုဝတ်ထားသူ သုံးဦးလည်း ခရုသင်းကို ဘော်ပွပွ ဘော်ပွပွနှင့် မှုတ်လေသည်။

“ဟယ်..ဟယ်..ဟယ်..ဟယ်..ဟယ်”

ခရုသင်းသံအပြီး အသံနက်ကြီးထွက်ပေါ်လာသည်။ အာခြစ်၍ အသံကုန်အော်ပြီး စင်ပေါ်ပြေးတက်လာသည့် ဝတ်ရုံလိုလို အနက်ဝတ်စုံဖားဖားနှင့် လူကား တင်တင်လေးပင်တည်း။

သူ့နောက်က ဖေတင်မောင်လိုက်ဆွဲသည်။ စင်ပေါ်အတက်နောက်ကဆွဲထားသည့် ဖေတင်မောင်ကို နောက်ပြန်ခြေတစ်ချက်ကန်ထုတ်ရာ ဖေတင်မောင် တစ်လံလောက်လွင့်၍ လဲလေ၏။

မျိုးကြီးက တင်တင်လေးခါးကို ပြေးဖက်သည်။ မျိုးကြီးဆိုသူမှာ လူကောင်ထွားထွား ဗလကောင်းကောင်း၊ သို့သော် တင်တင်လေး ရှည်သွယ်သွယ်ဝတ်ရုံဖားဖားက တစ်ချက်သာ

ကိုယ်ကိုလိမ်၍ လက်နှင့် ဆွဲရမ်းလိုက်ရာ မျိုးကြီး စင်အောက်သို့ လွင့်ကျသွားလေ၏။

တင်တင်လေး စင်၏အလယ်ရောက်နေသည်။ ခဏရပ်၍ မင်္ဂလာမောင်မယ်ကို စိန်းစိန်းကြည့်နေသည်။ တင်မောင်ဇော်က ဖျတ်ခနဲ ထရပ်လိုက်သည်။ တင်တင်လေးမှာ ရှေ့တစ်လှမ်းတိုး သွားသည်။

"ရပ်စမ်း"

ဘိသိက်ဆရာက သြဇာသံပေး၍ တားလိုက်၏။ ရပ်သွားသည်၊ တင်တင်လေး ရပ်ပြီး ဘိသိက်ဆရာကို မျက်လုံးဖွေ မျက်စောင်းထိုးကြည့်သည်။

"ဟား..ဟား ဘယ်သူများလဲလို့ ဆရာပဏ္ဍဝပဲကိုး ဝင်မရှုပ်နဲ့ သွား"

တင်တင်လေးထံမှ ယောကျ်ားသံအောင်အောင်ကြီး ထွက်လာသည်။ သွားဟု ဆိုလိုက်စဉ် ညာလက်ကိုဆန့်တန်း၍ ရိုက်ထုတ်ရာ ဘိသိက်ဆရာ နောက်သို့အလန် နောက်မှ ကပ္ပိယအောင်စိုး တွန်းထားလိုက်သည်။

"ရော့...ရော့ ဒါ ဆရာတော်ပေးထားတာလေ"

ကပ္ပိယကြီးက ဘိသိက်ဆရာကို ပရိတ်ခြည်ကြိုးကွင်း တစ်ကွင်းကမ်းပေးသည်။





"ဩော်... လက်စသတ်တော့ မင်းတို့က ကြိုတင် စီမံထားကြသကိုး၊ သိတာပေါ့ ဘာရမလဲ"

တင်တင်လေးက အသံသြကြီးနှင့် အော်ပြောစဉ် ဘိသိက်ဆရာက ပရိတ်ကြိုးကွင်းကို ပစ်လွှတ်လိုက်သည်။ ဝီဝီဝီနှင့် လေထဲလွင့်ပြီး တင်တင်လေးကို သွားစွပ်သည်။ လည်ပင်း၌ စွပ်မိသည်။

ရုန်းခါပစ်လိုက်ရာ အပိုင်းပိုင်းပြတ်၍ လွင့်သွားလေ၏။

"ကိုင်း"

တင်တင်လေးက သတို့သား သမီးတို့ဘက် ပြန်လှည့်သည်။

"ဟိုကောင်လေး သွားစမ်းကွာ"

လက်ဝါးနှစ်ဖက်ဆန့်၍ ရိုက်လိုက်ရာ သတို့သား တင်မောင်ဇော် နောက်သို့ သုံးလှမ်းဆုတ်သွား၏။ နောက်တစ်လှမ်းဆို စင်အောက် ကျရော့မည်။

"ဩော် မင်းကလည်း အဆောင်နဲ့ကိုး ဒီလိုလား ကောင်းပြီ"

တင်တင်လေးက စကားဆုံးသည်နှင့် ရှေ့တိုးကာ ထိုင်လျက်သားရှိနေဆဲ တင်တင်လတ်ကို လက်မောင်းမှဆွဲထူလိုက်သည်။

"အား"

တင်တင်လေးထံမှ အသံနက်ကြီးနှင့်အော်၍ နောက်သို့ ခြေတစ်လှမ်း လန်ထွက်သွားပုံမှာ လျှပ်စစ်ဗို့အား ကောင်းသည့်ကြိုး

စ ကိုင်မိ၍ ဓာတ်ကြိုးလိုက်သလို တွန့်လန်လွင့်ဆုတ်သွားခြင်းမျိုး။

တင်တင်လေး တောင့်တောင့်ကြီး ရပ်လိုက်သည်။ လက်နှစ်ဖက် ကားဆန့်မြှောက်တင်၍ တအားအော်လိုက်သည်။

"အား..ဟား..ဟား..အား..ဟား..ဟား..ဟား"

မင်္ဂလာပွဲသို့ တက်ရောက်လာသည့် ပရိသတ်များသည် စောစောပိုင်းက ဘာတွေဖြစ်နေမှန်းမသိ၍ ကြည့်ကောင်းကောင်းနှင့် ကြည့်နေကြ၏။ အချို့ကမူ တစ်စုံတစ်ရာ ဖြစ်နေကြောင်းကို တော့ သိ၏။

ထိုစဉ် အသံနက်ကြီးပြုကာ လက်ကားမြှောက်တင်၍ အော်လိုက်ပုံကြောင့် အားလုံး တုန်လှုပ်ကြောက်လန့်ကုန်လေသည်။ အသည်းငယ်တတ်သည့် မိန်းမအများအပြား ထ၍ပြေးကြကုန်သည်။

ဖရိုဖရဲထွက်ပြေးကြသော မီးကြိုးများကိုတိုက်၊ ခုံများပြိုလဲကာ စင်မြင့်ပေါ်တွင် မီးလုံးဆလိုက်များ မလင်းတော့၍ မှောင်တစ်ကွက် လင်းတစ်ကွက် မထင်မရှား ဝိုးတဝါးဖြစ်သွားသည်။

မီးရောင်မထင်မရှား ဝိုးတဝါးဖြစ်လာသောအခါ ဝတ်စုံအမည်း ဝတ်ထားသော တင်တင်လေး၏ ပုံပန်းသဏ္ဌာန်သည် လူနှင့်မတူ၊ သရဲနှင့် တူသေးတော့သည်။

"ဒီမင်္ဂလာပွဲကိုဖျက်ရမယ်၊ လက်ကို တင်မောင်ဇော်လက်ထဲ





အရောက်မခံဘူးဟေ့"

ဦးစိန်တိုး ပွူးဝင်နေသည့်အလား တင်တင်လေးက ကြွေးကြော်လေ၏။

ထိုအော်သံကြောင့် ခြံထဲရှိ ခွေးများနှင့် ခြံနီးဝန်းကျင်မှ ခွေးများ ဝိုင်းအုံအူသံထွက်လာသည်။

"အု...အူ...အူး...၊ ဝု...ဝူ...ဝူး...ဝူး..."

မင်္ဂလာရှိသောလက်ထပ်ပွဲတွင် ကျက်သရေရှိသော ဘိသေကအသံများအစား အမင်္ဂလာခွေးအူသံများသာ လွှမ်းလာသည်။

တင်တင်လေးသည် တင်မောင်ဇော်ထံသို့ လှစ်ခနဲ ခုန်ကပ်သွားသည်။

သို့တစေ စည်းချထားသောဝိုင်းထဲတွင် တူယှဉ်တွဲ၍ ထိုင်နေသည့် သတို့သား သတို့သမီးတို့အနားကို မကပ်နိုင်ဘဲ ဖြစ်နေသည်။

ထိုအခါ တင်တင်လေးသည် စင်ပေါ်၌ တဝုန်းဝုန်းထခုန်၍ ခြေဆောင့်ရာ စင်မြင့်မှာ တုန်ခါ၍နေ၏။

သတို့သား သတို့သမီးတို့ ထိုင်နေသည့် ဆိုဖာများ ယိုင်လဲသွားပြီး လူတွေပါ ပြုတ်ကျကုန်သည်။

စည်းပေါက်သွားတော့၏။

ထိုစဉ် တင်တင်လေးက လက်ကိုဆန့်တန်း၍ တင်တင်လတ်

ကို လှမ်းဆွဲလိုက်သည်။

"လာခဲ့ လတ်၊ နင် ဒီကောင့်ကို မယူရဘူး ငါနဲ့လိုက်ခဲ့"

ဟု အော်ပြောသည်။

တင်တင်လေးက မဖျော်လင့်ဘဲ အင်အားကြီးနေပြီး တင်တင်လတ်သည် သူ့လက်ထဲတွင် ပြောက်ခနဲပါသွားသည်။

တင်မောင်ဇော်က တင်တင်လတ်၏ခါးကို ပြန်လည်ဆွဲဖက်ထား၏။

ချက်ချင်းပင် ကပ္ပိယကြီးနှင့်မျိုးကြီးတို့က စင်မြင့်နောက်မှ ပြေးထွက်ပြီး စင်နှုတ်ခမ်းတွင် ယှဉ်၍ရပ်လိုက်သည်။

တစ်ချိန်တည်းမှာပင် ဒေါ်တင်မေကြီးနှင့်တင်မောင်ဇော်၏ အစ်ကို ဦးတင်မောင်ဆင့်တို့ကလည်း စင်မြင့်၏ရှေ့တည့်တည့်သို့ ပြေးရောက်ရှိပြီး ဘေးချင်းယှဉ်ရပ်လိုက်ကြသည်။

ဘိုသိက်ဆရာနှင့် ဖေတင်မောင်တို့ကလည်း စင်မြင့်၏ ဝဲယာမှရပ်၍ ဝိုင်းရံလိုက်ကြသည်။ သူတို့အားလုံးသည် တစ်ပြိုင်နက်တည်း သမ္ဗုဒ္ဓေဂါထာတော်ကြီးကို သံပြိုင် ရွတ်ဆိုလိုက်ကြသည်။

ထိုအချိန်တွင် တင်တင်လေးက ဗူးဗူးဝါးဝါးအသံကို ဟစ်အော်လေ၏။

"အား ဝါး ဝါး၊ ဗူး ဝါး ဝါး၊ ဟား ဟား..."





ထိုအသံကြောင့် ခြံပတ်လည်ရှိ သစ်ပင်ကြီးများပေါ်မှ ကျီးငှက်များပြုလေသည်။ ကောင်းကင်မည်းမည်းတွင် ကျီးမည်းမည်းများ တအာအာအော်မြည်ရင်း ရှုတ်ရှတ်သဲသဲ ပျံသန်းနေကြသည်။

"အူ... ဝူ... ဝူ... ဝူး... ဝူး..."

စသော ခြံထဲ ခြံပြင်မှ ခွေးအူသံများကလည်း ဆူညံ မြည်ဟိန်းလာ၏။

"ရှဲ... ရှဲ! ရှဲ... ရှဲ"နှင့် လေတိုက်သံနှင့် အတူ သစ်ပင်များ လှုပ်ရမ်းလာ၏။

လောကကြီး၏ မဟူရာစံအိမ်ဝန်းကျင်တွင် ဆူညံပွက်ညံနှင့် အသံများမြည်ဟီးရိုက်ခတ်နေတော့သည်။

ထိုညံစီစီအသံဆိုးများကြားမှပင်...

"တိန်...ဝေဝေဝေ"

"တိန်...ဝေဝေဝေ"

"တိန်...ဝေဝေဝေ"

သာယာကြည်လင်သည့် ကြေးစည်သံများ မဟူရာတိုက်ကြီး၏ ဘုရားခန်းဆီမှ ပျံ့လွင့်ထွက်ပေါ်လာလေသည်။

"မိုးနိ မိုးနိ မိုးနိ ယောသော"

တဿ တဿ တဿ နမော။

နမော နမော နမော မဿ။

မဿ မဿ ဓ သတ္တုနော။

အလွန်သာယာကြည်ညိုဖွယ်ကောင်းသော အသံသြဇာ တိကျမကြီးသော ဣဒ္ဓိ၊ သိဒ္ဓိတန်ခိုးပါသော ဘုရားရှိခိုးဂါထာ မန္တန်များ ပတ်ဝန်းကျင်ကို လွှမ်းမိုးလာချိန်။

သတို့သား သတို့သမီး နှစ်ဦးကလည်း လိုက်ဆိုကြသည်။ ဒေါ်တင်မေကြီးနှင့် မျိုးကြီးကလည်း လိုက်ရွတ်ကြသည်။ ကပ္ပိယ အောင်စိုးနှင့် ဘိသိက်ဆရာကလည်း လိုက်ဖတ်ကြသည်။ ဖေတင် မောင်နှင့် ဦးတင်မောင်ဆင့်တို့ကလည်း လိုက်၍ သရဇ္ဈာယ်ကြ သည်။

"အတေ အာတေ ဥတေ ဦးတေ၊

ဣလုတေ ဣလူတေ ဣလန္တေ ဣလာတေ

ခတေ စတေ ဓာတေ

တဝတေ တဝါတေ တခုခတေ

မတေ သမတိတေ သံတေ"

ရွတ်ဆိုသော သူများ၏ ညီညာသောအသံများကြောင့် သံစုံ စုပေါင်းမိကာကျယ်လောင်ညံဟိန်း၍ပွဲတင်လှိုင်းရိုက်နေတော့သည်။

"ဝရံ ဝရံ ဝရံ ဝါရိ

ဝါရိ ဂါရိ ဝဝါ ရိဒ္ဓိ





ပြိတ္တံ ပြိတ္တံ ပေတံ ပရ

ပရာ ဓေယျာ ဓေယျာ ဓေယျံ"

ဂါထာမန္တန်ရွတ်ဖတ်သရဇ္ဈာယ်သံများက လွှမ်းမိုးသွား သည်။ မည်းမည်းရိပ်များ လူ့ပ်ရှားမှုအရှင်းရပ်သွားသည်။ ငြိမ်ဝပ် ပိပြားကုန်ကြသည်။

ထိုစဉ် မဟူရာစံအိမ်ကြီး၏ ဘုရားခန်းမှ မေတ္တာသုတ်ရွတ်သံ၊ မေတ္တာပို့သံနှင့် အမျှပေးဝေသံထွက်ပေါ်လာစဉ် တစ်ချိန်တည်း...

ဒေါ်တင်မေကြီး၊ မျိုးကြီး၊ ကပ္ပိယကြီး၊ ဘိသိက်ဆရာ၊ ဖေ တင့်မောင်၊ ဦးတင်မောင်ဆင့်နှင့် သတို့သား တင်မောင်ဇော်၊ သတို့ သမီး တင်တင်လတ်တို့က သူတို့လက်ထဲရှိ ငွေဖလားအသီးသီးထဲ က နံ့သာမန်းရည်များဖြင့် တစ်ပြိုင်နက် ပက်လိုက်ကြလေသည်။

"ဖျန်း ဖျန်း"

ညီညီညာညာ ဝိုင်းဝန်းပက်ဖြန်းလိုက်သော နံ့သာရည်မန်း ရည်၏ အသံကြောင့်...

"အား" ဟူသော တင်တင်လေးထံမှ စူးရှသည့်အော်သံနှင့် အတူ နေရာတွင် ပစ်လဲကျလေတော့၏။ စင်မြင့်ကြမ်းခင်းဝယ် တင်တင်လေး ဆန့်ဆန့်ကလေး တောင့်နေသည်။

"အားလုံး ကြားကြားသမျှ အမျှ အမျှ အမျှ ယူတော်မူကြပါ ကုန်သော"

"သာဓု သာဓု သာဓု"

မဟူရာစံအိမ်ကြီး၏ ဘုရားခန်းမှ မေတ္တာပို့ အမျှဝေ သာဓုခေါ်သံများနှင့်အတူ စင်မြင့်ပေါ်ကရော စင်မြင့်အောက်ကပါ ရှိနေသေးသမျှ လူသားအားလုံးက လိုက်၍ အမျှဝေ သာဓုခေါ်လိုက်ကြသောကြောင့် ပတ်ဝန်းကျင်ရှိ ဒုဂ္ဂတိဘုံမှ ပရလောကသားအားလုံး ထိုဘဝဆိုး အောက်ဘုံဒုက္ခမှ လွတ်သွားကျွတ်သွားကြကုန်လေတော့သည်။

ဆန့်ဆန့်ကလေး တောင့်နေသည့် တင်တင်လေးကို ဖေတင်မောင်နှင့် မျိုးကြီးတို့က ဒေါ်တင်မေကြီးနှင့် သယ်ဆောင်ခဲ့ရာ သတို့သား တင်မောင်ဇော်၊ သတို့သမီးတင်တင်လတ်တို့ပါ အခြားလူများနှင့်အတူ လိုက်ပါလာကြသည်။

မဟူရာစံအိမ်၏ ဘုရားခန်းကြီးထဲတွင်ကား မြို့ဦးဆရာတော်နှင့် ရဟန်းတော်ပေါင်းငါးပါး တင်ပျဉ်ခွေလျက် ထိုင်နေတော်မူကြသည်။

တင်တင်လေးကို အသာချ၍ သူ့မိခင် မှီပေးထားစဉ် ဆရာတော်က ဘုရားစင်မှ သောက်တော်ရေခွက်ယူကာ မျက်နှာလေးကို ရေနှင့်တောက်လိုက်သည်။

"အင့်"

တင်တင်လေး လန့်နိုးလာ၏။ ယခုတော့ လူကောင်းပကတိ။





"ကိုင်း...ကိုင်း ဘုရားကန်တော့လိုက်"

ဆရာတော်၏ စကားအဆုံး တင်တင်လေး ဘုရားကို ပုဆစ်တုပ်ကာ ရိုကျိုးစွာ ရှိခိုးကန်တော့လေသည်။ သတို့သား တင်မောင်ဇော်နှင့် သတို့သမီး တင်တင်လတ်တို့လည်း ကန်တော့ကြလေသည်။

အားလုံး ကန်တော့ကြလေသည်။

ထို့နောက် အားလုံးက ဆရာတော် သံဃာတော်များကို ကန်တော့ကြလေသည်။

"အိန်း အခုအချိန်က စပြီး ဟောဒီ မဟူရာစံအိမ်ကြီးမှာ ဖြစ်ပျက်တည်မှီးခဲ့သမျှ မကောင်းမှုဒုစရိုက်အားလုံး ပပျောက်ကင်းရှင်းသွားပါပြီ။ ကျန်ရစ်ခဲ့တဲ့ မဟူရာညီအစ်မနှစ်ယောက်လည်း ဘေးဘယာ ဝေးကွာပြီး သာယာအေးချမ်းကြပါပြီ။ ဒီနေ့ကစပြီး သဒ္ဓါ သီလ ဘာဝ နာကို မလစ်မဟင်း အားထုတ်ရင်း ကောင်းမှုကုသိုလ်တွေ ပွားများကြကုန်လော့"

ဆရာတော်ကြီးက တရားဟောသြဝါဒ ချီးမြှင့်ပြီး ပြန်ကြွသွားကြသည်။

ထိုနေ့မှစ၍ မဟူရာစံအိမ်ကြီးနှင့် မဟူရာ ညီအစ်မများသည် သာယာအေးချမ်းပျော်ရွှင်စွာ ဆက်လက် နေထိုင်သွားကြကုန်လေသတည်း။

ဇာတ်သိမ်း ဇာတ်ပေါင်းသော်...

တင်မောင်ဇော်နှင့် တင်တင်လတ်တို့သည် အင်ဂျင်နီယာနှင့် ဆရာဝန်မကြီးများဖြစ်သွားကြလျက် တိုင်းပြည်တာဝန်ကို မြန်မာပြည်အနှံ့၌ သွားရောက်ထားဆောင်ကြပြီး သကာလ ပင်စင်ယူသော် ဤမဟာရာစံအိမ်ကြီးသို့ ပြန်လည် လာရောက်နေထိုင်ကြလျက် ရှိသည်။

တင်တင်လေးနှင့် ဖေတင်မောင်တို့သည် ဒဿနိကနှင့် စိတ်ပညာဌာနများတွင် ရာထူးအဆင့်ဆင့် တာဝန်ထမ်းခဲ့ကြပြီး တက္ကသိုလ်ကောလိပ်များ၌ ပါမောက္ခကြီးများအထိ တာဝန်ထမ်းခဲ့ကာ အငြိမ်းစားယူသော် ဤမဟာရာစံအိမ်ကြီးသို့လာ၍ အစ်ကိုအစ်မများနှင့် ပူးပေါင်းကာ သာယာချမ်းမြေ့စွာ နေထိုင်သွားကြလေသတည်း။

*စိတ္တံ ယဿ နကမ္ပတိ*

# ဒေါင်းနွယ်စကြာ